အဂ္ဂမဟာပဏ္ဍိတ

အရှင်ဝါသေဋ္ဌာဘိဝံသ

၏

# ဥပါသကာ ဂုဏ်ရည်

# နှင့်

# သရဏဂုံတရားတော်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာနှစ် ၂၅၂၉ ကောဇာနှစ် ၁၃၄၇ ခရစ်နှစ် ၁၉၈၅

အဋ္ဌမဟာပဏ္ဍိတ

# အရှင် ဝါသေဋ္ဌာဘိဝံသ

၏

# ဥပါသကာ ဂုဏ်ရည်

နှင့်

# သရဏဂုံ တရားတော်


သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး ရန်ကုန်။

သာသနာနှစ်—၂၅၂၉။ ကောဇာနှစ်—၁၃၄၇။ ခရစ်နှစ်—၁၉၈၅။


F.A

ပထမ အကြိမ်

အုပ်ရေ ၆၀၀၀

၁၉၇၅၊ စက်တင်ဘာလ။

အမှတ် ၂၃၂၇၆

ရက်စွဲ ...............

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် အတွက်
ရန်ကုန်မြို့၊ ၁၇၅၊ ၃၆ လမ်း၊ ဆွေသိန်း ပုံနှိပ်တိုက်တွင်
ဦးခင်မောင်ကြီး (၀၃၅၀၆) က ရိုက်နှိပ်၍
သာသနာရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး

ဦးမြင့်မောင်

(မှတ်ပုံတင်အမှတ် ၀၂၅၂၇) က
ထုတ်ဝေသည်။

ဥပါသကာဂုဏ်ရည် နှင့် သရဏဂုံတရားတော်

# နိဒါန်း

## သီလရှင်ကြီး တပါး၏ သနားဖွယ် ဖြစ်ပုံ

ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်၏ နိဒါန်းမှာ ရှေးဦးစွာ နိဒါန်းရေးသူ ကြားဖူးသည့် သီလရှင်ကြီးတပါး၏ အကြောင်းဖြစ်ရပ်ကလေး တခုကို တင်ပြလိုပါသည်။ တယ်လျှာရှည်တဲ့ နိဒါန်းဆရာပဲလို့ အပြစ်မတင်ပါရန် ကြိုတင်၍ တောင်းပန်ပါသည်။

တချိန်က အသက် ခုနစ်ဆယ်ခန့်ရှိ သီလရှင်အိုကြီးတပါး ရှိပါသည်။ သီလရှင်ကြီးသည် နေ့စဉ်နေ့တိုင်း ပန်းအိုးကလေးတလုံးကို နံနက်တခါ ညနေတခါ အချိန်မှန်မှန် ရေလောင်းလေ့ရှိပါသည်။ တလ၊ နှစ်လ မကပါ။ တနှစ်ခန့်မျှကြာသော်လည်း ဘာပင်မျှ မပေါက်လာ။ ဘာပင်မျှမရှိသည်ကို တွေ့မြင်ကြရသော အနီးအပါးမှ လူများက မနေနိုင်သောကြောင့်-

"ဆရာကြီး ရေလောင်းလောင်းနေတာက ဘာပင်လဲ"....

ဟူ၍မေးကြပါသည်။ ထိုအခါ သီလရှင်ကြီးက ဝမ်းနည်းစွာဖြင့်-

"မမေးပါနဲ့ကွယ် အညာက မိတ်ဆွေသီလရှင်ဆီက ပို့လိုက်တဲ့ထန်းလျက်ဟာ အလုံးကလည်းကြီး ချိုကလဲချိုလို့ မျိုးကောင်းတာနဲ့ ဟောဒီပန်းအိုးထဲ မြေဆွေးခံပြီး စိုက်ထားတာ ကြာပြီ၊ အခုထိ မပေါက်သေးဘူး။ ပန်ရွက်ဆိတ်တော့ တက်တယ်။ သေများသေလို့လား မသိပါဘူး" ဟူ၍ ပြန်ဖြေပါသတဲ့။

ဤသည်မှာ နိဒါန်းရေးသူ ကြားဖူးသည့် ပုံပြင်ကလေးဖြစ်ပါသည်။ ဤပုံပြင်၌ သီလရှင်ကြီးသည် အလွန်သနားဖွယ် ကောင်းလှပါသည်။

ထန်းလျက်ဟူသည်ကို ထန်းပင်မှ ထွက်သည့်ထန်းနို့ ထန်းသီးတို့မှ ထွက်ကျသည့် ထန်းရည်ချိုကို ချက်ထားသည့် လက်လုပ်ပစ္စည်း ဖြစ်သည်ကို အမှန်

အတိုင်း မသိရှာပေ။ ထန်းလျက်ပင်မှ သီးသည့် ထန်းလျက်သီး၊ သစ်သီး တမျိုးဖြစ်သည်ဟု အထင်လွဲနေရှာပေသည်။

ယင်းသို့ အမှန်ကိုမသိပဲ အလွဲမှတ်ထင်မှုကြောင့်ပင် ပန်းအိုးထဲ မြေဆွေး ထည့်၊ ရေလောင်းမှုပြုကာ လွဲမှားစွာ ကြိုးစား အားထုတ်နေရှာပေသည်။

အမှားသိ အလွဲထင် အလွဲလုပ်ဖြင့် အချိန်ကုန် လူပန်း၊ အကျိုးမဲ့ဖြစ် နေရှာသည်မှာ မည်မျှ သနားစရာကောင်းသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့နေ ရှာပါလေသနည်း။ စာရှုသူ နည်းနည်းကလေး တွေးကြည့်စမ်းစေချင်ပါသည်။

မြင်းစီးလို့မှ အထီးမှန်း၊ အမမှန်းမသိ။

သူများယောင်လို့သာ ယောင်ရသည်၊ အမောင် ဘာမှန်းမသိပါ— ဟူသော စကားပုံနှစ်မျိုးကို ရှေးရိုးစဥ်လာ မြန်မာလူမျိုးများ အခါအား လျော်စွာ ပြောဆိုလေ့ရှိကြပါသည်။ ယင်းစကား နှစ်မျိုးလုံးသည်ပင်လျှင် ကိုယ်လုပ်နေသည့် ကိုယ်အမှု၊ ကိုယ်ပြောနေသည့် နှုတ်အမှုများကို ဘယ်လို အဓိပ္ပါယ်ရှိသည်၊ ဘယ်လိုရည်ရွယ်ချက် သဘောထားရှိသည်ကို မသိမမြင်ပဲ လုပ်နေသူ ပြောနေသူ၊ များကို တွေ့မြင်သည့် အခါမျိုး၌ ပြောဆိုသုံးစွဲ ကြသည့် စကားပုံများ ဖြစ်ကြပါသည်။

ယင်းစကားပုံများ၏ အဓိပ္ပါယ်သရုပ်ကို ပေါ်လွင်စေရန် သက်သေ ထုတ်ပြပါဟု ဆိုလျှင် နိဒါန်းရေးသူသည် ဤနိဒါန်းအစ၌ ဖော်ပြခဲ့သည့် သီလရှင်ကြီး၏ သနားစရာဖြစ်ပုံကို ဖော်ပြလိုက်ချင်ပါသည်။ ဤပုံတွင် ပါသည့် သီလရှင်ကြီးကို မြင်းစီးလို့မှ အထီးမှန်း အမမှန်း မသိ၊ သူများ ယောင်လို့သာ ယောင်ရသည်၊ အမောင်ဘာမှန်းမသိ ဟူသော ရှေးရိုး မြန်မာစကားပုံ ခိုင်းနှိုင်း ပြောရပေလိမ့်မည်။

ဖော်ပြခဲ့သည့် သီလရှင်ကြီး ပုံပြင်နှင့် မြန်မာစကားပုံ နှစ်ခုအရ ရှေ့ဆက် လေးနက်စွာ စဥ်းစားတွေးခေါ် ကြည့်လိုက်မည်ဆိုလျှင်....

ဗုဒ္ဓဘာသာဝင် အမည်ခံယူနေပြီး ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်သည့် အင်္ဂါ လက္ခဏာများကို မသိမမြင်ပဲအလွဲလွဲအမှားမှား ပြုလုပ် ကျင့်သုံးနေသူတွေ—

သာရေးကိစ္စ၊ နာရေးကိစ္စ ရှိတိုင်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလ စသည့် သီလများ ကျင့်သုံး ဆောက်တည်တိုင်း ပူးတွဲ၍ သရဏဂုံ

လည်း ဆောက်တည်နေပါလျက် သရဏဂုံ၏ သဘောအဓိပ္ပါယ်၊ သရဏဂုံ ပြည့်စုံမှု၊သရဏဂုံပျက်မှုများကို မသိနားမလည်သူတွေ....

ယင်းသူတွေ၊ ဤသူတွေ၊ အကြွင်သူတွေ၊ ထိုသူတွေ၏ ဖြစ်ရပ်၊ ကြုံရပ်များက ပို၍ သနားဖွယ် ကောင်းလှပါတိသည်။ သီလရှင်ကြီး၏ သနားစရာဖြစ်ပုံနှင့် မြင်းစီးလို့မှ အထီးမှန်း အမမှန်းမသိ၊ သူများယောင်လို့သာ ယောင်ရသည်၊ အမောင်ဘာမှန်းမသိပါ—ဟူသော စကားပုံများကို ပြောဆိုသုံးစွဲ၍ သနားဖွယ်ဖြစ်အင်ကို စာရှုသူတို့အား တင်ပြလိုလှပါသည်။

ဥပါသကာ-ဟူသော ပါဠိဝေါဟာရကိုသဒ္ဒါနည်းအရ "ဆည်းကပ်တတ်သူ" ဟူ၍ မြန်မာ ပြန်ဆိုရိုးရှိပေသည်။ ဘုရား,တရား,သံဃာဟူ၍ ရတနာသုံးပါးကို ဆည်းကပ်တတ်သူဟု ဆိုလိုပေသည်။ ယခုခေတ် လူများ ပြောဆိုနားလည်နိုင်သည့် မြန်မာဝေါဟာရဖြင့် မြန်မာပြန်ရမည် ဆိုလျှင် "ဗုဒ္ဓဘာသာဝင်" ဟူ၍ပြန်ဆိုသင့်ပေသည်။မှန်ပါသည်၊ဗုဒ္ဓဘာသာဝင်များသာလျှင် ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ဆည်းကပ်တတ်ကြပေသည်။

သဒ္ဒါနည်းအရ ဥပါသကာ—ဆည်းကပ်တတ်သူကို ပြပါဟုဆိုလျှင် ဗုဒ္ဓဘာသာဝင်များကိုသာ လက်ညှိုးညွှန်၍ ပြဆိုရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဆည်းကပ်တတ်သူဟူ၍ သဒ္ဒါနည်း အနက်ပြန်ရသည့် "ဥပါသကာ" ဟူသော ပါဠိကို ဝေါဟာရနည်းအားဖြင့် ဗုဒ္ဓဘာသာဝင်ဟူ၍ မြန်မာပြန်ဆိုသင့်သည်ဟု ဆိုလိုက်ခြင်း ဖြစ်ပါသည်။

ရဟန်းတော်များသည် ရဟန်းအင်္ဂါလက္ခဏာ, ရဟန်းသီလ ကျင့်ဝတ်၊ ကိုရင်သည် ကိုရင်အင်္ဂါလက္ခဏာ, ကိုရင်သီလကျင့်ဝတ် ရှိကြသကဲ့သို့ပင် ဗုဒ္ဓဘာသာဝင် ဥပါသကာဟူသည်မှာလည်း ဥပါသကာ အင်္ဂါလက္ခဏာ, ဥပါသကာ သီလကျင့်ဝတ်များ ရှိကြပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ဗုဒ္ဓဟောကြားသည့် တရားတော်များကို လေ့လာကျင့်သုံး၍ ထိုးထွင်းမြင်သိ အကျိုးရရှိရန် မြော်ကိုးကာ ရဟန်းအဖြစ် ကိုရင်အဖြစ်၊ ဥပါသကာအဖြစ်များကို ခံယူထားသူများသည် ဗုဒ္ဓရှင်တော်ဘုရား ပညတ် သတ်မှတ်ထားသော မိမိတို့ဆိုင်ရာ အင်္ဂါလက္ခဏာရှိ၍ မိမိတို့ဆိုင်ရာ သီလကျင့်ဝတ်နှင့် ပြည့်စုံရန် အလွန်ပင် လိုအပ်လှပါသည်။

အကယ်၍ မိမိတို့ဆိုင်ရာ အင်္ဂါလက္ခဏာမရှိပဲ မိမိတို့ဆိုင်ရာ ကျင့်ဝတ်နှင့် မပြည့်စုံပါလျှင် မည်မျှပင် ဗုဒ္ဓတရားတော်ကို ကျင့်သုံး ပွားများပါသော်လည်း ဗုဒ္ဓဟောကြားသည့် အတိုင်း ထိုးထွင်းမြင်သိ အကျိုးရှိနိုင်ကြမည် မဟုတ်ပါ။ ဤပြဆိုချက်ကို နားလည် သဘောပေါက်လွယ်အောင် တိုတို ရှင်းရှင်း ပြန်ရေးရမည်ဆိုလျှင်....

"ဗုဒ္ဓပညတ်ချက် သီလနှင့် ပြည့်စုံမှ ဗုဒ္ဓတရားကို ကျင့်သုံး၍ ဗုဒ္ဓတရားအရ ထိုးထွင်းမြင်သိ အကျိုးရှိနိုင်မည်"....

ဟူ၍ ပြောရမည်ဖြစ်ပါသည်။

ယင်းသို့ ဥပါသကာ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်နိုင်ရေးမှာ ဥပါသကာ၏ ကျင့်ဝတ်သီလကို သိရှိရန် လိုအပ်ပါသည်။

ဥပါသကာ ဖြစ်ပြန်ပါသော်လည်း ဥပါသကာ အညံ့စား, ဥပသကာ အမြတ်စားဟု နှစ်မျိုးရှိပြန်ပေရာ ဥပါသကာ အညံ့စားဖြစ်ရန်မသင့်လျော်ပါ။ ဥပါသကာ အမြတ်စားဖြစ်ရန်သာ သင့်လျော်ပါသည်။ အညံ့စားမဖြစ်ပဲ အမြတ်စားဖြစ်ရန် ဟူသည်မှာလည်း မည်သည့် အင်္ဂါလက္ခဏာရှိလျှင် အညံ့ဖြစ်၍ မည်သည့် အင်္ဂါလက္ခဏာရှိလျှင် အမြတ်ဖြစ်သည်ကို ပိုင်းခြားဝေဖန် သိရှိရန် များစွာလိုအပ်ပြန်ပါသည်။

ထို့ပြင်လည်း အညံ့စားက ဘယ်လိုအပြစ်ရှိသည်၊ အမြတ်စားက ဘယ်လိုအကျိုးရှိသည်ကိုလည်းပိုင်းခြားဝေဖန်၍ သိရှိရန် အလွန်လိုအပ်ပြန်ပါသည်။

ဤသို့လျှင် ဤနိဒါန်း၌ သိရှိရန် လိုအပ်ပါသည်။ သိရှိရန် များစွာလိုအပ်ပြန်ပါသည်။ သိရှိရန် အလွန်လိုအပ်ပြန်ပါသည်ဟူ၍ ရေးသား ဖော်ပြခဲ့သည့် လိုအပ်ချက်များကို ပြည့်ဝသွားစေရန်အတွက် ဥပါသကာနှင့်စပ်၍ သိမှတ်ဖွယ် အထွေထွေ တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းကိုထိမိအောင် ရေးသားဖော်ပြထားသည့် ဥပါသကာဂုဏ်ရည်ကျမ်းကို ဖတ်ရှုရန် တိုက်တွန်းလိုပါသည်။

ဥပါသကာ ဗုဒ္ဓဘာသာဝင်ဖြစ်ရန်အတွက် အရေးအကြီးဆုံးအချက်မှာ သရဏဂုံတည်ရန် ဖြစ်ပေသည်။ ဤတွင် သရဏဂုံဟူသည်မှာ မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား ဟောကြားသည့် တရားတော်ကို လည်းကောင်း၊ မြတ်စွာဘုရားဟောကြားသည့် တရားတော်များကို လိုက်နာကျင့်

သုံးပြီး ဆောင်ယူဖြန့်ဝေနေသူ တပည့်သား သံဃာတော်ကို လည်းကောင်း ကြည်ညိုလေးစားစွာ အားထား ကိုးကွယ်ခြင်းဖြစ်ပေသည်။

ပန်းဝတ်ရည်ကို စားသုံးရန် လိုလားသော ပျားပိတုန်းများသည် ဝတ်ရည်ပြည့်ဝသော ပန်းများပွင့်လန်းနေသည့် ပန်းပင်ကြီးများ ရှိရာ တောအုပ်ဝင်ရာ အဝင်ပေါက် ဖြစ်သကဲ့သို့ တရားတော် အရသာကို စားသုံးရန် လိုလားသူ ဝေနေယျသတ္တဝါများ သာသနာတော်တည်းဟူသော တောအုပ်အတွင်းသို့ ဝင်ရာ အဝင်ပေါက်ဖြစ်ပေသည်။

တရားကို ကျင့်သုံးရန်အတွက် သာသနာတွင်းသို့ ချဉ်းနင်းဝင်ရောက်ရန်မှာ သာသနာကို တည်ထောင်သော ဘုရားနှင့် သာသနာ တည်ထောင်သူ ဘုရားရှင် ဟောကြားသောတရား၊ ယင်းတရားကို ကိုယ်တိုင် ကျင့်သုံးဆောင်ယူ ဖြန့်ဝေသူ သံဃာဟူသော ရတနာတို့ကို ယုံကြည်အားထားရန် လိုအပ်လှပေသည်။ မယုံကြည်ပဲ သာသနာအတွင်း မဝင်နိုင်ချေ။ ထို့ကြောင့် သရဏဂုံသည် သာသနာအဝင် အစကြီးဖြစ်ပေသည်။

ထို့ကြောင့်သရဏဂုံ ဆောက်တည်ခြင်းဟူသောတံခါးအဝင်ပေါက်မှ သာသနာတော်အတွင်း ဝင်ရောက်ပြီး ဗုဒ္ဓဘာသာဝင် ဥပါသကာဖြစ်ပြီးမှ သာလျှင် သာသနာတော်တွင်းရှိ တရားများကို ကျင့်သုံး အကျိုးခံစားရရှိ ထိုးထွင်းသိနိုင်ကြမည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် ဥပါသကာဖြစ်ရန် သရဏဂုံသည် အလွန်အရေးကြီးလှကြောင်း သိသာထင်ရှားလှပေသည်။

ဥပါသကာ မဖြစ်ပဲ၊ သရဏဂုံမတည်ပဲ ဗုဒ္ဓတရားတော်ကို ကျင့်သုံးမည်ဆိုပါလျှင် ဤနိဒါန်းအစမှာ ပြဆိုခဲ့သည့် သနားစရာ သီလရှင်ကြီးကဲ့သို့ ဖြစ်ကာ မြင်းစီးလို့မှ အထီးမှန်း အမမှန်းမသိ၊ သူများယောင်လို့သာ ယောင်ရသည် အမောင်ဘာမှန်းမသိပါ — ဟူသော စကားပုံများဖြင့် ပုံခိုင်းပြောဆိုရလောက်အောင် သနားဖွယ်အဖြစ်ဆိုးနှင့် ကြုံတွေ့ကြရပေလိမ့်မည်။

ယင်းသို့ ဥပါသကာဖြစ်ရန် အရေးကြီးလှသော သရဏဂုံနှင့် စပ်၍ သိမှတ်ဖွယ်အထွေထွေကို သရဏဂုံတရားတော်၌ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ်ဟောကြားရေးသားထားပေသည်။ဥပါသကာဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လိုသူများသရဏဂုံတရားတော်ကို လေ့လာဖတ်ရှုရန် တိုက်တွန်းလိုပါသည်။

ဤမျှလောက် နိဒါန်းမှာ အချိန်ယူ၍ ဥပါသကာ ဂုဏ်ရည်ကျမ်းကို ကြည့်ပါ။သရဏဂုံတရားတော်ကိုကြည့်ပါဟု တိုက်တွန်းခဲ့ပေရာ ဖတ်ရှုရသူများက....

''သည်လောက် တိုက်တွန်းညွှန်းဆိုရအောင် သည်ဥပါသကာ ဂုဏ်ရည်ကျမ်းနှင့် သရဏဂုံတရားတော်က ဘယ်လောက်များ ကောင်းလို့ပါလိမ့်'' ဟူ၍ တွေးဆဖွယ်ရာ ဖြစ်နိုင်ပါသည်။ ယင်း တွေးဆချက်ကို ကျမ်းရင်းစာသားကို မဖတ်မီကပင် ကြိုတင်၍ ရှင်းလင်းစွာ သိသာစေရန် ဤကျမ်းများ ကောင်းမြတ်ပုံကိုမခြွင်းမချန် အရင်းမှပြန်၍ အဖြေစကား၊ ရေးသား ဖော်ပြပါမည်။

**ပထမဆုံး အရှင်ဝါသေဋ္ဌာဘိဝံသအား သဒ္ဓါပွားခဲ့ခြင်း**

လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော် အချိန်အခါက ဖြစ်ပါသည်။ ဤနိဒါန်းရေးသူ စာသင်သားဘဝ၊ စာမေးပွဲလောကသို့ ဦးတည်ခါစတွင် စာမေးပွဲ အောင်ပန်းကို အထက်တန်းကျကျ မျက်နှာပန်းလှလှ ဆွတ်သူ ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မော်များ အကြောင်း အားကျဖွယ်ရာ ပြောကြ ဆိုကြပါသည်။ ဤကျမ်းပြု ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ အကြောင်းကိုလည်း ကြားရ သိရပါသည်။

သပြေကန်မှာ အရှင်ဝါသေဋ္ဌာဘိဝံသ စာချနေသည်။

ထိုအရှင်သည်ကိုရင်ဘဝငယ်စဉ်ကပင် ဝိနည်းငါးကျမ်း အာဂုံပြန်နိုင်သည်။

ထိုအရှင်သည် သံယုတ်ငါးကျမ်းကို ပြန်နိုင်သည်။

ဒီ အရှင်ဝါသေဋ္ဌာဘိဝံသက အစိုးရ ပထမပြန် စာမေးပွဲမှာ ကိုရင်ဘဝ၊ အသက် ၁၅ — နှစ် ပထမငယ်၊ ၁၆ — နှစ် ပထမလတ်၊ ၁၇ — နှစ်၊ ပထမကြီး နှစ်ချင်းဆက် အောင်မြင်ခဲ့သတဲ့။

မန္တလေးမြို့မှ သက္ကျသီဟ စာမေးပွဲဆိုတာ အလွန်ခက်သတဲ့။ အရှင်ဝါသေဋ္ဌာဘိဝံသသည် အလွယ်တကူ ဖြေဆိုအောင်မြင်ခဲ့တာတဲ့။

အစိုးရစာချတန်းမှာ ကိုးကျမ်းလုံးကို တနှစ်တည်းဖြင့် အောင်တယ်။

စာချလဲ သိပ်ကောင်းတာပဲတဲ့။ ပါဠိလဲ နိုင်သတဲ့။ သဘောလဲ ပိုင်သတဲ့။

စာတတ်ချင်၊ စာတော်ချင် အရှင်ဝါသေဋ္ဌာဘိဝံသထံ သွားစာတက်ကြ။ ဤကျမ်းပြုဆရာတော်၏ သတင်းနံ့မှာ သင်းပျံ့ မွှေးကြိုင်လှပါသည်။ စာသင်သားပေါက်စ ဤနိဒါန်းရေးသူသည်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသထံ

သွားရောက် နည်းခံရန် စုံစမ်း မေးမြန်းသောအခါ ဆရာတော်က ကျန်းမာရေး မကောင်းသောကြောင့် စာကို အင်တိုက်အားတိုက် မချနိုင်ကြောင်း သိရသောကြောင့် ဝမ်းနည်းစွာဖြင့် ဤကျမ်းပြုဆရာတော်ထံ နည်းခံစာတက်ရန် အကြံကို လက်လျှော့လိုက်ရခဲ့ပြန်ပါသည်။

ဤသို့လျှင် စာသင်သားလောကဌတခေတ်က ကျော်စောထင်ရှားလှသော ဤကျမ်းပြု အရှင် ဝါသေဌ္ဌာဘိဝံသအား ဤနိဒါန်းရေးသူ စာသင်သားဘဝမှာပင် အသိဉာဏ် ဝီထိအစဉ်တွင် ပထမဆုံး စတင်၍ ခင်မင်ရင်းနှီးစွာဖြင့် ကြည်ညိုလေးစား သဒ္ဓါပွားခွင့်ရရှိခဲ့ပါသည်။

## ဒုတိယအကြိမ် အရှင်ဝါသေဌ္ဌာဘိဝံသအား သဒ္ဓါပွါးခဲ့ခြင်း

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် အချိန်ကဖြစ်ပါသည်။

ဤနိဒါန်းရေးသူ သာသနာရေးဦးစီးဌာန စာပုံနှိပ်တိုက်၌ လက်ထောက်စာပြင်ဆရာကလေးဘဝ အမှုထမ်းနေစဉ်တွင် သံဂါယနာတွဲဖက် အတွင်းရေးမှူး အရှင်ဝိသုဒ္ဓါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံမှ စာမူတခုကို စာပုံနှိပ်ရန် ရောက်ရှိလာပါသည်။ ယင်းစာမူမှာ ဤကျမ်းပြုဆရာတော် အရှင်ဝါသေဌ္ဌာဘိဝံသ၏ ပရိတ်ကြီး နိဿယသစ်ဖြစ်ပါသည်။

ထိုအချိန်က သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် သံဂါယနာတင် ပါဠိတော်, အဋ္ဌကထာ, ဋီကာများလောက်သာ ရိုက်နှိပ်၍ အခြား ဂန္ထန္တရဆို၍ စိမံကိန်းဝင်ဖြစ်သည့် မြန်မာပြန်တိပိဋက ပါဠိမြန်မာအဘိဓာန်နှင့် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် ကျမ်းကြီးများလောက်မျှသာ ရိုက်နှိပ်နေပါသည်။ ယင်းသို့သော အချိန်၌ ထူးထူးဆန်းဆန်း ရောက်လာသည့် ပရိတ်ကြီး နိဿယသစ်စာမူကို တအံ့တဩ အရေးတယူ ဖတ်ရှုကြပါသည်။ စိစစ်ကြပါသည်။ မြင်ဆင်ကြပါသည်။ လေ့လာကြပါသည်။

အမိုက်ရပ်ပုဂ္ဂိုလ်ကြီးက ပို့လိုက်သည့်ကျမ်း။

နာမည်ကျော်ပုဂ္ဂိုလ်ကြီးက ရေးသားသည့်ကျမ်း။

ဗုဒ္ဓသာသနာ ပါဠိပညာရှင်များ ဖတ်ရှုပြင်ဆင်သည့်ကျမ်း။

ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသ ရေးသားပြုစုသည့် ယင်းပရိတ်ကြီး နိဿယသစ် စာအုပ် ထွက်ပေါ်လာသောအခါ များစွာသော စာဖတ် ပရိသတ်ကြီးက ဝယ်ယူဖတ်ရှုကြပါသည်။

ပါဠိပုဒ်ခွဲပုံများက ရှင်းလင်းသည်။
မြန်မာပြန်ပုံက ခေတ်မီသီသာ ပေါ်လွင်သည်။
အဓိပ္ပာယ် ဖွင့်ပြချက်က ထိထိမိမိရှိသည်။
ရေးသားပုံက အပိုအလိုမရှိ တိကျသည်။
ကျမ်းကိုးများ ကျမ်းညွှန်းများက ပြည့်စုံသည်။
ဝတ္ထုသက်သေ အထောက်အထားများက ပြည့်စုံသည်။

ဤသို့ စာဖတ်ပရိသတ်ကြီး ချီးကျူးထောမနာ ပြုတာပေးကြသည်။

အဲဒီ ပရိတ်ကြီးနိဿယသစ် စာအုပ်ဝယ်ခဲ့ပါ။
ပရိတ်ကြီး နိဿယသစ် ပြန်ရိုက်လျှင် ပြောစမ်းပါ။

ကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက သိပ်တော်တာပဲနေ၁်–ဟူ၍လည်း နီးစပ်သူ မိတ်ဆွေများက နိဒါန်းရေးသူအား မှာကြားကြသည်။

ဤသို့ စသည်ဖြင့် ပရိတ်ကြီး နိဿယသစ်နှင့် စပ်၍ စာဖတ်ပရိသတ်ကြီး လောကဥ္စလည်း ဤကျမ်းပြု အရှင်ဝါသေဋ္ဌာဘိဝံသသည် ဤနိဒါန်း ရေးသူ နားမဆန့်အောင် ကြားရသိရသည်။ ကိုယ်တိုင်ကလည်း ပရိတ်ကြီး နိဿယ သစ်ကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရှုခဲ့သည်ဖြစ်ရာ ကျမ်းပြုဆရာတော် အရှင်

ဝါသေဋ္ဌာဘိဝံသအား နိဒါန်းရေးသူသည် စာဖတ်ပရိသတ်ဘဝမှာပင် အသိဉာဏ်ဝီထိအစဥ်တွင် ဒုတိယအကြိမ် ခင်မင်ရင်းနှီးစွာဖြင့် ကြည်ညို လေးစားသဒ္ဓာပွားခွင့်ရပြန်ပါသည်။

## တတိယအကြိမ် အရှင်ဝါသေဋ္ဌာဘိဝံသအား သဒ္ဓာပွားခဲ့ရခြင်း

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်အရ သာသနာ့အညစ်အကြေး အဓမ္မဝါဒများကို ဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ စစ်ဆေးပြီး သုတ်သင်ရှင်းလင်းခဲ့သည်။

ဤ ဥပါသကာဂုဏ်ရည်ကျမ်းနှင့် သရဏဂုံတရားတော်ကျမ်းကို ပြုစုတော်မူသော အရှင်ဝါသေဋ္ဌာဘိဝံသသည် ဝိနိစ္ဆယအဖွဲ့အမှတ (၄)တွင် ဥက္ကဋ္ဌအဖြစ်သာသနာ့ဘာဝန်ကို ထမ်းဆောင်၍ ကျောက်ပုံတောရ မိစ္ဆာဝါဒကို စစ်ဆေးဆုံးဖြတ်ရသည်။

ဆရာတော်၏ ပိဋကဉာဏ်ဖြင့် တိကျမှန်ကန်သော ဝိနိစ္ဆယကျမ်းကြီးကို လေ့လာဖတ်ရှုကြရသော တိုင်းပြည်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စဥ် များက ဆရာတော့အား ကြည်ညိုလေးစားစွာဖြင့် သာသနာတော်စောင့် သာသနာ့ပါလအာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးအဖြစ် ဆုံးဖြတ်၍ မှတ်တမ်းတင်ကြလေသည်။

၁၉၈၄ –ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လွတ်လပ်ရေး အထိမ်းအမှတ်နေ့၌ နိုင်ငံတော်ကောင်စီက ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသအား ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော် ကပ်လှူရန်အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆက်ကပ်လှူဒါန်းခဲ့ပေသည်။

မူလကပင် ထင်ပေါ်ကျော်စောခြင်း ရှိခဲ့သော အရှင်မြတ်မှာ– "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသောအခါ ဗုဒ္ဓဘာသာ မြန်မာလူထုကြီးက ချီးကျူးပွဲ, ပူဇော်ပွဲ, ဂုဏ်ပြုပွဲများ ပြုလုပ်ကြပေသည်။ ဗုဒ္ဓဘာသာလူထုကြီး စေတနာသဒ္ဓါ လှိုင်းအဟုန်ဖြင့် ရိုက်ခတ်ခြင်းခံရသော အခါ ယခင်အဆက်ဆက်က စေတနာသဒ္ဓါ ကြီးမားစွာ ဖြစ်ခဲ့ဖူးသော ဤနိဒါန်းရေးသူ၏ မနောဓာတ်စိတ်အစဉ်၌ စေတနာသဒ္ဓါ လှိုင်းဓာတ်သည်လည်း ငြိမ်သက်စွာတည်နေခြင်းငှာ မစွမ်းနိုင်ပဲ တဖျပ်ဖျပ်တက်ကြွ၍ လျှမ်းလျှမ်းထနဲ့ရပါလေသည်။

ဤသို့လျှင် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသအား နိဒါန်းရေးသူသည် ကြည်ညိုလေးစား သဒ္ဓါပွားခဲ့ရပြန်ပါသည်။

ယင်းသို့ သဒ္ဓါတရား ကြည်ညိုလေးစားခြင်း အကြိမ်ကြိမ် ပွားနေခဲ့သော ဤနိဒါန်းရေးသူထံသို့ ဤကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသထံမှ စာအုပ်ငယ်တခုနှင့် စာဖိုင်တွဲများ ပို့လိုက်သည်။ စာအုပ်ငယ်မှာ ဥပါသကာဂုဏ်ရည် စာအုပ်ဖြစ်၍ စာဖိုင်တွဲမှာ သရဏဂုံတရားတော် စာမူများဖြစ်နေသည်ကို တွေ့ရသည်။

ယင်းကျမ်းစာမူများနှင့်အတူ ဆရာတော်၏ လက်ရေးဖြင့် စာမူများကို ကြည့်ပြီး နိဒါန်းရေးရန်လည်း အမှာစာတစောင် ပါရှိလာသည်။

ဥပါသကာဂုဏ်ရည်ပါ အကြောင်းအရာများနှင့် သရဏဂုံတရားတော်လာ အကြောင်းအရာများက ဗုဒ္ဓ ဘာသာဝင် အားလုံး သိသင့်သိထိုက်သည့် အကြောင်းအရာများဖြစ်နေသည်။ ယင်း သိသင့်သိထိုက်သည့်အကြောင်းများကို ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် သိမှသာ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်နိုင်ပေသည်။

ထို့ကြောင့် "ယင်းကျမ်းနှစ်ဆူ၌ ဖော်ပြထားသော အကြောင်းအရာများကို ဗုဒ္ဓဘာသာဝင်များ သိသင့်သိထိုက်သည်" ဟူ၍ လျှော့လျှော့ပေါ့ပေါ့ မပြောလိုပါ။ "ဗုဒ္ဓဘာသာဝင် မှန်က သိကိုသိရမည့် အကြောင်းအရာများ" ဟူ၍ ခပ်တင်းတင်းကလေး ပြောလိုက်ချင်ပါသည်။

## အတောမသတ်သော သဒ္ဓါတရားနှင့် ကြည်ညိုလေးစားမှု

ဤအကြိမ်မှာ နိဒါန်းရေးသူမှာ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသအား အတောမသတ်နိုင်အောင် သဒ္ဓါတရားနှင့် ကြည်ညိုလေးစားမှု ဖြစ်ပွားရပါတော့သည်။

နိဒါန်းရေးသူ သဒ္ဓါပွား၍ ကြည်ညိုလေးစားသည့် ဆရာတော်က တာဝန်ပေးခြင်း ခံရသောကြောင့်လည်း ဝမ်းမြောက်ဝမ်းသာခြင်း လွန်မင်းစွာ ဖြစ်ရပါသည်။ ထိုထက်ပိုကဲ၍ ဆရာတော်သည် ဗုဒ္ဓဘာသာမြန်မာ ဒါယကာ ဒါယိကာမများကို လျစ်လျူမရှု ဂရုစိုက်၍ မေတ္တာတရား ကရုဏာတရား အမြဲပွားများနေခြင်းကို ဤကျမ်းငယ်နှစ်စောင်ဖြင့် ထင်ရှားအောင် ဖော်ပြနိုင်ပေသောကြောင့် အတောမသတ် တန့်ရပ်၍ မရ၊ အနန္တ သဒ္ဓါတရား ကြည်ညိုလေးစားခြင်း ဖြစ်ပွားရပြန်ပေသည်။

ထင်ရှားစေရန် အနည်းငယ်မျှ ချပြပါအံ့—

ဥပါသကာဝဂ္ဂရည်နှင့် သရဏဂုံတရားတော် နှစ်ဆူကို အကျဉ်းချုံး၍ ကြည့်လိုက်လျှင် ....

(၁) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အထောက် အကူကြီးမားစွာ ပေးနိုင်သည်။

(၂) ဥပါသကာ သဘောအဓိပ္ပါယ်ကို တိကျစွာ ဖော်ပြသည်။

(၃) ဥပါသကာအဖြစ် ခံယူပုံကို ရှင်းလင်းစွာ ရေးပြသည်။

(၄) ဥပါသကာဖြစ်ရန် အရေးကြီးသည့် သရဏဂုံကို အစုံလင်ဆုံး ဖော်ပြသည်။

(၅) ဥပါသကာ၏ ပြည့်စုံပုံကို ဖော်ပြသည်။

(၆) ဥပါသကာ၏ ပျက်စီးပုံကို ဖော်ပြသည်။

(၇) ဥပါသကာ၏ တိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊

(၈) ဂုဏ်ထူးဆောင် အရေးအသားများ

ဟူသော ကောင်းမြတ်သော အကြောင်းရပ်ကြီးများကို တွေ့ရပါသည်။

ယင်းတွေ့ရသည့် အကြောင်း ရပ်များကို သက်သေသာဓက ထုတ်ပြပါအံ့ —

## (၁) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အထောက်အကူ ပြုနိုင်ပုံ

ယခုအခါ၌ မြန်မာပြည်တပြည်လုံး၌ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ သာသနာတော် ဝန်ထမ်း ရဟန်းတော်များသည် ရှေ့တန်းမှနေ၍ သာသနာ့တာဝန် ကိစ္စရပ်များကို ထမ်းဆောင်နေတော်မူကြသည်။

ရဟန်းတော်များ ယင်းသို့ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ဥပါသကာခေါ် ဗုဒ္ဓဘာသာ လူဒါယကာများသည် နောက်ပါးမှ ကပ်လျက် စားဝတ်နေရေးကို အထောက်အကူ ပေးနေကြသည်။

သို့ဖြစ်ရာ ရှေ့တန်းမှ ရဟန်းတော်များ ကာယသုခ, စိတ္တသုခ နှစ်ပါးနှင့် ပြည့်ဝစွာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ရေးမှ ဥပါသကာ ဥပါသိကာခေါ် ဗုဒ္ဓဘာသာဝင် လူဒါယကာ ဒါယိကာမတို့က သာသနာတော်၏ တန်ဖိုးကို ထိထိမိမိ သိရှိကြည်ညို သဒ္ဓါဖြစ်ပွားရန် လိုအပ်လှပေသည်။ ဤအကြောင်းကို ဥပါသကာ ဥပါသိကာတို့ ထင်ရှား သိထားကြစေရန် ဤကျမ်းစာမျက်နှာ (၁) မှစ၍ "သာသနာအရှည် တည်၊ မတည်" ခေါင်းစဉ်ပေးကာ အကျယ်ဖွင့်ပြ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရပေသည်။

## (၂) ဥပါသကာ၏ အဓိပ္ပါယ်

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အရေးကြီးသော အပိုင်းကဏ္ဍမှ ပါဝင်သည့် ဥပါသကာ ဥပါသိကာများဟု ဆိုရာ၌ ဥပါသကာခေါ်ပုံ အဓိပ္ပါယ်ကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းကို ထိထိမိမိ သိရှိစေရန် ဤကျမ်းစာမျက်နှာ (၁၁) မှစ၍ "ဥပါသကာခေါ်ရပုံ" ဟူ၍ ခေါင်းစဉ်ပေးကာ ရေးသား ရှင်းပြထားသည်ကို လေ့လာ ဖတ်ရှုနိုင်ပေသည်။

## (၃) ဥပါသကာအဖြစ် ခံယူပုံ

ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်ပါသည်ဟု ဝန်ခံပြောဆိုနေကြသည်။ သို့သော် ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်စေရန် ဘယ်လို ဆောက်တည်ရပါသနည်းဟူ၍ကား သိသူရှားလှပေသည်။ ပြောသူလည်း ရှားလှပေသည်။ ယင်းသို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်ဟု မြန်မာပြန်ဆိုထိုက်သည့် ဥပါသကာအဖြစ် ခံယူနည်းကို လွယ်လွယ် ရှင်းရှင်းကလေးဖြင့် ဤကျမ်း (၁၃) မှစ၍ ရေးသားဖော်ပြထားသည်ကို လေ့လာမှတ်သားနိုင်ပါသည်။

## (၄) အရေးကြီးဆုံး သရဏဂုံ အစုံပြခြင်း

ဗုဒ္ဓဘာသာဝင်ဟု မြန်မာပြန်ဆိုရသည့် ဥပါသကာဖြစ်ရန်မှာ သရဏဂုံ တည်ရမည်ဖြစ်သည်။ သရဏဂုံတည်ရန်အတွက် သရဏဂုံ ဆောက်တည်ပုံများစွာ ရှိရာ ကျမ်းဂန်ပေစာ ဗုဒ္ဓစာပေလာ သရဏဂုံ ဆောက်တည်ပုံ အမျိုးမျိုးကို ဤ ကျမ်းစာမျက်နှာ (၁၂) မှစ၍ ရှင်းလင်းရေးပြသည့်ပြင် သရဏဂုံတရား တော်၌လည်း သရဏဂုံဖြစ်ပေါ်လာပုံမှ စ၍ အကျယ်တဝင့် ဖွင့်ပြရေးသား ထားပေသည်။

ယင်း သရဏဂုံသည်ကား ဥပါသကာဖြစ်ရန် အရေးကြီးသကဲ့သို့ ငါးပါး သီလ, ရှစ်ပါးသီလ, ကိုးပါးသီလ ခံယူဆောက်တည်ရာ၌လည်း မပါလျှင်မပြီး အရေးကြီးသောကြောင့် သရဏဂုံတရားတော်၌ သရဏဂုံဖြစ်ပေါ်လာပုံမှစ၍ သရဏဂုံအကြောင်းအရာမှန်သမျှ နည်းနည်းမျှ မကျန်ရအောင် ပြောပြရေး သားထားသည်ကို ဝဝကြီး ဖတ်ရှုမှတ်သားနိုင်ကြမည် ဖြစ်ပါသည်။

## (၅) ဥပါသကာ ပြည့်စုံပုံ၊ ပျက်စီးပုံ

ဥပါသကာတယောက် ဖြစ်လာပြီးနောက် ယင်း ဥပါသကာသည် မည်သို့ ကျင့်သုံးနေထိုင်မှ ဥပါသကာအဖြစ် တည်နေသည်။ မည်သို့ဖောက်ပြန်စွာ ကျင့် သုံးလျှင် ဥပါသကာအဖြစ်မှ ပျက်စီးသွားသည်စသည်ကို စာမျက်နှာ(၁၇)မှ စ၍ ''ဥပါသကာ၏အာဇီဝ''ဟုခေါင်းတည်ကာရေးသားဖော်ပြထားပါသည်။

## (၆) ဥပါသကာ ဆုတ်ယုတ်ပုံနှင့် တိုးတက်ပုံ

ဥပါသကာအစစ်ဗုဒ္ဓဘာသာ ဖြစ်ပြီးလျှင် ''ငါ ဥပါသကာဗုဒ္ဓဘာသာဝင် တယောက် ဖြစ်ပြီးပါပြီကော''ဟုဘာမျှမလုပ်ပဲ ငြိမ်ကုပ်နေရမည်မဟုတ်ချေ။ မိမိ၏ ဥပါသကာ ဗုဒ္ဓဘာသာဝင်ဘဝ တိုးတက်ကြီးပွားကြောင်းများကို ပြု လုပ်၍ ဆုတ်ယုတ်ပျက်ပြားစေမည့် အကြောင်းများကို ရှောင်ရှားရန်လည်း လိုအပ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာဥပါသကာ ဥပါသိကာများ ဆုတ်ယုတ်ခြင်း ကင်းပ၍ တိုးတက်မှု ရကြပါစေခြင်းအကျိုးငှာ ယင်းဆုတ်ယုတ်ကြောင်း တိုးတက်ကြောင်းများကိုလည်း စာမျက်နှာ (၂၂) မှစ၍ ရေးသားဖော်ပြထားပါသည်။

## (၄)ဂုဏ်ထူးဆောင် အရေးအသားများ

ဂုဏ်ထူးဆောင် အရေးအသား ဟူသည်မှာ ကောင်းမြတ်သည့် ကျေးဇူး ဂုဏ်ကို ဆောင်နိုင်သည့် ရေးပုံရေးဟန်ကို ဆိုလိုပါသည်။ မှန်ပါသည်။ ဤကျမ်းပြုဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ မြန်မာဝါကျဖွဲ့ပုံ ဝေါဟာရရွေးပုံ ကာရန်ယူပုံတို့မှာ ဖတ်ရှုရသူတို့မှာ ဘဝင်မှာ စွဲငြိ၍ အသိဉာဏ်တရားကို တိုးပွားစေနိုင်ပါသည်။

လိုရင်းအချက် ဆောင်ပုဒ်ကဗျာကလေးနှင့် ပါဠိဂါထာများ ရေးစပ်ထားသည်မှာ အလင်္ကာရ ပြည့်စုံ၍ ရသဂုဏ် မြောက်လှပါသည်။

ဤသို့သော ရေးဟန်ဖွဲ့ဟန်မှာအထူးမကြိုးစားရပဲ ပင်ကိုယ်ဉာဏ် သဘာဝအရ ဖြစ်ပေါ်လာသော ရေးဟန်ဖွဲ့ဟန်များ ဖြစ်ပါသည်။ ယင်းရေးဟန်ဖွဲ့ဟန်များကား ဤကျမ်းရင်းစာသားကို စာရှုသူများ ဖတ်ရှုသောအခါများစွာတွေ့ရမည် ဖြစ်သောကြောင့် အထူးသက်သေ သာဓက ထုတ်မပြပဲ နိဒါန်းကို နိဂုံးချုပ်ပါတော့မည်။

## နိဂုံးချုပ်ဆုတောင်း

ဤသို့လျှင် နိဒါန်းရေးသူ၏ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်မှ စ၍ သဒ္ဒါပွားများ ကြည်ညိုလေးစားခြင်းကို ခံယူတော်မူခဲ့သော ဝိနယဓရ၊ **သံယုတ္တဘာဏက၊ သကျသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ သိရောမဏိ၊ အဂ္ဂမဟာပဏ္ဍိတ**—ဂုဏ်ထူးဘွဲ့ထူးရ ပရိတ်ကြီးနိဿယသစ်ကျမ်းပြုဆရာတော်

အရှင်ဝါသေဋ္ဌာဘိဝံသ၏ ကောင်းမြတ်သည့် ဂုဏ်အဖုံဖုံတို့နှင့် ပြည့်စုံသော ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော် ကျမ်းနှစ်ဆူကို ဖတ်ရှုလေ့လာ ပွားများကြရပြီးလျှင် စာရှုသူများသည်လည်း ဥပါသကာ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်နိုင်ကြ၍ ဤကျမ်းပြုဆရာတော်နှင့် သုံးပါးရတနာ သာသနာတော် အပေါ်၌ သဒ္ဓါတရား ကြည်ညိုလေးစားမှု တပွားပွားဖြစ်ပေါ်၍ ဆိုလိုရှိရာ သူတော်ကောင်းတရား ပွားများအားထုတ်နိုင်ကြပါစေဟု ဆုတောင်း မေတ္တာ ပြုလိုက်ရပါသတည်း။ ။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)၊
**သကျသီဟ ဓမ္မာစရိယ ဝင်္ဂသကာ၊**
အစိုးရ ဓမ္မာစရိယ သီရောမဏိ၊
စေတိယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက။

# ဥပါသကာ ဂုဏ်ရည်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

ရှေးဦးအမှာ


၁။ သာသနာအရှည် တည်၊ မတည် .... ၁
၂။ သိက္ခာက အရေးကြီး .... ၂
၃။ သဒ္ဓါ ပညာလဲ အရေးကြီး .... ၃
၄။ သဒ္ဓါ ပညာ အစွမ်း .... ၃
၅။ ကောင်းသော ပညာတရပ် .... ၆
၆။ သာသနာ တည်ထောင်ခဲ့ပုံ .... ၇
၇။ တာဝန်ကိုယ်စီ ထမ်းကြပုံ .... ၇
၈။ သူ့နည်းနှင့် သူ .... ၈
၉။ လူ့ဘက်က ဘယ်သို့ .... ၈

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ရဟန်းဘက်က ဘယ်ပုံ | .... ၉ |
| ၁၁။ | အသရေ ဆောင်ပါလိမ့်မည် | .... ၁၀ |
| ၁၂။ | ဥပါသကာ ခေါ်ရပုံ | .... ၁၁ |
| ၁၃။ | သရဏဂုံ | .... ၁၂ |
| ၁၄။ | သရဏဂုံ အနက် | .... ၁၂ |
| ၁၅။ | ဥပါသကာ အဖြစ် ခံယူပုံ တမျိုး | .... ၁၃ |
| ၁၆။ | သရဏဂုံ ခံယူပုံ တမျိုး | .... ၁၃ |
| ၁၇။ | အနက် အဓိပ္ပာယ် သိဖို့ အရေးကြီး | .... ၁၆ |
| ၁၈။ | သရဏဂုံနှင့် စပ်သော သိဖွယ်များ | .... ၁၇ |
| ၁၉။ | ဥပါသကာ၏ အာဇီဝ | .... ၁၇ |
| ၂၀။ | ဥပါသကာ၏ ပျက်စီးခြင်း | .... ၁၈ |
| ၂၁။ | ရှင်းလင်းချက် | .... ၁၉ |
| ၂၂။ | ဥပါသကာ၏ ပြည့်စုံခြင်း | .... ၂၀ |
| ၂၃။ | ဥပါသကာ၏ ဆုတ်ယုတ်ကြောင်း တရား ခုနစ်ပါး | .... ၂၂ |
| ၂၄။ | ဥပါသကာ၏ မဆုတ်ယုတ်ကြောင်း တရား ခုနစ်ပါး | .... ၂၃ |
| ၂၅။ | ကိုယ်လုပ်မှ ကိုယ်ရ | .... ၂၄ |
| ၂၆။ | မိမိကိုယ်သာ အားထားရာ | .... ၂၄ |
| ၂၇။ | ကိုယ့်ကိုယ် ဆိုသည်မှာ | .... ၂၅ |
| ၂၈။ | ကိုယ့်တရားအရ အထက်, အောက်ရောက် | .... ၂၅ |
| ၂၉။ | သတ္တဝါအားလုံး နတ်ပြည် ပို့နိုင်သလား | .... ၂၆ |
| ၃၀။ | ဘုရားရှင် အဖြေ | .... ၂၆ |
| ၃၁။ | ကောင်းသူ အောက်မရောက် | .... ၂၇ |
| ၃၂။ | အထက်ရောက်အောင် ပို့ဆောင်သူ | .... ၂၈ |
| ၃၃။ | သာဓက တရပ် | .... ၂၈ |
| ၃၄။ | ဥပါသကာ အကျင့်ပင် | .... ၂၉ |
| ၃၅။ | ချိန်ပမာဏ ဥပါသကာ, ဥပါသိကာများ | .... ၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | သာသနာ ပြုဖို့ တာဝန်ရှိ | .... ၃၀ |
| ၃၇။ | ပုဏ္ဏာ အကြောင်း | .... ၃၁ |
| ၃၈။ | ပုဏ္ဏားက ဆရာစားလက်ဆောင် အပ်နှင်းပုံ | .... ၃၂ |
| ၃၉။ | ပုဏ္ဏာက လမ်းညွှန်ကြား | .... ၃၃ |
| ၄၀။ | ဥပါသကာ ဂုဏ် ၁၀-ပါး | .... ၃၄ |
| ၄၁။ | ဘုရားရှိခိုးများ | .... ၃၅ |

# သရဏဂုံ တရားတော်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁၃၄၆–ခု၊ ဝါဆိုလကွယ် (၂၇ – ၇ – ၈၄)


| | | |
|---|---|---|
| ၁။ | သရဏဂုံ နားလည်ဖို့ အရေးကြီး .... | ၄၈ |
| ၂။ | အမှန် ကိုးကွယ်မှ သရဏဂုံ .... | ၄၉ |
| ၃။ | အကောင်းဆုံး ကိုးကွယ်ရာ .... | ၅၀ |
| ၄။ | သရဏဂုံ သိခြင်းအကျိုး .... | ၅၁ |
| ၅။ | ကျွန်မလေးပုဏ္ဏာ .... | ၅၁ |
| ၆။ | ပုဏ္ဏာအမေး ပုဏ္ဏား အဖြေ .... | ၅၁ |
| ၇။ | ပုဏ္ဏာ၏ ချေပချက် .... | ၅၂ |
| ၈။ | ရှင်းလင်းချက် တမျိုး .... | ၅၃ |
| ၉။ | ဆရာစား လက်ဆောင် .... | ၅၃ |
| ၁၀။ | ပုဏ္ဏာ၏လမ်းညွှန်ချက် .... | ၅၄ |
| ၁၁။ | သာမည ပုဏ္ဏာ မဟုတ် .... | ၅၅ |
| ၁၂။ | မာန အပြစ် .... | ၅၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၃။ ဗုဒ္ဓရှင်တော် ဖြစ်စ .... ၅၆
၁၄။ လောကချမ်းသာက ခဏပဲ .... ၅၇
၁၅။ ပလ္လင်္က သတ္တာဟ .... ၅၇
၁၆။ အနိမိသ သတ္တာဟ .... ၅၈
၁၇။ စင်္ကမ သတ္တာဟ .... ၅၈
၁၈။ ရတနာဃရ သတ္တာဟ .... ၅၉
၁၉။ အဇပါလ သတ္တာဟ .... ၆၀
၂၀။ မုစလိန္ဒ သတ္တာဟ .... ၆၀
၂၁။ ရာဇာယတန သတ္တာဟ .... ၆၁
၂၂။ သပိတ်တော်များ ရလာ၍ အလှူခံ .... ၆၂
၂၃။ ဒွေဝါစိက သရဏဂုံ .... ၆၃
၂၄။ သရဏဂုံယူ .... ၆၄
၂၅။ ဆံတော် ဓာတ်တော် ရကြပုံ .... ၆၆
၂၆။ တရားနိဂုံး .... ၆၇


၁၃၄၆–ခု၊ ဝါခေါင်လဆန်း (၈) ရက် (၄ – ၈ – ၈၄)


၂၇။ သရဏဂုံ အကျိုး .... ၆၈
၂၈။ တေဝါစိက သရဏဂုံ .... ၆၉
၂၉။ ကျွတ်ချိန်တန် ကျွတ်ရ .... ၆၉
၃၀။ လူ့ သဘာဝ .... ၇၀
၃၁။ တရားရမှ အမှန်မြင် .... ၇၁
၃၂။ အသုဘချည်းပဲ .... ၇၁
၃၃။ ယသ ပြောင်းလဲ လာပုံ .... ၇၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | ဘုရားရှင်နှင့် တွေ့ရ | .... ၇၃ |
| ၃၅။ | အနုပုဗ္ဗိက ကထာနဲ့ သစ္စာပြ | .... ၇၄ |
| ၃၆။ | ဖခင်သဌေးကြီး လိုက်လာ | .... ၇၅ |
| ၃၇။ | တေဝါစိက သရဏဂုံ | .... ၇၅ |
| ၃၈။ | ယသ ရဟန္တာ ဖြစ်ခဲ့ | .... ၇၇ |
| ၃၉။ | ယသ ရဟန်းဖြစ်ခန်း | .... ၇၈ |
| ၄၀။ | တေဝါစိက သရဏဂုံယူ | .... ၇၉ |
| ၄၁။ | အဆုံးသတ်ကြစို့ | .... ၈၀ |

၁၃၄၆–ခု၊ ဝါခေါင်လဆုတ် (၈) ရက် (၁၉–၈–၈၄)

| | | |
|---|---|---|
| ၄၂။ | တရား အချီး | .... ၈၁ |
| ၄၃။ | သာသနာ အဝင်ဝ | .... ၈၂ |
| ၄၄။ | နောက်ကြောင်း ပြန်ကြည့်စို့ | .... ၈၂ |
| ၄၅။ | သာသနာပြု လွှတ်ပုံ | .... ၈၄ |
| ၄၆။ | အခုခေတ် သရဏဂုံ ပေါ်လာပုံ | .... ၈၄ |
| ၄၇။ | သရဏဂုံချင်း ခြားနားပုံ | .... ၈၅ |
| ၄၈။ | လောကအရိယာ သာဝိတ္တိဂါထာ | .... ၈၆ |
| ၄၉။ | အရိယ သာဝိတ္တိ | .... ၈၈ |
| ၅၀။ | ဗောဓိမင်းသား အကြောင်း | .... ၈၉ |
| ၅၁။ | ဗောဓိမင်းသား လျှောက်ထားပုံ | .... ၈၉ |
| ၅၂။ | ပဓာနိယင်္ဂတရားအကျိုး | .... ၉၀ |
| ၅၃။ | အံ့သြချီးကျူးပုံ | .... ၉၁ |
| ၅၄။ | အမိဝမ်းထဲကသရဏဂုံယူ | .... ၉၂ |
| ၅၅။ | အဋ္ဌကထာ အဆို | .... ၉၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၆။ ဒုတိယအကြိမ် သရဏဂုံ .... ၉၄
၅၇။ တတိယအကြိမ် သရဏဂုံ .... ၉၅
၅၈။ သရဏဂုံ အစွမ်း .... ၉၆


## ၁၃၄၆–ခု၊ ဝါခေါင်လကွယ် (၂၅–၈–၈၄)


၅၉။ လက်ဆောင် မွန် .... ၉၇
၆၀။ သရဏဂုံ လက်ဆောင် .... ၉၇
၆၁။ ဗုဒ္ဓဘာသာအစ .... ၉၉
၆၂။ သရဏဂုံဆိုတာ .... ၉၉
၆၃။ ဘာကို ဖျက်ဆီးတတ်သလဲ ....၁၀၀
၆၄။ ဖျက်ဆီးပုံ သာမည ....၁၀၀
၆၅။ ဖျက်ဆည်းပုံ ဝိသေသ ....၁၀၁
၆၆။ အကျိုးမဲ့မှ တားပုံ ....၁၀၂
၆၇။ တရားက ဘေးဖျောက်ပုံ ....၁၀၃
၆၈။ သက်သာရာပေးတဲ့ တရား ....၁၀၄
၆၉။ သံဃာက ဘေးကို ဖျောက်ပုံ ....၁၀၅
၇၀။ ကယ်တင်တဲ့ ဝါဒ မဟုတ် ....၁၀၅
၇၁။ ကိုယ့်တရားကြောင့် ကိုယ်အကျိုးရ ....၁၀၆
၇၂။ အတ္တ ဆိုတာ ....၁၀၇
၇၃။ တို့က ဟောပြောရုံသာ ....၁၀၇
၇၄။ အနာထပိဏ်နဲ့ တိတ္ထိတပည့်တွေ ....၁၀၈
၇၅။ အတိတ် ဇာတ်ကြောင်း ....၁၁၀
၇၆။ ဘီလူးတွေ လှည့်ဖျားခံရ ....၁၁၁
၇၇။ ပညာရှိ လှည်းကုန်သည် ....၁၁၂
၇၈။ အပဏ္ဏက ပဋိပဒါ အကျိုး ....၁၁၂
၇၉။ ကိုးကွယ်ရာမှန်၍ ချမ်းသာရ ....၁၁၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁၃၄၆-ခု၊ တော်သလင်းလဆန်း(၈)ရက် (၂-၉-၈၄)


၈၀။ သရဏဂုံ တရား အချီး ....၁၁၅
၈၁။ ဂါထာ အဓိပ္ပာယ် ....၁၁၆
၈၂။ သရဏ အရ ဟောခဲ့ပုံ ....၁၁၇
၈၃။ သရဏဂုံ ဆိုတာ ....၁၁၇
၈၄။ သဒ္ဓါ ပညာလဲ့ ပါမှ ....၁၁၈
၈၅။ သဒ္ဓါဖြစ်လျှင် ပညာလဲပေါ် ....၁၁၉
၈၆။ ကိုးကွယ်တိုင်း သရဏဂုံမဟုတ် ....၁၂၀
၈၇။ အဇာတသတ် အပေါင်းမှား ....၁၂၁
၈၈။ သရဏဂုံ ဟုတ်ကဲ့လား ....၁၂၂
၈၉။ ခမည်းတော် သတ်မိခဲ့ ....၁၂၃
၉၀။ တော်ပါသေးရဲ့ ....၁၂၄
၉၁။ ဘုရားရှင်နှင့် တွေ့ရ ....၁၂၄
၉၂။ သရဏဂုံ ယူ ....၁၂၅
၉၃။ နောင်တရဖို့ အကြောင်းဖန် ....၁၂၆
၉၄။ သဒ္ဓါ ဖြစ်ပုံ ....၁၂၇
၉၅။ ကိလေသာများ ....၁၂၈
၉၆။ သရဏဂုံ အကျိုး တရပ် ....၁၂၉


၁၃၄၆-ခု၊ တော်သလင်း လပြည့် (၉-၉-၈၄)

**အနှစ်သာရ ငါးမျိုး**


၉၇။ လူ့ဘဝ ....၁၃၁
၉၈။ ဣန္ဒြေ မချွတ်ယွင်းခြင်း ....၁၃၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၉။ | အမျိုးကောင်း ဖြစ်ရခြင်း | ....၁၃၂ |
| ၁၀၀။ | စင်ကြယ်ခြင်း | ....၁၃၃ |
| ၁၀၁။ | တရား နာခြင်း | ....၁၃၃ |
| ၁၀၂။ | သရဏဂုံ အပြား | ....၁၃၄ |
| ၁၀၃။ | လောကုတ္တရာ သရဏဂုံ | ....၁၃၄ |
| ၁၀၄။ | ဖြစ်ရာ ပုဂ္ဂိုလ်နှင့် ဖြစ်ပုံ | ....၁၃၅ |
| ၁၀၅။ | သရဏဂုံ ညစ်ညူးကြောင်း တရား | ....၁၃၆ |
| ၁၀၆။ | အာရုံသိ၊ မတွေ့မဝေသိ | ....၁၃၇ |
| ၁၀၇။ | လောကီ သရဏဂုံ | ....၁၃၈ |
| ၁၀၈။ | ဘုရားရှင် ရာဇဂြိုဟ်ကြွ | ....၁၃၉ |
| ၁၀၉။ | ဗိမ္ဗိသာရ မင်းကြီး တရားရ | ....၁၄၀ |
| ၁၁၀။ | ကိုယ်နဲ့ တန်ရုံရ | ....၁၄၁ |
| ၁၁၁။ | တရားကြောင့် ရသောဂုဏ် | ....၁၄၁ |
| ၁၁၂။ | မင်းကြီး လျှောက်ထားပုံ | ....၁၄၂ |
| ၁၁၃။ | ရှေးကပင် ပင့်ခဲ့ပုံ | ....၁၄၄ |
| ၁၁၄။ | လျှောက်ထားချက် အဆက် | ....၁၄၅ |
| ၁၁၅။ | သရဏဂုံ ယူပုံ | ....၁၄၅ |
| ၁၁၆။ | သရဏဂုံ ထပ်ယူခြင်း အကြောင်း | ....၁၄၆ |
| ၁၁၇။ | အနှစ်သာရ မဆုံးစေနဲ့ | ....၁၄၇ |

၁၃၄၆–ခုတော်သလင်းလကွယ်(၈)ရက်(၁၇-၉-၈၄)

| | | |
|---|---|---|
| ၁၁၈။ | လောကီ သရဏဂုံ အဆက် | ....၁၄၈ |
| ၁၁၉။ | လောကီ သရဏဂုံ တရားကိုယ် | ....၁၄၈ |

| စဉ် | အကြောင်းအရာ |
|---|---|


၁၂၀။ ဒိဋ္ဌိဇုကမ္မလဲ ဆိုရ

၁၂၁။ သရဏဂုံ ယူပုံ လေးမျိုး

၁၂၂။ အတ္တသန္နိယျာတန

၁၂၃။ တပ္ပရာယဏတာ

၁၂၄။ သိဿဘာဝူပဂမန

၁၂၅။ တရားတပည့် ဘယ်သို့ခံသနည်း

၁၂၆။ သာဓက

၁၂၇။ သရက်ပင်က ဆရာဖြစ်ပုံ

၁၂၈။ ပဏိပါတ

၁၂၉။ သဒ္ဓါအရေးကြီး

၁၃၀။ သဒ္ဓါရှိလျှင် ပညာတိုး

၁၃၁။ ကောသလမင်းကြီး ဘုရားထံသွား

၁၃၂။ တကယ့် ရှိသေခြင်းအကြောင်း လျှောက်ပုံ

၁၃၃။ ဒုတိယ လျှောက်ထားချက်

၁၃၄။ တတိယ လျှောက်ထားချက်

၁၃၅။ စတုတ္ထ လျှောက်ထားချက်

၁၃၆။ ပဉ္စမ လျှောက်ထားချက်

၁၃၇။ ဆဋ္ဌမလျှောက်ထားချက်

၁၃၈။ သတ္တမ လျှောက်ထားချက်

၁၃၉။ မြင်တတ်လျှင် သဒ္ဓါ ပညာတိုး


၁၃၄၆-ခု၊ တော်သလင်းလကွယ် (၂၄-


၁၄၀။ သရဏဂုံ လေးပါး တမျိုး

၁၄၁။ သိဿဘာဝူပဂမန တမျိုး

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၄၂။ ပိပ္ပလိ မယ်ဘဒ္ဒါ .... ၁၇၂
၁၄၃။ ရဟန်းပြုကြပုံ .... ၁၇၂
၁၄၄။ ခွဲခွါကြပုံ .... ၁၇၃
၁၄၅။ ဘုရားရှင်က ကြို .... ၁၇၄
၁၄၆။ ရှင်မဟာကဿပ သရဏဂုံ .... ၁၇၅
၁၄၇။ ဘုရားအဖြစ် မိုယုံလိုက်ပုံ .... ၁၇၆
၁၄၈။ သိဿဘာဝူပဂမန တမျိုး .... ၁၇၆
၁၄၉။ သြဝါဒ သုံးချက် .... ၁၇၇
၁၅၀။ ပထမ သြဝါဒ .... ၁၇၈
၁၅၁။ ဒုတိယ သြဝါဒ .... ၁၇၈
၁၅၂။ တတိယသြဝါဒ .... ၁၇၉
၁၅၃။ တပ္ပရာယဏတာ တမျိုး .... ၁၇၉
၁၅၄။ အာဠဝက ဘီလူး .... ၁၈၀
၁၅၅။ မေတ္တာဖျက်ဖို့ ကြိုးစားပုံ .... ၁၈၁
၁၅၆။ ပုစ္ဆာဖြင့် သေအောင် ကြံပုံ .... ၁၈၂
၁၅၇။ မေးသောပြဿနာနှင့် အဖြေများ .... ၁၈၃
၁၅၈။ ဒုတိယ အမေး အဖြေ .... ၁၈၄
၁၅၉။ တတိယ အမေး အဖြေ .... ၁၈၅
၁၆၀။ စတုတ္ထ အမေး အဖြေ .... ၁၈၆
၁၆၁။ တခြား မေးချေဦး .... ၁၈၆
၁၆၂။ တကယ် ယုံယုံကြည်ကြည် သရဏဂုံ ယူပုံ .... ၁၈၈


၁၃၄၆–ခု၊ သီတင်းကျွတ်လဆန်း (၈)ရက်(၂–၁၀–၈၄)


၁၆၃။ မလိုပဲနဲ့ ဆောက်တည် .... ၁၈၉
၁၆၄။ ပဏိပါတ တမျိုး .... ၁၉၀
၁၆၅။ နမောတဿဖြင့် ကန်တော့ပုံ .... ၁၉၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆၆။ | ပြဟ္မာယု အမေး | .... ၁၉၂ |
| ၁၆၇။ | ဘုရားရှင်အဖြေ | .... ၁၉၃ |
| ၁၆၈။ | တုပ်ဝပ်ရိုကျိုး ရှိခိုးပုံ | .... ၁၉၄ |
| ၁၆၉။ | ပဏ္ဍိပါတ အပြား | .... ၁၉၅ |
| ၁၇၀။ | ဒကာ တဦး အမေး | .... ၁၉၅ |
| ၁၇၁။ | ရှိခိုးတိုင်း သရဏဂုံ တည်သလား | .... ၁၉၆ |
| ၁၇၂။ | သရဏဂုံ မပြောက်သော ရှိခိုးခြင်း | .... ၁၉၇ |
| ၁၇၃။ | သရဏဂုံ ပြောက်သော ရှိခိုးခြင်း | .... ၁၉၈ |
| ၁၇၄။ | သရဏဂုံ ပျက်၊ မပျက် | .... ၁၉၉ |
| ၁၇၅။ | သရဏဂုံ ပျက်၊ မပျက် အဆက် | .... ၂၀၀ |
| ၁၇၆။ | နတ်ကိုးကွယ်လျှင် သရဏဂုံပျက်သလား | .... ၂၀၁ |
| ၁၇၇။ | ဗလိ ငါးပါး | .... ၂၀၁ |

၁၃၄၆–ခု၊ သီတင်းကျွတ်လပြည့် (၉–၁၀–၈၄)

| | | |
| --- | --- | --- |
| ၁၇၈။ | လောကုတ္တရာ သရဏဂုံ အကျိုးရင်း | .... ၂၀၅ |
| ၁၇၉။ | လောကီ သရဏဂုံ အကျိုး | .... ၂၀၈ |
| ၁၈၀။ | အကျိုး တမျိုး | .. ၂၀၈ |
| ၁၈၁။ | လောကုတ္တရာ သရဏဂုံက အရေးကြီး | .... ၂၀၉ |
| ၁၈၂။ | သရဏဂုံ ညစ်ညှုးကြောင်း | .... ၂၁၀ |
| ၁၈၃။ | သရဏဂုံ ရပါ့မလား | .... ၂၁၀ |
| ၁၈၄။ | သရဏဂုံ ပျက်စီးမှု | .... ၂၁၂ |
| ၁၈၅။ | ပျက်စီးခြင်း တမျိုး | .... ၂၁၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈၆။ | လူသေသရဏဂုံ တင်မှု | .... | ၂၁၃ |
| ၁၈၇။ | မပျက်တဲ့ သရဏဂုံ | .... | ၂၁၄ |
| ၁၈၈။ | သရဏဂုံ အကျိုး ရှစ်ပါး | .... | ၂၁၅ |
| ၁၈၉။ | သရဏဂမနီယ မထေရ် | .... | ၂၁၆ |
| ၁၉၀။ | သရဏဂုံ အထုံ | .... | ၂၁၆ |
| ၁၉၁။ | အကြောင်း ရှစ်ပါးရ | .... | ၂၁၇ |

ဓမ္မဒါန ပြုသူများ စာရင်း

# ဥပါသကာ ဂုဏ်ရည်

ရှေး ဦးအ မှာ

**သာသနာအရှည် တည်၊ မတည်**

ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် ဘုရားသာသနာ ကြာရှည်စွာ မတည်ခြင်း အကြောင်းတရား ငါးပါးရှိ၏။

အကြောင်းငါးပါးမှာ - ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာတို့၏ ဘုရား၌ မရိုသေခြင်း၊ တရား၌ မရိုသေခြင်း၊ သံဃာ၌ မရိုသေခြင်း၊ အကျင့်သိက္ခာ၌ မရိုသေခြင်း၊ အချင်းချင်း မရိုသေခြင်း ဤအကြောင်းများပင် ဖြစ်ပါသည်။ ထိုမှ ပြန်သောအားဖြင့် ဘုရား, တရား, သံဃာ သိက္ခာ အချင်းချင်း ဤငါးပါး၌ ရိုသေခြင်းမှာ သာသနာ ကြာရှည်တည်ခြင်းအကြောင်း ဖြစ်ပါသည်။ ဤအချက်ကို ကိမိလမြို့၌ ရှင်တော်ဘုရား သီတင်းသုံးတော်မူစဉ် အရှင်ကိမိလ မေးလျှောက်သား၍ ဘုရားရှင် ဖြေခဲ့ခြင်းဖြစ်၏။

အံ=၂-၂၁၆။

## သိက္ခာက အရေးကြီး

ဤငါးပါးတို့တွင် အကျင့်သိက္ခာက အရေးကြီး၏။ သိက္ခာ ဆိုသည်မှာ– သီလ သမာဓိ ပညာတရားများပင်၊ ကျင့်ဝတ်တရားများကိုလည်း ယူသင့်ပါ၏။ ထို သိက္ခာတရားတို့ကို လေးလေးစားစား လိုက်နာ ကျင့်ကြံသူကိုပင် ''သိက္ခာ၌ ရိုသေသူ'' ဆိုရ၏။ သိက္ခာ၌ ရိုသေသော ပုဂ္ဂိုလ်မှာ ဘုရား၌လည်း ရိုသေတော့မည်၊ တရား သံဃာတို့ကိုလည်း ရိုသေတော့မည်သာ ဖြစ်၏။ သိက္ခာရှိသူသည် အချင်းချင်း အပေါ်၌လည်း မလေးမစား မရိုမသေ ပြုတော့မည် မဟုတ်ပါ။

အချင်းချင်း ရိုသေ လေးစားခြင်း ဆိုရာ၌ ဥပါသကာ၊ ဥပါသိကာတို့ကသာ ရဟန်းတို့၌ ရိုသေ လေးစားရမည်မဟုတ်၊ ရဟန်းများကလည်း ဥပါသကာ၊ ဥပါသိကာတို့ကို ရိုသေ လေးစားရမည်သာ ဖြစ်ပါ၏။

ဥပါသကာ ဥပါသိကာတို့အပေါ်၌ ရိုသေ လေးစားခြင်း ဆိုသည်မှာ သူတို့အပေါ်၌ ကောင်းစွာ ကျင့်ခြင်းပင် ဖြစ်၍ မကောင်းသဖြင့် ကျင့်ခြင်းမှာ မရိုသေ မလေးစားမှုပင်။ ဤနေရာ၌ ဝတ္တရားနှင့်အညီ ကျင့်ကြံခြင်းသည် အချင်းချင်း ရိုသေ လေးစားခြင်း တရပ်ပင် ဖြစ်ပါ၏။

ရဟန်းကျင့်ဝတ်ငါးပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား၊
နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊
ခြောက်ခု လွန်သောချာ။

လူကျင့်ဝတ်ငါးပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊
လိုလျှင် ဖိတ်ထား၊ တတ်အားလှူစေ၊ ဤငါးတွေ၊ ကျင့်လေ
ဒါယကာ။

ရဟန်းနှင့် ဥပါသကာ ဥပါသိကာတို့ အပြန်အလှန် ကျင့်ရမည့် ဤကျင့်ဝတ်များမှာ အချင်းချင်း အပြန်အလှန် ပြုကြသည့် ဂါရဝများပင် မဟုတ်ပါလော။ ထိုသို့သော ဂါရဝရှိသူတို၌ ဗုဒ္ဓအဂါရဝ (ဘုရား၌ မရိုသေမှု) စသည် ဖြစ်ဦးမလားဟု စဉ်းစားဖွယ်ပင် မလိုတော့ပါ။

## သဒ္ဓါပညာလဲ အရေးကြီး

သိက္ခာ အရေးကြီးသည် ဆိုသော်လည်း ထိုသိက္ခာ ဖြစ်ရေး၌ မပါမပြီး အရေးကြီးသော သဒ္ဓါ ပညာလည်း အရေးကြီးလှ၏။ ရတနာသုံးပါး ကိုးကွယ်လျှင် ဥပါသကာ ဥပါသိကာတော့ ဖြစ်လာ၏။ သို့သော် သဒ္ဓါ ဥပါသကာ ပညာဥပါသကာလည်း ရှိသေး၏။ သဒ္ဓါအားကြီး ပညာနည်းသူ၏ **သိ**က္ခာမှာ အဆင့်အတန်းနိမ့်သော **သိ**က္ခာသာ ဖြစ်ဖို့ရှိပါ၏။ပညာကြီး သဒ္ဓါနည်းသူ ဖြစ်ပြန်ကလည်း ဘုရားဝေဖန် တရားဝေဖန် သံဃာဝေဖန် အကျင့်မမှန်သော **သိ**က္ခာဖြစ်ရပြန်ပါသည်။ သဒ္ဓါသက်သက် ဥပါသကာက လည်း စေတီပုထိုး ရှိခိုးသောအခါ တကယ့်ဘုရား၌ စိတ်မရောက်တတ်၊ တကယ့်ဘုရားဂုဏ် အာရုံမပြုတတ်၊ စေတီ၌သာ ဆိုးနေတတ်၏။ ပညာသက်သက် ဥပါသကာ ဥပါသိကာကတော့ တကယ့်ဘုရားမှ မဟုတ်ပဲ၊ ရုပ်တုကိုးကွယ်လို့ အကျိုးမရှိ စသည်ဖြင့် လွန်သွားတတ်၏။ ဥပါသကာ ဥပါသိကာ ဖြစ်တိုင်းလည်း သဒ္ဓါ ပညာ နှစ်ပါး တပြေးညီ ဖြစ်နိုင်သည် မဟုတ်။ ဘုရားဂုဏ်ကို တကယ် ယုံကြည်ခြင်း၊ ဘုရားဂုဏ်မြင်သိ ပညာရှိခြင်းမှာ ဘုရားရှင်အလိုကျ သိက္ခာရှိသူ ဥပါသကာ ဥပါသိကာများဖြစ်နိုင်ပါပေသည်။

## သဒ္ဓါပညာ အစွမ်း

တခါက မဟာနာမ်က ဘုရားရှင်ကို လျှောက်ထားဖူး၏။ တရားတခု ဖြစ်ပေါ်လာသောအခါ ဘုရားကတဘက်။ ရဟန်းသံဃာက တဘက်ဆိုလျှင် တပည့်တော် ဘုရားဘက်သာ လိုက်မှာပါ။ ထို့အတူ ဘုရားကတဘက်၊

ဘိက္ခု ဘိက္ခုနီ သံဃာက တဘက်။ ဘုရားက တဘက်၊ ဘိက္ခု ဘိက္ခုနီ ဥပါသကာက တဘက်။ ဘုရားက တဘက်၊ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာက တဘက်ဆိုလျှင် တပည့်တော် ဘုရားဘက်သာ လိုက်မှာပါ၊ဤ မျှပင်တပည့်တော် ဘုရားရှင်၌ ကြည်ညိုပါကြောင်း လျှောက်ထားခဲ့၏။

သံ=၃–၃၂၅။

ဘုရားအပေါ် ဤမျှ ပုံယုံနိုင်သည်မှာ သဒ္ဓါပညာ အစွမ်းပင် ဖြစ်ပါ ပေ၏။ ဘုရား တရားကို ဤမျှ ကြည်ညိုနေသော ယုံကြည်နေသော ပုဂ္ဂိုလ် တယောက်မှာ ယနေ့ခေတ် တချို့ ဗုဒ္ဓဘာသာ ဆိုနေလျက် ဗုဒ္ဓကို ဝေဖန်၊ ဓမ္မကို ဝေဖန်၊ သံဃာကို ဝေဖန်သော ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပါမည်လော၊ မဖြစ်နိုင်ပါပေ။ ဤကား သဒ္ဓါပညာ၏ အစွမ်းပင်။

ရှင်တော်မြတ်ဘုရားက မဟာနာမ်ကို မေးမြန်း ဟောကြားသော တရား ကခု ရှိ၏။ လယ်ကလဲ မကောင်း၊ ခရောင်း သစ်ငုတ်တွေနှင့် မျိုးစေ့ကလဲ အပုပ်၊ မိုးကလဲ ကောင်းစွာ မရွာ၊ ထိုမျိုးစေ့တွေ စည်ပင် ကြီးပွားနိုင်ပါ့ မလား။ မကြီးပွား နိုင်ပါဘုရား။ ထို့ အတူပဲ မဟာနာမ်....တရားကလဲ မကောင်းသဖြင့် ဟောထားသော တရား၊ ဝဋ်မှ ထွက်မြောက်တတ်သော တရားမဟုတ်၊ ကိလေသာ ငြိမ်းအေးမှုကိုလဲ မဖြစ်စေတတ်၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဟော တရားလဲမဟုတ်။ ထိုတရားမျိုးကို မကောင်းသော လယ်ဟု ငါဘုရား ဟော၏။ ထိုတရား၌ ကျင့်သော ပုဂ္ဂိုလ်ကိုလည်း မကောင်းသော မျိုးစေ့ ဟု ငါဘုရား ဟောကြားတော်မူ၏။

လယ်က လယ်ကောင်း မြေကောင်း၊ မျိုးစေ့ကလဲ မကျိုး မပုပ်၊မိုးကလဲ ကောင်းစွာရွာမယ်၊ သို့ဖြစ်က ထိုမျိုးစေ့တွေ ကြီးပွား စည်ပင် တိုးတက် ခြင်းသို့ ရောက်မလား။ ရောက်နိုင်ပါသည်ဘုရား။ ထိုအတူပဲ မဟာနာမ်.... ဤသာသနာ၌ တရားလည်း ကောင်းစွာဟောအပ်၏။ ဝဋ်မှ ထုတ်ဆောင် တတ်၏။ ကိလေသာငြိမ်းမှု ပြုတတ်၏။ သမ္မာသမ္ဗုဒ္ဓဘုရား ဟောကြားအပ်

၏။ ဤသည်ကို **လယ်ကောင်း** ဟုဆို၏။ ထိုတရား၌ သာ၀ကသည် ကောင်းစွာ ကျင့်မည်ဆိုလျှင် ဤသည်ကို **မျိုးစေ့ကောင်း**ဟု ငါဘုရား ဟောကြားတော်မူ၏။ သံ=၃—၃၃၁။

ယခု သာသနာ လယ်ကောင်းနှင့် ကြုံရသော ဥပါသကာတို့မှာ မိမိတို့က မျိုးစေ့ကောင်း ဖြစ်ဖို့ရာ အရေးကြီးလှ၏။ ထို့ကြောင့် ယခု ဖော်ပြမည့် ဥပါသကာ ဂုဏ်ရည်မှ ဥပါသကာ အညံ့အကောင်း ဥပါသကာ အကျင့်များကို လေးစားစွာ လေ့လာ၍ သာသနာ့လယ်ယာကောင်းမှ ကောင်းမြတ်သော ဥပါသကာ မျိုးစေ့ကောင်းများ ဖြစ်ရန် ကျင့်ကြံ ကြိုးစား နိုင်ပါစေဟု အာသီသ ပြုအပ်ပါသတည်း။

အရှင် ၀ါသေဋ္ဌာဘိဝံသ

# ဥပါသကာ ဂုဏ်ရည်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကောင်းသော ပညာတရပ်**

ယခု ဥပါသကာ ဂုဏ်ရည်ကို ဖော်ထုတ်တင်ပြပါမည်။ **ဥပါသကာ ဂုဏ်ရည်** ဆိုရာမှာ ဥပါသိကာ ဂုဏ်ရည်လဲပါပြီး ဖြစ်ပါသည်။ ဤအဆိုမျိုးကို **ပဓာနနည်း** ဆိုပါသည်။ ပြဋ္ဌာန်းသော ဥပါသကာ ပဓာနကို ဆိုသဖြင့် မပြဋ္ဌာန်းသော ဥပါသိကာ ဒါယိကာမလည်း ငြိပြီး, ယူပြီးဖြစ်ပါ၏။ ထို့ကြောင့် ဥပါသိကာတို့၏ ဂုဏ်ရည်လည်း ပြပြီးဖြစ်တော့သည်။

ဥပါသကာ, ဥပါသိကာ အမည်မှာ မိမိတို့ ဓမ္မဂုဏ်အရ ရခဲ့သော အမည် ဖြစ်ပါသည်။ ထိုဥပါသကာ, ဥပါသိကာတို့နှင့် စပ်သော သိသင့်သိထိုက်သော အကြောင်းအရာတွေကို ကောင်းကောင်းသိသော ပုဂ္ဂိုလ်မှာ အတော်ရှားပါလိမ့်မည်။

သာသနာရေး၊ ဓမ္မရေးဆိုင်ရာ မိမိရရှိထားသော ဂုဏ် အကြောင်းအရာကို ကောင်းစွာသိမြင်ခြင်းသည် သဒ္ဓါ, ပညာစသော တရားတွေ တိုးတက်ကြောင်း ကောင်းသော ပညာတရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခု တင်ပြတော့မည့် အချက်များကို လေးလေးစားစား ရှုစားဖို့ရာ ရှေးဦးစွာ တိုက်တွန်းလိုက်ရပါသည်။

## သာသနာ တည်ထောင်ခဲ့ပုံ

သာသနာတော်မှာ ပရိသတ်လေးပါး ရှိခဲ့၏။ ဘိက္ခု (ရဟန်း)၊ ဘိက္ခုနီ (ရဟန်းမ)၊ ဥပါသကာ (ဒါယကာ)၊ ဥပါသိကာ (ဒါယိကာမ)။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ကိုယ်တော်မြတ် သာသနာတည်ထောင်သောအခါဝယ် ပရိသတ်လေးပါးဖြင့် တည်ထောင်ခဲ့၏။ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူသော အရှင်မြတ်သည် မိမိ သိတော်မူခဲ့သော တရားတော်တွေ ကမ္ဘာလောကဓာတ် အရပ်ရပ်၌ ပျံ့နှံ့ဖို့ရာ ရှင်ဘက်လူဘက်က တပည့်တွေ ဖော်ထုတ်ခဲ့ရ၏။ ရဟန်းဘက်က ပဥ္စဝဂ္ဂီ မထေရ်တွေက စ၍ ရှင်ယသနှင့် သူ့မိတ်ဆွေတွေ ရဟန်းဖြစ်အောင် တရားရအောင် ဆောင်ရွက်တော်မူပြီးနောက် သာသနာပြု စေလွှတ်တော်မူခဲ့၏။ လူ့ဘက်က တပုဿ, ဘလ္လိက ကစ ယသမထေရ် ဖခင်ကြီး, မိခင်ကြီးနှင့် ဇနီးဟောင်းတို့ကို ဥပါသကာ ဥပါသိကာဖြစ်အောင် တရားတော်ဖြင့် ဆောင်ရွက်တော်မူခဲ့၏။ သာသနာပြု စေလွှတ်တော်မူသော ရဟန်းတော်တွေ ဟောပြောမှုကြောင့် ရှင်တွေ၊ ရဟန်းတွေ တိုးပွားလာခဲ့၏။ စာမှာအထူးမဆိုသော်လည်း ထိုသာသနာပြု အရှင်တွေ ကြိုးပမ်းမှုကြောင့် လူတွေဘက်ကလည်း ဘုရားတပည့်ခံကြသော ဥပါသကာ ဥပါသိကာတွေ ထိုထိုအရပ်မှာ တိုးပွားခဲ့ပါလိမ့်မည်။ ထို့သို့ တစဘစ လူ့ဘက် ရှင်ဘက်က ဘုရားတပည့်တွေ တိုးပွားလာပြီးနောက် ရာဇဂြိုဟ် ပြည်ရောက်တော့ ဗိမ္ဗိသာရ အမှူးရှိသော ဒါယကာ ဒါယိကာမတွေ ဥပါသကာ ဥပါသိကာအဖြစ် ရောက်ခဲ့ကြ၏။ ဤသို့အားဖြင့် ဘုရားရှင်၏ တကယ့်သစ္စာ တကယ့်အမှန်တရား သိသူတွေ ထွန်းကားပေါ်ပေါက်လာခဲ့သည်။

## တာဝန်ကိုယ်စီ ထမ်းကြပုံ

ဤနေရာ၌ ဘုရားရှင် လက်ထက်တော်အခါက ဥပါသကာ ဥပါသိကာတွေ ရဟန်းတော်တွေ ကိုယ့်တာဝန် ကိုယ် ဘယ်လိုထမ်းခဲ့ကြောင်း သရုပ်ဖော်ထားသော ပါဠိတော်ကို ထုတ်ဖော်ပေးပါဦးမည်။

သာဂါရော အနဂါရော စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်ကျက်စား လူအများတို့သည် လည်းကောင်း။ အနဂါရာ စ၊ အိမ်ရာမထောင် ရဟန်းဘောင်တွင် သက်ဝင် ကျက်စား ရဟန်းတော်အများတို့သည် လည်းကောင်း။ ဥဘော၊ လူနဲ့ရဟန်း ရဟန်းနဲ့လူ တမူထူးခြား နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကျွန်း ကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ တူညီမယွင်း အချင်းချင်းလျှင် ရှိုင်းပင်းကူညီ မှီ ကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ၊ အတုမရှိ မြတ်လှပေထသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို။ အာရာဓယန္တိ၊ တူတွဲချီးမြှောက် ခရီးရောက်ပေ ပြီးမြောက်စေကြလေကုန် သတည်း။ ခု = ၁ – ၂၇၀

## သူ့နည်းနှင့် သူ

ဘုရားရှင်လက်ထက်တော်က ဥပါသကာ ဥပါသိကာ ရဟန်းတော်တွေ သာသနာအတွက် ဘယ်လိုဆောင်ရွက်ကြသည်ကို အဆက်ပါဒေသနာက ဖော် ပေးသလို ရှိခဲ့ပါသည်။ ပရိယတ္တိ သဒ္ဓမ္မ, ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓ သဒ္ဓမ္မခေါ် သဒ္ဓမ္မသုံးပါးတရားတွေ ပြီးမြောက်ခရီးရောက်အောင် အချင်းချင်း လက်တွဲ ဆောင်ရွက်ခဲ့ကြ၏။ ဥပါသကာ ဥပါသိကာတို့က သူ့နည်းနှင့်သူ၊ ရဟန်းတော် တွေဘက်ကလည်း သူ့နည်းနှင့် သူ သာသနာပြုခဲ့သည့် အဖြစ်ကိုဖော်ပြသလို ဖြစ်ပါ၏။

## လူ့ဘက်က ဘယ်သို့

သူ့နည်းနှင့်သူ အသီးသီး ဆောင်ရွက်ကြတယ်ဆိုရာ၌ ဥပါသကာ ဥပါ သိကာတို့ ဘက်က ဘယ်သို့ ဆောင်ရွက်ကြသလဲ —

သာဂါရေသု စ စီဝရံ၊ ပစ္စယံ သယနာသနံ။

အနဂါရာ ပဋိစ္ဆန္တိ၊ ပရိဿယဝိနောဒနံ။

သာဂါရေသု၊လူဥပါသကာ ဥပါသိကာတို့မှ။ ဝါ၊လူဥပါသကာ ဥပါသိကာတို့ထံ၌။ စီဝရံ စ၊ ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းကို လည်းကောင်း။ ပစ္စယဉ္စ၊ ဆွမ်း အစာ ဆေးဝါး ပစ္စည်းနှစ်ပါးကို လည်းကောင်း။ ပရိဿယဝိနောဒနံ၊ အချမ်းအပူ ခြင်မှက်စသော ဘေးရန်ကို ပယ်ဖျောက်တတ်သော။ သယနာသနံ၊ အိပ်ရာနေရာ ကျောင်းကို လည်းကောင်း။ အနဂါရာ၊ အိမ်ရာ မထောင် ရဟန်းဘောင်ပျော် ရဟန်းတော်တို့သည်။ ပဋိစ္ဆန္တိ၊ ကာလအလိုက် သိမ်းပိုက်ခံယူကြလေကုန်သတည်း။ ခု=၁-၂၇၀

လူဥပါသကာ ဥပါသိကာ တာဝန်က ရဟန်းတော်များ တရားတော်တွေ အားထုတ်နိုင်ဖို့ ဆောင်ထားနိုင်ဖို့ ပစ္စည်းလေးဖြာ အခါအလိုက် လှူဒါန်းခြင်း ပဲဟု ဤဒေသနာက ပြပါသည်။

## ရဟန်းဘက်က ဘယ်ပုံ

ရဟန်းတော်များဘက်က ဘယ်သို့ တာဝန် ရှိပါသလဲ....

သုဂတံ ပန နိဿာယ၊ ဂဟဋ္ဌာ ဃရမေဓိနော။

သဒ္ဒဟာနာ အရဟတံ၊ အရိယပညာယ ဈာယိနော။

ဣဓ ဓမ္မံ စရိတွာန၊ မဂ္ဂံ သုဂတိဂါမိနံ။

နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနော။

ခု-၁-၂၇၀။

ပန၊ ရဟန်းတာဝန်ကို ပြုရလျှင်။ သုဂတံ၊ ကောင်းစွာကျင့်ကြံ အားထုတ်သော ရဟန်းတော်ကို။ နိဿာယ၊ အမှီပြု၍။ ဃရမေဓိနော၊ အိမ်၌နေကာ ဥစ္စာစုနေ သီလစသည် ရှာမှီးကြကုန်သော။ ဂဟဋ္ဌာ၊ ဥပါသကာ ဥပါသိကာ လူအများတို့သည်။ အရဟတံ၊ ရဟန္တာအရိယာ အရှင်သူမြတ်တို့၏ အဆိုစကား တရားအကျင့်ကို။ သဒ္ဒဟာနာ၊ အားထား ယုံကြည်ကြကုန်လျက်။ အရိယ— ပညာယ၊ အလွန်စင်ကြယ်သော ပညာဖြင့်။ ဈာယိနော၊ ဈာန်ဝင်စားကြကုန်သည်ဖြစ်၍။ ဣဓ၊ ဤလူ့ပြည်က။ သုဂတိဂါမိနံ၊ သုဂတိဘဝ ရောက်ရသူတို့၏။ မဂ္ဂံ၊ လမ်းကြောင်းဖြစ်သော။ ဓမ္မံ၊ သီလစသော တရားကို။ စရိတွာန၊ ကျင့်ကြကုန်၍။ ဒေဝလောကသ္မိံ၊ နတ်ပြည် ခြောက်ထပ်၌။ နန္ဒိနော၊ နတ်စည်းစိမ်ကို တွယ်တာစုံမက် နှစ်သက်ကြကုန်သော သူတို့သည်။ ကာမကာမိနော၊ ကာမဂုဏ်မှန်သမျှ အလိုအတိုင်း ရကြကုန်၍။ မောဒန္တိ၊ ရွှင်မြူးအားရ ဝမ်းသာကြလေကုန်သတည်း။

ဤဒေသနာတော်ဖြင့် ရဟန်းတော်တို့၏ တာဝန်ကိုပြသည်။ ရဟန်းတော် တာဝန်က တရားပြဖို့ တရားဟောဖို့ ဓမ္မဒါနပြုဖို့ တာဝန်ရှိ၏။ ထို တရားများ နာကြားကြရ၍ ဥပါသကာ ဥပါသိကာတွေ တရားတွေသိပြီး နတ်ပြည် ရောက်ကြရ၏။ သို့ဖြစ်ရာ ဘုရားရှင်လက်ထက်တော်က လူတွေ တာဝန်က ပစ္စယဒါနဖြင့် သာသနာပြုကြ၊ ရဟန်းတော်တွေဘက်က ဓမ္မဒါနဖြင့် သာသနာပြုကြသည်၏ အဖြစ်ကို ဆိုခဲ့ပြီး ပါဠိတော်များက ပြလျက်ရှိပါသည်။

## အသရေ ဆောင်ပါလိမ့်မည်

ဗုဒ္ဓရှင် လက်ထက်တော်က များစွာသော ဥပါသကာ ဥပါသိကာတို့ကား အချို့ သရဏဂုံ တည်ရုံမျှ မဟုတ်။ မဂ်ဖိုလ်ရသော အရိယာ ဥပါသကာ ဥပါသိကာများ အများအပြားပင်။ ထိုမျှမက အရိယာ သာမန်မျှ မဟုတ်၊ အနာဂါမ်တည် ဂုဏ်ထူးဆောင် ဥပါသကာ ဥပါသိကာများ၊ ပဋိသမ္ဘိဒါရ သောတာပန်၊ ပိဋကတ်သုံးပုံဆောင် အနာဂါမ သောတာပန်များလည်း အများပင်။ ထို့ကြောင့် ထိုခေတ်က ထူးခြားသော

ရဟန်းတော် မထေရ်မြတ်တို့ဖြင့် လည်းကောင်း၊ ထူးခြားသော ဥပါသကာ ဥပါသိကာများဖြင့် လည်းကောင်း၊ သာသနာတော်မှာ လွန်စွာ တင့်တယ်ခဲ့ပါပေသည်။ ယခုခေတ် သာသနာ၌လည်း ဥပါသကာဂုဏ်ရည် စုံညီ ပြည့်ဝအောင် အလုပ်ဆောင်ကြသော ဥပါသကာ ဥပါသိကာတွေ ဖြစ်ကြလျှင် သာသနာတော်မှာ ဂုဏ်တက်လျက် အများ လေးစားခြင်းကို ခံရမည်ဖြစ်ရာ ဥပါသကာဂုဏ်ရည် ဥပါသကာအပြစ်များကို နားလည်ဖို့ အရေးကြီးပါ၏။ သို့မှသာ ဥပါသကာ ဥပါသိကာ ကောင်းများ ဖြစ်ကာ ဗုဒ္ဓသာသနာမှာ ဘာသာအများကပင် လေးစားလောက်အောင် အသရေ ဆောင်ပါလိမ့်မည်။

## ဥပါသကာ ခေါ်ရပုံ

**ဥပါသကာ**ဟူသည် ဆည်းကပ်သူဟု အနက်ရ၏။ ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါးတို့ကို ကိုးကွယ်အားထားရာဟု ဆည်းကပ်သူ သိမှတ်သူတည်း။

တမျိုးပြောရလျှင် ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏—စသည်ဖြင့် ဆည်းကပ်သော ထိုပုဂ္ဂိုလ် သန္တာန်မှာ ဘုရားကို ကိုးကွယ်ဆည်းကပ်ကြောင်း သရဏဂုံ ဖြစ်နေ၏။ ထိုသရဏဂုံမှာ ကိုးကွယ် ဆည်းကပ်မှုကို ပြီးမြောက်စေတတ်သော ကိုးကွယ်ဆည်းကပ်ကြောင်း ကုသိုလ်စိတ်ပင်တည်း။ ထို သရဏဂုံ ဖြစ်လာသော ပုဂ္ဂိုလ်ကို ဥပါသကာ ဆိုရ၏။ ထိုသို့ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်သူ၊ သရဏဂုံ တည်ဆောက်သူအဖို့ အမျိုးသမီး ဖြစ်က 'ဥပါသိကာ'ဟု ဝေါဟာရ ဖြစ်လာ၏။ ထို့ကြောင့် ဥပါသကာကိုပြောလျှင် ဥပါသိကာ မိန်းမလည်း ပါဝင်ပြီဖြစ်ကြောင်း သိပါလေ။

**ဆောင်။**　။ရတနာသုံးရပ်၊ အမြတ်ဟုယူ၊ ဆည်းကပ်မှု၊
ထိုသူ ဥပါသကာတည်း။

## သရဏဂုံ

သရဏဂုံ ဆိုသည်မှာ ကုသိုလ်စိတ် ဖြစ်ကြောင်း ပြောခဲ့ပါပြီ။ ထိုသရဏဂုံ ဖြစ်အောင် ဆိုရသော 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' တို့လည်း သရဏဂုံ ဆောက်တည်ပုံ သရဏဂုံခေါ် ကုသိုလ်စိတ်ဖြစ်အောင် ဆောက်တည်ရသော စကားဖြစ်၍ ၎င်းကိုလည်း သရဏဂုံပင် ဆိုရ၏။ အချို့ ပါဠိဆိုနေသော်လည်း အနက်မသိကြ။ သရဏဂုံဆိုသည်မှာ ဘုရား, တရား, သံဃာဂုဏ်ကို အာရုံပြုရသည်ဖြစ်၍ အနက်သိမှ ဘုရားစသည် ဂုဏ် အာရုံယူနိုင်မည်ဖြစ်ရာ အနက်ကိုလည်း သိအပ်၏။

## သရဏဂုံအနက်

ဗုဒ္ဓံ၊ လောကထွတ်ထား မြတ်စွာဘုရားကို။ သရဏံ၊ ဆင်းရဲကွယ်ကာ ချမ်းသာစေတတ် အမြတ်ရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဓမ္မံ၊ ကိုးပါးဆယ်ပါး တရားတော်မြတ်ကို။ သရဏံ၊ ဆင်းရဲကွယ်ကာ ချမ်းသာစေတတ် အမြတ်ရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သံဃံ၊ ရှစ်ပါးအရိယာ သံဃာတော်မြတ်ကို။ သရဏံ၊ ဆင်းရဲကွယ်ကာ ချမ်းသာစေတတ် အမြတ်ရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဤသရဏဂုံ ခံယူသည်မှ စ၍ ဥပါသကာ ဥပါသိကာအဖြစ် ရောက်၏။ သာသနာတော် တံခါးဝက စ ဝင်လာသူတည်း။ ဗုဒ္ဓပရိသတ်အဖြစ်သို့ ရောက်လာခဲ့ပြီ။

[ဤသရဏဂုံ ခံယူနည်း ပေါ်ပေါက်လာပုံကို (၁၉-၈-၈၄)နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော်အဖွင့်မှ စ၍ကြည့်ရှုပါ။]

## ဥပါသကာအဖြစ် ခံယူပုံတမျိုး

ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။
ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဘန္တေ၊ ရှင်တော်မြတ်ဘုရား။ ဧသာဟံ—ဧသာအဟံ၊ ထို ဘုရားတပည့်တော်သည်။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်လျက်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတံ၊ ရောက်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ မံ၊ တပည့်တော်ကို။ ဓာရေတု၊ သိမှတ်တော်မူပါ။

[ဤသရဏဂုံနှင့်စပ် သိမှတ်ဖွယ်ကို (၂၇-၇-၈၄)နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော် ဒွေဝါစိက သရဏဂုံမှ လည်းကောင်း၊

(၂-၁၀-၈၄)နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော် အဖွင့်မှလည်းကောင်း စ၍ကြည့်ပါ။]

### သရဏဂုံ ခံယူပုံတမျိုး

တခြား သရဏဂုံ ခံယူပုံ လေးမျိုး ရှိသေး၏။

၁။ အတ္တသန္နိယျာတန=မိမိကိုယ်ကို ရတနာသုံးပါးတို့အား အပ်နှင်းကြောင်း သရဏဂုံ။

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ။

အဇ္ဇာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ အဟံ၊ တပည့်တော်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရားအား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ သံဃဿ၊ သံဃာတော်မြတ်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။

ဤကား အတ္တသန္နိယျာတန သရဏဂုံ ခံယူပုံဖြစ်၏။

**ဆောင်။** ။ကိုယ့်ကိုယ်ကာယ၊ အပ်နှင်းက၊ အတ္တသန္နိယျာတနတည်း။

၂။ တပ္ပရာယဏတာ သရဏဂုံ=ထို ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးသာကိုးကွယ်လည်းလျောင်းရာ ရှိသည်၏အဖြစ်ခံယူသောသရဏဂုံ။

အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော ဓမ္မပရာယဏော သံဃပရာယဏောတိ မံ ဓာရေထ။

**အဇ္ဇာဒိံ** ကတွာ၊ ယနေ့ကို အစပြု၍။ အဟံ၊ ဘုရားတပည့်တော်သည်။ ဗုဒ္ဓပရာယဏော၊ ဘုရားရှင်သာ ကိုးကွယ်လည်းလျောင်းရာ ရှိပါပေ၏။ ဓမ္မပရာယဏော၊ တရားတော်သာ ကိုးကွယ်လည်းလျောင်းရာ ရှိပါပေ၏။ သံဃပရာယဏော၊ သံဃာတော်မြတ်သာ ကိုးကွယ်လည်းလျောင်းရာ ရှိပါပေ၏။ ဣတိ၊ ဤသို့။ မံ၊ ဘုရားတပည့်တော်ကို။ ဓာရေထ၊ မှတ်တော်မူကြပါကုန်လော့။

ဤကား တပ္ပရာယဏတာ သရဏဂုံ ခံယူပုံတည်း။

**ဆောင်။** ။သုံးပါးရတနာ၊ လည်းလျောင်းရာမှတ်၊ ဆိုဆည်းကပ်၊ တပ္ပရာယဏတည်း။

၃။ သံဃာဘာ ၀ူ ပ ဂ မ န = တပည့်အဖြစ်သို့ ကပ်ရောက်ကြောင်း သရဏဂုံ။

အဇ္ဇာဒိံ ကတ္ဝာ အဟံ ဗုဒ္ဓံ အန္တေဝါသိကော ဓမ္မံ အန္တေဝါသိကော သံဃံ အန္တေဝါသိကောတိ မံ ဓာရေထ။

အဇ္ဇာဒိံ ကတ္ဝာ၊ ယနေ့ကို အစပြု၍။ အဟံ၊ ဘုရားတပည့်တော်သည်။ ဗုဒ္ဓံ၊ ရှင်တော်ဘုရား၏။ အန္တေဝါသိကော၊ အနီးနေတပည့်ပါတည်း။ ဓမ္မံ၊ တရားတော်မြတ်၏။ အန္တေဝါသိကော၊ အနီးနေ တပည့်ပါတည်း။ သံဃံ၊ သံဃာတော်မြတ်၏။ အန္တေဝါသိကော၊ အနီးနေ တပည့်ပါတည်း။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ ဓာရေထ၊ မှတ်တော်ယူကြပါကုန်လော့။ ။

ဤကား သံဃာဘာ ၀ူ ပ ဂ မ န သရဏဂုံတည်း။

**ဆောင်။** ။ရတနာ့သုံးတန်၊ တပည့်ခံက၊ ခေါ်သိယ၊ ဘာဝဉပဂမတည်း။

၄။ ပဏိပါတသရဏဂုံ = တကယ် ရှိသေ့တုပ်ဝပ်ခြင်း၊ တုပ်ဝပ် သောအခြင်းအရာဖြင့် ဖြစ်သောသရဏဂုံ။

အဇ္ဇာဒိံ ကတ္ဝာ အဟံ အဘိဝါဒနပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ မံ ဓာရေထ။

အဇ္ဇာဒိံ ကတ္ဝာ၊ ယနေ့ကိုအစပြု၍။ အဟံ၊ ဘုရားတပည့်တော်သည်။ အဘိဝါဒနပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မံ၊ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း ဤအမှုမျိုးကို။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝတ္ထူနံယေဝ၊ ဝတ္ထုတို့အားသာ။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ ဓာရေထ၊ သိမှတ်တော်မူကြပါကုန်လော့။

ဤကား — ပဏိပါတသရဏဂုံ ခံယူပုံတည်း။

**ဆောင်။** ။ရှိသေလွန်ရှိ၊ တုပ်ဝပ်ဘိ၊ ပဏိပါတတည်း။

[သရဏဂုံခံယူပုံလေးမျိုးကို(၁၇-၉-၈၄)နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော် အဖွင့်မှလည်းကောင်း၊

(၂၄-၉-၈၄) နေ့တွင် ဟောကြားအပ်သောသရဏဂုံတရားတော်အဖွင့်မှလည်းကောင်း စ၍ကြည့်ပါ။]

## အနက်အဓိပ္ပါယ် သိဖို့ အရေးကြီး

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး ဂုဏ်၌ ယုံကြည်ခြင်း, ကြည်ညိုခြင်း သဒ္ဓါတရား အရေးကြီး၏။ ထိုသဒ္ဓါ မရှိသူမှာ ရတနာသုံးပါးကို ကိုးကွယ်နိုင်ပါမည်လော။ ထို့ကြောင့် သဒ္ဓါတရားကို သရဏဂုံ၏ တရားကိုယ်အဖြစ် ဆိုခဲ့၏။ သဒ္ဓါသာရှိ၍ ဂုဏ်တော်ကို သိမြင်သော ပညာမရှိပြန်က လည်း ဉာဏဝိပ္ပယုတ်သရဏဂုံမျိုးသာ ဖြစ်ရ၏။ ဂုဏ်တော့သိ၍တကယ့်မြတ်သည်၏ အဖြစ်ကို နားလည်ခံယူမှ သရဏဂုံဖြစ်၏။ ကြောက်လို့၊ ဆွေမျိုးဖြစ်လို့၊ဆရာဖြစ်လို့ ရှိခိုးမှု၊ ကိုးကွယ်မှုကို သရဏဂုံမဆို။ ထို့ကြောင့် ပညာလည်း သရဏဂုံတရားကိုယ်ပင်။ ဤစကားဖြင့် ဉာဏသမ္ပယုတ် သရဏဂုံကိုသိ။ ထို့ကြောင့်ပင် သဒ္ဓါပညာ ကုသိုလ်စိတ်ဟု အကြောင်းအားလျော်စွာ ဆိုရသော ဒိဋ္ဌုဇုကမ္မလည်း သရဏဂုံတရားကိုယ် ဖြစ်ရ၏။

**ဆောင်။** ။ဆည်းကပ်ရာတွင်၊ ဉာဏ်နှင့်ယှဉ်သူ၊ မယှဉ်သူ၊
မတူနှစ်မျိုးပြား။

[သရဏဂုံတရားကိုယ်ကို (၁၇-၉-၈၄) နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော်အဖွင့်မှစ၍လည်းကောင်း၊

ကြောက်ခြင်းစသည်ကြောင့် ရှိခိုးမှု, ကိုးကွယ်မှုကို သရဏဂုံမဆိုရကြောင်း (၂-၁၀-၈၄) နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော်အဖွင့်မှ စ၍လည်းကောင်းကြည့်ပါ။]

## သရဏဂုံနှင့် စပ်သော သိဖွယ်များ

လောကီ လောကုတ္တရာအားဖြင့် သရဏဂုံနှစ်မျိုးပြား၏။ **လောကုတ္တရာ သရဏဂုံ** ဆိုသည်မှာ အရိယာတို့အားမဂ်ခဏာ၌ပင်တည်လေတော့၏။သီးခြား ခံယူ ဆောက်တည်ဖွယ်မလို။ ပုထုဇဉ်တို့၏လောကီသရဏဂုံကား ဆောက်တည်ရ၏။

[သရဏဂုံအပြားကို(၉-၉-၇၄)နေ့ ဟောကြားအပ်သော သရဏဂုံတရားတော်အဖွင့်မှစ၍ကြည့်ပါ။]

ထို့ပြင် လောကုတ္တရာ သရဏဂုံကား ပျက်ခြင်းမရှိ။ အရိယာ ပုဂ္ဂိုလ်တို့သည် ဘဝတပါးပြောင်းသွားသော အခါပင်။ တခြား ဆရာတပါးကို မကိုးကွယ်တော့။ လောကီသရဏဂုံကား ပျက်တတ်၏။ အပြစ်ရှိသော ပျက်ခြင်း၊ အပြစ်မရှိသောပျက်ခြင်းဟု နှစ်မျိုးရှိ၏။ တခြား ဆရာတပါးကို အမြတ်အနေအထားဖြင့် ကိုးကွယ်လျှင် သရဏဂုံပျက်၏။ ဤကား — အပြစ်ရှိသော ပျက်ခြင်းတည်း။ သေသောအခါလည်း သရဏဂုံပျက်၏။ ဤပျက်ခြင်းကား— အကျိုးမဲ့ပေးသောကြောင့် အပြစ်မရှိ။

[သရဏဂုံ ပျက်၊ မပျက် သိဖွယ်ကို(၉-၁၀-၇၄) နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော် သရဏဂုံပျက်စီးမှု အခန်းမှစ၍ ကြည့်ပါ။]

ထို့ပြင် အကျိုးအားဖြင့်လောကုတ္တရာ သရဏဂုံ၏ အကျိုးမှာအရိယဖိုလ်တရား လေးပါးဖြစ်၍ လောကီသရဏဂုံကား ကောင်းရာဘဝ၌ ဖြစ်ရခြင်း စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းတို့တည်း။

[သရဏဂုံအကျိုးကို (၉—၁၀—၇၄) နေ့တွင် ဟောကြားအပ်သော သရဏဂုံတရားတော် လောကုတ္တရာသရဏဂုံအကျိုးရင်း အခန်းမှ စ၍ ကြည့်ပါ။]

## ဥပါသကာ၏ အာဇီဝ

ဥပါသကာ ဥပါသိကာမှာ ဗုဒ္ဓပရိသတ်တွင် အပါအဝင် ဗုဒ္ဓတပည့် ဖြစ်နေရာ ဆရာကောင်းတပည့် ဖြစ်နေသည့်အတိုင်း သီလရတနာ အဆင်တန်ဆာ ရှိဖို့

အရေးကြီး၏။ ထို့ကြောင့်ပင် ဥပါသကာ၏ သီလသည် အဘယ်ပါနည်းဟု လျှောက်ထားသော မဟာနာမ်အား ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်ခြင်း ဝေရမဏီ ငါးပါးဖြစ်ကြောင်း၊ ထိုငါးပါးမှ ရှောင်ကြဉ်သူမှာ သီလဝန္တ ဥပါသကာဖြစ်ကြောင်း ဟောတော်မူခဲ့၏။ ဥပါသကာ သီလမှာ ငါးပါး သီလ ဖြစ်သည်ဟု ဆိုလိုပါသည်။ သံ=၃—၃၄၅။

သီလ စင်ကြယ်ရုံမျှဖြင့်လည်း မပြီးသေး။ ဂုဏ်ရှိသော ဥပါသကာ ဥပါသိကာတို့ ဖြစ်ဖို့အရေး၌ အသက်မွေး စင်ကြယ်ခြင်းလည်း အရေးကြီး၏။ မိစ္ဆာဇီဝ ငါးပါး အမှား ရောင်းဝယ် ကုန်သွယ်မှုတို့ ဖယ်ရှား၍ တရားနှင့် အညီ အသက်မွေးခြင်းသည် ဥပါသိကာတို့၏ အသက်မွေးမှု ဖြစ်၏။ မြတ်စွာဘုရားက ကုန်သွယ် ရောင်းဝယ်မှု ငါးပါးတို့ကို ဥပါသကာတို့ မပြုအပ်ကြောင်း ဟောတော်မူ၏။ ထိုငါးပါးမှာ—

၁။ လက်နက် ရောင်းဝယ်မှု၊

၂။ လူကို ရောင်းဝယ်မှု၊

၃။ အသား ရောင်းဝယ်မှု၊ (တိရစ္ဆာန်တို့ကို မွေးမြူ၍ အသား ရောင်းဝယ်မှု၊)

၄။ သေအရက် ရောင်းဝယ်မှု၊

၅။ အဆိပ် ရောင်းဝယ်မှုတည်း။

**ဆောင်။** ။လက်နက် လူ သား၊ သေ ဆိပ် ငါး၊
ဖောက်ကား ရောင်းဝယ် မပြုရ။

## ဥပါသကာ၏ ပျက်စီးခြင်း

ဥပါသကာ၏ ပျက်စီးခြင်း ဆိုသည်မှာ အခြားမဟုတ်။ နောက်ကဆိုခဲ့သော ဥပါသကာ သီလဆိုရသော ငါးပါးသီလ၏ ပျက်စီးခြင်း, တရားသဖြင့် အသက်မွေးခြင်း ဆိုရသော သမ္မာအာဇီဝ၏ ပျက်စီးခြင်းတည်း။

ဥပါသကာ၏ ပျက်စီးခြင်းသည် ဤမျှသာ မကသေး။ ဥပါသကာ စဏ္ဍာလ၊ ဥပါသကာ ဒွန်းစဏ္ဍား စသည် ဖြစ်ကြောင်း မကောင်း ဖောက်ပြန်သော အကျင့်တို့ကို ကျင့်ခြင်းသည်လည်း ဥပါသကာ၏ ပျက်စီးခြင်းပင်။ ဘုရားရှင်က ဥပါသကာ အညံ့စား, အယုတ်စား ငါးပါးနှင့် ထိုဥပါသကာ ဖြစ်ကြောင်း မကောင်းသော အကျင့်ငါးမျိုးတို့ကို ဟောတော်မူခဲ့၏။

ဥပါသက စဏ္ဍာလ = ဥပါသကာ ဒွန်းစဏ္ဍား၊

ဥပါသက မလ = ဥပါသကာ အညစ်အကြေး၊

ဥပါသက ပတိကိဋ္ဌ = ဥပါသကာ အညံ့စား—

ဟု ဥပါသကာ အကျင့်ပျက်သုံးမျိုး ပြတော်မူ၍ ထိုအကျင့်ပျက် ဥပါသကာ သုံးမျိုး ဖြစ်ရခြင်း အကြောင်း ငါးပါးတို့ကိုလည်း ဟောတော်မူခဲ့၏။ ထိုအင်္ဂါ ငါးပါးမှာ—

၁ = သဒ္ဓါတရား မရှိခြင်း၊

၂ = သီလ မရှိခြင်း၊

၃ = အထူး အဆန်း ဖြစ်သော မြင်ရ—ကြားရ—နံရ—စားရ—တွေ့ထိရသော ဝတ္ထုကို မင်္ဂလာဟု ယူဆခြင်း၊

၄ = မင်္ဂလာကိုသာ ယုံ၊ ကံမယုံခြင်း၊

၅ = ဘုရားသာသနာတော်မှ အပ၌ အလှူခံရှာခြင်းနှင့် ထို သာသနာပ၌ လှူခြင်း၊ မြတ်နိုးခြင်း စသည်ကို ရှေးဦးစွာ ပြုခြင်းတို့တည်း။

## ရှင်းလင်းချက်

အထက်တန်း ဥပါသကာများ၏ ကောင်းသော အကျင့်မှ ကင်းကွာခဲ့သည် ဖြစ်ရာ ထိုဥပါသကာတို့၏ အောက်တန်းကျ၍ အမျိုးညံ့သော စဏ္ဍာလနှင့် နှိုင်း၍ **ဥပါသကစဏ္ဍာလ** အမည်ပေးတော်မူခဲ့၏။

ဥပါသကမလ = ဥပါသကာ အညစ်အကြေးဆိုသည် ဥပါသကာ အရည်အသွေး မထင် ချေးတင်နေသောကြောင့် **ဥပါသကမလ** ဆိုခြင်းဖြစ်၏။

ဆိုခဲ့ပြီး အကြောင်းများအရ ဥပါသကာ ကောင်းတို့အောက် ကျ သူ၊ ညံ့ဖျင်းသူ ဖြစ်၍ **ဥပါသကပတိကိဋ္ဌ** အမည်ရ၏။

ကောတူဟလမှာ — အထူး အဆန်း အနက်ဟော၊ အထူးအဆန်းဖြစ်သော ကောင်းသော တစုံတခု ဝတ္ထုကို မြင်ရ—ကြားရ—နံရ—စားရ—တွေ့ထိရခြင်းကြောင့် မင်္ဂလာဖြစ်သည်။ ကောင်းကျိုးရသည်ဟု အယူရှိသည်ကို **ကောတူဟလမင်္ဂလိက** ဆိုသည်။

ကောင်းသော အရာတခုခု မြင်ရ—ကြားရ—နံရ—စားရ—တွေ့ထိရသော် မင်္ဂလာဖြစ်၏။ မကောင်းသော အရာဝတ္ထုကို မြင်ရခြင်း စသည်ဖြင့် **အမင်္ဂလာ** ဖြစ်၏။ ထို့ကြောင့်သာ ကောင်းကျိုးရ၊ မကောင်းကျိုးရသည်ဟု ယူဆသည်။ ကံကြောင့်ဖြစ်ရသည်ဟု မယူဆ။ ဤသည်ကို ကောတူဟလမင်္ဂလာရှိသည်ဆို၏။ အကယ်၍ ဒိဋ္ဌ မင်္ဂလာ စသည်က ပုဗ္ဗနိမိတ်မျှသာ။ အကျိုးရခြင်းက ထိုမင်္ဂလာတွေကြောင့် မဟုတ်။ ကံကြောင့်ရသည် ဆိုလျှင် ကောတူဟလမင်္ဂလိက မဆိုရ။

ဒိဋ္ဌ, သုတ, မုတ မင်္ဂလာဆိုသည်မှာ မြင်ရ—ကြားရ—နံရ—စားရ တွေ့ထိရသော ကောင်းသော ဝတ္ထုများပင်။

## ဥပါသကာ၏ ပြည့်စုံခြင်း

ဥပါသကာ၏ ပျက်စီးခြင်း ဆိုသည်မှာ မကောင်းသော ဥပါသကာ၏ မကောင်းကျင့်သာ။ ဤပြည့်စုံခြင်းကား ဥပါသကာကောင်း၏ ကောင်းသော အကျင့်များတည်း။ ထို့ကြောင့် ဆိုခဲ့ပြီး ငါးပါးသီလ သမ္မာအာဇီဝတို့ပြည့်စုံခြင်းကိုပင် ဥပါသကာ၏ ပြည့်စုံခြင်းဟု ဆို၏။

ပြည့်စုံခြင်းတမျိုးကိုလည်း ပါဠိအရ သိရသေး၏။ ယခင် ဥပါသကာ စဏ္ဍာလ စသည်တို့မှ ပြန်ဘက်အကြောင်း ကောင်းသောအင်္ဂါများမှာ သမ္ပတ္တိ ပြည့်စုံခြင်းများပင်။ ထိုအင်္ဂါများကား....

၁= သဒ္ဓါရှိခြင်း၊
၂= သီလရှိခြင် ၊
၃= အသူးအဆန်းဖြစ်သော ငတ္တုကို မြင်ရ, ကြားရ, နံရ, စားရ, တွေ့ထိရခြင်းကြောင့် မင်္ဂလာဖြစ်၏ဟု မယူဆခြင်း၊
၄= ကံကိုယုံ၍ မင်္ဂလာကို မယုံခြင်း၊
၅= ဗုဒ္ဓသာသနာပြင်ပ၌ အလှူခံမရှာ၊ ဤသာသနာ၌သာ လှူခြင်း မြတ်နိုးခြင်း စသည်ကို ဦးစွာပြုခြင်းတို့တည်း။

ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပါသကာမှာ ဥပါသကရတန၊ ဥပါ သက ပဒုမ၊ ဥပါသက ပုဏ္ဍရိကဖြစ်ကြောင်း ဟောတော်မူခဲ့၏။

မိမိက ကောင်းသော သဒ္ဓါတရားတွေ ရှိနေသည်ဖြစ်၍ ရေိုးတော်လေးပါး တို့ကို နှစ်သက်မွေ့လျော်မှုကို ဖြစ်စေတတ်သောကြောင့် ဥပါသက ရတန အမည် ရခဲ့၏။ သီလ စသော ဂုဏ်အရောင်အဝါ ကျော်စောသတင်း မွှေးကြိုင် ခြင်းတို့နှင့် ပြည့်စုံသောကြောင့် ဥပါသက ပဒုမ (ဥပါသက ပဒုမ္မာ) ဟု အမည်ပေးတော်မူခဲ့၏။ထို့ အတူဂုဏ်အရည်အဆင်း-ကျော်စောခြင်းရနံ့ရှိခြင်း ကြောင့်ပင် ဥပါသက ပုဏ္ဍရိက (ဥပါသက ပုဏ္ဍရိက်) ဟုလည်း ဟောတော် မူခဲ့သည်။

**ဆောင်။** ။(က)[၁]သဒ္ဓါတည်ခ၊ [၂]သီလရှိသူ၊ [၃]ကောတူဟလ၊ များယူ
ဆရာ၊ မင်္ဂလာကြိုက်၊ လိုက်အမှန်၊ [၄]ကံကိုယုံကာ၊
မင်္ဂလာမယုံကြည်၊ [၅]ဤသာသနာ့၊ ပြင်ပ၌မူ၊ အလှူခံ
မရှာ၊ သာသနာ၌၊ ဦးစွာကောင်းမှု၊ သူလျှင်ပြုသည်၊
ဥပါသက ရတနနှင့် ပဒုမ တပုံ၊ ပုဏ္ဍရိကအမည်ရ၊
ကောင်းလှ ဥပါသကာတည်း။

၂၃၂၇၆

(ခ) ကောင်းဂုဏ်ရှိလတ်၊ ပရိသတ်လေးထွေ၊နှစ်သက်စေမှု၊ အစဉ်ပြု၊ ဥပါသက ရတန။

(ဂ) သီလစတုံ၊ ဂုဏ်ရည်အဆင်း၊ ကျော်စောခြင်းသာ၊ မွေးနံ့ဖြာ၊ ဥပါသက ပဒုမ။

(ဃ) ထိုအရည်အသွေး၊ ထိုမွေးနံ့ဖြာ၊ မည်တဖြာ၊ ဥပါသက ပုဏ္ဍရိက်။

(င) ထိုဂုဏ်ငါးဖြာ မရှိပါက၊ ဥပါသက၊ စဏ္ဍာလနှင့်၊ မလပတိကိုဋ်၊ မည်အနိုဋ်၊ တံဆိပ်ခတ်လေသည်။

(စ) ဥပါသကာ၊ ထူးမြတ်စွာမှ၊ အောက်ကျဆုတ်လာ၊ အယုတ်သာမို့၊ ဥပါသကစဏ္ဍာလ၊ ဗုဒ္ဓမှည့်ခဲ့သည်။

(ဆ) ဥပါသကာရည်သွေး၊ ကင်းစင်ဝေး၍၊ ညစ်ကြေးတမျှ၊ ယုတ်ညံ့လှဟု၊ မလပတိကိုဋ်၊ မည်အနိုဋ်၊ တံဆိပ်ရပေ၏။

## ဥပါသကာ၏ ဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး

ရဟန်းတို့၊ ဤတရားခုနစ်ပါးတို့သည် ဥပါသကာ၏ ဆုတ်ယုတ်ခြင်းငှာ ဖြစ်ကုန်၏။ ခုနစ်ပါးသော တရားတို့ကား အဘယ်တို့နည်း။ ရဟန်းတို့အား ဖူးမြော်ခြင်းကို ဆုတ်ယုတ်စေ၏။ သူတော်ကောင်းတရား နာကြားခြင်းကို (ငှာ) မေ့လျော့၏။ လွန်ကဲသောသီလခေါ် ငါးပါးဆယ်ပါးသီလ၌ မကျင့်။ မှထေရ် ရဟန်းငယ် ရဟန်းလတ်တို့၌ များသော မကြည်ညိုခြင်းရှိ၏။ ချုပ်ချယ် စောင်းမြောင်းလိုသော စိတ်ထား ရှိသည်ဖြစ်၍ အပေါက်အကြား ရှာလေ့ ရှိလျက် တရားနာ၏။ ဤ ဗုဒ္ဓမြတ်စွာ သာသနာမှ အပြင်အပ၌ အလှူခံ ရှာသည့်ပြင် ထိုသာသနာပြင်ပ၌ လှူဒါန်းခြင်း မြတ်နိုးခြင်း စသော ကောင်းမှုကို ရှေးဦးစွာ ပြုတတ်၏။ ရဟန်းတို့ ဤတရားခုနစ်ပါးတို့သည် ဥပါသကာ၏ ဆုတ်ယုတ်ခြင်းငှာ ဖြစ်ကုန်၏။

## ဥပါသကာ၏ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါး

၁= ရဟန်းတို့ကို ဖူးမြော်မှု မဆုတ်ယုတ်စေခြင်း၊
၂= တရားနာခြင်းငှာ မမေ့ခြင်း၊
၃= လွန်ကဲသော သီလခေါ် ငါးပါးဆယ်ပါးသီလ၌ ကျင့်ကြံအားထုတ်ခြင်း၊
၄= မထေရ်အငယ်၊ အလတ်၊ ရဟန်းတော်တို့၌ ကြည်ညိုမှု များခြင်း၊
၅= ချုပ်ချယ်စောင်းမြောင်းသောစိတ် မရှိပဲ အပေါက်အကြားမရှာ တရားနာခြင်း၊
၆= ဤ ဗုဒ္ဓသာသနာ အပြင်ပ၌ အလှူခံမရှာခြင်း၊
၇= ဤ သာသနာ၌သာ အလှူဒါန မြက်နိုးခြင်းစသော ရှေးဦးစွာ ကောင်းမှုပြုခြင်း။

ဆောင်။ ။(က) ရဟန်းအရှင်၊ ဖူးအမြင်၊ မတွင်ဆုတ်ယုတ်စေ၊
(ခ) သူတော်တရား၊ နာကြားခြင်းလေ့၊ နေ့ရက်ရွေ့၊ အမေ့ ကြီးခဲ့သည်၊
(ဂ) ပဉ္စဒသ၊ မြတ်သီလ၊ ပြည့်ဝမကျင့်ချေ၊
(ဃ) ကြီး-ငယ်-လတ်စား၊ရဟန်းများကို၊မကြည်ညိုများ၊ မညွတ်တွား၊ လေးစားကင်းခဲ့ပေ၊
(င) စောင်းမြောင်းစိတ်ထား၊ ပေါက်အကြားရှာ၊ တရားနာ၊ ကောင်းစွာမနာလေ၊
(စ) ဗုဒ္ဓမြတ်စွာ၊ ဤသာသနာမှ၊ ပြင်အပမှာ၊ လှူခံရှာ၊ အရှာမှားခဲ့ပေ၊
(ဆ) ဤခုနစ်ပါး၊ကျင့်တရားမှာ၊ဥပါသကာ၊ မမွေ့ကင်း၊ ဆုတ်ယုတ်ခြင်းငှာ၊ ဖြစ်ခဲ့ပါ၊ မြတ်စွာဟောခဲ့သည်။
(ဇ) တရားခုနစ်တန်၊ ပြောင်းပြန်-ပြန်ကာ၊ကျင့်ကြံပါက၊ ဥပါသကာ၊အလုံမယုတ်၊မဆုတ်ကြောင်းသာ၊ဖြစ်ခဲ့ပါ၊ ဘဂဝါဟောခဲ့သည်။

## ကိုယ်လုပ်မှ ကိုယ်ရ

ဥပါသကာ ဂုဏ် အပြစ်များ အတော် ပြည့်စုံသွားပါပြီ၊ ထိုအပြစ်တွေ ရှောင် ဂုဏ်တွေဆောင်က အရောင်လှသော ဥပါသကာ ဥပါသိကာဖြစ်လာပါလိမ့်မည်မှာ ယုံမှားဖွယ်မရှိပါ။

ဤသာသနာ၌ ဘုရားတပည့် ခံရသော မိမိတို့မှာ ကံကောင်းကြပါ၏။ အဘယ်ကြောင့်နည်း၊ တကယ်မှန်ကန်သော သစ္စာတရားများမှာ ဤသာသနာ၌သာ ရှိနေသောကြောင့်တည်း။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ကြသော
ကိုးကွယ်ကြသော မိမိတို့မှာ ထို သစ္စာတရား လိုလားသောကြောင့် ဖြစ်၏။ ထိုသစ္စာတရားအတွက် ဘုရားထံ တပည့်ခံခြင်း ဖြစ်၏။ မှန်ကန်သော သစ္စာတရားဆိုရာ၌ = အပြောမျှဖြင့် ပြောခြင်းမဟုတ်၊ သင်ကြားနာယူသောအခါဖြစ်စေ၊ ကျင့်ကြံရသောအခါဖြစ်စေ၊ အနက်သဒ္ဒါ ဝေဝေဆာဆာ သာယာဖွယ်အတိ ကောင်းဂုဏ်တွေရှိသည်ကို လည်းကောင်း၊ ကိုယ့်သန္တာန်တွင် အထင်အရှား ဖြစ်ပွားလာသည်ကိုလည်းကောင်း ကိုယ်တွေ့ သိရသောကြောင့်ပေတည်း။ နည်းပေါင်းများစွာဖြင့် ဟောထားသော တရားများဖြစ်ရာ ဘယ်နည်းကြိုက်ကြိုက်လိုက်ပါကတကယ့် သန္တိသုခ အေးငြိမ်းသော ရသကို တွေ့ရမည်သာ ဖြစ်ပါ၏။

ဤတရားတို့ကို ဘုရားရှင်က သက်တော်ထင်ရှား ရှိစဉ် ရှေးကလည်း ညွှန်ပြတော်မူခဲ့၏။ ယခုလည်း ထိုတရားများက သတ္ထုကိစ္စ (ဘုရားအလုပ်) ဆောင်ရွက်ကြလျက် နည်းညွှန်လျက် ရှိနေပါ၏။

### မိမိကိုယ်သာ အားထားရာ

ဥပါသကာ ဥပါသိကာတို့၌ သရဏဂုံမျှဖြင့် ကိစ္စမပြီးသေး။ အထက် အထက် ဆက်အားထုတ်ဖို့ရာ များစွာ ရှိနေပါသေး၏။ ထိုတရားတို့ကို ဘုရားရှင်က မိမိမှာ ဖြစ်လာအောင် ပေးနိုင်သည်မဟုတ်၊ သန္ဒိဋ္ဌိကဂုဏ် အရ ကိုယ်တွေ့ မြင်ဖို့ရာ ကိုယ်တိုင် ကျင့်ရမည်သာ ဖြစ်၏။

အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရောသိယာ။

မိမိသာ မိမိ၏ ကိုးကွယ်ရာ၊ မိမိမှတပါး အခြား ကိုးကွယ်ရာ မရှိဟု ဟောတော်မူခဲ့၏။

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊
အတ္တသရဏာ အနညသရဏာ။

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ မိမိတည်းဟူသော ကျွန်းကြီးပမာ မှီခိုရာ ရှိကြကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိကိုယ်သာ ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ မိမိမှတပါး အခြား ကိုးကွယ်ရာ မရှိကြကုန်သည် ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

ဤသို့လည်း ကိုယ့်ကိုယ်ကို အားကိုးဖို့ ဟောတော်မူခဲ့၏။

## ကိုယ့်ကိုယ် ဆိုသည်မှာ

ကိုယ့်ကိုယ်ဆိုသည်မှာ တရားကိုဆို၏။ ထို့ကြောင့် ကိုယ့်ကိုယ် အားထားကြ ဆိုပြီးနောက် "ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ အနညသရဏာ" ဟု ဆက်ဟောတော်မူခဲ့၏။ ရဟန်းတို့ တရားတော် ဟူသော ကျွန်းကြီးပမာ မှီခိုရာ ရှိကြကုန်၍ တရားတော်သာ ကိုးကွယ်ရာ ရှိကြကုန်၍ တရား မှတပါး အခြား ကိုးကွယ်ရာ မရှိကြကုန်၍ နေကြကုန်လော့။

ဤဒေသနာဖြင့် ကိုယ့်ကိုယ် အားကိုးကြ ဆိုသည်မှာ တရားကို အားကိုးကြပါဟု ဆိုလိုကြောင်း သိသာ၏။

## ကိုယ့်တရားအရ အထက်အောက်ရောက်

"အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိံ" အကုသိုလ်တရားက အောက်ငရဲ ဆောင်တတ်၏၊ ကုသိုလ်တရားက သုဂတိအထက်ဘုံ ဆောင်

တတ်၏။ အထက်ဘုံ အောက်ဘုံ ရောက်ရခြင်းမှာ မိမိတရားအရသာဖြင့်၏။ ဘယ်သူကမျှ ပို့ပေးနိုင်သည် မဟုတ်။ ဤအချက်နှင့် စပ်၍ အသိဗန္ဓက သုတ္တန်ကို အချုပ်မျှ ထုတ်ပြပါဦးမည်။

## သတ္တဝါအားလုံး နတ်ပြည်ပို့နိုင်သလား

မြတ်စွာဘုရား နာဠန္ဒာမြို့ ပါဝါရိကသင်္ဘေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး တော်မူခိုက် အသိဗန္ဓက၏သား ရွာသူကြီး ရောက်လာကာ ဘုရားရှင်အား ရှိခိုးထိုင်နေ၏။ ထို့နောက် ဘုရားရှင်အား လျှောက်ထား၏။

မြတ်စွာဘုရား....ပစ္ဆာဘူမ အရပ်မှာ နေကြသည့်ပြဟ္မဏတွေ ရှိကြပါသည်။ သူတို့သည် ကရားကို ဆောင်ကြ၏။ မှော်ပန်းကိုလဲ ဆင်ကြ၏။ ရေချိုးအလုပ်၊ မီးလုပ်ကျွေးခြင်း အလုပ်လဲ လုပ်ကြ၏။

ထိုပြာဟ္မဏများက သေသူကို အထက်ဘုံ ပို့ပေးကြ၏။ မင်းပြဟ္မာ့ဘုံသွားလေလို့ ပြဟ္မာ့ဘုံ—နတ်ဘုံလဲ ပို့ပေးကြပါသည်။ ရှင်တော် မြတ်ဘုရားလဲ တလောကလုံးကို နတ်ပြဟ္မာ့ပြည် ပို့ပေးနိုင်ပါသလား။

## ဘုရားရှင် အဖြေ

ရွာသူကြီး....ဤအချက်မှာ သင့်ကိုပဲ မေးရလိမ့်မယ်။ သင်ကြိုက်သလို ဖြေလော့၊ ပုဂ္ဂိုလ်တယောက်မှာ ပါဏာတိပါတ စသော ဒုစရိုက်တရား ထင်ရှားသူ ဖြစ်ခဲ့၏။ ထိုသူ့ကို လူအပေါင်းက ဤသူ နတ်ပြည်ရောက်ပါစေဟု တောင်းပန်ပေးမည် ဆိုလျှင် ထိုသူ နတ်ပြည်ရောက်ပါမည်လော။

မရောက်နိုင်ပါဘုရား။

လူတယောက်က ရေကန်နက်နက်ထဲမှာ ကျောက်ဖြာကြီးကိုနှစ်လိုက်မည်။ လူအပေါင်းက ထိုကျောက်ဖြာကြီးကို ပေါ်လာပါ၊ ကျောက်ဖြာကြီး ကမ်းပေါ်တက်လာပါဟု တောင်းပန်ပေးလျှင် လူတွေ တောင်းပန်ချက်အရ တက်လာပါမည်လော။

မပေါ် မတက်နိုင်ပါဘုရား။

ထိုအတူပဲ ရှာသူကြီး....ဒုစရိုက်တွေရှိနေသောသူကိုဘယ်သို့ပင်လူအပေါင်းက မြှော့ဘို့ တက်ပါဟု တောင်းပန်သော်လည်း ထိုသူမှာတော့ အောက်ငရဲသာ ရောက်မည်ဖြစ်၏။

## ကောင်းသူ အောက်မရောက်

ရှာသူကြီး....ပုဂ္ဂိုလ်တယောက်က ပါဏာတိပါတာစသော ဒုစရိုက် ရှောင်သူ၊ သုစရိုက် ပြုသူဖြစ်၏။ ထိုသူကို ဤပုဂ္ဂိုလ် ငရဲရောက်ပါစေဟု လူအပေါင်းက ဆုတောင်းကြလျှင် သူတို့ ဆုတောင်းလို့ ငရဲ ရောက်မလား။

မရောက်ပါဘုရား။

ဥပမာအားဖြင့် ပုဂ္ဂိုလ်တဦး ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကို ဖြစ်စေ၊ ရေအိုင်နက်နက်ထဲ ဆင်းခဲ့လိုက်မယ်။ အိုးခြမ်းကွဲတော့ အောက်ကျလိမ့်မယ်၊ အိုးထဲက ဆီတွေ ထောပတ်တွေကတော့ အထက်တက်လိမ့်မယ်။ အထက် ရေပြင်မှာ ပေါ်နေသော ဆီ, ထောပတ်ကို လူအပေါင်းက စုပေါင်း၍ အို ထောပတ်, ဆီ နစ်မြုပ်ပါ၊ အောက်သို့ရောက်ပါဟု ဆုတောင်းလျှင် ထိုသို့ လူအပေါင်း ဆုတောင်းခြင်းကြောင့် ထောပတ်ဆီမှာ အောက်ကျနစ်မြုပ်သွားမည်လော။

မနစ်မြုပ်နိုင်ပါဘုရား။

ထို့အတူပဲ ရှာသူကြီး ပါဏာတိပါတမှ ရှောင်ခြင်းစသော သုစရိုက်တရားရှိသူမှာ လူတွေက ငရဲရောက်ပါဟု ဘယ်သို့ပင် တောင်းဆိုကြသော်လဲ နတ်ပြည်သာ ရောက်မှာပဲ။ သံ = ၂ – ၄၉၀။

ပါဠိတော်က အထက်, အောက် ရောက်ရခြင်းမှာ ကိုယ့်တရားအရသာ ဖြစ်ကြောင်း ပြပါသည်။

## အထက်ရောက်အောင် ပို့ဆောင်သူ

မိမိတို့ အထက် အဆင့်အတန်းရောက်အောင် အထက်အထက်ဘုံ ရောက်အောင် တခြားသူက ပို့ပေးနိုင်သည်မဟုတ်။ မိမိတရားကသာ ပို့ပေးနိုင်သည် ဖြစ်၍ ဥပါသကာ ဥပါသိကာများ ထိုတရားတွေကို အဆင့်ဆင့်ဖြစ်အောင် ကျင့်ကြံရပါလိမ့်မည်။ သဒ္ဓါတရားတခု စဉ်းစားစို့ —

တရားအားထုတ်သော ပုဂ္ဂိုလ်တယောက်မှာ တရားမတက်သေးခင် သဒ္ဓါကလဲ သိပ်မတက်လှသေး။ တရားအဆင့်ဆင့် မြင့်တက်လာလျှင် သဒ္ဓါကလဲ တရားအပေါ်မှာ ဤတရားသာ အကောင်းဆုံး၊ ဤထက်ကောင်းတဲ့ တရားမရှိ ဆိုတဲ့ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် တိုး၍တိုး၍ ဆုံးဖြတ်နိုင်တော့ရာ ဤသို့ဖြင့် မဂ်ရောက်၍ အဝိဂမသဒ္ဓါ ဖြစ်လာသောအခါကား ပြောစရာမရှိ၊ အခိုင်ဆုံး အမြင့်ဆုံး သဒ္ဓါဖြစ်လာရတော့၏။

## သာဓက တရပ်

ဥပါသကာ ဥပါသိကာတယောက် အထက်ထက်ရောက်ဖို့ ထူးခြားသော အခြေသို့ ရောက်ဖို့ရာ မိမိပွားများထားအပ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ — တရားများသာဖြစ်ကြောင်း သာဓကတရပ် အကျဉ်းချုပ်ပြပါဦးမယ်။

တနေ့ မဟာနာမ် သာကီဝင် ဘုရားရှင်ထံ ရောက်လာလျက် လျှောက်ထားခဲ့၏။ ကပိလဝတ္ထု နေပြည်တော်ကြီးကား ပြည့်စုံစည်ကား လူပေါများလှ လမ်းကျဉ်းတွေကများကြောင်း၊ ဘုရားရှင်နှင့် ရဟန်းတော်များ ဖူးမြော်ပြီး ညနေချမ်းအခါ နေပြည်တော် ဝင်အလာမှာ ရောက်ရက်ခေတ် လှုပ်ရှားပြေးလွှားလျက် ရှိသော ဆင် — မြင်း — ရထား — လှည်း — လူများနှင့် ကြုံရသောအခါ ဘုရား — တရား — သံဃာကို အာရုံပြုလာသော သတိမှာ မေ့ခဲ့ရပျောက်ခဲ့ရကြောင်း၊ ဤသို့ မေ့ပျောက်ရသော တပည့်တော်အဖို့ ယခုအချိန်များ ငါသေသွားလျှင် ငါ့လားရာဂတိ ဘယ်သို့များ ရှိမည်နည်းဟု စဉ်းစားမိကြောင်းများ လျှောက်ထားခဲ့၏။

ရှင်တော်မြတ်ဘုရားက မကြောက်နှင့် မဟာနာမ် မကြောက်နှင့်၊ သင့်အဖို့ မကောင်းသောသေရခြင်းမျိုး ဖြစ်လိမ့်မည်မဟုတ်တုမိန့်တော်မူလျက် မကောင်းသောသေခြင်းမျိုး မဖြစ်နိုင်ကြောင်း အကြောင်းပြတရား ဟောကြားတော်မူခဲ့၏။

ထိုတရား အချုပ်အားဖြင့် ပြောရလျှင် ထောပတ်အိုး, ဆီအိုး တခုခုကို ရေနက်နက်ထဲ နှစ် ရိုက်ခွဲပစ်လျှင် အိုးခြမ်းကွဲတွေက အောက်ဘက် ရောက်သွားလျက် အိုးထဲက ထောပတ်, ဆီတွေကတော့ အထက်တက်ရ ထူးခြားသော အခြေရောက်ရသလို ကာလကြာမြင့်စွာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာများဖြင့် ထုံထားအပ် ပွားစေထားအပ်သော စိတ်ရှိနေ သူအဖို့ ခန္ဓာကိုယ်ကိုတော့ ကျီး, လင်းတ, စွန်ရဲ, မြေခွေး, ပိုးအမျိုးမျိုးတို့က ခဲကြ စားကြလိမ့်မည်။ ကြာမြင့်စွာ သဒ္ဓာစသော တရားတို့ဖြင့် ထုံထား ပွားထားအပ်သော စိတ်ကတော့ အထက်ထက် အမြင့်ဘက်ရောက်ရ ထူးခြားသော အခြေသို့ ရောက်ရကြောင်း သင့်စိတ်မှာ ကာလကြာမြင့်စွာက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားများ ထုံပွားထားရှိနေသည်ဖြစ်ရာ ကြောက်ဖို့မလိုကြောင်း မကောင်းသော သေခြင်းမျိုးဖြစ်လိမ့်မည်မဟုတ်ကြောင်း မိန့်ကြားခဲ့လေသည်။

သံ = ၃ – ၃၂၁။

## ဥပါသကာ အကျင့်ပင်

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားငါးပါး ထုံထား (ပွား) ထားအပ်သော စိတ်သည် အထက်ထက်ရောက်ကြောင်း ထူးခြားသော အခြေအနေသို့ ရောက်ကြောင်း မဟာနာမ်အား ဘုရားရှင်ဟောတော်မူခဲ့ရာ ဤ တရားငါးပါးမှာလည်း ဥပါသကာ ဥပါသိကာတို့ အမြဲသုံးရမည့် တရားများ ဖြစ်ပါ၏။ ဥပါသကာ ဥပါသိကာတို့၏ စိတ်သည် ဤတရားငါးပါးဖြင့် ထုံထားပွားထားရမည်သာ ဖြစ်ပါပေ၏။ ဤတရားငါးပါး အထုံရသောစိတ်ရှိသူ ဥပါသကာ ဥပါသိကာများကား နောက်ဘဝ အထက်တန်းရောက်ရုံသာမက ဤဘဝပင် ထူးခြားသော ဥပါသကာ ဥပါသိကာများ ဖြစ်ရပါတော့၏။

## ချိန်ပမာဏ ဥပါသကာ ဥပါသိကာများ

ဘုရားရှင်လက်ထက်တော်အခါသမယက အများနည်းယူ အားကျဖွယ် ဥပါသကာ ဥပါသိကာများ ထင်ရှားခဲ့ကြ၏။ ပရိသတ်ဘက်၌လည်း ပိဋကတ်သုံးပုံဆောင် ပဋိဝေဓဘက်၌လည်း သောတာပန် အနာဂါမ်အထိ ပေါက်ရောက်အောင်မြင်ခဲ့ကြသော ဥပါသကာ ဥပါသိကာများ များပြားလှ၏။ အထူးသဖြင့် အများ စံတင်ရသော ချိန်ပမာဏအဖြစ် ထားရသော ဥပါသကာ ဥပါသိကာများ ထင်ရှားခဲ့၏။ ထိုခေတ်က မိဘက သားသမီးများ ဆုံးမရာမှာ မိမိတို့သားကလေးများကို ချစ်သား....သာသနာ့နေလျှင် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့လို ဖြစ်အောင် ကြိုးစားပါ။ လူ့ဘောင်နေလျှင် စိတ္တသူကြွယ် ဟတ္ထကအာဠဝကတို့လို ဖြစ်အောင် ကြိုးစားပါဟု ထိုက်တွန်းကြ၏။သမီး ဖြစ်လျှင်— ချစ်သမီး....သာသနာ့နေလျှင် ခေမာထေရီ ဥပ္ပလဝဏ်ထေရီတို့လို ဖြစ်အောင် ကြိုးစားပါ။ အကယ်၍ လူ့ဘောင်နေလျှင် ခုဇ္ဇုတ္တရာ ဥပါသိကာ ဝေဠုကဏ္ဍကရွာသူ နန္ဒမာတာတို့လို ဖြစ်အောင် ကြိုးစားပါဟု တိုက်တွန်းလေ့ ရှိကြသတတ်။ ဘုရားရှင်က ငါ့တပည့် ဥပါသကာတို့တွင် စိတ္တနှင့် ဟတ္ထကအာဠဝက ဥပါသကာတို့မှာ အများ နည်းယူဖွယ် ချိန်ကြိုးတွေ, အများ နှိုင်းယှဉ်စရာ ပမာဏဖြစ်ကြောင်း၊ ငါ့တပည့် ဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ ဥပါသိကာတို့မှာ အများ နည်းယူဖွယ် ချိန်ကြိုးများ, အများ နှိုင်းယှဉ်ဖွယ် ပမာဏဖြစ်ကြောင်း ဟောတော်မူခဲ့၏။ သံ=၁—၄၃၁—၂။

## သာသနာပြုဖို့ တာဝန်ရှိ

စိတ္တသူကြွယ်မှာ မထေရ်ကြီး များနှင့် စာပေ ဆွေးနွေးလေ့ ရှိကြောင်း၊ မထေရ်ကြီးတွေက သူ့ကိုမေး၊ သူက မထေရ်ကြီးတွေမေး၊ အပြန်အလှန် ဆွေးနွေးချက်များ နိဂဏ္ဌနာဋပုတ္တတို့လို ဂိုဏ်းဆရာကြီးကိုပင် နှိပ်ကွပ် နှိမ်နင်းခဲ့ကြောင်း စိတ္တသံယုတ်ဖြင့် ထင်ရှားခဲ့၏။ ခုဇ္ဇုတ္တရာမှာ ဘုရားထံမှ တရားတော်တွေ ကြားနာရပြီး သာမာဝတီ အမျိုးရှိသော ဥပါသိကာတွေကို ဟောခဲ့ရာ ဣတိဝုတ် ပါဠိတော်ဟု တမေးတနား ကျမ်းတပါး ထင်ရှားခဲ့၏။ နန္ဒမာတာမှာလည်း နံနက်စောစော ပါရာယဏ သုတ္တန်ကြီး ရွတ်နေစဉ် ဝေဿဝဏ်

နတ်မင်းကြီးက ချီးကျူးခံရ ချီးမြှောက်ခံခဲ့ရသော အနာဂါမိ ပိဋကတ်သုံးပုံဆောင် ဥပါသိကာမကြီး ဖြစ်ခဲ့၏။ ဟတ္ထကအာဠဝကလည်း ပိဋကတ်သုံးပုံဆောင် အနာဂါမိ ဥပါသကာကြီး ဖြစ်၏။ ဥပါသကာ အခြံအရံ ငါးရာရှိ၏။ ဤဥပါသကာ ဥပါသိကာတို့ကား သူ့နည်းနှင့်သူ သာသနာပြုခဲ့သော အမျိုးကောင်း သားသမီး အရိယာ သူတော်ကောင်းကြီးများပင်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ယခင်တရား ငါးပါး တိုးတက် မြင့်မား အဆင့်ဒေတန်းအားဖြင့် တက်လာသော ယခုခေတ် ဥပါသကာ ဥပါသိကာတို့လည်း အသီးသီး ကိုယ့်နည်းနှင့်ကိုယ် သာသနာပြုဖို့ တာဝန်ရှိပါ၏။ သာသနာသည် ကိုယ့်ပစ္စည်း ကိုယ်ပိုင်၊ လောကမှာ ကိုယ့်ပစ္စည်း တိုးပွားအောင် ကြိုးစားသလို သာသနာ ဓမ္မတွေ တိုးပွားအောင် မကြိုးစားသင့်ပဲ ရှိပါမည်လော။ ဤနေရာ၌ ဘုရားလက်ထက်က သာသနာ ပြုခဲ့သော ပုဏ္ဏာ ဝတ္ထု အကျဉ်းချုပ်ပြကာ နိဂုံး အုပ်ပါတော့မည်။

## ပုဏ္ဏာ အကြောင်း

အနာထပိဏ် သဌေးကြီးအိမ်က ပုဏ္ဏာဆိုသော ကျွန်မကလေး တနေ့ ရေခပ်ဆင်းအလာ မြစ်ဆိပ်မှာ ရေချိုးနေသော ပုဏ္ဏားကို မြင်ရ၏။ ချမ်းလှသော ဆောင်းအခါသမယမှာ တုန်တုန်ခိုက်ခိုက်ဖြင့် ရေချိုးနေသော ပုဏ္ဏားကို မြင်ရတော့ ပုဏ္ဏာက မေးခဲ့၏။ အို....ပုဏ္ဏား— ကျွန်မတို့မှာ အရှင်သခင်တွေ ကြောက်၍ ယခုလို ချမ်းလှသော အခါသမယတွင် ရေခပ်ဆင်းခဲ့ရ၏။ ရှင်က ဘယ်သူ့ကိုများ ကြောက်၍ ယခုလို တုန်တုန်ခိုက်ခိုက်ဖြင့် ရေချိုးနေပါသလဲ။

ရှင်မ ပုဏ္ဏာ....မကောင်းမှု တားဆီးတတ် ကောင်းမှုကို ပြုတတ်တယ်ဆိုသည်ကို ရှင်မ သိလျက်နှင့် မေးဘိ၏။ ကြီးသူဖြစ်စေ ငယ်သူဖြစ်စေ မကောင်းမှု ပြုထားမိလျှင် ရေချိုးခြင်းဖြင့် မကောင်းမှုမှ လွတ်ရတော့သည်။

ရေချိုးခြင်းမည်သည်မှာ မကောင်းလွတ်သည်ဟု ကံအကျိုးမသိသော ရှင့်ကို ကံအကျိုး လုံးဝ နားမလည်သော ဘယ်လိုလူစားက ပြောကြားပါသလဲ။ ရှင်ပြောသလို ရေချိုး၍ မကောင်းမှုမှ လွတ်ရတမ်းဆိုလျှင် ငါး, လိပ်, မြွေ,

မိကျောင်းများ အခြား ရေသတ္တဝါတွေ နှတ်ပြည်ရောက်ကြလိမ့်မည်။ ဆိတ်သတ်သမား ဝက်သတ်သမား တံငါ မုဆိုး သူခိုး လူသတ်သမားတွေ ဤမြစ်ရေချိုးသည့် တခြား မကောင်းမှု ပြုသူတွေ ရေချိုးခြင်းကြောင့် သူတို့လဲ မကောင်းမှုမှ လွတ်ကြရပေလိမ့်မည်။

ဤ မြစ်ရေက ရှေးက ပြုခဲ့သော ရှင့်အကုသိုလ်ကို ထုတ်ဆောင်ပယ်ရှားပေးတယ် ဆိုလျှင် ရှင်ပြုထားသည့် ကုသိုလ်တွေကိုလဲ ထုတ်ဆောင် ပယ်ရှားပစ်မှာပေါ့။ သို့ဖြစ်လျှင် ရှင့် ကုသိုလ်တွေမှ ကင်းကွာရပေတော့မယ်။ အကုသိုလ် ကြောက်လျှင် အကုသိုလ်မပြုဖို့ပဲ ရှိပါတယ်။ ကိုယ်ကိုညှဉ်းဆဲပြီး ရေချိုးမနေပါနှင့်။ ပုဏ္ဏာ၏ ယုတ္တိပြ ဆုံးမ ပြောကြားမှုဖြင့် ပုဏ္ဏားကြီး အမှန်ပြင်ပြီး သဘောကျ ကျေနပ် အားရသွားခဲ့၏။ ထို့ကြောင့် မိမိ အဝတ်ကလေးကို ဆရာစား လက်ဆောင်ပေးခဲ့၏။

### ပုဏ္ဏားက ဆရာစား လက်ဆောင်အပ်နှင်းပုံ

ကုမ္မဂ္ဂပဋိပန္နံ မံ၊ အရိယမဂ္ဂံ သမာနယိ။
ဒကာဘိသေစနာ ဘောတိ၊ ဣမံ သာဋံ ဒဒါမိ တေ။

ဘောတိ၊ ရှင်မပုဏ္ဏာ။ ဒကာဘိသေစနာ၊ ရေချိုးခြင်းဖြင့်။ ကုမ္မဂ္ဂပဋိပန္နံ၊ အကုသိုလ် စင်ကြယ်သည်ဆိုသော မိစ္ဆာဝါဒ ယူဆ လိုက်ပါနေသော။ မံ၊ အကျွန်ုပ်ကို။ အရိယမဂ္ဂံ၊ အကုသိုလ်ရှောင် ကုသိုလ်ပြုဆိုသော ဘုရားစသော အရိယာတို့ လမ်းကြောင်းသို့။ သမာနယိ၊ အမှန်ရောက်အောင် ကောင်းစွာ ပို့ဆောင်ခဲ့ပါပေ၏။ ဘောတိ၊ ရှင်မပုဏ္ဏာ။ ဣမံသာဋံ၊ ဤအကျွန်ုပ် အဝတ်ကို။ တေ၊ အကျွန်ုပ် တရားရအောင် ဆုံးမခဲ့သော ရှင်မအား။ ဒဒါမိ၊ ဆရာစား လက်ဆောင်အဖြစ် ပေးကမ်းလှူဒါန်းပါ၏။

## ပုဏ္ဏာက လမ်းညွှန်ကြား

ပုဏ္ဏာက သူ့အဝတ်ကို ဆရာစား ပေးသော်လည်း ပုဏ္ဏာက ကျွန်မ ရှင့်အဝတ်ကို မလိုချင်ပါဘူး။ ရှင်ပဲ သုံးပါ။ ဒုက္ခကို ကြောက်သလား။ ဒုက္ခကို မုန်းသလား။ ကြောက်လျှင် မျက်မှောက်မျက်ကွယ် ဘယ်နေရာမဆို အကုသိုလ်မလုပ်ပါနှင့်။ အကယ်၍သာ အကုသိုလ်ကို ပြုမယ်ဆိုလျှင်တော့ ကောင်းကင် ပျံပြေးစေကာမူ ဒုက္ခမှ လွတ်ရမည် မဟုတ်ပါ။

ဒုက္ခကို ကြောက်သလား။ ဒုက္ခကိုမုန်းသလား။ ဒုက္ခကြောက်လျှင် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါ။ ငါးပါးသီလ တို့ကို ဆောက်တည်ပါ။ ထိုသရဏဂုံသီလ ဆောက်တည်ခြင်းသည် ရှင့် အကျိုး စီးပွားအတွက် ဖြစ်ပါလိမ့်မည်။

ပုဏ္ဏားကလည်း မိမိ သရဏဂုံသီလ ဆောက်တည်မည့်အကြောင်း လက်ခံ နာယူခဲ့၏။ ဤပုဏ္ဏားကား နောင်အခါ ရဟန်းပြုလျက် ရဟန္တာအဖြစ် ရောက်ခဲ့ရသည်။

ပုဏ္ဏာကား ယခင်ကပင် သိဟနာဒ သုတ္တန်ဒေသနာကြားနာ၍ သောတာ ပန် ဖြစ်ခဲ့သူ အမျိုးသမီးတည်း။ ယခု ပုဏ္ဏားကြီးကို မိစ္ဆာအယူမှချွတ်လိုက် နိုင်ခြင်းဖြင့် အနာထပိဏ် သဌေးကြီးက ချီးကျူး အားရ ကျွန်မ အဖြစ်မှ လွတ်ခဲ့၏။ ရဟန်းပြုခွင့်လဲ ပေးခဲ့၏။ ဘိက္ခုနီအဖြစ်ဖြင့် ဝိပဿနာ အားထုတ် ခဲ့ရာ မကြာမီ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်ပေါက် ရဟန္တာ အဖြစ် ရောက်ခဲ့ရ၏။

[ပုဏ္ဏာအကြောင်းကို (၂၇–၇–၀၄) နေ့တွင် ဟောကြားအပ် သော သရဏဂုံတရားတော် ကျွန်မလေးပုဏ္ဏာ အခန်းတွင်ကြည့်ပါ။]

မြန်မာ ဥပါသကာ ဥပါသိကာများ တရားရကာ သာသနာပြုနိုင်ကြ ပါစေ။

## ဥပါသကာဂုဏ် ၁၀-ပါး

၁။ သံဃာနှင့် တူမျှသော ချမ်းသာ ဆင်းရဲရှိ၏။
၂။ တရားတော်သာ အကြီးအမှူးရှိသူ ဖြစ်၏။
၃။ စွမ်းအားအလျောက် ဝေဖန် ခွဲခြမ်း လှူဒါန်းခြင်း၌ မွေ့လျော်၏။
၄။ ဘုရားသာသနာ ဆုတ်ယုတ်မည်ကို တွေ့မြင်ရသော် ကြီးပွားတိုးတက်ခြင်းငှာ အားထုတ်၏။
၅။ မှန်ကန်သော အမြင် (သမ္မာဒိဋ္ဌိ) ရှိ၏။
ကောတူဟလ မင်္ဂလာခေါ် အထူးအဆန်း မြင်ရ, ကြားရ, နံရ, စားရ, တွေ့ထိရသော အရာဖြင့် မင်္ဂလာ ဖြစ်သည်၊ ကောင်းကျိုးရသည်ဟု မယူဆ။ အသက်ဟူသော အကြောင်း ကြောင့် သော် လည်း သာသနာတော်မှ တပါးသော ဆရာကိုမှည္တန်ကြား။
၆။ ကိုယ်နှုတ် နှစ်ရပ်ကို ကောင်းစွာ စောင့်စည်းအပ်၏။
၇။ ညီညွတ်ခြင်း၌ မွေ့လျော် ပျော်ပိုက်၏။ မငြူစူတတ်၊ အံ့ဖွယ်ပြုသဖြင့် သာသနာ၌ မလှည့်လည်။
၈။ ဘုရားရှင်ကို ကိုးကွယ်ရာဟု သိမှတ် ဆည်းကပ်၏။
၉။ တရားတော်ကို ကိုးကွယ်ရာဟု သိမှတ် ဆည်းကပ်၏။
၁၀။ သံဃာတော်ကို ကိုးကွယ်ရာဟု သိမှတ် ဆည်းကပ်၏။

(မိလိန္ဒပဉှာ—၁၀၁)

# ဘုရား ရှိခိုးများ

## ဂုဏ်တော် (၉)ပါး ဘုရားရှိခိုး

### ၁။ အရဟံဂုဏ်တော်

မြတ်ဗုဒ္ဓဂုဏ် လုံးစုံပြည့်လို့၊
သုံးဘုံအရှိ နတ်လူတွေ။
တုမရှိသူ မြတ်တပါးဟု၊
အမှတ်ထားလို့ ပူဇော်လေ။
အရဟံခေါ် ပုံဖော်မြတ်၊
ဂုဏ်တော်ရခဲ့ ထွက်မဟော။
သဒ္ဓါပညာ အသိမျိုးဖြာဘိ၊
ရှိခိုးပါ၏ ရိုသေသေ။

### ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

တရားလုံးစုံ ပညာရှိလို့၊
ထင်ရှာသိရှိ ထွင်းဖောက်တယ်။
နည်းညွှန်ပြသူ ဆရာမရှိ၊
ကိုယ်တိုင်သိတဲ့ မြတ်ဘုန်းကြွယ်။

ဂုဏ်တော်သမ္မာ သမ္ဗုဒ္ဓလို၊
လောကအလုံး နှံ့မပြယ်။
လေးမြတ်ကြည်ညို သဒ္ဒါအရှိဖြင့်၊
နမောမိလို့ ရှိခိုးမယ်။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

သုံးပါးတဖြာ ရှစ်ဖြာပြားတဲ့၊
ဝိဇ္ဇာတရား အထွေထွေ။
ဘဆယ့်ငါးဖြာ စရဏနဲ့၊
ပြည့်ဝစုံခဲ့ မြတ်မဟေ။
ဝိဇ္ဇာစရဏ သမ္ပန္နဟု၊
လောကအလုံး ဂုဏ်ပြန့်ဝေ။
လူနတ်များရှင် ထွတ်ဖျားသာမို့၊
ဝပ်တွားပါလို့ ရှိခိုးမလေ။

## ၄။ သုဂတ ဂုဏ်တော်

ကောင်းမြတ်ရာမှန် နိဗ္ဗာန်နန်းသို့
ကြွမြန်းစံခဲ့ တို့ထိပ်တင်။
ကျိုးရှိမှန်စွာ အကောင်းစကား၊
မြွက်ကြားပေတတ် မြတ်အရှင်။
သုဂတခေါ် ဂုဏ်တော်မြတ်ဖြင့်၊
လောကဓာတ်လုံး လွှန်ပေါ်လွှင်။
ညွတ်နူးကြည်ညို ဂါရဝဖြင့်၊
ပဏာမပွင့် ရှိခိုးတင်။

## ၅။ လောကဝိဒူ ဂုဏ်တော်

သတ္တဝါဖုံဖုံ ဘုံအနန္တ၊
သင်္ခါရတဲ့ ရုပ်နာမ်တွေ။
လောကသုံးထွေ အစုံအရှိ၊
အကုန်သိတဲ့ တို့ဘုန်းဆွေ။
လောကဝိဒူ ဂုဏ်တော်အရှိ၊
ဝေဖန်ကြည့်တော့ ပီတိတွေ။
ရွှန်းရွှန်းကြွလာ သဒ္ဓါအတိဖြင့်၊
နမောမိဖွင့် ဦးခိုက်မလေ။

## ၆။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

နတ်နှင့်လူတွင် အသာဆုံးလို့၊
တကမ္ဘာလုံး သိအမြင်။
မယဉ်ကျေးသူ တရားပြလို့၊
ဆုံးမပေးခဲ့ ယဉ်အောင်ပင်။
အနုတ္တရောအစ ပုရိသနှင့်၊
ဒမ္မသာရထိ မည်ရှိတွင်။
တို့ရှင်မြတ်ကို ဦးတင်သလို့၊
ဖူးမြင်ကြစို့ ပဏာတင်။

## ၇။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်

ဆုံးမပဲ့ပြင် သွန်သင်တတ်လို့၊
လူနတ်ဗြဟ္မာ့ ဆရာပေ။
ဦးစီးကုန်သည် ပမာတမျှ၊
သံသာရမှ နတ်လူတွေ။

## ဥပါသကာ ဂုဏ်ရည် နှင့်

ကယ်မတတ်စွာ သတ္တာဒေဝ၊
မနုဿာနံရ ဂုဏ်ထူးတွေ။
တို့မြတ်ဆရာ ပဏ္ဍာလျှိုးလို့၊
သဒ္ဓါပျိုးလို့ စိုက်မလေ။

### ၈။ ဗုဒ္ဓ ဂုဏ်တော်

သဗ္ဗညုဘာ ဉာဏ်တော်အားဖြင့်၊
တရားဓမ္မ အလုံးစုံ။
နည်းမျိုးစုံဆင် ထင်စွာသိလို့၊
ပညာရှိတို့ လွှမ်းမိုးခြုံ။
အသိအရာ နှုတ္တရမို့၊
ဗုဒ္ဓဆိုတဲ့ ဂုဏ်ဘွဲ့ရုံ။
ဦးညွတ်ပါသည် ပဏ္ဍာလွှမ်းလို့၊
သဒ္ဓါပန်းတို့ ကြိုင်သင်းထုံ။

### ၉။ ဘဂဝါ ဂုဏ်တော်

ဘုန်းတော်ခြောက်စုံ အကုန်အပြည့်၊
အစုံရှိတဲ့ တို့မြတ်စွာ။
နတ်လူပြဟ္မာ အလေးပြုလို့၊
ဂုရုဖြစ်ခဲ့ ကြောင်းတဖြာ။
ဘဂဝါခေါ် ကမ္ဘာလွှမ်းတဲ့၊
ရတနာပန်း ဂုဏ်ဆင်ကာ။
ကျော်ကြားပေါ်လွင် ထွတ်အဖျားမို့၊
ဝပ်တွားပါ၏ ရှင်လန်းစွာ။

# ဘုန်းတော် [၆] ပါး ဘုရားရှိခိုး

## ၁။ ဣဿရိယ ဘုန်းတော်

ကိုယ့်စိတ်တော်ကို အစိုးရတဲ့၊
တန်ခိုးဣဿရ ဂုဏ်တော်ရှင်။
အဏိမာစသည် ဣဿရိယ၊
ရှစ်ဝဒရှိ တန်ခိုးထင်။
ဣဿရိယတွင် နှုန်းမယှဉ်အား၊
ဘုန်းရှင်တပါး ဂုဏ်ပေါ်လွင်။
ဂုဏ်မြတ်ပန်းဝေ ကြူမွှေးအရှိ၊
ပူဇေမိပေါ့ တို့ဒရှင်။

## ၂။ ဓမ္မ ဘုန်းတော်

မဂ်လေးဖြာဆို ဖိုလ်လေးပါးနဲ့၊
နိဗ္ဗာန်တရား ကျော်အမော်။
လောကုတ္တရာ ကိုးဖြာပြ၊
ဓမ္မခေါ်တဲ့ မြတ်ဘုန်းတော်။
ဗောဓိပင်ခြေ ပလ္လင်အလှကာ၊
အရယူခဲ့ ဘုန်းရှင်ကျော်။
မြတ်ဘုန်းရှင်ကို ဖူးမြင်မှဝ၊
ဦးတင်သလို့ ရှိပူဇော်။

## ၃။ ယသ ဘုန်းတော်

အတုမဲ့ဟန် ပုံစံပြတဲ့၊
ဂုဏ်အနန္တ၊ ကြောင်းပြုကာ။
လူရောနတ်ပါ ထောမနာသွင်း၊
ဩဘာသတင်း ကျော်ဇောဖြာ။
ယသမည်ခေါ် ဘုန်းတော်ရ၊
သုံးဖော်ဘဝ၊ ငြိမ့်ခြိမ့်ညာ။
ဘုန်းတော်ရှင်ငင် ထွတ်ဘုရား၌၊
ဝပ်တွားဦးခိုက် ကြည်နူးစွာ။

## ၄။ သိရီ ဘုန်းတော်

သုံးဆယ့်နှစ်သွယ် ရှစ်ဆယ်ပြ၊
လက္ခဏာအလှ ဖုံဖုံခြယ်။
လူနတ်ဗြဟ္မာ ဖူးမြင်မဝ၊
ဦးတင်ချလို့ မဝဖွယ်။
လှပရွန်းဝေ ကျက်သရေရှိ၊
သိရီခေါ်တဲ့ ဘုန်းတသွယ်။
ဆောင်ထားတော်မူ အရှင်မကိုယ်၌၊
အစဉ်တစိုက် ဦးခိုက်မယ်။

## ၅။ ကာမ ဘုန်းတော်

ဘုရားဖြစ်ရန် လွန်လိုလားခဲ၊
သတ္တဝါအများ ကယ်တင်လို။
အကျိုးနှစ်ဖြာ လိုဆန္ဒတို့၊
ကြံသမျှတိုင်း ပြည့်ပိုမို။

ကာမဓေါ်ဆို ဘုန်းဂုဏ်မြတ်ဖြင့်၊
သုံးဘုံလူနတ် လွန်ကြည်ညို။
ဘုန်းရှင်ဂုဏ်ရှင် မြတ်ဘုရား၊
ဝပ်တွားပါ၏ သဒ္ဓါပို။

၆။ ပယတ္တ ဘုန်းတော်

လူနတ်ပြဟ္မာ များအကျိုးမြောက်ဖို့၊
အားကိုးလောက်တဲ့ ဇွဲမာန်ကြိုမ်။
မနားမနေ အသုံးချခဲ့၊
လုံ့လဝီရိယ ခေတ်တော်ရှိန်။
ပယတ္တဓေါ် ကမ္ဘာအသိပေါ့၊
မကွာရှိတဲ့ ဘုန်းဂုဏ်သိန်။
ဘုန်းတော်ရှင်ပင် မြတ်ထွတ်ဖျားကို၊
၁ - ဝပ်တွားပေါ့ ရှိခိုးနှိမ်။

## ဣဿရိယဘုန်းတော်ဂုဏ် (၈) ပါး

### ၁။ အဏိမာ ဂုဏ်တော်

အဏုမြူဟုန် အရွယ်သေးတဲ့၊
အငယ်ကလေး ပုံနှုနယ်။
မှုံညင်းစေ့တွင် ပရိက္ခရာအဋ္ဌဖြင့်၊
စင်္ကြံကြွလို့ လျှောက်နိုင်တယ်။
အဏိမာခေါ် ဆန်းကြယ်လှတဲ့၊
ဣဿရိယ ဘုန်းတသွယ်။
ထိုဂုဏ်အံ့ဖွယ် တပ်ဆင်ထားတဲ့၊
ရှင်ပင်ဘုရား ရှိခိုးမယ်။

### ၂။ လဃိမာ ဂုဏ်တော်

ထက်မိုးကောင်းကင် ဝေဟင်ထက်၌၊
ဈာန်ယာဉ်စီးလျက် ခရီးနှင်။
ပေါ့ပါးလျင်ဟန် အထင်ကရမို့၊
မြင်ရရှင်ပျူ အံ့ဖွယ်ထင်။
လဃိမာခေါ် ဘုန်းဂုဏ်မြတ်ကြောင့်၊
သုံးဘုံလူနတ် ရှိခိုးတင်။
တပည့်ဝန္ဒနာ ချက်မှန်အကျကို၊
လက်ခံပါဘုရာ့ ထွတ်ဘုန်းရှင်။

## ၃။ မဟိမာ ဂုဏ်တော်

အဘိညာဉ်ဉာဏ် ဇကကိုင်ရတဲ့၊
ဘက်ပြိုင်မရ တို့ဘုန်းခိုင်။
ခန္ဓာကိုယ်သွင် ကြီးစေချင်က၊
ကြီးလိုသမျှ ကြီးစေနိုင်။
မဟိမာခေါ် ဘုန်းဂုဏ်အရဖြင့်၊
သုံးဘုံဘဝ ထွတ်ဆုံးတိုင်။
ရှင်မြတ်ဘုန်းဂုဏ် လွန်စွာသိလို့၊
ဝန္ဒာမိပေါ့ တို့ဦးကိုင်။

## ၄။ ပတ္တိ ဂုဏ်တော်

ကျွတ်ထိုက်သသူ နတ်လူများ၊
တရားပြသ ချွတ်ဖို့ရာ။
ကြွလိုပါလျှင် ချိန်မဆိုင်းခဲ့၊
လိုတိုင်းခဏ ကြွနိုင်ပါ။
ပတ္တိဟုခေါ် ဘုန်းဂုဏ်အရ၊
ဘုံသုံးဘုံက ဦးညွှတ်လာ။
ဂုဏ်တော်အရှင် တို့ထွတ်ဖျားဌ်၊
ဝပ်တွား ခ—ယ ကန်တော့ပါ။

## ၅။ ပါကမ္မ ဂုဏ်တော်

ဘယ်လိုဖြစ်စေ စိတ်ကြံခပင်း၊
အဓိဋ္ဌာန်ခြင်း စသည်မှာ။
တန်ခိုးတော်ရှင် မြတ်ဗုဒ္ဓမို့၊
လိုတ သမျှ ပြည့်ဝလာ၊
ပါကမ္မခေါ် ဂုဏ်တော်မြတ်ဖြင့်၊
လူနတ်တိုင်းသိ ထင်ရှားစွာ။
ဂုဏ်တော်မြတ်ရှင် ထွတ်အဖူးကို၊
ညွှတ်နူးဦးခိုက် ပူဇော်မှာ။

### ၆။ ဤသိတာ ဂုဏ်တော်

ကံရည်ဉာဏ်ရည် စွမ်းရည်မျိုး၊
တန်ခိုးအရ တို့ဘုန်းခိုင်။
အလိုပါအောင် နတ်လူမျိုး၊
အစိုးတရ ဆွဲဆောင်နိုင်။
ဤသိတာခေါ် ပုံဖော်အပြ၊
ဂုဏ်တော်ရတဲ့ တို့ဦးကိုင်။
ဦးညွှတ်ရှိသေ ဂါရဝဖြင့်၊
ပဏာမပွင့် တင်ဆက်နိုင်။

### ၇။ ဝသိတာ ဂုဏ်တော်

တန်ခိုးအရာ ဘက်ပြိုင်ကင်း၍၊
သွက်နိုင်နင်းခဲ့ တို့မြတ်စွာ။
ဣဒ္ဓိဝိဓာ ဘိညာခန်း၌၊
အစွမ်းပြောင်မြောက် နိုင်နင်းလာ။
ဝသိတာတွင် ပုံသွင်အလှ၊
ဂုဏ်အင်ရတဲ့ မြတ်ဗုဒ္ဓါ။
ရှင်တော်မြတ်ကို ဖူးမြင်မဝ၊
ဦးတင်သ—လို့ ဝန္ဒနာ။

### ဂ။ ယတ္ထကာမာ ဝသာယိတ ဂုဏ်တော်

ကောင်းကင်ပျံချေ မြေလျှိုးအစ၊
ပြုသမျှတိုင်း အရာမှာ။
တန့်ရပ်စေလို မဆုတ်မဆိုင်း၊
လိုတိုင်းပြီးခဲ့ ရပ်စဲလာ။
ယတ္ထကာမာ ဝသာယိတ၊
ဂုဏ်တော်ပိုင်သ တို့မြတ်စွာ၊
အရှင်မြတ်ဂုဏ် လွန်စွာသိလို့၊
ဝန္ဒာမိဘုရား ရှိပဏာ။

# အသာဓာရဏ ဉာဏ်တော် (၆)ပါး

## ၁။ ဣန္ဒြိယပရောပရိယတ္တ ဉာဏ်တော်

နတ်လူပြဟ္မာ မဂ်ဖိုလ်ရဖို့၊
ချိန်ခါကာလ လျှော်မလျှော်။
သဒ္ဓါစသည် ဣန္ဒြေချင့်၊
အရင့်အနု ဟုတ်တိုင်းပေါ်။
သိတော်မူရာ ဣန္ဒြိယ၊
ပရောပရိယတ္တ ဉာဏ်အကျော်၊
ထိုဉာဏ်တော်ရှင် မြတ်ဘုရားကို၊
ဝပ်တွားခယ ကျွန်ပူဇော်။

## ၂။ အာသယာနုသယ ဉာဏ်တော်

အလိုဓာတ်ခံ အာသယနှင့်၊
အနုသယ ခုနစ်ထွေ။
သတ္တဝါသန္တာန် တွင်းဝင်ကြည့်သို့၊
ရှင်းရှင်းမြင်သိ တို့ဘုန်းဆွေ။
အာသယာနုသယခေါ် ဉာဏ်တော်မြတ်ဖြင့်၊
လောကဓာတ်လုံး ပေါ်ထင်ပေ။
ဉာဏ်တော်ရှင်ကို ချစ်မြတ်နိုး လို့၊
ရှိခိုးညွတ်ခ ဦးတင်မလေ။

### ၃။ ယမကပါဠိဟာရိယ ဉာဏ်တော်

လက်ဝဲလက်ယာ အင်္ဂါအစိတ်မှ၊
တဖိတ်ဖိတ်ကြွ ရေမီးစုံ။
ကိုယ်တော်မြတ်ပုံ နိမ္မိတလဲ၊
ဖန်ဆင်း၍ပြ တန်ခိုးစုံ။
ပြာဋိဟာခေါ် ယမကဟု၊
မြတ်ဗုဒ္ဓ၏ ဉာဏ်အဟုန်။
ဉာဏ်တော်ရှင်ကို ဦးတင်သ—ပေ့ါ၊
ပူးမြင်မဝ ရှုမကုန်။

### ၄။ မဟာကရုဏာသမာပတ္တိ ဉာဏ်တော်

သတ္တဝါတွေ ဒုက္ခဝေးဖို့၊
ချမ်းသာရေးသို့ ဆောင်ပို့ရန်။
ကရုဏာတော် မရပ်နားခဲ့၊
အထပ်ထပ်ပွား ဝင်စားဟန်။
မဟာကရုဏာ သမာပတ်ဟု၊
အမြတ်တပါး ရှင်တော်ဉာဏ်။
ဉာဏ်တော်မြတ်ရှင် ထွတ်အဖျားသို့၊
ဝပ်တွားပါ၏ စိတ်အားသန်။

### ၅။ သဗ္ဗညုတ ဉာဏ်တော်

စွမ်းအားသုံးသွယ် ပြည့်ကြွယ်ဝလို့၊
သိဖွယ်ရှိသမျှ အဖုံဖုံ။
တရားလုံးစုံ ထင်စွာသိလို့၊
ပညာရှိတို့ ဦးညွတ်ကုန်။

သဗ္ဗညုခေါ် ဉာဏ်တော်မြတ်ဖြင့်၊
လောကဓာတ်လုံး ပဲ့တင်တုန်၊
ဉာဏ်ကြီးရှင်ကျော် ဝန္ဒာမိပေါ့၊
လွန်စွာသိလို့ ဉာဏ်တော်ဂုဏ်။

## ၆။ အနာဝရဏ ဉာဏ်တော်

သဗ္ဗညုခေါ် မြတ်ဗုဒ္ဓမို့၊
တရားဓမ္မ သိရာတွင်။
မသိသာအောင် ပိတ်ကာထားတဲ့၊
ဘယ်အတားမျှ မရှိစင်။
အနာဝရဏခေါ် ဉာဏ်တော်ထူးဖြင့်၊
ထွတ်ဖူးရှင်ဟု အများမြင်။
တို့များအရှင် အတုလဟု၊
ရှုဆ—မြင်သိ ရှိဦးတင်။

★ ◉ ★

# သရဏဂုံ တရားတော်

၁၃၄၆ - ခု၊ ဝါဆိုလကွယ်။ (၂၇-၇-၈၄)

## သရဏဂုံ နားလည်ဖို့ အရေးကြီး

အယင်သီတင်းတုန်းက ဘုန်းကြီးက သရဏဂုံတရား စဟောတယ်။ နောက်, နောက်ကပုဂ္ဂိုလ်တွေ မကြားရဘူး။ ထပ်ဟောပါဦးလို့ တောင်းပန်တယ်။ ဒီနေ့တော့ ထပ်ဟောရဦးမယ်။ သို့သော် အချီးလေးတော့ နည်းနည်းကွဲတယ်။ ဒိပြင် တရားကတော့ တူပါလိမ့်မယ်။ သရဏဂုံတရား ဘုန်းကြီး ဆက်ဟောမယ်လို့ ရည်ရွယ်ထားလို့ အယင် သီတင်းတုန်းက အချီးအနေနဲ့ သရဏဂုံ အချီး တရားဟောခဲ့တယ်။ အဲဒီတော့ သရဏဂုံသုံးပါး တရားကို ဘုန်းကြီး ဆက်ပြီး ဟောသွားမယ်။ ယနေ့တော့ အချီးပဲ။ သရဏဂုံဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအဖို့ အရေးကြီးတဲ့ တရားတခု။ သရဏဂုံ ပွဲတိုင်း, လမ်းတိုင်း, နေရာတိုင်းမှာ ခံယူနေကြတယ်။ နေ့တိုင်းလဲ ဘုရားရှိခိုးတဲ့အခါ သရဏဂုံခံယူတယ်။ သရဏဂုံကလဲ အဆင့်ဆင့်ရှိတယ်။ အနိမ့်စား, အလတ်စား, အမြတ်စား အဆင့်ဆင့်ရှိတဲ့ သရဏဂုံကို မိမိတို့ အဆင့်ဆင့် တက်နိုင်အောင် ကြိုးစားဖို့ကအရေးကြီးတယ်။ ဒါကြောင့် အခြေခံဖြစ်တဲ့ သရဏဂုံဟာ ကောင်းကောင်း နားလည်ဖို့ အရေးကြီးတယ်။ ကောင်းကောင်းနားလည်ထားတဲ့ အခါကျတော့ မိမိကိုယ်တိုင်လဲ ကျင့်နိုင်တယ်။ သူတပါးကိုလဲ ကျင့်အောင် နှိုးဆော်နိုင်တယ်၊ တိုက်တွန်းနိုင်တယ်၊ နည်းလမ်း ပေးနိုင်တယ်။ သရဏဂုံဆိုတာက ဘုန်းကြီးတို့ ကိုးကွယ်ရာ ရှာလို့ တွေ့တဲ့အတွက်ကြောင့် ကိုးကွယ်ရာလို့ အသိအမှတ်ပြု ဆည်းကပ်မှုကို သရဏဂုံ ခေါ်တယ်။

## အမှန်ကိုးကွယ်မှု သရဏဂုံ

လောကမှာ လူတွေဟာ ရှေးကတည်းက ကိုးကွယ်ရာ ရှာခဲ့ကြတယ်။ ရှာခဲ့ကြတော့ အမှန်တွေ့တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်။ အမှန်မတွေ့တဲ့ပုဂ္ဂိုလ်တွေလဲ ရှိတယ်။ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ကိုးကွယ်ရာအမှန်ကို တွေ့ထားတာ ဝမ်းသာစရာကောင်းတယ်။

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဘယတဇ္ဇိတာ၊ ဘေးအမျိုးမျိုးဖြင့် အခြောက်အလှန့် ခံနေကြရကုန်သော။ မနုဿာ၊ လူအပေါင်းတို့သည်။ ဝေ၊ စင်စစ်။ ဗဟုံ၊ များစွာကုန်သော။ ပဗ္ဗတာနိ စ၊ တောင်တို့ကို လည်းကောင်း။ ဝနာနိ စ၊ တောတို့ကို လည်းကောင်း။ အာရာမရုက္ခစေတျာနိ၊ အရာမ်စေတီ,တောတည်း ဟူသော စေတီ, သစ်ပင်တည်းဟူသော စေတီတို့ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြလေကုန်၏။ ဧတံ၊ ထိုဘေးကို ကြောက်၍ တောင်ကို ကိုးကွယ်ခြင်း, တောကို ကိုးကွယ်ခြင်း, အာရာမစေတီ အရာမ်စေတီကို ကိုးကွယ်ခြင်း။ ရုက္ခစေတီ၊ သစ်ပင်စေတီကို ကိုးကွယ်ခြင်းဆိုတဲ့ ကိုးကွယ်ခြင်း ရှာကြတဲ့ ကိုးကွယ်ရာသည်။ ခေမံ၊ ဘေးကင်းဖို့ရာဖြစ်သော။ သရဏံ၊ ကိုးကွယ်ရာသည်။ န၊ မဖြစ်ပါပေ။ ဧတံ၊ ဤ တော, တောင် စသည်ကို ကိုးကွယ်ခြင်းဖြင့် ရှာတဲ့ ကိုးကွယ်ရာသည်။ ဥတ္တမံ၊ မွန်မြတ်သော။ သရဏံ၊ ကိုးကွယ်ရာသည်။ န၊ မဟုတ်ပါပေ။ ဧတံ၊ ဤ တောစသည်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ အာဂမ္မ၊ ဆည်းကပ်ကြကုန်၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ။ နမုစ္စတိ၊ ဘယ်နည်းနဲ့မှ မလွတ်ကင်းကြရပါပေတကား။

ရှေးက ဘေးကြောက်လို့ သစ်ပင်ကိုးကွယ်ကြ၊ တောင်ကိုးကွယ်ကြ၊ တော ကိုးကွယ်ကြနဲ့ အမျိုးမျိုး ကိုးကွယ်ကြတယ်၊ ကိုးကွယ်ရာ ရှာကြတယ်။ အဲဒီ ကိုးကွယ်ရာရှာကြတော့ အဲဒီပုဂ္ဂိုလ်တွေဟာ မှန်ကန်တဲ့ကိုးကွယ်ရာ ရကြသလား ဆိုတော့ မရကြဘူး၊ မှန်ကန်တဲ့ကိုးကွယ်ရာ မရကြဘူး။ မရကြတော့ မိမိတို့ ဒုက္ခကင်းအောင် ဆိုပြီး ကိုးကွယ်တာဟာ ဒုက္ခကင်းခြင်း တည်းဟူသော အကျိုး မရကြဘူး။ မရကြသောကြောင့် အဲဒီကိုးကွယ်ရာတွေဟာ မှန်ကန်တဲ့ ကိုးကွယ်ရာ မဟုတ်ဘူး။ တကယ့် ကိုးကွယ်ရာ မဟုတ်။ မိမိတို့ လိုလားတဲ့ ဒုက္ခငြိမ်းကြောင်း ကိုးကွယ်ရာ မဟုတ်ဘူး။

## အကောင်းဆုံး ကိုးကွယ်ရာ

ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဧတံ၊ ဤ ဘုရား, တရား, သံဃာတည်းဟူသော ရတနာသုံးပါး ကိုးကွယ် ရာ၍ သစ္စာသိမြင်ရခြင်းသည်။ ခေမံ၊ ဘေးကင်းကွာ ရန်ကင်းကွာ အေးချမ်း လုစ္စာသော။ သရဏံ၊ ကိုးကွယ်ရာအစစ် တကယ်တန်း ဖြစ်ပါပေ၏။ ဧတံ၊ ဤ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရ၍။ သစ္စာ သိ မြင်ရခြင်းသည်။ ဥတ္တမံ၊ မွန်မြတ်လှစွာသော။ သရဏံ၊ ကိုးကွယ်ရာ အစစ် တကယ်တမ်း ဖြစ်ပါပေ၏။ ဧတံ သရဏံ၊ ဤ သစ္စာသိမြင်၍ "ဘုရားတရား သံဃာ ရတနာမြတ်သုံးပါး ကိုးကွယ်ရခြင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ဝဋ္ဋဒုက္ခခပ်သိမ်းမှ။ ပမုစ္စရေ—ပမုစ္စန္တိ၊ ကင်းလွတ်ကြရလေကုန် သတည်း။

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာ တကယ့် ကိုးကွယ်ရာ။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်လို့ သစ္စာလေးပါး သိကြရပြီဆိုယင် အဲဒီကိုးကွယ်ရခြင်းသည် အလွန်မြတ်သော ကိုးကွယ်ရာ ဖြစ် ပါသည်။

## သရဏဂုံ သိခြင်းအကျိုး

ဘုရားရှင် ကိုယ်တော်မြတ်က ဟောတော်မူခဲ့ကယ်နော်၊ ဒါကြောင့် တကယ့်ကိုးကွယ်ရာဟာ ရတနာသုံးပါး။ ရှေးက အမျိုးမျိုး ကိုးကွယ်လာကြတာတွေဟာ တကယ့်ဒုက္ခငြိမ်းကြောင်း ကောင်းတဲ့ မှန်မြတ်တဲ့ ကိုးကွယ်ရာ မဟုတ်။ သရဏဂုံ အစစ်မဟုတ်။ သရဏဂုံအကြောင်းနှင့်စပ်၍ သိမှတ်ဖွယ်ရာတွေ အများကြီးပဲ။ အများကြီးရှိတော့ အဲဒီသိမှတ်ဖွယ်ရာတွေကို သိကြပြီဆိုယင် သရဏဂုံဆိုင်ရာမှာ ကျွမ်းကျင်။ ကိုယ်လဲပဲ မြင့်မြတ်တဲ့ သရဏဂုံခံယူသူအဖြစ် ရောက်အောင် ကြိုးစားနိုင်တယ်။ သူသူငါငါကိုလဲ သရဏဂုံ မတည်သေးတဲ့ ပုဂ္ဂိုလ်တည်အောင် သာသနာပြုနိုင်တယ်။ တည်ပြီးသား ပုဂ္ဂိုလ်တွေကိုလဲ အဆင့်မြင့်သရဏဂုံနည်းပေးလမ်းပြ လုပ်နိုင်တယ်။ ဒါ့ကြောင့် သရဏဂုံအရာမှာ ကျွမ်းကျင်နားလည်ဖို့ အရေးကြီးတယ်။

## ကျွန်မလေး ပုဏ္ဏာ

အဲဒါနဲ့စပ်လို့ ဘုရားရှင်ကိုက်တော်မြတ်လက်ထက်က သာသနာပြုခဲ့တဲ့ အမျိုးသမီးလေး တယောက်အကြောင်းကို ဘုန်းကြီးဟောကြားရမယ်။ အဲဒီ အမျိုးသမီးလေးဟာ ဘဝအခြေအနေမလှလို့ အနာထပိဏ်သဌေးကြီးရဲ့အိမ်မှာ အိမ်ကျွန်မကြီးရဲ့ဝမ်းမှာ ပဋိသန္ဓေတည်ပြီး မွေးဖွားလာတဲ့ကျွန်မလေး တယောက်။ နာမည်က ပုဏ္ဏာတဲ့၊ ပုဏ္ဏာဆိုတဲ့အမျိုးသမီးလေးဟာ တနေ့ မြစ်ဆိပ်ကို ရေခပ်ဆင်းသွားတယ်၊ အဲဒီအချိန်ကလဲ ချမ်းချမ်းစီးစီး ဆောင်းအခါကြီး။ ရေခပ်ဆင်းသွားတဲ့အခါကျတော့ ပုဏ္ဏားကြီးတယောက် ရေချိုးနေတာတွေ့ရတယ်။ ချမ်းချမ်းစီးစီး အင်မတန်အေးမြတဲ့ အခါသမယကြီးမှာ တုန်တုန်ခိုက်ခိုက်နဲ့ ရေချိုးနေတဲ့ ပုဏ္ဏားကြီးကို မြင်ရတဲ့အခါကျတော့ ပုဏ္ဏာဆိုတဲ့ အမျိုးသမီးလေးက ပုဏ္ဏားကြီးကို မေးတယ်။

## ပုဏ္ဏာအမေး ပုဏ္ဏားအဖြေ

ပုဏ္ဏားကြီး ....ကျွန်မတို့ဟာ အရှင်သခင်တွေကြောက်လို့ အရှင်သခင်တွေ ပေးမယ် ဒဏ်ကို ကြောက်လို့၊အရှင်တွေပြောမယ့်ဆိုမယ့်ဒဏ်တွေကိုကြောက် လို့၊ မနေသာလို့ ဒီလိုချမ်းတဲ့အခါကြီးမှာ ရေချိုးဆင်းလာရ၊ ရေခပ်ဆင်း

လာရတာ။ အရှင်ပုဏ္ဏားကြီးဟာ ဒီလို ချမ်းချမ်းစီးစီးအခါကြီးမှာ ဘယ်သူ့ကိုမျှားကြောက်လို့၊ ဘယ်ပုဂ္ဂိုလ်ကိုကြောက်လို့ အဲလိုတုန်တုန်ခိုက်ခိုက်နဲ့ ရေချိုးနေသတုံးလို့ မေးတယ်။ အဲဒီအခါမှာ ပုဏ္ဏားကြီးက ရှင်မပုဏ္ဏာ.... ဒီမြစ်ရေကိုချိုးလို့ရှိယင် မကောင်းမှုတွေ စင်တယ်၊ ကောင်းမှုတွေဖြစ်တယ်ဆိုတာ သင်သိပါတယ်။ အကြင်ပုဂ္ဂိုလ်တယောက်ဟာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မကောင်းမှုပြုထားပြီဆိုလျှင် မြစ်ရေကိုဆင်းပြီးတော့ ခုလိုအခါကြီးမှာ ချိုးလိုက်တယ်ဆိုယင် အဲဒီမကောင်းမှု ပျောက်နိုင်တယ်လို့ မကောင်းမှုပျောက်နိုင်တယ်ဆိုတဲ့အကြောင်း သူက ပုဏ္ဏာကိုပြောတယ်။

## ပုဏ္ဏာ၏ ချေပချက်

ဒီတော့ ပုဏ္ဏာက အရှင်ပုဏ္ဏား .... မသိနားမလည်တဲ့ အရှင်ပုဏ္ဏားကို ဘယ်လိုနားမလည်တဲ့ ပုဂ္ဂိုလ်တယောက်က ဒီလိုပြောထားသတုံး။ ကံ၊ ကံ၏အကျိုးကို မသိနားမလည်တဲ့ အရှင်ပုဏ္ဏားကြီးကို မသိနားမလည်တဲ့ပုဂ္ဂိုလ်တယောက်ယောက်ကများ နည်းပေးလမ်းပြ ညွှန်ကြားပြောပြထားသတုံး။ မြစ်ရေချိုးယင် မကောင်းမှုစင်ရမယ်လို့ အရှင်ပုဏ္ဏားကြီးကို ဘယ်လိုနားမလည်တဲ့သူက ပြောပြထားပါသတုံးလို့ ပြောပြပြီးတော့ ပုဏ္ဏာက ဆက်လက်ပြီးတော့ ယုတ္တိလေးနဲ့ပြောတယ်။ ရှင်ပုဏ္ဏားကြီးပြောသလို ဒီမြစ်ရေချိုးလို့ အကုသိုလ်စင်တယ်ဆိုယင် ဟောဒီမြစ်ထဲမှာရှိတဲ့ငါးတွေ၊ လိပ်တွေ၊ မိချောင်းတွေ၊ ဒိပြင် ရေနေသတ္တဝါတွေအကုန်လုံး အကုသိုလ်စင်ပြီးတော့ နတ်ပြည်ရောက်ကုန်မှာပေါ့။ အဲသလို အကြောင်းယုတ္တိကလေးနဲ့ပြောတော့ ပုဏ္ဏားကြီးဟာ တော်တော်လေးတော့ သဘောပေါက်သွားဟန်ရှိတယ်။ ဟုတ်တာပေါ့။ မြစ်ရေဟာ အကုသိုလ်ပျောက်ရမည်ဆိုလျှင် သူ့လို တခါတလေ လာချိုးတဲ့လူမပြောနဲ့ အမြဲတမ်းရေထဲစိမ်နေကြတဲ့ ငါးတွေ၊ လိပ်တွေ၊ မိချောင်းတွေ၊ ရေသတ္တဝါတွေ သူတို့သာပြီး တော့ အကုသိုလ်ပျောက်ဖို့ရှိတာပေါ့။ အဲဒီတော့ အသင့် ယုတ္တိမရှိပါဘူး။ သင်ပြောတဲ့အတိုင်း ရေဆင်းချိုးလို့ အကုသိုလ်စင်ရမယ်ဆိုယင်တော့၊ ဒီငါးတွေ၊ လိပ်တွေ၊ မိချောင်းတွေ၊ ရေနေသတ္တဝါတွေဟာ အကုန်လုံး နတ်ပြည်ရောက်ကုန်ကြမှာပေါ့။

## ရှင်းလင်းချက် တမျိုး

ဒါဘင်မကဘူး။ လောကမှာ မကောင်းမှုအမြဲပြုနေကြတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဆိတ်သတ်သမားတွေ၊ ဝက်သတ်သမားတွေ၊ မုဆိုးတံငါတွေ၊ ပြီးတော့ လူသတ်သမားတွေ၊ မကောင်းမှုပြုကြတဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။ အဲဒီပုဂ္ဂိုလ်တွေလဲ ဒီမြစ်ရေဆင်းချိုးနေကြတာပဲ။ သင်ပြောသလို အဲဒီပုဂ္ဂိုလ်တွေက အရှင်ပုဏ္ဏားပြောသလို ရေချိုးလို့ အကုသိုလ်စင်ရမယ်ဆိုယင် သူတို့လဲ သူတို့ပြုတဲ့ မကောင်းမှုတွေ အကုန်လုံး ပပျောက်ရမှာပေါ့။ နောက်ပြီး တမျိုးပြောရမယ်ဆိုယင် ဒီမြစ်ရေက အကုသိုလ်ကို ပျောက်စေတယ်လို့ ဆိုလို့ရှိယင် ကုသိုလ်ကိုလဲ သူပျောက်စေမှာပေါ့။ အကုသိုလ်တွေတောင် သူစင်ကြယ်အောင် ပျောက်အောင် လုပ်နိုင်တယ်ဆိုယင် ကုသိုလ်တွေလဲ စင်ကြယ်အောင် ပျောက်အောင် လုပ်မှာပေါ့။ လုပ်နိုင်တယ်ဆိုယင်လဲပဲ အရှင်ပုဏ္ဏားကြီးရဲ့ ကုသိုလ်တရားလေးတွေ ပြောင်ကုန်တော့မှာပဲ၊ အဲသလိုပြောတော့ ပုဏ္ဏားကြီးဟာ အင်မှတန် သဘောကျတယ်။

## ဆရာစား လက်ဆောင်

အဲဒါနဲ့ ဆက်ပြီးတော့ အရှင်ပုဏ္ဏား....အကုသိုလ် ကြောက်လို့ရှိယင်ဖြင့် အကုသိုလ် မပြုပါနဲ့။ အကုသိုလ် ပျောက်ချင်လို့ကတော့ ရေချိုးမနေနဲ့။ အကုသိုလ် ပျောက်ချင်ယင် အကုသိုလ် မပြုရုံပဲ ရှိတယ်။ ရေချိုးလို့တော့ ခန္ဓာကိုယ် အအေးခံရပြီးတော့ ပင်ပန်း ဆင်းရဲရုံပဲ ရှိမယ်လို့ ပြောတဲ့အခါ ကျတော့ သဘောပေါက်သွားတယ်။ သူ့အယူအဆ မမှန်ဘူးဆိုတာ နားလည်သွားတယ်။ နားလည်သွားတော့ အင်မတန် ဝမ်းသာသွားတယ်။ ဝမ်းသာတော့ သူ့မှာ အပိုပါလာတဲ့ အဝတ်ကလေးကို ဆရာစား လက်ဆောင် ပေးတယ်။

ကုမ္မဂ္ဂပဋိပန္နံ မံ၊ အရိယမဂ္ဂံ သမာနယိ။
ဒကာဘိသေစနာ ဘောတိ၊ ဣမံ သာဋ္ဌံ ဒဒါမိ တေ။

ဘောတိ၊ ရှင်မပုဏ္ဏာ'၊ ဒကာဘိသေစနာ၊ အကုသိုလ် ပျောက်အောင်ရယ်လို့ ရေချိုးခြင်းဖြင့်။ ကုမ္မဂ္ဂပဋိပန္နံ၊ လမ်းမှားသို့ လိုက်နေသော။ မံ၊ငါ့ကို။ အရိယမဂ္ဂံ။ အရိယာတို့ရဲ့ လမ်းကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှု ပြုရမယ်၊ အကုသိုလ် ရှောင်ရမယ်ဆိုတဲ့ လမ်းကြောင်းသို့။ သမာနယိ၊ ကောင်းစွာ ပို့ဆောင်ပေးခဲ့ပါပေပြီ။ ဣမံ သာဋ္ဌံ၊ အကျွန်ုပ်ကို လမ်းမှန် လမ်းကောင်းသို့ ပို့ဆောင်ပေးသည့်အတွက် ကျေးဇူးတင်၍ ဤပါလာတဲ့ ပုဆိုးထည် အဝတ်ကလေးကို။ တေ၊ ကျွန်ုပ်၏ ဆရာဖြစ်တဲ့ ရှင်မပုဏ္ဏာအား။ ဒဒါမိ၊ နှမြောဖေက် ရက်ရက် ရောရော လှူဒါန်း ပေးကမ်းပါအံ့သတည်း။

ဆရာအဖြစ် တင်လိုက်တယ်။ ဆရာအဖြစ် တင်ပြီးတော့ သူ့ပါလာတဲ့ အဝတ်ကလေးကို ဆရာစား ပေးတယ်။ ဆရာစားလှူလိုက်တယ်။ အဲဒီတော့ ပုဏ္ဏာကလဲ ဟာ—အရှင်ပုဏ္ဏား.... အရှင်ပုဏ္ဏားရဲ့ အဝတ်ကလေးဟာ အရှင်ပုဏ္ဏားအဖို့သာ ဖြစ်ပါစေ၊ ကျမအလိုမရှိပါဘူး။

## ပုဏ္ဏာ၏ လမ်းညွှန်ချက်

ကျမ ပြောချင်တာ ဒုက္ခကို ကြောက်သလား၊ ဒုက္ခကို မုန်းသလား၊ ဒုက္ခကို ကြောက်လို့ ဒုက္ခကို မုန်းယင် ဒုက္ခရောက်ကြောင်း မကောင်းမှုတွေ မပြုပါနဲ့။ မျက်မှောက်မှာ ဖြစ်ဖြစ်၊ မျက်ကွယ်မှာ ဖြစ်ဖြစ် ဒုက္ခရောက်ကြောင်း မကောင်းမှုတွေကို ရှောင်ပါ။ တကယ်လို့ ဒုက္ခမကြောက်ဘူး။ ဒုက္ခမကြောက်လို့ မကောင်းမှုတွေကို ပြုမယ်ဆိုယင် မိုးပေါ်ပျံတက်ပြေး ရှောင်သွားပေမယ့် ဘယ်လို ရှောင်ထွက်သွားပေမယ့် အဲဒီ ဒုက္ခကတော့ လွတ်မှာမဟုတ်ဘူး။ ဒါကြောင့် ဒုက္ခကြောက်ယင် ဒုက္ခမုန်းယင် ဒုက္ခ ဖြစ်ကြောင်းဖြစ်တဲ့ မကောင်းမှုတွေ ရှောင်ပါလော့။ ဒုက္ခကို ကြောက်ယင် ဒုက္ခကိုမုန်းယင် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ။ အင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ သီလတော်မြတ်

တို့ကို ဆောက်တည်ပါ။ အဲသည်လို နည်းပေးတော့ ပုဏ္ဏားကြီးက အင်မတန် ကျေးဇူးတင်သွားတယ်။ အဲဒါ နည်းလမ်းကောင်းပဲ ဆိုတာလဲ ကောင်း ကောင်း သိသွားတယ်။ ဒါကြောင့် ဝန်ခံတယ်။ ရှင်မပုဏ္ဏာ ပြောတဲ့အတိုင်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကိုကိုးကွယ် ဆည်းကပ်ပါတော့မယ်။ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့သီလကို ခံယူ ဆောက်တည်ပါတော့မယ်လို့ ဝန်ခံ တယ်။ နောင်အခါ ပုဏ္ဏားကြီးက ရဟန်း ပြုပြီးတော့ ရဟန္တာ ဖြစ်သွား တယ်။ အဲသလောက်အကျိုးရှိသွားတယ်။

## သာမည ပုဏ္ဏာမဟုတ်

ဒီပုဏ္ဏားကြီး တယောက်ကို ချွတ်လိုက်နိုင်တဲ့၊ ပုဏ္ဏားကြီးတယောက် သရ ဏဂုံ တည်အောင် နည်းညွှန်ပေးနိုင်တဲ့ ပုဏ္ဏာက သာမန်မဟုတ်ဘူးနော်။ အနာ ထပိဏ်သဌေးကြီးရဲ့ ကျွန်မဆိုပေမယ့် အနာထပိဏ် သဌေးတို့ရဲ့ အိမ်ဆိုတာက အမြဲတမ်း တရားမိုး ရွာနေတဲ့အိမ်။ မဟာသိဟနာဒ သုတ္တန် တရားကြီး နာရ တဲ့နေ့ အခါတုန်းက သောတာပန် တည်သွားတဲ့ အမျိုးသမီးလေးတဦး။ အဲဒီ သောတာပန် တည်တာကလဲ အဆန်းတော့ မဟုတ်ဘူး။ နောက်အကြောင်းက သူ့က ကောင်းခဲ့တယ်။ နောက်အကြောင်းက ဘာတုံးဆို ဝိပဿီ ဘုရားရှင် ကိုယ်တော်မြတ်၏ လက်ထက်တော်က ပိဋကတ် သုံးပုံဆောင် ဓမ္မကထိက ဘိက္ခု နီမလေး ဖြစ်ခဲ့ဖူးတယ်။ ဝိပဿီ ဘုရားရှင် လက်ထက်တော်တင် မဟုတ်သေး ဘူး၊ သိခီ ဘုရားရှင် ကိုယ်တော်မြတ် လက်ထက်၊ ဝေဿဘူ ဘုရားရှင် ကိုယ် တော်မြတ်လက်ထက်၊ နောက် ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ ဆိုတဲ့ ဘုရားသုံးဆူ၊ ဘုရားခြောက်ဆူ လက်ထက်မှာ အဲသလိုပဲ ဘိက္ခုနီမလေး အဖြစ် နဲ့ ပိဋကတ်သုံးပုံဆောင် ဓမ္မကထိက၊ ဓမ္မကထိကအဖြစ်နဲ့ သာသနာ့ဝန် ထမ်းခဲ့တယ်။

## မာန အပြစ်

သို့သော် ဒီလောက်တောင် ဘုရားခြောက်ဆူ လက်ထက်တိုင် ဘိက္ခုနီမ အဖြစ်နဲ့ ပိဋကတ်သုံးပုံဆောင် ဓမ္မကထိကလေး ဖြစ်ပြီးတော့ ဘာလို့ ရဟန္တာ မဖြစ်သတုံးလို့ ဆိုတော့ မာနခံလေးက ရှိတယ်။ အဲဒီ မာနခံလေးကို သူက

မပယ်နိုင်ဘူး။ မဖြုတ်နိုင်ဘူး။ မဖြုတ်နိုင်လို့ ရဟန္တာ မဖြစ်ခဲ့ဘူး။ အဲဒီမှာနစ်လေး မာနဓာတ်လေးဟာ အစဉ်သဖြင့် ကပ်ပါလာလို့ပဲ။ ယခု နောက်ဆုံးဘဝမှာ အနာထပိဏ် သဌေးကြီးရဲ့ အိမ်မှာ ကျွန်မအဖြစ်နဲ့ ယုတ်ညံ့တဲ့ အဖြစ်နဲ့ ဖြစ်ရတယ်။ အဲဒီတော့ မာနဆိုတာ အင်မတန် မကောင်းဘူးဆိုတာ သက်သေပြတာပဲ။ နောက်ကျတော့ ပုဏ္ဏားကြီးကို ဒီလိုဒီလိုပဲ ချွတ်လိုက်တယ်ဆိုတော့ အနာထပိဏ် သဌေးကြီးက သိရတော့ အင်မတန် ဝမ်းသာပြီးတော့ သူ့ကို ကျွန်အဖြစ်မှ လွှတ်လိုက်တယ်။ နောက် ရဟန်းပြု၊ ဘိက္ခုနီမပြု၊ ဘိက္ခုနီမ ပြုပြီးနောက် ရဟန္တာအဖြစ်သို့ ရောက်သည်ထိအောင် အကျိုးရှိသွားတယ်တဲ့။ အဲဒါ တရားသိလို့၊ သူက တရားသိထားတော့ သူတပါးကို လမ်းမှန်ရောက်အောင် သရဏဂုံတည်အောင် သီလဘည်အောင် တရားရှိအောင် သာသနာပြုနိုင်တယ်။ ဒါကြောင့် အသိအလိမ္မာ ဉာဏ်ပညာဆိုတာ အရေးကြီးတယ် ဆိုတာ သိစေဖို့ ပြောရခြင်းပဲ။

## ဗုဒ္ဓရှင်တော် ဖြစ်စ

ယခု သရဏဂုံအကြောင်းကို ပြောမယ့် အခါကျတော့ ရှေးဦးစွာ ပထမဆုံး သရဏဂုံတည်ခဲ့တဲ့ ပုဂ္ဂိုလ်အကြောင်းလေးကို အစချီပြီးတော့ ဟောရလိမ့်မယ်။ အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' သရဏဂုံ ခံယူ ဆောက်တည်ကြ။ ဒါက နောက်မှ ပေါ်လာတဲ့ သရဏဂုံ။ ပထမဆုံး ဘုရား ပွင့်တော်မူပြီး နောက် ပထမဆုံး သရဏဂုံ ခံယူကြတဲ့ ပုဂ္ဂိုလ်တွေ ယူနည်းလေးက တမျိုးလေး။ ဘုရားရှင်ကိုယ်တော်မြတ် ဘုရား ဖြစ်တော်မူခဲ့တဲ့ ဘုရားဖြစ်စဉ်ကို တိုတိုပဲ ခပ်ကျဉ်းကျဉ်း ဟောသွားမယ်။ ဘုရား ရှင်ကိုယ်တော်မြတ်ဟာ ဗောဓိပင်အောက် ပလ္လင်တော်ပေါ်မှာ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့တယ်။ ဘုရား ဖြစ်ပြီးတဲ့ နောက် အဲဒီပလ္လင်ပေါ်က မထဘူး။ ဘယ်နှစ်ရက်ထိအောင် နေသတုံး ဆိုတော့ ခုနစ်ရက်ထိအောင် နေတယ်။ ခုနစ်ရက်ထိအောင် ဘာလုပ်ပြီးနေတော်မူတာတုံး ဆိုတော့ မိမိ ရတော်မူတဲ့ တရားတော်တွေ ဆင်ခြင်ခဲ့တယ်။ မိမိ ရတော်မူတဲ့ နိဗ္ဗာန် အရသာကြီး ခံတော်မူတယ်။ ဖလသမာပတ်ကိုသုံးခြင်း

ချမ်းသာခံစားပြီးတော့သီတင်းသုံးတော်မူခဲ့တယ်။ ဘာမှမလုပ်ပဲနဲ့ ဒီလို ခုနစ်ရက်နေအောင် ခုနစ်ရက်စေ့အောင် ထိုင်နိုင်ဖို့ဆိုတာ လွယ်သလား။ တရက်တောင်မှ မဖြစ်နိုင်ဘူး။ အလွန်ခက်တယ်။

## လောကချမ်းသာက ခဏပဲ

လောကချမ်းသာဆိုတာက ဘာမှ မပြောပလောက်ပါဘူး။ အဲဒီလိုပဲ ဘယ်ချမ်းသာ ဖြစ်ဖြစ် လောကချမ်းသာတွေက တခဏ ခံစားပြီးတော့ နောက်အီသွားတာ။ ကြာကြာ ခံစားနိုင်တယ် မရှိဘူး။ လောက ကာမဂုဏ် ချမ်းသာတွေ။ ရူပါရုံ ခံစားတဲ့ ချမ်းသာ ဘယ်လောက်ကြာအောင် ကြည့်နိုင်မတုံး။ ထို့အတူပဲ သဒ္ဒါရုံ၊ အသံကောင်းလေး နားထောင်ကောင်းတယ်၊ ဘယ်လောက်ကြာအောင် နားထောင်နိုင်မတုံး။ အရသာလဲ ဘော်တော်လေးစားမိ အီသွားတယ်။ မစားချင်တော့ဘူး၊ အဲဒီလိုချည်းပဲ။

## ပလ္လင် သတ္တာဟ

ခုဟာက ဓမ္မအရသာ။ အဲဒါလဲ တကယ်တမ်း မြင့်မြတ်တဲ့ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော ချမ်းသာ။ အဲဒီချမ်းသာကို ခံစားတော်မူရတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူနိုင်တယ်။ တင်ပျဉ်ခွေ မဖျက်ပဲနဲ့ မစားပဲ မသောက်ပဲ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော် မူဘယ်။ ဘုရားမဖြစ်မီ ဘုရားဖြစ်မယ့်နေ့ သုဇာတာလှူတဲ့ ဃနာနို့ဆွမ်းကို လေးဆယ့်ကိုးလုပ် ဘုဉ်းပေးထားခဲ့တယ်။ လေးဆယ့်ကိုးရက် သီတင်းသုံးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လေးဆယ့်ကိုးလုပ် ဘုဉ်းပေးထားတယ်။ အဲဒီ လေးဆယ့်ကိုးလုပ်ဟာ ဩဇာ ပျံ့နှံ့ပြီးတော့ ခန္ဓာကိုယ်မှာ ဆာတယ် လောင်တယ် မရှိဘူး။ အားနည်းသွားတယ် မရှိဘူး။ ဒါကြောင့်မို့လို့ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ယခု ပထမ သတ္တာဟပတ်လုံး ပလ္လင်ပေါ်ထိုင်နေနိုင်တော်မူတယ်။ ထိုနေ့ ပလ္လင်ပေါ်မှာ ဗုဒ္ဓဖြစ်ကြောင်း တရားကောင်းတို့ကို အားထုတ်တော်မူခဲ့သော အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ဘုရားအဖြစ် ရောက်သွားတယ်။ ဘုရားအဖြစ် ရောက်သွားတော့ ပလ္လင်ပေါ်က မထဘူး။

## အနိမိသ သတ္တာဟ

ပလ္လင်ပေါ်က မထတော့ ဗုဒ္ဓကိစ္စ ဘုရားအလုပ် မပြီးသေးဘူးထင်တယ်လို့ သံသယဖြစ်ကြတယ်။ သံသယဖြစ်ကြတဲ့ နတ်တွေရဲ့ သံသယဖျောက်ဖို့ရာ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ကောင်းကင်ကို ဘန်ခိုးနဲ့ တက်ပြီးတော့ ယမကပြာဋိဟာ ဆိုတဲ့ ရေမီးအစုံ တန်ခိုးတွေပြပြီးတော့ နတ်တွေရဲ့သံသယ ဖျောက်ပြီးတော့ ပလ္လင်တော်နဲ့ မနီးမဝေး ပလ္လင်တော်ရဲ့ မြောက်ဘက် ခပ်စောင်းစောင်းကျတဲ့ အရပ်မှာ ပလ္လင်တော်ဘက် မျက်နှာမူပြီးတော့ ရပ်တော်မူတယ်။မိမိရဲ့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီတော်တွေရဲ့ အစွမ်းသတ္တိ ထင်ရှား ပြရာဖြစ်တဲ့ ပလ္လင်တော် ဗောဓိညောင်ပင်။ အဲဒါကို ခုနစ်ရက်ပတ်လုံး မမှိတ်မသုန်တဲ့ မျက်စိဖြင့်ခုနစ်ရက်လုံးလုံး အဲဒီ သဗ္ဗညုဘုရားဖြစ်ရာ ပလ္လင်တော်နဲ့ ဗောဓိပင်ကို ကြည့်နေတယ်တဲ့။ အဲဒါလဲ တကယ့်အံ့ဩစရာတချက်။ မစားမသောက် ဣရိယာပုထ်မဖျက် ရပ်တော်မူပြီးတော့ ခုနစ်ရက်ပတ်လုံး ပလ္လင်တော်ကို ကြည့်နေတော်မူတယ်ဆိုတော့ အာရုံက ပလ္လင်တော်ပေါ်မှာ မဟုတ်ပါဘူး။ အာရုံကတော့ တရားပဲ။ နိဗ္ဗာန်အရသာခံစားနေရာ၊ ဖလသမာပတ္တိသုခ ခံစားနေရာ၊ ဘယ်လောက် တရားတန်ခိုးဟာ ကြီးတယ်၊ အစွမ်းသတ္တိ ရှိတယ်ဆိုတာ ဒါ သက်သေခံနေတယ်နော်။ ခုနစ်ရက်ပတ်လုံး နေပြီးတော့ ခုနစ်ရက်ပတ်လုံး နေတဲ့နေရာကို အနိမိသ သတ္တာဟလို့ ခေါ်တယ်။ မမှိတ်မသုန် ပလ္လင်တော်ကိုကြည့်ရာ ရက်သတ္တ ခုနစ်ပတ်၊ အဲဒီ နေရာဟာ စေတီ မတည်ပေမယ့် စေတီဖြစ်နေတယ်။ အနိမိသ စေတီလို့ ခေါ်ရတယ်။ အဲဒီနေရာဟာ ပူဇော်ထိုက်တယ်၊ ပူဇော်ထိုက်တဲ့ နေရာ ဖြစ်နေတယ်။

## စင်္ကြံ သတ္တာဟ

အဲဒီနောက် ဒီပလ္လင်တော်နဲ့ ရှင်တော်မြတ်ဘုရား ရပ်တော်မူရာကြားမှာ အရှေ့အနောက် တန်းပြီးတော့ ရတနာစင်္ကြံ ပေါ်လာတယ်။ အဲဒီစင်္ကြံကြီးမှာ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူတယ်။

တရားအလုပ်၊ ဒါလဲ အလကားမဟုတ်ဘူး။ တရားတော်တွေ ဆင်ခြင်။ တရားတော်တွေ ဆင်ခြင်ပြီးတော့ နိဗ္ဗာန်အရသာ ခံစား။ ခံစာ ပြီးတော့ စင်္ကြံကြွတော်မူတာ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတယ်ဆိုတာလဲ ခုနကပြောတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တန်ခိုး၊ တရားတော်မြတ်ရဲ့ တန်ခိုး။ ဒါတွေ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားတန်ခိုးကို တကယ်ယုံကြည်နိုင်ပြီဆိုယင် ဘုရားကြည်ညိုမှုဟာလဲ စွဲသွားတယ်။ ဒါကြောင့် ဘုရားပေါ်မှာ ကြည်ညိုမှု၊ တရားပေါ်မှာ ကြည်ညိုမှုဟာ အရေးကြီးတယ်။

## ရတနဃရ သတ္တာဟ

အဲဒီ ရတနာစင်္ကြံမှာ ခုနစ်ရက်ပတ်လုံး စင်္ကြံ ကြွတော်မူပြီးတဲ့နောက် ခုနစ်ရက်ပြည့်တဲ့ အခါကျတော့ အဲဒီစင်္ကြံနဲ့ မနီးမဝေးမှာ ရတနာအိမ်တော်ကြီး နတ်တွေက ဖန်ဆင်းပေးတယ်။ အဲဒီ ရတနာအိမ်တော်ကြီးမှာ ဘုရားရှင် ကိုယ်တော်မြတ်ဟာ အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ် ဆင်ခြင်ခဲ့တယ်။ အထူးသဖြင့် ပဋ္ဌာန်း ကျမ်းတော်ကြီးကို ဆင်ခြင် သုံးသပ်တော်မူခဲ့တယ်။ တရားအရှိန်ကြောင့် ဆင်ခြင်သုံးသပ်တော်မူခဲ့တဲ့ အရှိန်အဝါကြောင့်....

| | | |
|---|---|---|
| နီလ | = | ညိုတဲ့ ရောင်ခြည်တော်၊ |
| ပီတ | = | ရွှေတဲ့ ရောင်ခြည်တော်၊ |
| လောဟိတ | = | နီတဲ့ ရောင်ခြည်တော်၊ |
| ဩဒါတ | = | ဖြူတဲ့ ရောင်ခြည်တော်၊ |
| မဥ္ဇိဋ္ဌ | = | မောင်းသော ရောင်ခြည်တော်၊ |
| ပဘဿရ | = | တလက်လက်၊ တလက်လက် လျှပ်စီး ပျက်သကဲ့သို့ ပြိုးပြိုးပျက်ပျက်ဖြစ်နေသော ရောင်ခြည်တော်၊ |

ရောင်ခြည်တော် ခြောက်သွယ်တွေ ထွက်လာတယ်။ အဲဒါက ရတနဃရ သတ္တာဟ။ ဒါလဲ စေတီတရပ်ပဲ။ ခုန စင်္ကြံသွားတာလဲ ရတနစင်္ကမ စေတီတဲ့။

## အဇပါလ သတ္တာဟ

နောက် ခုနစ်ရက်ပြည့်တဲ့ အခါကျတော့ အတိမ္မောလဲ ဆိုးရော ဘုရားရှင် ကိုယ်တော်မြတ် သတ္တာဟတခု ပြောင်းတယ်။ အဇပါလ ညောင်ပင်ကြီးသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူတယ်။ အဲဒီ ပင်ညောင်ပင်ကြီးရဲ့အောက်မှာပဲ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ဝိမုတ္တိသုခခေါ်တဲ့ အရဟတ္တဖိုလ် ချမ်းသာကို ခံစားပြီးတော့ သီတင်းသုံးတော်မူခဲ့တယ်။ အဲဒီအခါမှာ ဟုံဟုံလို့ ဆိုတဲ့ ပုဏ္ဏားတယောက်နဲ့ တွေ့တယ်။ ဒါ ပထမဦးဆုံး ဘုရားဖြစ်ပြီးနောက် တွေ့ရတဲ့ လူသားပုဏ္ဏားတယောက်က ဗြာဟ္မဏဆိုတာ ဘယ်လိုဟာတုံး မေးတော့ ဘုရားရှင် ကိုယ်တော်မြတ်က တိုက်ရိုက် အဖြေမပေးပဲနဲ့ ဗြာဟ္မဏဆိုတာ ဒီလိုပဲလို့ ဥဒါန်းကျူးသောအားဖြင့် ဘုရားရှင် ကိုယ်တော်မြတ်က အဖြေပေးတယ်။ ဗြာဟ္မဏဆိုတာ ဟုံဟုံနဲ့ မာနဒေါသထနေတဲ့ ပုဂ္ဂိုလ်ပြောတာမဟုတ်။ မဂ်ဉာဏ်တွေရ ကိလေသာတွေ ကင်းတဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်း ကျူးတဲ့ဥဒါန်းပါပဲ။

## မုစလိန္ဒ သတ္တာဟ

အဲဒီနောက်မှာ ဒီမှာ ခုနစ်ရက် သီတင်း သုံးပြီးနောက် အခါကျတော့ မုစလိန္ဒဆိုတဲ့ ကျည်းပင်ရင်းမှာ ဘုရားရှင် ကိုယ်တော်မြတ် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူတယ်။ အဲဒီအခါမှာ ခုနစ်ရက်ပတ်လုံး မိုးကြီးက စွေနေတယ်။ စွေနေတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး မိုးမစွတ်အောင် ဆိုပြီးတော့ အနီးအနားရှိတဲ့ ရေကန်ကြီးမှာ ဗိမာန်နဲ့နေတဲ့ မုစလိန္ဒ နဂါးမင်းကြီးက လာပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို ခုနစ်ပတ် အခွေကြီးနဲ့ပတ်ပြီးတော့ အပေါ်က ပါးပျဉ်းကြီး မိုးပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ချမ်းသာအောင် ပူဇော်တယ်နော်။ အဲဒီအခါ တကယ့် ကျောင်းတော်ကြီးထဲမှာ သီတင်းသုံးရသလိုတဲ့။ လေလဲ အတိုက်မခံရ။ မိုးလဲ အစွတ်မခံရ။ အင်မတန် ချမ်းသာတယ်။ ဒီအခါမှာ မုစလိန္ဒနဂါးမင်းကြီးက ခုနစ်ရက်စေလို့ မိုးလဲစဲ။ မိုးလဲစဲတဲ့အခါကျတော့ လုလင်ပျိုယောင် ဆောင်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ရှေ့လာပြီး ရှိခိုးပြီးတော့ ရပ်တယ်။

အဲဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်က ဥဒါန်းကျူးပြန်တာ။ဥဒါန်းကလဲ တခြားမဟုတ်ပါဘူး။ ချမ်းသာဆိုတာ ဘယ်လိုချမ်းသာ။ တကယ့်ကို ချမ်းသာတယ်ဆိုတာ ဘယ်လိုဟာကို တကယ်ချမ်းသာတယ် ဆိုတာ သရုပ်ဖော်ပြီး ဥဒါန်းကျူးရင့်တာ။ ကိလေသာ ကင်းဆိတ်ရာ နိဗ္ဗာန်လည်း ချမ်းသာကြောင်းပဲ။ သစ္စာတရား သိမြင်ရတဲ့ ပုဂ္ဂိုလ်ရဲ့ မေတ္တာ, ကရုဏာတရားလဲ ချမ်းသာကြောင်းပဲ၊ ကာမ ရာဂ ကင်းကြောင်း အနာဂါမိမဂ်လဲ ချမ်းသာကြောင်းပဲ။ ငါဆိုတဲ့ မာနကင်းကြောင်း အရဟတ္တမဂ်လဲ ချမ်းသာကြောင်းပဲ။ ကိုယ်တော်မြတ် ကြုံတွေ့ခဲ့ရတဲ့ တကယ် ချမ်းသာတွေ ဖော်ပြီး ဥဒါန်းကျူးပေတယ်။ အဲဒီ ချမ်းသာတွေထဲက တကယ်ကို ချမ်းသာဆိုတာဟာ ခု ဘုရားရှင် ကိုယ်တော်မြတ် ဘာမှ မစားမသောက်ပဲ နေနိုင်တဲ့ ချမ်းသာကြီး။ နိဗ္ဗာန် ချမ်းသာပဲ။

## ရာဇာယတန သတ္တာဟ

အဲသလို ကျည်းပင်ရင်း မုစလိန္ဒ သတ္တာဟမှာ ခုနစ်ရက်နေပြီးတဲ့ နောက် ဘုရားရှင် ကိုယ်တော်မြတ်ဟာ အဲဒီနေ့က စပြီးတော့မှ ရာဇာယတန လင်းလွန်းပင်အောက် ပြောင်းပြီးတော့ သီတင်းသုံးတော်မူခဲ့တယ်။ ဒါတွေဟာ အကုန်လုံး ဗောဓိပင်နား အနီးအနားက နေရာဌာနတွေပါပဲ။ လင်းလွန်းပင် အောက်မှာ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခဆိုတဲ့ အရဟတ္တဖိုလ် ချမ်းသာကြီး ခံစားပြီး သီတင်းသုံးတော်မူတယ်။ ခုနစ်ရက်မြောက်တဲ့ နေ့ကြတော့ ဥက္ကလာဆိုတဲ့ ဇနပုဒ်က ဥက္ကလာဆိုတဲ့ တိုင်းက တပုဿနဲ့ ဘလ္လိကဆိုတဲ့ ကုန်သည်ညီနောင်နှစ်ယောက် အဲဒီက သူတို့ ကုန်ရောင်းကုန်ဝယ် ကိစ္စနဲ့ လာကြတယ်။ လှည်းတွေနဲ့။ အဲဒီလို လာတဲ့ အချိန်အခါမှာ ရှေးတုန်းက သူတို့ ဆွေမျိုးတော်တဲ့ နတ်သား တယောက်က လမ်းက ဆီးပြီးတော့ သူတို့ကို ပြောပြတယ်။ အမောင်တို့....လောကမှာ ဘုရားပွင့်တော်မူတယ်။ ဘုရားရှင် ကိုယ်တော်မြတ် ပွင့်ထွန်း ပေါ်ပေါက်ပြီး နေခဲ့တယ်။ သင်တို့မှာ ပါတဲ့ မုန့်တွေကို ဆက်ကပ်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ပူဇော်ကြ။ သင်တို့ ပူဇော်မှုဟာ သင်တို့အား ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး ချမ်း

သာဖို့ရာ ဖြစ်လိမ့်မယ်လို့ သူတို့ကို မှာကြားတယ်။ သူတို့လဲ ဝမ်းသာအားရ မုန့်မှုန့်၊ မုန့်ဆုပ်တွေ ယူပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ထံ သွားကြတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ထံ ရောက်တဲ့အခါကျတော့မြတ်စွာဘုရားကို မုန့်အလှူခံဖို့ လျှောက်တယ်။ မြတ်စွာဘုရား....ဘုရား တပည့်တော်တို့ရဲ့ မုန့်မှုန့်တွေ ပျားရည်, တင်လဲ, ထောပတ်တို့ဖြင့် ဆုတ်ထားတဲ့ မုန့်ဆုတ်တွေဆိုတာတွေ အလှူခံတော်မူပါဘုရား။ လျှောက်ထား ကြတယ်။ မြတ်စွာဘုရား အလှူခံယင် တပည့်တော်တို့ ကာလကြာမြင့်စွာ ချမ်းသာဖို့ အကျိုးငှာ ဖြစ်ပါလိမ့်မယ်။ လျှောက်ထားတဲ့အခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်က စဉ်းစားတော်မူတယ်။

## သပိတ်တော်များ ရလာ၍ အလှူခံ

စောစောတုန်းက ပြောခဲ့သလို စောစောတုန်းက သုဇာတာ သဌေးသမီး လှူတဲ့ ဃနာနို့ဆွမ်းကို လေးဆယ့်ကိုးလုပ် ဘုဉ်းပေးထားတဲ့အတွက်ကြောင့် လေးဆယ့်ကိုးရက်တော့လဲ ဒီဃနာနို့ဆွမ်းတန်ခိုးနဲ့ လေးဆယ့်ကိုးရက်ပတ်လုံး ဘုရားရှင်ကိုယ်တော်မြတ်မှာ ဩဇာတွေပျံ့ပြီးတော့ အားရှိတယ်။ အခုတော့ အဲဒီအရှိန်အဝါကုန်သွားပြီ။ ကုန်သွားတော့ ဘုရားရှင်ကိုယ်တော်မြတ်ဆွမ်းဘုဉ်းပေးချင်တဲ့ ဆန္ဒဖြစ်တယ်။ အာဟာရ ဘုဉ်းပေးချင်တဲ့ ဆန္ဒဖြစ်လာတယ်။ ဒါကြောင့်မို့ မုန့်ဆွမ်းကို ဘုရားရှင် လက်ခံတော်မူလိုတယ်။ သို့သော် သပိတ်က မရှိဘူး။ သုဇာတာသဌေးသမီး နို့ဆွမ်းလာလှူတဲ့ အခါကျတော့ အဲဒီလှူတဲ့အခါမှာ သပိတ်ဟာ ပျောက်သွားတယ်။ သုဇာတာက နို့ဆွမ်းလှူတဲ့အခါမှာ ရွှေခွက်ကြီးပါ လှူသွားတာကိုး။ လှူမယ်လို့လာတဲ့အခါ အဲဒီအခါကတည်းက သပိတ်က ပျောက်သွားတယ်။ ဒါကြောင့် ယခုလာလှူတဲ့အခါကျတော့ လက်နဲ့ခံဖို့လဲ မတော်ဘူး။ ရှေးဘုရားတွေက ဘာနဲ့ခံကြတုံး စဉ်းစားတဲ့အခါကျတော့ သပိတ်နဲ့ခံကြတာ မြင်တော်မူတယ်။ ဘာနဲ့ခံရပါ့မတုံးလို့ စဉ်းစားတုန်း စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အကြံအစည်ကို သိရတယ်။ သိကြတော့ သပိတ်လေးလုံး လေးမျက်နှာက လွှတ်လိုက်တယ်။ ပထမ ဣန္ဒနီလာ မြသားပတ္တမြား

နဲ့ ပြီးတဲ့ သပိတ်လေးလုံး။ အဲဒါကို ဘုရားက အလှူမခံတော့။ ကျောက်သားဖြင့် ပြီးတဲ့ သပိတ်လေးလုံးလှတ်လိုက်ပြန်တယ်။ အလှူခံပြီးတော့ လေးယောက်စလုံး အကျိုးများအောင်၊ တလုံးတည်းဖြစ်အောင် ဘုရားရှင်ကိုယ်တော်မြတ် အဓိဋ္ဌာန်လိုက်တာ သပိတ်ကြီးဟာ တလုံးတည်းဖြစ်တယ်။ အဲဒီလို တလုံးတည်းဖြစ်သွားတဲ့အခါကျတော့မှ တပုဿတို့ ဘလ္လိကတို့ လှူတဲ့ မုန့်ဆွမ်းကို ဘုရားရှင်ကိုယ်တော်မြတ် အလှူခံတော်မူတယ်။ အလှူခံပြီးတော့ သုံးဆောင်တော်မူခဲ့တယ်။ ဘုဉ်းပေးတော်မူခဲ့တယ်။ လေးဆယ့်ကိုးရက်လုံး ဆွမ်းမဘုဉ်းပေးခဲ့ရဘူး။ အဲဒါ တရားတန်ခိုးနော်။ ဘုန်းကြီးတို့ ဘုရားကိုးကွယ်ဘယ်ဆိုတာ ဒီတရားတန်ခိုးကြောင့်၊တရားကိုးကွယ်တယ်ဆိုတာလဲ ဒီတရားဘော့ကြောင့်၊သံဃာကိုးကွယ်တယ်ဆိုတာလဲ ဒီတရားတွေကြောင့်။ အဲဒါကြောင့် မို့လို ဘုရားရှင်ကိုယ်တော်မြတ်ဟာ လေးဆယ့်ကိုးရက်ပတ်လုံး မျှတပြီးတော့ နေတာ ဒီနေ့မှ လေးဆယ့်ကိုးရက်မြောက်တဲ့ နောက်ဆုံးနေ့ကျမှ မုန့်ဆွမ်းဘုဉ်းပေးတော်မူတယ်။

## ဒွေဝါစိက သရဏဂုံ

မုန့်ဆွမ်းဘုဉ်းပေးပြီးတော့ တပုဿနဲ့ ဘလ္လိကညီနောင်နှစ်ဦးဟာ ဘုရားရှင်ကိုယ်တော်မြတ်အပေါ်မှာ အင်မတန်ကြည်ညိုကြတယ်။ နတ်ကပြောလိုက်တဲ့ စကား ကြားရကတည်းက အင်မတန်ကြည်ညိုသွားတယ်။ အခု ဘုရားရှင်ကိုယ်တော်မြတ်ကို တိုက်ရိုက်ဖူးမြင်ရတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကျက်သရေတော်ကို တိုက်ရိုက်ကိုမြင်ရတဲ့အခါကျတော့ သူတို့ရဲ့ ကြည်ညိုခြင်းဟာ နှိုင်းဆ၍ ပြောပြခြင်းငှာ မတတ်နိုင်လောက်အောင်ပဲ။ အင်မတန်လွန်ကဲတဲ့ ကြည်ညိုခြင်းဖြင့် လွန်ကဲကြည်ညိုကြတယ်။ ဒါကြောင့် သူတို့သရဏဂုံဆောက်တည်ကြတယ်။ သို့သော်သူတို့ဆောက်တည်တဲ့ သရဏဂုံဟာ ဒွေဝါစိကသရဏဂုံ။ နှစ်ကြိမ်ဆိုပြီးတော့ ခံယူတဲ့သရဏဂုံ၊ သံဃာမရှိသေးဘူး။ ဒီအခါမှာ ဘုရားတပါးတည်း။ လောကထဲမှာ သစ္စာလေးပါးသိတဲ့ ပုဂ္ဂိုလ်လို့ ဘုရားတပါးတည်း ရှိသေးတယ်။ကိုယ်တော်တိုင် ထွင်းဖောက်ပြီးတော့ သစ္စာလေးပါးသိလို့ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ အဲဒီ

သစ္စာလေးပါးကို ထွင်းဖောက်ပြီး သိမြင်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားတပါးပဲရှိသေးတယ်။ လောကမှာ ရဟန္တာတပါးပဲရှိသေးတယ်။ ဒါကြောင့် သံဃာရယ်လို့ မရှိသေးဘူး။ ဒါကို သူတို့ကသိတယ်။ ဘာကြောင့် သိတုံးဆိုတော့ နတ်ပြောလိုက်တဲ့အခါဘုန်းက ဒီဘုရားရှင်ကိုယ်တော်မြတ်ဟာ ပထမာဘိသမ္ဗုဒ္ဓေါ— သစ္စာလေးပါးကို ထိုးထွင်း၍သိတော်မူ၍ ဘုရား ဖြစ်တော်မူကာ ရှေးဦးစွာ ဆိုတဲ့အသုံးလေးဟာ ပါလာတယ်။ဘုရားဖြစ်တော်မူကာ ရှေးဦးစွာ ရာဇာယတန = လင်းလွန်းပင်အောက်မှာ သီတင်းသုံးတော်မူတယ်လို့ မှာလိုက်တော့ ပထမာဘိသမ္ဗုဒ္ဓဆိုတဲ့ အသုံးတွေထဲက ဘုရားဆိုတာသူသိတယ်။ ဘရားဆိုတာ သူသိတယ်။ ဒါကြောင့် သရဏဂုံကိုယူတော့လဲ ဒွေဝါစိက နှစ်ကြိမ်ဆိုတဲ့ သရဏဂုံသာ ခံယူနိုင်တယ်။ နှစ်ကြိမ်ဆိုရတဲ့ သရဏဂုံ ခံယူတယ်။

## သရဏဂုံ ယူပုံ

ခံယူပုံကလဲ— ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ မဟုတ်သေးဘူး —

ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ
ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ။

ဘန္တေ၊ ရှင်တော်မြတ်ဘုရား။ ဧတေ မယံ၊ ထိုဘုရားတပည့်တော်တို့သည်။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂစ္ဆာမ၊ ဆည်းကပ်ကြပါကုန်၏။ ။ဘုရားဆိုတာကိုတော့ သူတို့ မမြင်ခင်ကတည်းက ကြားခဲ့တာကိုး။ အခု ကိုယ်တိုင်တွေ့ရတော့ ဘုရားကို ကိုးကွယ်ဆည်းကပ်တော့မယ်ဆိုပြီးတော့ သရဏဂုံယူတယ်။ ယူပုံက တမျိုး ဒီလိုပဲ။ ။ဘန္တေ၊ မြတ်စွာဘုရား။ ဧတေ မယံ၊ ထိုဘုရားတပည့်တော်တို့သည်။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ကြပါကုန်၏။ သိမှတ်ကြပါကုန်၏။ ဓမ္မံ စ၊ တရားတော်မြတ်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာ

ဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ကြပါကုန်၏။ ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ နော၊ ဘုရားတပည့်တော်တို့ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်ကိုးကွယ်ကြသော။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတေ၊ ရောက်ကုန်သော။ ဥပါသကေ၊ ဥပါသကာတို့ဟူ၍။ ဓာရေတု၊ သိမှတ်တော်မူပါ ရှင်တော်မြတ်ဘုရား။

ဒီတော့ ဒီသရဏဂုံဟာ ပထမဆုံး သရဏဂုံပဲ။ လူထဲက ဘုရားစဖူးရတာကတော့ ခုန ဘုန်းကြီး ပြောပြီးပြီ။ ပုဏ္ဏားကြီးတယောက်ပဲ။ အဇပါလဆိတ်ကျောင်း ညောင်ပင်အောက်မှာ သီတင်းသုံးတုန်း ပုဏ္ဏားကြီးတယောက် ဖူးရတယ်။ အဲဒီ ပုဏ္ဏားကြီး ဖူးရတယ်ဆိုပေမယ့် သူက ပုစ္ဆာမေးတာသာ ရှိဘယ်၊ ပြဿနာ မေးတာသာ ရှိတယ်။ သရဏဂုံ မတည်သေးဘူး။ ဒုတိယ အကြိမ်တွေ့တဲ့လူထဲက ပုဂ္ဂိုလ်က အခု တပုဿ ဘလ္လိက ညီနောင်ပဲ။

သူတို့ကတော့ ဘုရားအကြောင်းလဲ တခါထဲ သိသွားတယ်။ ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို မြင်ရတော့လဲ အင်မတန် ကြည်ညိုသွားကြတယ်။ ဒါကြောင့် သရဏဂုံယူကြတယ်။ ဒွေဝါစိက သရဏဂုံဟာ လောကမှာ ပထမဆုံး ပေါ်လာတဲ့ သရဏဂုံပဲ။

ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ
ဓမ္မဉ္စ ဥပါသကေ နော ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ။

ဘန္တေ၊ မြတ်စွာဘုရား။ ဧတေ မယံ၊ ထိုဘုရားတပည့်တော် နှစ်ယောက်တို့သည်။ ဘဂဝန္တံ စ၊ မြတ်စွာဘုရားကို လည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်ကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ကြပါကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နော၊ ဘုရားတပည့်တော် နှစ်ယောက်တို့ကို။ အဇ္ဇဘဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတေ၊ အသက်တို့ဖြင့် ဆည်းကပ်ကြကုန်သော။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတေ၊ ရောက်ကြကုန်သော။ ဥပါသကေ၊ ဥပါသကာတို့ဟူ၍။ ဓာရေတု၊ မှတ်တော်မူပါ အသိအမှတ်ပြုတော်မူပါ အရှင်တော်မြတ်ဘုရား။

## ဆံတော်ဓာတ်တော် ရကြပုံ

ပထမဆုံး ဘုရားရှင်ရဲ့ တပည့်အဖြစ် ခံယူကြတဲ့ ဒကာ နှစ်ယောက်ရဲ့ သရဏဂုံ။ အဲဒါ ပထမဆုံး သရဏဂုံပဲ။ ဒီတော့ သရဏဂုံတည်ပြီးတဲ့ အခါကျတော့ ရှင်တော်မြတ်ဘုရား....တပည့်တော်တို့ ယနေ့ကစပြီး နောင်အခါ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ရှိခိုးရ၊ ကိုးကွယ်ရ၊ ခရီးဦး ကြိုဆိုရ၊ မြတ်နိုးရပါ့မတုံးဘုရား ဆိုပြီးတော့ လျှောက်ထားကြတယ်။ ဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်က လက်တော်နဲ့ လက်ယာလက်တော်နဲ့ ဦးခေါင်းတော်ကိုသပ်လိုက်တယ်။ သပ်လိုက်တဲ့အခါကျတော့ လက်တော်မှာ ဆံတော်လေးတွေ ကပ်ပါလာတယ်။ အဲဒီ ဆံတော်လေးတွေကို တပုဿနဲ့ ဘလ္လိကညီနောင်တို့အား ဘုရားရှင်ကိုယ်တော်မြတ် ချီးမြှောက်တော်မူတယ်။ အဲဒါတွေ မင်းတို့ ဆောင်ကြပေတော့လို့ ချီးမြှင့်တော်မူတယ်။ ဒီဆံတော်တွေဟာ တခြားမဟုတ်ဘူး။ ဘုန်းကြီးတို့ ယခု ရန်ကုန် နေပြည်တော်ပေါ် မှာ မားမားမတ်မတ် တည်နေတော်မူတဲ့ ရွှေတိဂုံ စေတီတော်မြတ်ကြီးမှာရှိတယ်လို့ အဆိုရှိတယ်။ ဒါကြောင့် ရွှေတိဂုံ စေတီတော်ကြီးဟာ ဘုရားရှင် ကိုယ်တော်မြတ် ပထမဆုံး ပေးတော်မူခဲ့တဲ့ ဆံတော်တည်ရာလို့ အသိအမှတ် ပြုခဲ့ကြတယ်။

အချို့က ဥက္ကလာမှာ အိန္ဒိယ၌ တည်ရှိကြောင်း၊ ဆံတော်ရတဲ့ တပုဿနဲ့ ဘလ္လိကတို့မှာ ရန်ကုန်ကမဟုတ်၊ အိန္ဒိယကသာ ဖြစ်ကြောင်း ဆိုကြတယ်။

ဒီနေရာမှာ တောင်ပေါက် ဆရာတော်ကြီး၏ အဆုံးအဖြတ်ကို မှတ်သားသင့်ပါတယ်။

ဆရာတော်ကြီးက ဥက္ကလာမှာ ဘင်္ဂလား အနောက်တောင်ဘက် ဩရိဿ (ဥရိဆာ)ပြည်နယ်ဖြစ်ကြောင်း၊ ဗမာပြည်မှာ ခေါ်ဆိုနေကြတဲ့ ဥက္ကလာပ ဆိုတဲ့ အမည်က အဲဒီ ဥက္ကလာတိုင်းက ပြောင်းရွှေ့လာကြတဲ့ လူမျိုးများက မိမိတို့ နေရင်းဌာန ဥက္ကလအမည်ကိုယူပြီး မှည့်ခေါ်ထားခြင်း ဖြစ်ကြောင်း မိန့်ခဲ့ပါတယ်။

ဒီမျှမက ဗမာပြည် အောက်ပိုင်း ရွှေတိဂုံ စေတီတော် ဒါယကာများ ဖြစ်ကြတဲ့ တပုဿ ဘလ္လိက ကုန်သည်ညီနောင် နှစ်ဦးတို့ရဲ့ မူလဇာတိ နေရပ် ဟောင်းဟာ ဒီဥက္ကလတိုင်းပင် ဖြစ်ကြောင်း၊ အဲဒီ ကုန်သည်ညီနောင်နှစ်ဦး

ဟာ ဘုရားမပွင့်မီကပင် ဗမာပြည် အောက်ပိုင်း ရာမညတိုင်းသို့ ကူးသန်း သွားလာ ရောင်းဝယ်လျက် ရှိကြတဲ့အကြောင်း၊ ဘုရားရှင် ပွင့်ပြီး ရာဇာယတန သတ္တာဟမှာ သီတင်းသုံးတော်မူနေတုန်း ကုန်သည်ညီနောင်တို့ဟာ မိမိတို့ ဇာတိ နေရပ်ဟောင်း ဥက္ကလတိုင်းမှ လှည်းဝန်များနဲ့ မဇ္ဈိမဒေသ ကုန်ရောင်းကုန်ဝယ် သွားကြတော့ ပဏ္ဍုတိုင်း ကာဠတိုင်းတွေ ကျော်လွန်ပြီး ဥရုဝေလ တောစခန်း ရောက်တဲ့အခါ ရှေးက ဆွေမျိုးတော်ဖူးတဲ့ ရုက္ခစိုးနတ်က ညွှန်ကြားလို့ ဘုရားရှင်ကို ဖူးမြင်ကြရပြီး ဒွေဝါစိက သရဏဂုံတည် ဥပါသကာများ အဖြစ် ရောက်ကြပြီးနောက် ဘုရားရှင်ရဲ့ ဆံတော်ဓာတ်များ အဖြစ် ရောက်ကြပြီး နောက် ဘုရားရှင်ရဲ့ ဆံတော်ဓာတ်များ ချီးမြှင့်ခံရကြောင်း၊ အဲဒီနောက် မိမိဇာတိ ဥက္ကလတိုင်း ပြန်ရောက်ပြီး ၎င်းမှ တဖန် ဆံတော်များနှင့်အတူ ပဝတ္တိဌာန ဗမာပြည် ဥက္ကလာပ ရောက်ကြပြီး ရွှေတိဂုံစေတီတော် တည်ကြတယ်လို့ မှတ်ယူဖွယ်ရှိကြောင်း၊ ဒီလိုယူမှသာ ကျမ်းဂန်လာစကားနဲ့လဲ ညီညွတ် ယုတ္တိလဲ ရှိတယ်လို့ ဆိုရမယ့်အကြောင်းများ ဆရာတော်ကြီးရဲ့ ဗုဒ္ဓသာသနိက ပထဝီဝင် ကျမ်းကြီးမှာ တွေ့ရပါတယ်။

## တရား နိဂုံး

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်တွေ ယခု ကြားရပြီ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ စပ်လို့ တပုဿ ဘလ္လိကတို့ ခံယူတဲ့ ပထမဆုံး သရဏဂုံ ဒွေဝါစိက သရဏဂုံ အကြောင်းလဲ ကြားခဲ့ပြီ။ အဲသလို ကြားခဲ့ နာခဲ့ရတဲ့ တရားတော်တွေ၊ ကြားနာကြရ၊ သီလတွေ ဆောက်တည်ကြရတယ်။သရဏဂုံတွေ ဆောက်တည်ကြရတယ်။ များစွာသော ကုသိုလ်ကောင်းမှုတွေ ယနေ့ဆည်းပူးကြရတဲ့ များစွာသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ဘုန်းကြီးတို့ တကယ့်ထူးခြားတဲ့ သရဏဂုံ လောကုတ္တရာ သရဏဂုံ ထိအောင် ထူးခြားတဲ့ သရဏဂုံအထိ ရရှိပြီးတော့ တကယ်မှန်မြတ်တဲ့ ပုဂ္ဂိုလ် အဖြစ်နဲ့ တကယ့် အရိယာတွေအဖြစ်နဲ့ ဒုက္ခနယ်ကြီးကို ကျော်လွန်ပြီးတော့၊ ဒုက္ခ၏ ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

၁၃၄၆ ခု၊ ဝါခေါင်လဆန်း (၇)ရက်။ (၄–၈–၈၄)

## သရဏဂုံ အကျိုး

ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဧတံ၊ ဤဘုရား, တရား, သံဃာ များကို အား ထား နှင်း ကြောင်း အကောင်းသုံးပါး တရားသရဏဂုံသည်။ ခေမံ၊ ဘေးရန်ကင်းဝေး အေးချမ်းသာယာသော။ သရဏံ၊ သရဏဂုံအစစ် တကယ်တမ်း ဖြစ်ပါပေ၏။ ဧတံ၊ ဤဘုရား, တရား, သံဃာများကို အားထားနှင်းကြောင်း အကောင်းသုံးပါး တရားသရဏဂုံသည်။ ဥတ္တမံ၊ မွန်မြတ်လှစွာသော။သရဏံ၊သရဏဂုံအစစ် တကယ်တမ်း ဖြစ်ပါပေ၏။ ဧတံသရဏံ၊ ဤဘုရား, တရား, သံဃာများကို အားထားနှင်းကြောင်း အကောင်းသုံးပါး တရား သရဏဂုံကို။ အာဂမ္မ၊ အကြောင်းပြု၍။သဗ္ဗဒုက္ခာ၊ အလုံးစုံသောဆင်းရဲ အပေါင်းမှ။ ပမုစ္စရေ–ပမုစ္စန္တိ၊ ကင်းလွတ်ကြရ လေကုန်တော့သတည်း။

ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါးသာ မိမိတို့အဖို့ တကယ့်ကိုးကွယ်ရာ။ ဤဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာ ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကို ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းအောင် ရွက်ဆောင်တတ်တယ်။ ဒါကြောင့် အဲဒီ သရဏဂုံ တရားကို ဘုန်းကြီးတို့ ဟောလာတာ ဒွေဝါစိက သရဏဂုံအယင်အပတ်က ပြီးသွားတယ်။

## တေဝါစိက သရဏဂုံ

ယနေ့ တေဝါစိက သရဏဂုံ ဟောရမယ်။ ဒွေဝါစိက ဆိုတာ နှစ်ကြိမ်။ သံဃာမပေါ်သေးလို့ ဘုရား၊ တရား နှစ်ပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်တဲ့ သရဏဂုံကို ဒွေဝါစိက။ သံဃာပေါ်လာတဲ့ အခါ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကို ဆည်းကပ် ကိုးကွယ်တာ–တေဝါစိက သရဏဂုံ။ အဲဒီ သရဏဂုံလေး ဖြစ်ပေါ်လာပုံကို ယနေ့ ဟောရမယ်။ ဘုန်းကြီးတို့ ဗာရာဏသီပြည်မှာ ယသ သဌေးသားဆိုတာ ရှိတယ်။ အဲဒီ သဌေးသားဟာ အင်မတန် ချမ်းသာတယ်။ နွေအခါစံဖို့ ပြာသာဒ်နဲ့၊ ဆောင်းအခါစံဖို့ ပြာသာဒ်နဲ့၊ မိုးအခါစံဖို့ ပြာသာဒ်နဲ့။ အဲဒီ အနီးအနားမှာ ယောကျ်ားဆိုလို့ မရှိဘူးတဲ့။ မိန်းမချည်းပဲ။ ကချေသည်တွေက အတီးအမှုတ်၊ အဆိုတွေနဲ့ အခါအားလျော်စွာ ဖျော်ဖြေကြရတယ်။ မိုးတွင်းအခါဆိုယင် ပြာသာဒ်က အောက်မဆင်းရပဲ ဒီလိုချမ်းသာကို ခံစားနေရတဲ့ တကယ့် သဌေးသား တယောက်။

## ကျွတ်ချိန်တန် ကျွတ်ရ

အဲဒီ သဌေးသားဟာ လူဆိုတာ ကျွတ်ချိန်တန် ကျွတ်လာရတယ်။ ကျွတ်ချိန်မတန်ယင် မေ့လျော့နေပေမဲ့ ကျွတ်ချိန်တန်တဲ့ အခါကျတော့ ကျွတ်လာရတယ်။ တနေ့ အိမ်မှာကလဲ အမြဲတမ်း တူရိယာသံနဲ့ သီချင်းသံနဲ့ ဖျော်ဖြေနေတာ တညလုံး မီးကလဲ ထိန်ထိန်လင်းနေတဲ့ တညကျတော့ ယသ သဌေးသားဟာ စောစော အိပ်ပျော်သွားတယ်။ ကချေသည် အဆိုအကနဲ့ ဖျော်ဖြေနေကြတဲ့ ကချေသည်တွေကလဲ သဌေးသား အိပ်သွားတော့ သူတို့လဲ အိပ်ချင်မူးတူးနဲ့ တူရိယာတွေ ပစ္စည်းတွေ ပစ်ပြီးတော့ လွတ်လွတ်လပ်လပ် အိပ်လိုက်ကြတာ။ အဲသလို အိပ်တဲ့အခါကျတော့ ဟိုအမျိုးသမီးက စီးပိုက်လို့။ ဒီအမျိုးသမီးက ဗုံပိုက်လို့။ ဆံပင်ဖိုးရိုးဖားရား။ တချို့က ပါးစပ်ထဲက အပုပ်ရည်တွေ ယိုကျလို့။ အချို့က ဟောက်လို့။ အမျိုးမျိုးအမြင်မလှ ဖြစ်နေတဲ့အချိန်။ ယသ သဌေးသားက နိုးလာတယ်။ နိုးလာတော့ ဒါတွေ မြင်လာတော့ တခါထဲ သုသာန်သင်္ချိုင်းကြီးထဲ ရောက်နေသလို ထင်လာ

တယ်တဲ့နော်။ လောကမှာ စောစောက အင်မတန် သာယာ နှစ်သက်ဖွယ် ဖြစ်တဲ့ အာရုံတွေဟာ ယခု သာယာဖွယ် မထင်တော့ဘူး။ နှစ်သက်ဖွယ် မထင်တော့ဘူး။ စိတ်ပျက်သွားတယ်။

## လူ့ သဘာဝ

ဒါ ထုံးစံပဲ။ လောက လူတွေဟာ မကျွတ်သေးလို့ ရှိယင်ဖြင့် မကောင်း အကောင်းထင်၊ မနှစ်သက်ဖွယ် နှစ်သက်ဖွယ်ထင်တယ်၊ မသာယာဖွယ်သာယာ ထင်၊ ကျွတ်ချိန်ရောက်လာပြီဆိုတော့ အမှန်အတိုင်း မြင်လာရတယ်၊

အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။
ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တံ အတိဝတ္တတိ။

အသာတံ၊ သာယာဖွယ်မဟုတ်တဲ့ မသာယာဖွယ် တရားတွေက။ သာတရူပေန၊ သာယာဖွယ် အသွင်အားဖြင့်။ ပမတ္တံ၊ မေ့လျော့ပေါ့ဆ၍ နေသော သူကို။ အတိဝတ္တတိ၊ လွှမ်းမိုး ဖိစီး၍ လာလေတော့သတည်း။ ပမတ္တံ၊ မေ့ လျော့တဲ့ပုဂ္ဂိုလ်ကို။ ။မသာယာဖွယ် တရားတွေက သာယာဖွယ်အသွင်အား ဖြင့်လာပြီးတော့ လွှမ်းမိုးတယ်။ ။အပ္ပိယံ၊ ချစ်နှစ်သက်ဖွယ် မဟုတ် မချစ် နှစ်သက်ဖွယ် ဖြစ်အဲ့ အရာဝတ္ထုတွေက။ ပိယရူပေန၊ ချစ်နှစ်သက်ဖွယ် အသွင်အားဖြင့်။ ပမတ္တံ၊ မေ့လျော့ပေါ့သ၍ နေသောသူကို။ အတိဝတ္တတိ၊ လွှမ်းမိုး၍ လာခဲ့လေတော့သတည်း။

တကယ်တော့ လောကမှာ တဏှာတရားလေး ရှိ၊ ဒိဋ္ဌိတရားလေး ရှိနေ လို့ မနှစ်သက်ဖွယ်အရာကို နှစ်သက်ဖွယ် ထင်နေကြတယ်။ အဲဒီတော့ မမေ့တဲ့ ပုဂ္ဂိုလ်၊ အပ္ပမာဒတရားလေး လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်အဖို့တော့ အမှန်အတိုင်း သိမြင်တယ်။ အပ္ပမာဒတရားတွေ လက်ကိုင်မထားတဲ့ ပုဂ္ဂိုလ်တွေ မှာတော့ မချစ် မနှစ်သက်ဖွယ် အာရုံတွေကို ချစ်နှစ်သက်ဖွယ်လို့ ထင်လာကြတယ်။ အမှန် ကို အမှန်အတိုင်းမမြင်နဲ့၊ အမှန်ကို တမျိုးမြင်တာ။ ဒုက္ခံ၊ ဆင်းရဲဒုက္ခဖြစ်တဲ့

ဝတ္ထုတွေက။ သုခဿရူပေန၊ ချမ်းသာတယ်ဆိုတဲ့ အသွင်အားဖြင့်။ ပမတ္တံ၊ မေ့လျော့ခြင်းများ တရားလက်လွှတ်တဲ့ပုဂ္ဂိုလ်ကို။ အတိဝတ္တတိ၊ သူက အနိုင်ယူ၍ လွှမ်းမိုး အုပ်စိုးလာပေတော့သတည်း။

ဒါကတော့ ဓမ္မတာ။ ဒါကတော့ လောကထုံးစံပဲ။ အမှန်မမြင်သေးရ ယင်တော့ မဟုတ်ဘာ အဟုတ်ထင်တယ်။ မနှစ်သက်ဖွယ် နှစ်သက်ဖွယ် ထင်တယ်။ မချစ်အပ်တဲ့ဝတ္ထုတွေ ချစ်အပ်ဖွယ်ထင်တယ်။

## တရားရမှ အမှန်မြင်

တရားရလာတယ်၊ အမှန်မြင်လာတဲ့အခါကျတော့ မနှစ်သက်ဖွယ်ကို မနှစ်သက်ဖွယ်မှန်း သိတယ်။ မချစ်အပ်တဲ့ အပ္ပိယဝတ္ထုတွေကို မချစ်အပ်တဲ့ ဝတ္ထုမှန်း သိတယ်။ ဒုက္ခကို ဒုက္ခမှန်းသိတယ်။ မပြောင်းလဲဘူး။ အမြင် မပြောင်းလဲဘူး။ အမှန်မမြင်ယင်တော့ အမြင် ပြောင်းလဲတယ်။ ဝိပ္ပလ္လာသ ဆိုတာ ရှိတာကိုး။ ဝိပ္ပလ္လာသဆိုတာက ဖောက်ပြန်တာ။ ရှိတဲ့ဝတ္ထုကို ရှိတဲ့အတိုင်း မမြင်ပဲနဲ့ အဝိဇ္ဇာကြောင့် တမျိုးမြင်တယ်။ တဏှာကြောင့် တမျိုးမြင်တယ်။ အဲသလို ရှိရင်းစွဲအတိုင်း မမြင်ပဲနဲ့ ဖောက်ပြန်ပြီး မြင်တာက တဏှာကြောင့်။ ယသ သဌေးသားဟာ အမှန်အတိုင်း မြင်လာတယ်။ ကျွတ်ချိန်တန်တော့။

## အသုဘချည်းပဲ

လောကမှာ သူငါမှန်သမျှ သတ္တဝါတွေ။ ရှင်လဲ အသုဘ။ သေလဲ အသုဘ။ ဒါကတော့ ဘယ်သူမှ ငြင်းနိုင်တဲ့အရာ မဟုတ်ဘူး။ မိမိတို့က နှစ်သက်နေလို့သာ၊ မနှစ်သက်ယင် အသုဘမြင်တာပဲ။ အကုန်လုံး အသုဘချည်းပဲ။

ယထေဝ မတသရီရံ၊ ဇီဝံပိ အသုဘံ တထာ။
အာဂန္တုကာလင်္ကာရေန၊ ဆန္နတ္တာ တံ န ပါကဋံ။

မတသရီရံ၊ အသက်မရှိတဲ့ လူသေကောင်သည်။ အသုဘံ ယထေဝ၊ မတင့် တယ်စွ အသုဘဖြစ်လေသကဲ့သို့။ တထာ၊ ထို့အတူ။ ဇီဝံပိ၊ အသက်ရှင်နေ

သော လူ့ခန္ဓာကိုယ်သည်လည်း။ အသုဘံ၊ ရွံစဖွယ် မတင့်တယ်တဲ့အရာဝတ္ထု ဖြစ်ပါပေ၏။ အာဂန္တုကာလက်ာရေန၊ အငှားပြင်ဆင်ထားတဲ့ အဆင်အယင်တွေဖြင့်။ ဆန္နတ္တာ၊ မဖွယ်မရာကို ကွယ်ကာဖုံးထားသည် အဖြစ်ကြောင့်။ တံ၊ ထို အသုဘဆိုတဲ့ မနှစ်သက်ဖွယ် သဘောတရားသည်။ န ပါကဋံ၊ မထင်ရှားပဲ ရှိပါပေတော့သတည်း။

လူသေသာ အသုဘမဟုတ်ဘူးတဲ့။ ရှင်နေလဲ အသုဘပဲ။ အငှားဆင်ထားတဲ့ အဆင်အပြင်တွေနဲ့ ဖုံးလွှမ်းထာတဲ့အတွက် အသုဘသဘောဟာ မပေါ်ပဲ ဖြစ်နေတာတဲ့။ ကိုယ့်ကိုကိုယ် အသုဘလား၊ အသုဘလားဆိုတာကတော့ ဒွါရကိုးပေါက်က အပုပ်ရည်တွေ စီးကျတာ မြင်နေရသဖြင့် ဆုံးဖြတ်နိုင်ပါတယ်။ ခုနပြောသလို နှစ်သက်မှုဆိုတဲ့ တဏှာလေးက ဝင်နေတော့ တကယ် အသုဘကို အသုဘအဖြစ် မမြင်ဘူး။

## ယသ ပြောင်းလဲလာပုံ

အခု ယသ သတို့သားဟာ ကောင်းကောင်းမြင်လာတယ်။ ကောင်းကောင်းမြင်လာတော့ ဥဒါန်းကျူးလိုက်တယ်။

ဥပဒ္ဒုတံ ဝတ ဘော၊ ဥပသဋ္ဌံ ဝတ ဘော။

ဘော၊ အို အချင်းတို့။ ဥပဒ္ဒုတံ ဝတ၊ နှိပ်စက်အပ်ပေစွ။ ဘော၊ အို အချင်းကို။ ဥပသဋ္ဌံ ဝတ၊ ဘေးရန်များလှပါပေစွ....လို့ ဥဒါန်းကျူးတယ်။ ဥဒါန်းကျူးတယ်ဆိုတာ တချို့နေရာမှာ ဝမ်းသာလို့ ဥဒါန်းကျူးတယ်ဆိုတာ ရှိတယ်။ ယခု ယသ သတို့သား ဥဒါန်းကျူးတယ် ဆိုတာကတော့ သံဝေဂ ဖြစ်လို့ သံဝေဂစိတ်နဲ့ ရွတ်ဆိုလိုက်တဲ့စကား။ စိတ်ထဲ မဆန့်လို့ လျှံတက်လာတယ်ပဲ ဆိုနိုင်ပါတယ်။ တိုတိုပြောကြပါစို့။ အဲဒါနဲ့ နေလို့မဖြစ်ဘူး။ ဒီနေရာမှာ သုသာန်ကြီးလိုပဲ သူ့စိတ်ထဲ ထင်တယ်။ ဒါကလဲ ရှေး ကောင်းမှုတရပ်ကြောင့်နော်။ အဲဒီကောင်းမှုက နှိုးဆော်တိုက်တွန်းပေးလို့ လောကမှာ တကယ့် ပျော်စရာလို့ ထင်တဲ့နေရာကြီး။ ယခုမပျော်နိုင်ပဲဖြစ်လာတယ်။ ငြီးငွေ့လာတယ်။

ရှ်မှန်းလာတယ်။ ရွှေးကောင်းမှုဆိုတာ ရွှေးက လူသေကောင် မီး သင်္ဂြိုဟ်ယင်း ရလာ၊ ဖြစ်လာဖူးတဲ့ အသုဘ ဘာဝနာ ကောင်းမှုပါပဲ။ ဒါနဲ့ ရွှေပိန်ပ်စီးပြီး တခါထဲ ဆင်းတော့တာပဲ။ တိုက်က ဆင်းတော့တာပဲ။ နတ်တွေ က တံခါးဖွင့်ပေးတယ်။ ယသ သဌေးသားရဲ့ ရဟန်းအဖြစ် အန္တရာယ် မဖြစ် ပါစေနဲ့ ဆိုပြီးတော့ တံခါးဖွင့်ပေးကြတယ်။ လွတ်လွတ်ကျွတ်ကျွတ်ထွက်သွား။ မြို့တံခါးရောက်ပြန်တော့ တံခါးစောင့် နတ်တွေက တံခါးဖွင့်ပေးကြတယ်။ ယသ သဌေးသားရဲ့ ရဟန်းအဖြစ်မှာ အန္တရာယ်မဖြစ်ပါစေနဲ့ ဆိုပြီးတော့ တံခါးဖွင့်ပေးကြတယ်။ အဲဒါနဲ့ အသာအယာ ထွက်သွားတယ်။ ဣသိပတန မိဂဒါဝုန် = အဲဒီဘက် ထွက်သွားတယ်။

## ဘုရားရှင် နှင့် တွေ့ရ

ဘုရားရှင်ကိုယ်တော်မြတ်က ဒီအခါ အဲဒီ မိဂဒါဝုန်တောမှာ သီတင်းသုံး နေတော်မူတယ်။ စင်္ကြံကြွနေတော်မူတုန်း ယသ သဌေးသား ရောက်သွား တယ်။ ရောက်သွားတော့ ဘုရားရှင်ကိုယ်တော်မြတ်က ခပ်လှမ်းလှမ်းက မြင် ရဘယ်ဆိုယင်ပဲ ခင်းထားတဲ့နေရာတခုမှာ ဘုရားရှင်ကိုယ်တော်မြတ် ထိုင်နေ တော်မူတယ်တဲ့။ ဒီအခါမှာ ယသ သဌေးသားဟာ ခပ်လှမ်းလှမ်းက နေပြီး တော့ —

ဥပဒ္ဒုတံ ဝတ ဘော၊ ဥပသဋ္ဌံ ဝတ ဘော။

နှိပ်စက်နေပါပေါ့လား၊ နှိပ်စက်ခံနေရပါပေါ့လား၊ ဘေးရန်တွေနဲ့ ကြုံ နေရပါပေါ့လားနဲ့ အော်တော့ ညည်းတွားပြီးတော့ မြည်တမ်းနေတော့ ဘုရားရှင် ကိုယ်တော်မြတ်က =

ဣဒံ ခေါ ယသ အနုပဒ္ဒုတံ၊ ဣဒံ အနုပသဋ္ဌံ။
ဧဟိ ယသ နိသီဒ ဓမ္မံ ဒေသေဿာမိ။

ယသ ဟောဒီနိဗ္ဗာန်ဟာ နှိပ်စက်ခံရတဲ့ နေရာမဟုတ်ဘူးကွယ့်။ နိဗ္ဗာန် ဆိုတဲ့ တရားဟာ ဘေးရန်များတဲ့ တရားမဟုတ်ဘူး။ လာခဲ့။ ငါတရား ဟောမယ်။ လာခဲ့ဆိုတော့ အင်မတန်ဝမ်းသာသွားတယ်။ ဪ....အနှိပ်စက်

မခံရတဲ့ တရား ရှိဆိုပါလား။ ဒီတရားဟာ နိဗ္ဗာန်ဆိုတဲ့ တရား။ ဘေးရန်မရှိတဲ့ တရားဆိုပါလားဆိုပြီးတော့ အားရဝမ်းသာနဲ့ ဘုရားရှင်ကို ရှိခိုးပြီးတော့ ထိုင်သတဲ့။

## အနုပုဗ္ဗိက ကထာနဲ့သစ္စာပြ

အဲဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က ဘုရားရှင်ကိုယ်တော်မြတ်များ ဟောတော်မူမြဲဖြစ်တဲ့ - အနုပုဗ္ဗိက ကထာဆိုတာကို ဟောတော်မူတယ်။ အနုပုဗ္ဗိက ကထာဆိုတာ အစဉ်အတိုင်း ဟောရတဲ့တရား။ ဘာတွေတုံး ဆိုဒါန၊ ဒါနကစပြီးတော့ သီလ၊ သီလပြီးသဂ္ဂ နတ်ပြည်နဲ့စပ်တဲ့ တရားစကား၊ သဂ္ဂပြီး ကာမာနံ အာဒီနဝကထာ ကာမဂုဏ်အပြစ်တွေဟောတယ်။ ဒီနောက် ကာမဂုဏ်တွေရဲ့ ယုတ်ညံ့ပုံ၊ ညစ်နွမ်းပုံ၊ ပြီးတော့ နေက္ခမ္မဆိုတဲ့ ကာမဂုဏ်မှ ထွက်မြောက်ရာတရားတွေရဲ့ အကျိုးအာနိသင်တွေကို ဟောတော်မူတယ်။ အဲသလိုဟောတော့ တရားတော်ကို နာရတယ်ဆိုယင်ပဲ ဇိဟ်ဟာ အင်တေန် နူးညံ့လာတယ်။ အင်မတန်စိတ်အေးချမ်းသာယာနူးညံ့လာတယ်။ ကလ္လစိတ္တ၊ ခံ့ကျန်းတဲ့စိတ် ဖြစ်သွားတယ်။ မုဒုစိတ္တ၊ နူးညံ့တဲ့စိတ်ဖြစ်သွားတယ်။ ဝိနီဝရဏစိတ္တ၊ နီဝရဏတွေ ကင်းသွားတဲ့စိတ် ဖြစ်သွားတယ်။ အဲသလိုဖြင်သွားယင်ပဲ ဒါ ဓာတ်ခံကောင်းလာပြီ။ လောကမှာ စင်ကြယ်တဲ့အဝတ်မှာ ဆေးခြယ်လိုက်လို့ရှိယင် အဲဒီဆေးဟာ စွဲသလို၊ အခု ယသရဲ့ စိတ်ဓာတ်ဟာ အင်မတန် စင်ကြယ်သွာပြီဆိုတော့ ဆေးခြယ်တဲ့အနေနဲ့ သစ္စာလေးပါး တရား၊ သာမုက္ကံသိက ဒေသနာခေါ်တဲ့ သစ္စာလေးပါး တရားဟောတော်မူတယ်။ အဲဒီလို ဟောတော်မူလိုက်တဲ့အခါကျတော့ ချက်ချင်းပဲ =

"ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မံ"

ဖြစ်သမျှ တရားတွေဟာ ပျက်စီးတတ်တဲ့ သဘောတရား ရှိတယ်ဆိုတဲ့အသိမျိုးရောက်တဲ့ သောတာပတ္တိ မဂ်တရား ထင်ရှားဖြစ်ပေါ်လာတယ်။ တခါတည်း သောတာပန် ဖြစ်သွားတယ်။

## ဖခင် သဋ္ဌေးကြီး လိုက်လာ

အဲဒီအခါမှာ အိမ်မှာ သဋ္ဌေးကတော်ကြီးက အိမ်ပေါ်တက်ကြည့်တော့ ယသ မမြင်ရ။ မမြင်ရတော့ သဋ္ဌေးကြီးကို ပြောတယ်။ သဋ္ဌေး....ယသ မရှိတော့ဘူး။ သားတော် ယသ မရှိတော့ဘူး။ ဘယ်သွားလဲမသိဘူးဆိုတော့ အဲဒီမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြတယ်။ သဋ္ဌေးကလဲ အရပ်လေးမျက်နှာ မြင်းစေတမန်တွေနဲ့ လွှတ်၊ ကိုယ်တိုင်လဲ မိဂဒါဝုန်တောဘက် ထွက်လာတယ်။ မိဂဒါဝုန်တောဘက်ရောက်တော့ ဖိနပ်ခြေရာတွေ တွေ့တယ်။ ဖိနပ်ရာတွေ တွေ့တော့မှ ယသ ဒီရောက်နေပြီဆိုတာ သိတယ်။ သိတော့ ဘုရားရှိရာ လျှောက်ပြီးတော့သွားတယ်။ ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က သိတော့ ယသကို ကွယ်ထားလိုက်တယ်။ တန်ခိုးတော်နဲ့ ယသကို မြင်လို့မဖြစ်သေးဘူး။ မြင်သွားလို့ရှိယင် သူ့ကို ငါတရားဟောလို့ရမှာ မဟုတ်ဘူးဆိုပြီးတော့ ကွယ်ထားလိုက်တယ်။ ကွယ်ထားပြီးတော့နောက် သဋ္ဌေးကြီးက ဘုရားထံရောက်လာတဲ့အခါကျတော့မေးတယ်။ အရှင်ဘုရားယသသဋ္ဌေးသားများ မတွေ့ရပါဘူးလားလို့ဆိုတော့၊ အေး — တွေ့ရမှာပေါ့ သဋ္ဌေးကြီးဒီမှာထိုင်နေတုန်း တွေ့ရပါလိမ့်မယ်။ တဲရားနာအုံးဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ခုန ယသ သဋ္ဌေးသား ဟောသလို အနုပုဗ္ဗိကထာဆိုတဲ့ အစဉ်အတိုင်း တရားကို ဟောတော်မူခဲ့တယ်။ ဟောကြားတော်မူပြီးနောက် ယသကို ဟောသလို သစ္စာတရားလေးပါးကို ဟောတာ နောက်ဆုံး သူလဲပဲ သောတာပန် တည်သွားတယ်။

## တေဝါစိက သရဏဂုံ

အဲသလို သောတာပန် တည်သွားတဲ့အခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို အားရဝမ်းသာ တရားတော်ကို ချီးမြှောက်တဲ့စကား လျှောက်ထားတယ်တဲ့။ အဘိက္ကန္တ —ဘန္တေ၊ မြတ်စွာဘုရား။ အဘိက္ကန္တံ၊ နှစ်သက်ဖွယ် ရှိပေစွ။ ဘန္တေ၊ မြတ်စွာဘုရား။ အဘိက္ကန္တံ၊ ကောင်းပါပေစွ။ သေယျ— ထာပိ၊ ဥပမာမည်သည်ကား။ နိကုဇ္ဇိတံ၊ မှောက်ထားအပ်သော ဝတ္ထုကို။ ဥက္ကုဇ္ဇေယျသေယျထာပိ၊ လှန်ပြရာသကဲ့သို့ လည်းကောင်း။ ပဋိစ္ဆန္နံ၊ ဖုံး

လွှမ်း၍ ထားအပ်သော ဝတ္ထုကို။ ဝိဝရေယျ သေယျထာပိ၊ ဖွင့်လှစ်၍ ပြရာသကဲ့သို့လည်းကောင်း။ မူဠှဿ၊ ခရီးလမ်း၌ လမ်းမှားနေသော ပုဂ္ဂိုလ်အား။ မဂ္ဂံ၊ ဖြောင့်ဖြောင့်တန်းတန်းလမ်းကို။ အာစိက္ခေယျ သေယျထာပိ၊ ညွှန်ကြားပြောဆိုရာသကဲ့သို့လည်းကောင်း။ စက္ခုမန္တော၊ မျက်စိအမြင် ရှိသူတို့သည်။ ရူပါနိ၊ အဆင်းအာရုံတို့ကို။ ဒက္ခန္တိ၊ မြင်ကြရကုန်လတ္တံ့။ ဣတိ၊ ဤသို့အောင့်မေ့ နှလုံးသွင်း၍။ အန္ဓကာရေ၊ အမှောင်ထဲ၌။ တေလပဇ္ဇောတံ၊ ဆီမီးကို။ ဓာရေယျ သေယျထာပိ၊ ညှိထွန်းရာသကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘဂဝတာ၊ အရှင်မြတ်ဘုရားသည်။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ ဓမ္မော၊ တရားတော်မြတ်ကို။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ တရားတော်ကို ချီးမွမ်းတယ်။ တရားတော်ကို ချီးမွမ်းပြီးတော့ အဲဒီမှာ သရဏဂုံ ယူလိုက်တယ်။

သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဘန္တေ၊ မြတ်စွာဘုရား။ သောဟံ-သော အဟံ၊ ထို ဘုရားတပည့်တော်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်မြတ်ကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မံ၊ ဘုရားတပည့်တော်ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်သော။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတံ၊ ရောက်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတု၊ သိမှတ်တော်မူပါ အရှင်မြတ်ဘုရား....။

အဲဒါ တေဝါစိက သရဏဂုံတဲ့။ ဒီအခါမှာ သံဃာက ပေါ်နေပြီ။ ဒါကြောင့် သံဃာက ဘယ်သူတုံး ဆိုတော့ ပဉ္စဝဂ္ဂီငါးဦးက ရှိနေပြီ။ ပဉ္စဝဂ္ဂီငါးဦးက ရဟန်းဖြစ်နေပြီ။ သံဃာဖြစ်နေပြီ။ သံဃာပေါ်နေပြီ။ ဒါကြောင့်

တေဝါစိကသရဏဂုံ ယူဘူးတယ်။ တေဝါစိက သရဏဂုံ ယူတဲ့နေရာမှာ ဒီ ယသ သဌေးသားရဲ့ ဖခင် သဌေးကြီးဟာ ပထမဦးစွာယူတဲ့ ပုဂ္ဂိုလ်ပဲနော်။

## ယသ ရဟန္တာဖြစ်ခဲ့

အဲဒီနောက် ဘုရားရှင် ကိုယ်တော်မြတ်က ခုနေခါမှာ ငါ ယသကို ပြလို့ တော်ပြီ။ ယသဟာ သာသနာဘောင်က မရွေ့လျောနိုင်ဘူးလို့ သိတော်မူ တယ်။ ဘာကြောင့်တုံးဆိုတော့ သဌေးကြီးကို တရားဟောနေတုန်းပဲ ခုန သောတာပန် တည်သွားတဲ့ ယသ သဌေးသားဟာ သဌေးကြီးကိုဟောတဲ့ တရား ကြားနေတော့ မိမိ မြင်ခဲ့၊ သိခဲ့တဲ့ ဝိပဿနာဘူမိ ခေါ်တဲ့ သင်္ခါရတရားတွေ ပြန်ပြီး သုံးသပ်ဆင်ခြင်တဲ့ အခါကျတော့ တရားနာယင်း သုံးသပ် ဆင်ခြင် လိုက်တာ ရဟန္တာဖြစ်သွားတယ်။ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်က အခုနေအခါ ယသကို ပြဖို့တော်ပြီ။ ယသဟာ သာသနာဘောင်ကနေ မရွေ့ လျောနိုင်ဘူး ဆိုပြီးတော့ပြလိုက်တယ်။အဲသလို ပြလိုက်တဲ့အခါကျတော့ သဌေး ကြီးဟာ ဝမ်းသာအားရ ဖြစ်သွားတယ်။ ဝမ်းသာအားရဖြင့်ပြီးတော့ ချစ် သား—ယသ ချစ်သားရဲ့ မိခင်ကြီးရဲ့ အသက်ကို ပေးပါချစ်သားလို့ ပြော တော့ ယသမထေရ်က ဘုရားရှင်ကို မော်ကြည့်တယ်။ ဘုရားရှင် ကိုယ်တော် မြတ်က ဂဟပတိ သူကြွယ်ကြီး....ယသဟာ သဌေးကြီး သစ္စာလေးပါးတရားကို သိသလို ယသလဲ သိသွားပါပြီ။ ပြီးတော့ သူသိပြီးတဲ့၊ သူမြင်ပြီးတဲ့ တရား တွေကို ပြန်ပြီး ဆင်ခြင်တဲ့အခါကျတော့ ယခုအခါ အနုပါဒါယ၊ ဘာကိုမှ မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ စိတ္တံ၊စိတ်သည်။ ဝိမုတ္တံ၊ လွတ်လေပြီ။ ခုခါ ရဟန္တာဖြစ်ပြီလို့ ပြောလိုက်တာ။ ရဟန္တာဖြစ်သွားပြီ။ ခုဆိုယင် သူဟာ လူ့ဘောင်ကို ပြန်လည်ဖို့ အကြောင်းမရှိတော့ဘူးလို့ ပြော လိုက်တော့ သဌေးကြီးကလဲ အင်မတန် ဝမ်းသာသွားတယ်။ ဝမ်းသာတာက သူက သောတာပန်ဖြစ်သွားလို့။ သောတာပန်မဖြစ်သေးယင် သူ ဝမ်းသာ ချင်မှ ဝမ်းသာမှာ။ သားကလေးတယောက် ရဟန်းဖြစ်တာ ကြိုက်ချင်မှ ကြိုက် မှာ။ အခုတော့ အင်မတန် ဝမ်းသာသွားလို့ ချစ်သား ယသ....အရ တော်ပါ ပေစွ၊ အာသဝေါတရားတို့မှ ကင်းလွတ်သွားပြီဆိုတော့ ချစ်သား ယသ

အရ တော်ပါပေစွဲ။ အဲဒီလို ကောင်းချီးပေးတယ်တဲ့။ ကောင်းချီးပေးပြီး တော့ ဘုရားရှင်နှင့်တကွ ရှင်ယသကို အိမ်ကို ဆွမ်းစားပင့်တယ်။ ယနေ့ နေ့ဆွမ်း အိမ်ကိုကြွပြီးတော့ ဘုဉ်းပေးဖို့ပင့်တဲ့အခါကျတော့ ဘုရားရှင် ကိုယ် တော်မြတ် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူတယ်။

## ယသ ရဟန်းဖြစ်ခန်း

သဌေးကြီးက ပြန်သွားတယ်။ ပြန်သွားတဲ့အခါကျတော့ ရှင်ယသဟာ ဘုရားရှင်ကိုယ်တော်မြတ်ထံ ချဉ်းကပ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားတယ်။

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ
ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ—

မြတ်စွာဘုရား .... တပည့်တော်မြတ်စွာဘုရားအထံမှာ ရှင်အဖြစ်ကို အလို ရှိပါတယ်။ ရဟန်းအဖြစ်ကို အလိုရှိပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က—

ဧဟိ ဘိက္ခု တိ ဘဂဝါ အဝေါစ။

ဘိက္ခု၊ ရဟန်း။ ဧဟိ။ လာလှည့်။ ဧဟိဘိက္ခုခေါ်သတဲ့။ ဧဟိ ဘိက္ခုရဟန်းအဖြစ်နဲ့ ရဟန်းပြုပေးတယ်။ ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဓမ္မော၊တရားတော်မြတ်ကို။ သွာက္ခာ တော၊ ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သော မဂ်တည်းဟူသောအကျင့်ကို။ စရ၊ ကျင့်လော့။ ဧဟိ ဘိက္ခု —ခေါ်ပေးလိုက် တယ်။ ဧဟိဘိက္ခု ခေါ်ပေးလိုက်တော့ ချက်ချင်း လူ့အသွင်ပျောက်သွား တယ်။ သင်္ကန်းနဲ့သပိတ်နဲ့ ဝါခြောက်ဆယ်ရတဲ့ မထေရ်မြတ်ကြီးလို ရဟန်း အဖြစ် ရောက်သွားတယ်။အဲဒီနောက်မှ ဟိုက ဆွမ်းစားအပင့်မှာ ဆွမ်းစားကြွ တော်မူကြတယ်။

## တေဝါစိက သရဏဂုံယူ

အိမ်ကြွသွားတဲ့အခါကျတော့ အိမ်မှာ ဆွမ်းမကပ်ခင် ဘုရားရှင်ကိုယ်တော်မြတ်က ယသရဲ့ မယ်တော်နဲ့ ယသရဲ့ဇနီးကို တရားဟောပြန်တယ်။ ခုန ပြောတဲ့ အနုပုဗ္ဗိကထာကိုပဲ ဟောတယ်။ ထို့နောက် သစ္စာလေးပါး တရား ဟောတယ်။ ဟောတော့ နှစ်ယောက်လုံး သောတာပန် ဖြစ်ကုန်ကြတယ် နော်။ အဲသည်အခါမှာ သူတို့လဲ တရားကို ချီးမြှောက်ပြီးတော့ "အဘိက္ကန္တံ ဘန္တေ — အဘိက္ကန္တံ ဘန္တေ" နှစ်သက်ဖွယ်ရှိပါပေစွ၊ နှစ်သက်ဖွယ်ရှိပါပေစွ လို့ တရားကို ချီးမွမ်းပြီးတော့ သရဏဂုံ ယူကြပြန်တယ်။

> တော မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ၊
> ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသိကာ နော ဘဂဝါ ဓာရေတု
> အဇ္ဇတဂ္ဂေ ပါဏုပေတာ သရဏံ ဂတာ။

တေဝါစိက သုံးကြိမ်ဆိုရတဲ့ သရဏဂုံ၊ သံဃာပါထည့်ပြီး သုံးကြိမ် ဆိုရတဲ့ တေဝါစိက သရဏဂုံယူကြတယ်။ အဲဒီ ယသ သူဌေးသားရဲ့ မိခင်နဲ့ ဇနီးဟောင်း နှစ်ဦးဟာလဲပဲ လောကမှာ မိန်းမထဲမှာ အမျိုးသမီးထဲက ပထမဆုံး သရဏဂုံ ခံယူခဲ့တဲ့ ဥပါသိကာမတွေတဲ့။ ဥပါသိကာမတွေ ဖြစ် သွားကြတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ဘုရားပွင့်ပြီးနောက် ဒုတိယအကြိမ် သရဏဂုံ ယူတာ ယသရဲ့ ဖခင်သူဌေးကြီး။ အမျိုးသမီးထဲက တေဝါစိက သရဏဂုံ ယူဘာက ယသ သူဌေးသားရဲ့ မိခင်ကြီးနဲ့ ဇနီးဟောင်း၊ သူတို့ နှစ်ယောက် လောကမှာ ပထမဦးဆုံး သရဏဂုံ တေဝါစိက သရဏဂုံ ယူကြ တဲ့ အမျိုးသမီးတွေ။ ဒါကြောင့် ယနေ့ တေဝါစိက သရဏဂုံ ယူကြတဲ့ အမျိုးသမီးတွေ။ ဒါကြောင့် ယနေ့ တေဝါစိက သရဏဂုံယူကြတဲ့ ပုဂ္ဂိုလ် တွေရဲ့ အကြောင်း ပြောခဲ့တာ ပြီးသွားပြီ။ ဒါကြောင့် ဘုရားရှင် ကိုယ် တော်မြတ်ရဲ့သာသနာတော်မှာရှေးဦးစွာ သက်ဝင်ရာဖြစ်တဲ့ သရဏဂုံသုံးပါး အကြောင်း တေဝါစိကသရဏဂုံ အကြောင်းကို ယနေ့ ဟောတာပြီးသွားပြီ။

## အဆုံး သတ်ကြစို့

ဒီတော့ ရှေးခေတ်ဟောင်း သမိုင်းကြောင်းကို ပြန်ပြောင်းပြီးတော့ တွေးယင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သာသနာကို လူဘက်ကဘယ် လို စခဲ့တယ်၊ ရဟန်းဘက်က ဘယ်လိုစခဲ့တယ် ဆိုတဲ့ အကြောင်းအရာတွေ သိရတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ မိမိ သိထားတဲ့ တရားတွေ ပျံ့နှံ့ဖို့ ဘယ်လောက် ကြိုးစားခဲ့တယ်၊ သာသနာပြုတော် မူခဲ့တယ်ဆိုတာ ရှေ့လဲပဲ ဟောဖို့လေးတွေ ရှိသေးတယ်။

ဒီနေ့တော့ ဒီမျှနဲ့ပဲ တော်ကြဦးစို့။ ဒါကြောင့် ဘုရားရှင် ကိုယ်တော် မြတ်ကြီးနဲ့ သာသနာတော်မှာ သာသနာတော်ကို ဝင်ရာဝင်ကြောင်း အစ ဖြစ်တဲ့ သရဏဂုံ သုံးပါးအကြောင်း ဒီတရားကို နာကြားရတဲ့ ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့ကြောင့် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် သူတော်ကောင်းတရားတွေ ကြိုးစား အားထုတ်နိုင်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေ ကုန်သတည်း။

## ၁၃၄၆ ခု၊ ဝါခေါင်လဆုတ် (၈) ရက်။ (၁၉–၈–၈၄)

### တရား အချိး

ဘုန်းကြီး သရဏဂုံတရား ဟောလာတာ သုံးပတ်ရှိသွားပြီ။ ဒီနေ့လဲ အချိးပဲ ရှိသေးတယ်။ စောစောက ရှေးခေတ် သရဏဂုံ ယူကြပုံတွေ ပြောခဲ့တယ်။ နောက်ခေတ် အခု ယူနေကြတဲ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတာ ဘယ်လို ပေါ်လာတယ် ဆိုတဲ့အကြောင်းလေး ဒီနေ့ စရမှာပဲ။

ယထာ ဂန္ဓဝသာ ဖုလ္လာ၊ မလိနော ယန္တိ သာခိနံ။

တထာ ဓမ္မဝသာ ဗုဒ္ဓါ၊ သာသနံ ယန္တိ သာဓဝေါ။

ဂန္ဓဝသာ၊ မွှေးကြိုင်သင်းပျံ့ ပန်းရနံ့၏ အစွမ်းကြောင့်။အလိနော၊ ပန်း ရက်စားသုံး ပျားပိတုန်းတို့သည်။ ဖုလ္လာ၊ ကားကားစွင့်စွင့် ပင်လုံးကျွတ်ပွင့် သော။ သာခိနံ၊ တင့်တယ်ရှုမြဲး သစ်ပင်ကြီးသို့။ ယန္တိ ယထာ၊ စုကာရုံးကာ ဆိုက်ရောက်လာကြ လေကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဓမ္မဝသာ၊ တရား ဘော်မြတ် တည်းဟူသော ပန်းရနံ့၏ အစွမ်းကြောင့်။ ဗုဒ္ဓသာသနံ၊ ရှင်တော် မြတ်ဘုရား၏ ထူးခြားလှစွာ သာသနာတော်မြတ်ကြီးသို့။ သာဓဝေါ၊ သူတော် ကောင်းဖြစ်ကြသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည်။ ယန္တိ၊ စုကာ ရုံးကာ ဆိုက်ရောက်လာကြလေကုန်သတည်း။

## သာသနာ့ အဝင်ဝ

လောကမှာ ပန်းရက်စားလိုကြတဲ့ ပျားပိတုန်းတွေဟာ ပန်းရက်ရှိရာ ပန်းရုံတွေ ပန်းတွေဆီ စုကာရုံးကာ သွားကြ စုပ်ယူကြကုန်သကဲ့သို့ ထို့အတူ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသို့ တရားလိုလားကြတဲ့ ဒါယကာ ဒါယိကာမတွေ သာသနာတော်ကြီးသို့ ဆိုက်ရောက်လာကြတယ်။ သာသနာတော်မြတ်ကြီးက မွန်မြတ်လှစွာသော တရားတွေ ရှိနေတယ်။ တရားတွေ ရှိနေသောကြောင့် အဲဒီ တရားတွေ လိုလားကြတဲ့ ဒကာတွေ၊ ဒကာမတွေဟာ သာသနာတော်သို့ ဆိုက်ရောက်လာကြတယ်။ သာသနာသို့ ဆိုက်ရောက်လာကြတော့ ရှေးဦးအစ သာသနာတော်အဝင်ဝက သာသနာကို စပြီးတော့ သက်ရောက်ရာက ဘာတုံးဆိုတော့ ဒီသရဏဂုံ သုံးပါးပဲ။ သာသနာတော်မြတ်ကြီးသို့ ဆိုက်ရောက်ရတာ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ သရဏဂုံ သုံးပါးပဲ။ အဲဒီ သရဏဂုံ သုံးပါးဟာ ဘုန်းကြီးတို့ ဟို တပုဿ ဘလ္လိကတို့၊ ပြီးတော့ ယသ သူဌေးသားရဲ့ အဖေ သူဌေးကြီး၊ သူတို့ သရဏဂုံ ယူကြစဉ်တုန်းက မပေါ်သေးဘူး။ သူတို့ ယူပုံကို ဘုန်းကြီး ပြောခဲ့ပြီ။

## နောက်ကြောင်း ပြန်ကြည့်ရို့

အဲဒီတော့ ဒီ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟာ ဘယ်လိုပေါ်လာတုံး။ အမှန်ကတော့ ဘုန်းကြီးတို့ဟာ ဒီသရဏဂုံသုံးပါးကို အဓိပ္ပါယ်ပြောရမှာ။ အဓိပ္ပါယ်ပြောတဲ့ဆီ မရောက်သေးဘူး။ သရဏဂုံသမိုင်းလေးပြောနေရတာ။ သရဏဂုံသမိုင်းကြောင်းလေး၊ အဲဒီတော့ ဒီနေ့ ဗုဒ္ဓံသရဏံ ဂစ္ဆာမိဆိုတဲ့၊ အခု ဆောက်တည်နေကြတဲ့ သရဏဂုံသုံးပါး ဖြစ်ပေါ်လာပုံလေး ပြောနေရတယ်။ ဘုန်းကြီးတို့ ယသ သူဌေးသားရဟန္တာ ဖြစ်သွားတယ်။ ဟေ့ဘိက္ခု — ရဟန်းဖြစ်သွားတယ်။ ရဟန်းဖြစ်သွားတော့ သူငယ်ချင်းလေးယောက်က ယသ သူဌေးသားဟာ သာသနာဘောင်ဝင်သွားတယ် ကြားတယ်။ ဒီလေးယောက် သူဌေးသားတယောက်ဟာ သာသနာဘောင်

ဝင်သွားတယ်ဆိုယင် အဲဒီ သာသနာတော်ဟာ သာမန်သာသနာတော့ ဟုတ်မှာမဟုတ်ဘူး။ အင်မတန်ထူးခြားတဲ့ သာသနာဖြစ်မှာပဲ ဆိုပြီး စုံစမ်းဖို့ရာ ယသမထေရ်ထံ ရောက်လာကြတယ်။ ယသ မထေရ်က အထူးပြောမနေဘူး။ ဘုရားထံ သူတို့ကို ခေါ်သွားတယ်။ ခေါ်သွားတော့ တရားဟောတယ်။ တရားဟောတော့ သူတို့လဲ သောတာပန်တည်။ နောက် ဟေဝိဘိက္ခုရဟန်းဖြစ်သွားကြတယ်။ နောက်တခါ ရဟန္တာဖြစ်ကုန်ကြတယ်။ လေးယောက်။ တခါ ဇနပုဒ်မှာ ရှိကြတဲ့ ယသမထေရ်ရဲ့ သူငယ်ချင်းတွေ ငါးကျိပ်တဲ့။ သူဌေးသားတွေပါပဲ။ သူတို့ကလဲပဲ ယသ သူဌေးသား သာသနာတော် ဝင်သွားတယ်ဆိုတော့ ဒီသာသနာဟာ သာမန်သာသနာ ဟုတ်ပုံမပေါ်ဘူး။ တကယ်သာ သာမန်ဆိုယင် ဒီလောက် သူဌေးသားဟာ ဘယ်မှာ ဒီသာသနာ ဝင်နိုင်ပါ့မလဲဆိုပြီး လာစုံစမ်းတယ်။ စုံစမ်းတော့ ဘုရားထံ ခေါ်သွားတယ်။ ဘုရား တရားဟောတော့ အကုန်လုံး သောတာပန် ဖြစ်ကုန်ကြတယ်။ နောက် ရဟန်းအဖြစ် တောင်းပန်၊ ရဟန်းဖြစ်ကြတယ်။ နောက်တခါ ရဟန္တာအဖြစ် ရောက်သည့်တိုင်အောင် ဆိုက်ရောက်သွားကြတယ်။ အဲဒီတော့ ဒီအချိန်အခါမှာ ဘုရားရှင်ကိုယ်တော်မြတ် သာသနာမှာ သံဃာက —

တေန ခေါ ပန သမယေန ဧကသဋ္ဌိ လောကေ
အရဟန္တော အဟေသုံ။

အဲဒီအခါတုန်းက ရဟန္တာ ခြောက်ကျိပ်တပါး ဖြစ်သွားပြီတဲ့။ ဘုရားလဲ အရဟန္တ — ရဟန္တာထဲ သွင်းထားတယ်။ ခြောက်ကျိပ်တပါးတဲ့။ ဘုရားရှင်ကိုယ်တော်မြတ်က စပြီးတော့ အရဟံ — ကိလေသာတွေ သတ်သွားတယ်။ နောက် ဒုတိယအကြိမ် ကိလေသာ သတ်ကြတဲ့ မထေရ်မြတ်တွေက ပဉ္စဝဂ္ဂီ ငါးဦး။ ဒီနေ့ ယသ သူဌေးသား၊ အဲဒီနောက်ကျတော့ ယသ သူဌေးသားရဲ့ မိတ်ဆွေလေးယောက်။ ဒီနောက် ယသ သူဌေးသားရဲ့ သူငယ်ချင်း ငါးကျိပ် ငါးယောက်၊ သာသနာမှာ ဘုရားကလွဲယင် ခြောက်ဆယ်။ ရဟန္တာခြောက်ကျိပ်ရှိသွားပြီ။ ဟေဝိဘိက္ခု — ဆိုတဲ့ ရဟန်းအဖြစ်နဲ့ ရဟန်းပြုကြတဲ့ ဟေဝိဘိက္ခုရဟန္တာခြောက်ကျိပ်။

## သာသနာပြု လွှတ်ပုံ

အဲဒီအခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကစပြီး သာသနာပြုဖို့ အခွင့်ရသွားပြီ။ ဒါ့ကြောင့် ရဟန်းတော်တွေကို ဘုရားရှင်ကိုယ်တော်မြတ်က သာသနာပြု စေလွှတ်တယ်။ စရထ ဘိက္ခဝေ စာရိကံ၊ ချစ်သားရဟန်းတို့ လောကကို လှည့်လည်ကြ။ ခရီး ဒေသစာရီ လှည့်လည်ကြ။ တရားဟောကြ။ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းသုံးဖြာနဲ့ ပြည့်စုံတဲ့ ငါဘုရားရဲ့ တရားတော်ကို ဟောကြ။ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ တရားမနာရသောကြောင့် သတ္တဝါတွေ တရားမှ ဆုတ်ယုတ်နေကြတယ်။ တရားဟောကြဆိုပြီး သာသနာပြု စေလွှတ်တာ မာ ဧကေန ဒွေ ဂမိတ္ထ၊ လမ်းခရီးတခုကို နှစ်ပါး မသွားကြနဲ့။ ဒီတုန်းက သံဃာက နည်းနည်းကိုး။ ခြောက်ကျိပ်ဆိုတော့ နည်းနည်း၊ နည်းနည်းနဲ့ ကျဲကျဲဝိုင်းရမှာဖြစ်တော့ မင်းတို့ ခရီးတကြောင်းကို နှစ်ပါးမသွားကြနဲ့။ တပါးတည်းသွားကြဲဆိုပြီးတော့ လွှတ်တဲ့အခါကျတော့ အဲဒီမှာ သာသနာပြု ကြွကြတယ်။ ကြွကြတော့ ဟိုက ရှင်ဖြစ်မဲ့ ပုဂ္ဂိုလ်တွေ ဘုရားထံ ခေါ်လာတယ်။ ရဟန်းပြုမဲ့ပုဂ္ဂိုလ်တွေ ဘုရားထံ ခေါ်လာတယ်။ အဲဒီတော့ ရဟန်းတော်တွေလဲ ပင်ပန်းကြ။ ရှင်ပြုမဲ့ ပုဂ္ဂိုလ်၊ ရဟန်းပြုမဲ့ပုဂ္ဂိုလ်တွေလဲ ပင်ပန်းကြ။ အဲဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က အကြံဖြစ်တော်မူတယ်။

## အခုခေတ် သရဏဂုံ ပေါ်လာပုံ

ခု သာသနာပြုရဟန်းတွေ၊ ရှင်လောင်းတွေ ခေါ်လာကြ၊ ရဟန်းလောင်းတွေခေါ်လာကြ၊ အဲဒီလို ခေါ်လာကြတော့ သူတို့လဲ ပင်ပန်း၊ ရှင်ရဟန်းလောင်းတွေလဲ ပင်ပန်း၊ အဲဒီတော့ သူတို့ဟာ သူတို့ရှင်ပြုပေးဖို့၊ ရဟန်းခံပေးဖို့ ငါဘုရားခွင့်ပြုမှပဲ ဆိုပြီးတော့ အကြံဖြစ်ပြီး၊ နောက်ကျတော့ အကြံဖြစ်တဲ့ အတိုင်း ရဟန်းတော်တွေကို ခွင့်ပေးတယ်၊အမိန့်ပေးတယ်။ ချစ်သားရဟန်းတို့—

တုမှေဝ ဘိက္ခဝေ တာသု တာသု ဒိသာသု။
တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ။

ချစ်သား ရဟန်းတို့....သင်တို့ပဲ အဲဒီ ရောက်ရာအရပ်မှာ ရှင်ပြုပေးကြ၊
ရဟန်းပြုပေးကြ၊ ဘယ်လို ပြုပေးရတုံးဆိုတော့ ပထမ ဆံမုတ်ဆိတ် ပယ်
ပြစ်လိုက်၊ ပယ်ပြီးတော့ ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းတွေ ဝတ်ပေးလိုက်၊
ဝတ်ပေးပြီးတော့ ဆောင့်ကြောင့်ထိုင်ပစေ၊ ထိုင်ပြီးတော့ လက်အုပ်ချီပစေ၊
လက်အုပ်ချီပြီးတော့ လိုက်ဆိုပစေ၊ ဆိုခိုင်း၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ
သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ဗုဒ္ဓံ၊
ဓမ္မံ၊ သံဃံ သရဏံ ဂစ္ဆာမိ"လို့ ဆိုခိုင်း။ အဲသလို နည်းပေးတယ်နော်။
အဲဒီအခါ ကျမှအခု ဗုဒ္ဓံသရဏံ ဂစ္ဆာမိလို့ ဆိုတဲ့သရဏဂုံ ပေါ်လာတာ။

## သရဏဂုံချင်း ခြားနားပုံ

ဒါဟာ ခွင့်ပြုရင်းက လူတွေအတွက် မဟုတ်ဘူး။ သာမဏေတွေအတွက်၊
ရဟန်းတွေအတွက်။ အဲဒီတော့ ရှင်ပြုပေးချင်ယင်လဲ ဒီသရဏဂုံ သုံးပါးပဲ၊
ပထမက။ ရဟန်းပြုပေးချင်ယင်လဲ ဒီသရဏဂုံ သုံးပါးပဲ။ သို့သော် လူနဲ့
ကွာတာကတော့ ရှိတယ်။ လူကတော့ ဘယ်လိုဆိုဆိုရတယ်။ ဆိုနိုင်တယ်။ မြန်မာ
လိုဆိုလဲ ဆိုနိုင်တယ်။ အင်္ဂလိပ်လိုဆိုလဲ ဆိုနိုင်တယ်။ ဂျပန်လိုဆိုလဲ ဆိုနိုင်တယ်။
ဘယ်ဘာသာနဲ့ ဆိုဆို ဆိုနိုင်တယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဘုရားကို
ကိုးကွယ်ပါ၏ ဆိုလဲ ဆိုနိုင်တယ်။ သာမဏေကျတော့ ဒီလိုဆိုလို့ မရဘူး။
မာဂဓဘာသာခေါ်တဲ့ ပါဠိဘာသာနဲ့သာ ဆိုရတယ်။ တို့အတူပဲ ရဟန်းပြုတဲ့
ပုဂ္ဂိုလ်လဲ မာဂဓဘာသာခေါ်တဲ့ ပါဠိဘာသာနဲ့သာ ဆိုရတယ်။ အဲသလို
ကွာခြားချက်ရှိတယ်။ ဒီကွာခြားချက်တွေ ပြောယင်အများကြီးပဲ။ ဒီတော့
ဆုံးနိုင်မှာမဟုတ်ဘူး။ ဘုန်းကြီး ဆိုလိုတာကတော့ ဒါလေး ဘယ်အခါက
ပေါ်လာတယ်ဆိုတာ သိသာရုံလေး ပြောရတာနော်။ အဲဒါကြောင့် ဗုဒ္ဓံ
သရဏံ ဂစ္ဆာမိ စသော သရဏဂုံသုံးပါးဟာ ဘုရားရှင်ကစပြီး ခွင့်ပြုတော်မူ
စဉ်က သာမဏေဖြစ်ဖို့ ခွင့်ပြုတော်မူခဲ့တယ်။ရဟန်းဖြစ်ဖို့ ခွင့်ပြုတော်မူခဲ့တယ်။

နောက်မှ လူတွေအတွက်လဲ ဖြစ်လာတယ်။ လူတွေလဲ ဒီသရဏဂုံ ခံယူနိုင်တာပဲ။ နောင်အခါကျတော့ သံဂါယနာ တင်တော်မူကြတဲ့ သံဂါယနာတင် မထေရ်မြတ်တွေက ဘုန်းကြီးတို့ ခုဒ္ဒကပါဌ် ဆိုတဲ့ ပါဠိတော်မှာ သံဂါယနာ တင်ထားတော်မူခဲ့ကြတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ—စသည်ဖြင့် ခုန သုံးကြိမ်သုံးခါ သရဏဂုံလေးကို အဲဒီပါဠိတော်ကြီးမှာ သံဂါယနာ တင်ခဲ့ကြတယ်။ အဲဒါကြောင့် ဒါဟာ လူတွေအတွက်လဲဖြစ်၊ ရှင်အတွက်၊ ရဟန်းအတွက်လဲ ဖြစ်တယ်။ ရဟန်းအတွက် လမ်းခွဲလိုက်တာကတော့ နောင်အခါကျမှ တမျိုးပြောင်းလဲပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းခံ နည်းပေးခဲ့တယ်။ အဲဒီတော့ ရှင်လဲဒါပဲ ရဟန်းလဲဒါပဲဆိုတော့ ရှင်နဲ့ရဟန်း မထူးပါလားဆိုတော့။ အဲဒီအခါတုန်းကတော့ ဆိုပုံက မထူးဘူး။ သို့သော် ရှင်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်၊ ဒီဟာနဲ့ပဲ ရှင်ဖြစ်ပေးလိုက်တယ်။ ရဟန်းပြုချင်တဲ့ ပုဂ္ဂိုလ်၊ ဒီဟာနဲ့ပဲ ရဟန်းပြုပေးလိုက်တယ်။ အသက်(၂၀)နှစ် မပြည့်သေးတဲ့ ပုဂ္ဂိုလ်ကို ဒါနဲ့ပဲ ရှင်ပြုပေးလိုက်တယ်။ အသက်(၂၀)ပြည့်တဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဒါနဲ့ပဲ ရဟန်းပြုပေးလိုက်တယ်။ လဲဒီအခါက စပြီးတော့ သရဏဂုံ စပြီးပေါ်လာတာ။ စောစောကတော့ ဒီသရဏဂုံ မပေါ်သေးဘူး။ အဲဒါကြောင့် သရဏဂုံအစ ရှင်ပြုရာက သရဏဂုံအစ ရဟန်းပြုရာကလို့ ဆိုရမယ်ပေါ့။

## လောက အရိယာ သာဝိတ္တိဂါထာ

အဲဒီတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုဘာ ထူးခြားတဲ့ သရဏဂုံနော်။ ဘုန်းကြီးတို့ အရိယာ သာဝိတ္တိဂါထာလို့ ဆိုတယ်။ အရိယာ သာဝိတ္တိဂါထာ၊ အရိယာတို့ရဲ့ သာဝိတ္တိဂါထာတဲ့။ သာဝိတ္တိဆိုတာက လောကမှာ သာဝိတ္တိဆိုတဲ့ဂါဘာ ရှိတယ်။ လောကဆိုတာ ဗြာဟ္မဏတို့ရဲ့ ဘာသာမှာ သာဝိတ္တိဆိုတဲ့ ဂါထာရှိတယ်။ အဲဒါ သူတို့ ဝေဒကျမ်းဂန်တွေကို သရဇ္ဈာယ်ချင်တဲ့အခါကျတော့ ဒါလေးကစပြီးတော့ သရဇ္ဈာယ်ရတယ်။ အဲဒီတော့ ဘုန်းကြီးတို့ သာသနာမှာလဲ ဒီ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တို့ဟာ သာသနာ

တော်ကို သက်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေဟာ ပထမဦးဆုံး ရွတ်ရတဲ့ ဂါထာမို့ လို့ ပိဋကတ်သုံးပုံ၏ အဦးအစဖြစ်တဲ့ ဂါထာဖြစ်သောကြောင့် သာဝတ္တိလို့ ဆိုတယ်။ သာဝိတ္တိမှာလည်း လောကီသာဝိတ္တိကလည်း ရှိတော့ အရိယာ သာဝိတ္တိအဖြစ်ဖြင့် အရိယ သာဝိတ္တိဂါထာလို့ ဆိုရတယ်။

တံ သဝိတု ဝရေဏျံ၊ ဘဂ္ဂေါ ဒေဝဿ ဓီမဟိ၊
ဓိယော ယော နော ပစောဒယေ။

ဟိန္ဒူဘာသာ, ဗြာဟ္မဏဘာသာ၏သာဝိတ္တိဂါထာကို ပါဠိပြန်ထားတာပဲ။ သူတို့ ဝေဒကျမ်းဂန်တွေ သရဇ္ဈာယ်တဲ့ အခါကျတော့ အဲဒီဟာလေးအရင် ရွတ်လိုက်ရတယ်။ အဲဒီဟာလေး အရင်ရွတ်လိုက်လို့ ရှိယင် နေနတ်မင်းဟာသူ တို့ကို စောင့်ရှောက်တယ်။ ကူညီတယ်၊ ကူညီလို့ သူတို့မှာ ဝေဒတွေ ချောချော မောမော ဆောင်ရွက်သွားနိုင်တယ်လို့ ဆိုတယ်နော်။ အဲဒါက ဘာတုံးဆို ယင် ဝေဒတွေရဲ့ ဗြာဟ္မဏတွေရဲ့ သာဝိတ္တိဂါထာ၊ နေမင်းကြီးသည်အကျွန်ုပ်တို့ ၏ အသိဉာဏ်တို့ကို အားပေးတတ်၏။ ထိုနေမင်းကြီး၏ အလင်းရောင်ကို ဘုန်း တန်ခိုးကို အကျွန်ုပ်တို့ အောင့်မေ့ ဆင်ခြင်ကြပါကုန်၏လို့ ဆိုပြီးတော့ အဲဒီ နေမင်းကြီးကို သူတို့ ချီးကျူး ဂုဏ်တင်တဲ့ စကားလေးပါပဲ။ ဘုန်းကြီးတို့ သာ သနာတော်မှာလဲပဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ သရဏဂုံ သုံးပါးဟာဖြင့် အဲသလို သာသနာတော် သက်ဝင် လာတဲ့ ပုဂ္ဂိုလ်တွေ အဦးအစ ရွတ်ဆိုရာဖြစ်လို့ ပိဋကတ်သုံးပုံ၏ အဦးအစ ဖြစ် သောကြောင့် ဝေဒါနမာဒိဘူတံ သာ သာဝိတ္တိ တိပဒံ သိယာ၊ ဝေဒါနံ၊ ဝေဒတို့၏။ အာဒိဘူတံ၊ အစဖြစ်၍ ဖြစ်သော။ သာ သာဝိတ္တိ-သာဝိတ္တိဆိုတဲ့ ထို ဂါထာသည်။ တိပဒံ၊ သုံးပါဒရှိသည်။ ၂၄ လုံး။ တဂါထာမှာ အက္ခရာ ၃၂ လုံး ရှိတယ်။ သူတို့ဂါထာကတော့ ရှစ်လုံးပြတ်၊ သုံးပါဒသာ ရှိတော့ နှစ်ဆယ့် လေးလုံးသာ ရှိတယ်။ နှစ်ဆယ့်လေးလုံးရှိတဲ့ ဂါထာကို သာဝိတ္တိ၊ ဝေဒတို့ရဲ့ အစ။

## အရိယ သာဝတ္ထိ

အဲဒါလိုပဲ ဘုန်းကြီးတို့ သာသနာတော် သက်ဝင်လာတဲ့ ဒကာ ဒကာမတွေ အဦးအစ ရွတ်ဆိုရာဖြစ်တဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ရှစ်လုံး။ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ရှစ်လုံး။ သံဃံ သရဏံ ဂစ္ဆာမိ၊ ရှစ်လုံး။ ရှစ်သုံးလီ နှစ်ဆယ့်လေး။ ဣဒီ နှစ်ဆယ့် လေးလုံးဟာ အရိယာ သာဝိတ္တိဂါထာတဲ့၊ ပိဋကတ်သုံးပုံရဲ့ အစ၊ သာသနာတော် သက်ဝင်တဲ့ ပုဂ္ဂိုလ်တွေ အစဆုံး ရွတ်ဆိုရာ ပိဋကတ်သုံးပုံရဲ့ အစဖြစ်တဲ့ သာဝိတ္တိဂါထာတဲ့။ အရိယာ သာဝိတ္တိ ဂါထာလို့ ဘုန်းကြီးတို့ အဋ္ဌကထာများမှာ မိန့်ဆိုထားတာ ရှိတယ်။ အဲဒါကြောင့် နည်းနည်းမဟုတ်ဘူးနော်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟာ တဏ္ဍေလဲ မခြောက်၊ သူရဲလဲ မခြောက်၊ ဘေးအန္တရာယ် မရောက်ဘူးဆိုပြီးတော့ အထူးတလည် တချို့ အမြတ်တနိုး ရွတ်ဆိုကြတယ်။ အင်မတန် အစွမ်းသတ္တိ အာနုဘော် ရှိတယ်လို့ ဆိုကြတယ်။ အာနုဘော်ရှိတယ်ဆိုတာ မယုံကြည်နိုင်စရာ မရှိဘူး။ ဒါနဲ့ တော်ကြဦးစို့။ ဒီသရဏဂုံကို နဲနဲ လိုက်ဆိုကြဦး။ အနက်ကလေး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ—ဗုဒ္ဓံ၊ လောကထွတ်ထား မြတ်စွာဘုရားကို။ သရဏံ၊ ဘေးရန်ကို ဖျောက်တတ် မြတ်သောရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိ—ဓမ္မံ၊ ကိုးပါး ဆယ်ပါး တရားတော်မြတ်ကို။ သရဏံ၊ ဘေးရန်ဖျောက်ကာ ချမ်းသာပေးတတ် အမြတ်ရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ သံဃံ သရဏံ ဂစ္ဆာမိ—သံဃံ ရှစ်ပါး အရိယာ သံဃာတော်မြတ်ကို။ သရဏံ၊ ဘေးရန်ကင်းဝေး အေးချမ်းစေတတ် အမြတ် ရတနာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

အဲဒါအနက်။ အဲဒီတော့ ဒီသရဏဂုံလေးတွေဟာ ဘုန်းကြီးတို့ အနက်ကိုသိပြီး အဓိပ္ပာယ်ကိုသိပြီးတော့သရဏဂုံကိုဆောက်တည်ရတာ၊ သရဏဂုံ ယူရတာဟာ အင်မတန် ကျေးဇူးများတယ်။ အင်မတန် မြင့်မြတ်တယ်။ သရဏဂုံချင်း မတူဘူး။ ဒါကြောင့် သရဏဂုံဆိုတာဟာ အင်မတန် နားလည်ဖို့ အရေးကြီးတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာတော့ အမိဝမ်းထဲမှာ နေထဲက သရဏဂုံ ရောက်သလို ဖြစ်နေတယ်။ ဒါနဲ့စပ်ပြီး နည်းနည်း ပြောရဦးမှယ်။

## ဗောဓိမင်းသား အကြောင်း

ဘုန်းကြီးတို့ ဗောဓိမင်းသား ဆိုတာရှိတယ်။ ဘဂ္ဂတိုင်း၊ သံသုမာရဂီရိမြို့မှာ ဗောဓိမင်းသားဆိုတာရှိတယ်။ ဗောဓိမင်းသားဆိုတာ တိုတိုပြောပါစို့၊ တနေ့ တော့ ဘုရားရှင် ကိုယ်တော်မြတ် ဆွမ်းစားပင့်ပြီးတော့ ဆွမ်းကပ်တယ်။ သံဃာ တော်တွေနဲ့၊ အဲဒီလို ဆွမ်းကပ်တဲ့ အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဆွမ်းဘုဉ်းပေး၊ သံဃာတော်များက ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါကျတော့ ဗောဓိမင်းသားက ဘုရားရှင်ကို လျှောက်ထားတယ်။ မြတ်စွာဘုရား....တပည့် တော် စိတ်ကူးမိတယ်။ လောက ချမ်းသာဆိုတာ ချမ်းသာဖြင့် ချမ်းသာ ကို ရရိုးထုံးစံမရှိ၊ ဆင်းရဲဖြင့်သာ ချမ်းသာကို ရနိုင်တယ်လို့ ဒီလို စိတ်ကူးမိ တယ်လို့ လျှောက်ထားတဲ့အခါကျတော့ ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ် က အေး....ငါဘုရားဟာလဲ ဘုရားမဖြစ်ခင် ဘုရားလောင်းဘဝ ငယ်ရွယ်စဉ် အခါသမယက ဒီလိုပဲ လောကချမ်းသာဖြင့် ချမ်းသာကို ရရိုးမရှိ၊ ဒုက္ခဖြင့်သာ ချမ်းသာကို ရရိုးရှိတယ်လို့ အဲသလိုပဲ အသိပေါ်လာလို့ တခါထဲ ငယ်ငယ် ရွယ်ရွယ်နဲ့ တောထွက်။ တောထွက်ပြီးတော့ အကျင့်တွေ ကျင့်လိုက်တာ နောက်ဆုံး ဘုရားဖြစ်သည်အထိ၊ ဘုရားရှင်က လျှောက်ဟောတယ်။ ဒါတွေ အကျယ်ကြီးမို့လို့ ဘုန်းကြီး မဟောတော့ဘူး။ ဘုရားရှင် လျှောက် တော့တဲ့ အခါကျတော့ နောက်ဆုံး ဘယ်ထိအောင် ဟောသွားတုံး ဆိုတော့ ပဉ္စဝဂ္ဂီ ငါးဦး တရားဟောလို့ ပဉ္စဝဂ္ဂီငါးဦး ဟေ ဘိက္ခုရဟန်းဖြစ်ကြတယ်။ ဟေ ဘိက္ခု ရဟန်းဖြစ်ပြီးတော့ သူတို့နောက် အနတ္တလက္ခဏာသုတ် ဟောတဲ့အခါ ကျတော့ ရဟန္တာတွေ ဖြစ်သွားသည်အထိ တရားဟောတော်မူခဲ့တယ်။

## ဗောဓိမင်းသား လျှောက်ထားပုံ

အဲသလို ဟောတဲ့အခါကျတော့ ဗောဓိမင်းသားက လျှောက်ထားတယ်။ မြတ်စွာဘုရား .... မြတ်စွာဘုရားတည်းဟူသော ရှေ့ဆောင်နည်းညွှန်ပုဂ္ဂိုလ်ကို ရခဲ့လို့ရှိယင် ဒီအရဟတ္တဖိုလ် ရဖို့ရာ ဘယ်လောက်များ ကြာပါသတုံး လျှောက် ထားတယ်။ လျှောက်ထားတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က သူ့ကို

ပြန်မေးတယ်။ မင်းသား .... မင်းသားဟာ ဆင်စီးအတတ်၊ ချွန်းကိုင်အတတ် တတ်တယ်မဟုတ်လား၊ မှန်ပါတယ်ဘုရား။ လူတယောက်က ဗောဓိမင်းသားဟာ ဆင်စီးအတတ်၊ ချွန်းကိုင်အတတ် တတ်တယ်။ ဗောဓိမင်းသားအထံမှာ ဆင်စီးအတတ်၊ ချွန်းကိုင်အတတ် သင်မယ်ဆိုပြီးတော့ လာယင် အဲဒီလူဟာ ယုံကြည်မှုလဲမရှိဘူး၊ ပြီးတော့ ကျန်းမာမှုလဲမရှိဘူး။ လူကလဲ ဖြောင့်ဖြောင့် မတ်မတ်မဟုတ်ဘူး။ စဉ်းလဲကောက်ကျစ်တဲ့ပုဂ္ဂိုလ် ဝီရိယကလဲ ကင်း၊ အင်မ ဘန်ပျင်းတဲ့ပုဂ္ဂိုလ်၊ ပြီးတော့ အသိဉာဏ်ကလဲ အင်မတန်ညံ့တဲ့ပုဂ္ဂိုလ်၊ ယုံကြည်ခြင်းလဲမရှိ။ ကျန်းလဲမကျန်းမာ၊ ဝီရိယကလဲ ကင်း၊ စဉ်းလဲ စဉ်းလဲ ကောက်ကျစ်၊ ပညာကလဲမရှိ၊ အဲဒီပုဂ္ဂိုလ်ကို ဘယ့်နှယ်တုံး၊ အသင်မင်းသား ပညာသင်ပေးမလား ဆိုတော့၊ ဟာ — မြတ်စွာဘုရား အင်္ဂါငါးပါးထဲက တပါးရှိယင် တပည့်တော် သင်မပေးနိုင်ဘူး။ အေး — ကောင်းပြီ၊ တယောက် သော ပုဂ္ဂိုလ်သာတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ယုံကြည်ခြင်းလဲရှိတယ်။ ကျန်းမာခြင်းလဲရှိတယ်။ ရောဂါကလဲကင်းတယ်။ ဝီရိယလဲအင်မတန်ရှိ၊ အသိပညာကလဲရှိ၊ အဲဒီပုဂ္ဂိုလ်လာပြီးတော့ ဆင်စီးအတတ် သင်မယ်ဆိုယင် အသင်မင်းသား ဘယ့်နှယ်တုံးဆိုတော့။ ဟာ ဒီပုဂ္ဂိုလ်ကျတော့ အင်္ဂါတပါးရှိယင်ကိုပဲ တပည့်တော်သင်ပေးမှာပါ။ အင်္ဂါငါးပါးလုံး ရှိယင်ဖြင့် ပြောဖွယ်ရာမရှိပါဘူးလို့ လျှောက်ထားတယ်။

## ပဓာနိယင်္ဂ တရား အကျိုး

မင်းသား အဲဒီလိုပဲ၊ ပဓာနိယင်္ဂ ငါးပါးဆိုတာရှိတယ်။ ကမ္မဋ္ဌာန်းအား ထုတ်ဖို့ရာ အထမြောက်ကြောင်း အင်္ဂါငါးပါး။ ပဓာနိယင်္ဂအင်္ဂါငါးပါး ခေါ်တယ်။ ခုနပြောခဲ့တဲ့ ယုံကြည်ခြင်း၊ ကျန်းမာခြင်း၊ ပြီးတော့ ဝီရိယရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိ ဖြောင့်မတ်ခြင်း၊ ပညာရှိခြင်း အဲဒီတရား ငါးပါးကို ပဓာနိယင်္ဂတရားငါးပါးခေါ်တယ်။ အဲဒီတရားငါးပါးရှိယင် ကမ္မဋ္ဌာန်း အထမြောက် အောင်မြင်တယ်။ အဲဒီတရား ငါးပါးရှိတဲ့ ပုဂ္ဂိုလ် ဟာ ငါဘုရားထံရောက်လာမယ်ဆိုယင် ခုနစ်နှစ်၊ တချို့ ခုနစ်နှစ်တောင်

မဟုတ်ဘူး။ ခြောက်နှစ်၊တချို့ ငါးနှစ်၊ တချို့ လေးနှစ်စသည်ဖြင့် အဆင့်ဆင့် အောက်သို့ဆင်းပြီးတော့ သွားတာ နောက်ဆုံး ခုနစ်ရက်နဲ့ ရနိုင်တယ်။ တချို့ ခုနစ်ရက်မဟုတ်ဘူး၊ ခြောက်ရက်၊ တချို့ ငါးရက်၊ တချို့ လေးရက်၊ တချို့တရက်၊ တချို့တရက်တောင် မဟုတ်ဘူး။ မနက် ငါ့ဘုရား ဆုံးမလိုက်ယင် ညနေ တရားထူးရတယ်။ တချို့ ညနေ ဆုံးမလိုက်လို့ရှိယင် မနက် တရားထူးရတယ်။

သာယမနုသိဋ္ဌော ပါတော၊ ဝိသေသံ အဓိဂမိဿတိ။

ပါတောမနုသိဋ္ဌော သာယံ၊ ဝိသေသံ အဓိဂမိဿတိ။

မနက်ဆုံးမယင် ညနေရတယ်၊ ညနေဆုံးမယင် မနက်ရတယ်ဆိုတော့ သူက အင်မတန် အံ့ဩသွားတယ်။

## အံ့ဩ ချီးကျူးပုံ

အဟော ဗုဒ္ဓေါ၊ အဟော ဓမ္မော၊ အဟော ဓမ္မဿ သွာက္ခာတတာ ယတြ ဟိ နာမ သာယမနုသိဋ္ဌော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတော မနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ။

ဗုဒ္ဓေါ၊ဘုရားရှင်သည်။ အဟော၊ ဩော် အံ့ဖွယ်ကောင်းပါပေစွ။ ဓမ္မော၊ တရားတော်သည်။ အဟော၊ ဩော် အံ့ဖွယ်ကောင်းပါပေစွ။ ဓမ္မဿ၊ တရားတော်၏။ သွာက္ခာတတာ၊ ကောင်းစွာ ဟောကြားအပ်သည်၏ အဖြစ်သည်။ အဟော၊ဩော် အံ့ချီးဖွယ်ပါတကား။ ယတြ၊အကြင်ကြောင့်။ သာယံ၊ ညချမ်းအခါ၌။ အနုသိဋ္ဌော၊ ဘုရားအဆုံးအမ ခံရသည်ရှိသော်။ ပါတော၊ နံနက်အခါ၌။ ဝိသေသံ၊ တရား ထူးကို။ အဓိဂမိဿတိ နာမ၊ ရနိုင်ပါဘိ၏။ ပါတော၊ နံနက်အခါ၌။ အနုသိဋ္ဌော၊ ဘုရားအဆုံးအမ ခံရသည်ရှိသော်။ သာယံ၊ ညချမ်းအခါ၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂမိဿတိ နာမ၊ ရနိုင်ပါဘိ၏။

အဲသလို လျှောက်ထားတယ်၊ လျှောက်ထားတော့ အနားရှိတဲ့ သဋ္ဌိကာပုတ္တဆိုတဲ့ လုလင်က သူ့ကို ပြောတယ်။ ဟာ—အရှင်မင်းသား၊ အရှင် မင်းသားဟာ အဟော ဗုဒ္ဓေါ—ဘုရား အံ့ဖွယ်ရာ၊ အဟော ဓမ္မော—တရား အံ့ဖွယ်ရာ။ မနက်ဆုံးမယင် ညနေ တရားထူး ရတယ်လို့ ဆိုတယ်။ အံ့ဖွယ်ရာလို့ ဆိုတယ်။ ဒါပေမယ့် အရှင်မင်းသားဟာ ဘုရားကိုးကွယ်ပါ၏။ တရား ကိုးကွယ်ပါ၏။ သံဃာ ကိုးကွယ်ပါ၏။ ဒီလို သရဏဂုံကိုတော့ မယူဘူးလို့ အပြစ်တင်တယ်တဲ့။ သူ့ကို "တရားကိုတော့ ချီးမွမ်းလိုက်တာ၊ ဘုရားကိုတော့ ချီးမွမ်းလိုက်တာ၊ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားသံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သရဏဂုံကိုတော့ အရှင်မင်းသား မယူ" ဟု ဆိုခဲ့တယ်။

## အမိဝမ်းထဲက သရဏဂုံယူ

ဒီတော့ —

အာဂမေဟိ သမ္မ သဋ္ဌိကာပုတ္တ၊ အာဂမေဟိ သမ္မ သဋ္ဌိကာပုတ္တ –

အဆွေသဋ္ဌိကာပုတ္တ — မင်းဆိုင်းဦး၊ အဆွေသဋ္ဌိကာပုတ္တ - ခဏဆိုင်းပါဦး။ ငါပြောဦးမယ်ကွ။ တခါတုန်းက ဘုရားရှင်ကိုယ်တော်မြတ်ဟာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှာ သီတင်းသုံးတော်မူတယ်။ အဲဒီအခါမှာ ငါရဲ့မယ်တော်ဟာ ကိုယ်ဝန်ကြီးနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာ၊ ရောက်လာပြီးနောက် ရှိခိုးပြီးတော့ ထိုင်နေတယ်။ ထိုင်နေပြီးတော့ ငါ၏ မယ်တော်က ဘုရားရှင်ကိုယ်တော်မြတ်ကို ဘာလျှောက်သတုံးဆိုတော့ —

ယော မေ အယံ ဘန္တေ ကုစ္ဆိဂတော ကုမာရကော ဝါ ကုမာရိကာ ဝါ သော ဘဂဝန္တံ ဂစ္ဆတိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ တံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဘန္တေ၊ မြတ်စွာဘုရား။ ယောကုမာရကော ဝါ၊ အကြင်ကလေးငယ် သည်လည်းကောင်း။ ဝါ၊ သားငယ်သည်သော်လည်းကောင်း။ ယာ ကုမာရိကာ ဝါ၊ အကြင် သမီးငယ်သည်လည်းကောင်း။ ကုစ္ဆိဂတော။ တပည့်

တော်ဝမ်းထဲ၌ ရောက်နေပါ၏။ သော၊ ထိုတပည့်တော်ဝမ်းထဲ၌ ရောက်နေသော တပည့်တော်သားကလေး သို့မဟုတ် တပည့်တော်သမီးကလေးသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ တံ၊ ထိုသားငယ် သမီးငယ်ကို သားမှန်း သမီးမှန်းမသိဘူး။ ဗိုက်ထဲမှာ အဲဒါကြောင့် သားဖြစ်ဖြစ် သမီးဖြစ်ဖြစ်၊ ဖြစ်နေတဲ့ကလေးငယ်ဟာ ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃာကိုးကွယ်ပါ၏။ သရဏဂုံ ယူတယ်နော်၊ သားအတွက် သို့မဟုတ် သမီးအတွက် သူက သရဏဂုံယူပေးတယ်။ တံ၊ ထိုတပည့်တော်မ ဝမ်းထဲမှာရှိတဲ့ သားကလေး၊ သမီးကလေးကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်သော။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတံ၊ ရောက်သော။ ဥပါသကံ ဥပါသိကံ၊ ဥပါသကာ ဥပါသိကာ ဟူ၍။ ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ ဓာရေတု၊ သိမှတ်တော်မူပါ ရှင်တော်မြတ်ဘုရား။

သားကလေးအတွက်၊ သမီးကလေးအတွက် သရဏဂုံယူပေးတယ်။

## အဋ္ဌကထာ အဆို

အဲဒါ အဋ္ဌကထာက ဘာပြောတုံးဆိုတော့ ဝမ်းထဲမှာ ရှိတဲ့သားကလေး၊ သမီးကလေးအတွက် သရဂုံယူပေးတယ်။ ဒီလို ယူပေးခြင်းကို။ ဧဝံ၊ ဤသို့။ ဝါ၊ဤကဲ့သို့ယူပေးခြင်းဖြင့်။ သရဏဂမနံ၊ သရဏဂုံသည်။ ဟောတိ၊ ဖြစ်နိုင်သလား။ မေးတယ်။ ဒီလိုဝမ်းထဲက သားလေးသမီးလေးအတွက် သရဏဂုံ ယူပေးတာ သရဏဂုံဖြစ်နိုင်သလား။ န ဟောတိ၊ မဖြစ်နိုင်ဘူး။ သရဏဂုံ မဖြစ်နိုင်ပါဘူး။ ဘာကြောင့် မဖြစ်နိုင်ပါသတုံးဆိုတော့ —

အစိတ္တကသရဏဂမနံ နာမ နတ္ထိ။

အစိတ္တကသရဏဂမနံ နာမ၊ ကုသိုလ်စိတ်မပါတဲ့ သရဏဂုံမည်သည်။နတ္ထိ၊ မရှိပါပေ့တဲ့နော်။ ကုသိုလ်စိတ်ပါမှ သရဏဂုံဖြစ်မယ်။ ကုသိုလ်စိတ်မပါပဲ

သရဏဂုံ ဖြစ်တာမဟုတ်ဘူး။ ကလေးက ဝမ်းထဲမှာ၊ သရဏဂုံ ဘယ်ယူနိုင်ဦးမလဲ၊ ကုသိုလ်စိတ် ဘယ်ဖြစ်ဦးမလဲ။ ဒါကြောင့် သရဏဂုံမဖြစ်ဘူးတဲ့။ အဋ္ဌကထာက အဖြေပေးတယ်။ ဒီလိုဆိုယင် ဒီကလေးတွေ၊ ဒီမိခင်ယူပေးတဲ့ သရဏဂုံအတွက် လုံးလုံး အကျိုးမရှိဘူးလားဆိုတော့ —

အာရက္ခာ ပနဿ ပစ္စုပ္ပဋ္ဌိတာဝ ဟောတိ။

ပန၊ ထိုသို့ပင် သရဏဂုံမဖြစ်ပါသော်လည်း။ အဿ၊ ထိုကလေးငယ်အတွက်။ အာရက္ခာ၊ အစောင့်အရှောက်သည်။ ပစ္စုပ္ပဋ္ဌိတာဝ၊ ကောင်းစွာ ရှေ့ရှု တည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

သရဏဂုံတော့ မဖြစ်ဘူးတဲ့။ မဖြစ်ပေမဲ့ အဲဒီကလေးအတွက် အစောင့်အရှောက်တော့ ဖြစ်သတဲ့။ ဘယ်လို အစောင့် အရှောက် ဖြစ်သတုံးဆိုတော့ အဋ္ဌကထာရှင်က ဆက်လက်ပြီး ပြောတာက နောင်အခါ မွေးလာလို့ သူနားလည် တတ်သိတတ်တဲ့ အခါကျတော့၊ ဟော့ — ငါ့သား ငါ့သမီး မင်းတို့ဝမ်းထဲနေစဉ် အချိန်က ငါဘုရားဆီမှာ သရဏဂုံ ယူပေးခဲ့တယ်လို့ ပြောတဲ့အခါ သြော် .... ငါဟာ ဘုရားတပည့် ဥပါသကာ ဖြစ်နေပါလားလို့ ဒီအခါ နားလည်လာတယ်။ အဲဒီ နားလည်သည်က စပြီးတော့ သရဏဂုံ တည်သွားတယ်။ အဲသလို သင်ပေးတယ်။ ဒါကြောင့် ဒီဥစ္စာကို အကျိုး မယုတ်တဲ့အကြောင်း၊ ခုခေတ် ဘုန်းကြီးတို့ ဒါယိကာမကြီးတွေ ကတော့ ဥပါသိကာမတွေ၊ သရဏဂုံတည်ပြီးသားတွေဖြစ်လို့ ဝမ်းထဲက သရဏဂုံဟာ ကလေးအတွက် အကုန်ရနေပါပြီ။ ယခုအချိန်ကလဲ တော်တော် များသွားပြီ။ ဘုန်းကြီးတို့ကလည်း ဆွမ်းစားသွားစရာ ရှိသေးတယ် နဲ့ဒါလေး ဆုံးအောင်တော့လဲ ပြောလိုက်ရဦးမှာပဲ။

## ဒုတိယအကြိမ် သရဏဂုံ

အဲဒါနဲ့ ဗောဓိမင်းသားက ပြောတယ်။ ငါ့မယ်တော်ဟာ ဘုရားရှင်ကိုယ်တော်မြတ်ထံမှာ ငါ ဝမ်းထဲနေစဉ်ကပင် သရဏဂုံ ယူပေးတာ။ ဒါတင်မက သေးဘူး။ ငါ့ နို့ထိန်းဟာ ငါ့ကို ရင်ခွင်ထဲပိုက်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ထံ သွားတယ်။ ဘုရားရှင်ရှေ့မှောက် ရောက်သွားတဲ့အခါကျတော့

အယံ ဘန္တေ ဗောဓိရာဇကုမာရော ဘဂဝန္တံ သရဏံ
ဂစ္ဆတိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ တံ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဘန္တေ၊ မြတ်စွာဘုရား။ အယံ ဗောဓိရာဇကုမာရော၊ ဤ ဗောဓိမင်းသား သည်။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ဆည်းကပ်ပါ၏။ ဘိက္ခုသံဃဉ္စ၊ရဟန်းသံဃာတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်တိုဖြင့် ဆည်းကပ်သော။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတံ၊ ကပ်ရောက်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ ဘဂဝါ၊ ရှင်တော် မြတ်ဘုရားသည်။ ဓာရေတု၊ အသိအမှတ်ပြုပါ ရှင်တော်မြတ်ဘုရား။

အေး....ငါ့အထိန်းတော်ကြီးဟာ ငါနို့စို့ကလေး အရွယ်မှာ မြတ်စွာ ဘုရားထံ သွားပြီးတော့ သရဏဂုံ ယူပေးတယ်။ ဒုတိယအကြိမ် သရဏဂုံ ယူ ပေးတယ်။ သူကပြောတယ်။ အဲဒါနဲ့ သရဏဂုံ တော့ မရသေးဘူး။ ဒါပေမဲ့ အစောင့်အရှောက်တော့ဖြစ်တယ်နော်။ နောက်ကျတော့ ငါ့နို့ထိန်းက သရဏ ဂုံ ယူပေးတယ်လို့ သိလာတော့ သရဏဂုံတည်နိုင်တယ်။

### တတိယအကြိမ် သရဏဂုံ

အခုလဲ မြတ်စွာဘုရားထံ တတိယအကြိမ်မြောက် သရဏဂုံယူမယ် ဆိုပြီး တော့ ဘုရားရှင် ကိုယ်တော်မြတ်ထံ သရဏဂုံယူတယ်တဲ့။ သမ္မသဉ္ဇိကာပုတ္တ၊ အဆွေ သဉ္ဇိကာပုတ္တ။ သောဟံ -သောအဟံ၊ ထိုငါသည်။တတိယမ္ပိ၊ သုံးကြိမ် မြောက်လည်း။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊

ဆည်းကပ်ပါ၏။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်တို့ဖြင့် ဆည်းကပ်လျက်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတံ၊ ရောက်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတု၊ အသိအမှတ်ပြုတော်မူပါ ရှင်တော်မြတ်ဘုရား။

## သရဏဂုံ အစွမ်း

ဒါကြောင့် ဗောဓိမင်းသားက သူ့ကို သရဏဂုံ မယူဘူးလို့ ပြောရကောင်းလားလို့။ သရဏဂုံယူတာ တခါမကဘူးလို့၊ အခုဘတိယအကြိမ်။ ပထမကမယ်တော်။ ဒုတိယက နို့ထိန်းကြီးက ယူပေးတဲ့အကြောင်း။ သဉ္ဇိကာပုတ္တဆိုတဲ့ လုလင်ကို ပြန်ပြောတယ်တဲ့။ ငါ့မှာ သရဏဂုံ တည်နေပါတယ်။ နဂိုထဲက သရဏဂုံတည်နေတယ်။ ငါအခုလဲ သရဏဂုံ ယူပြီဆိုပြီးတော့ ယူပြသတဲ့နော်။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာမတွေဟာ ဥပါသိကာမတွေ။ သရဏဂုံ တည်နေတယ်နော်။ အဲဒါကို အတုခိုးရတယ်။ ဒါ သားလေး သမီးလေး ကိုယ်ဝန်ရှိလာယင် သူ့အတွက် ဘုရားကို ကြပ်ကြပ် အောင့်မေ့ရတယ်။ တရားသံဃာကိုလဲ အောင့်မေ့ရတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ဆိုတော့ အမြဲဆိုနေကြတာဖြစ်လို့ သားလေး သမီးလေးဖို့လဲ မှန်းဆိုပေးရတယ်။ ဘာကြောင့်လဲဆိုယင် သားလေး သမီးလေးတွေ အန္တရာယ်ကင်းတယ်။ ဘေးရန်ကင်းတယ်။ ချမ်းချမ်း သာသာနဲ့ မွေးဖွားနိုင်တယ်။ သရဏဂုံနဲ့ အကျိုးဟာ အင်မတန် အကျိုးကြီးတယ်ဆိုတာ နားလည်လာပါလိမ့်မယ်။ ယနေ့တော့ ဒါနဲ့ပဲ အဆုံးသတ်ကြစို့။ သရဏဂုံ တည်ကြတဲ့ ဥပါသကာ၊ ဥပါသိကာ၊ သီလဝန္တဖြစ်ကြတဲ့ ဒကာ ဒကာမ အပေါင်းတို့သည် ဘုရားရှင် ကိုယ်တော်မြတ် တရားတော်မြတ် သံဃာတော်မြတ်ကို ကိုးကွယ်ကြသူများ ပီသစွာ ဘုရားရှင် ကိုယ်တော်မြတ်တို့နဲ့ တရားတော်ကို ကြိုးစားအားထုတ်နိုင်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

○ ● ○

၁၃၄၆ - ခု၊ ဝါခေါင် လကွယ်။ (၂၅-၀-၀၄)

## လက်ဆောင် မွန်

ဒီနေ့လဲ သရဏဂုံ အဆက်တရားပဲ ဟောရမယ်။ ဘုန်းကြီးတို့ သီရိဓမ္မာသောက မင်းကြီးဆိုတာ ရှိဘယ်။ သီရိဓမ္မာသောက မင်းကြီးဆိုတာ သီဟိုဠ်ကျွန်းက ဒေဝါနံပိယတိဿ မင်းကြီးနဲ့ မမြင်ဖူးတဲ့ မိတ်ဆွေ ဖြစ်ကြတယ်။ သီရိဓမ္မာသောက မင်းကြီးဟာ ဒေဝါနံပိယတိဿ မင်းကြီးဆီ အဘိသိက်သွန်းဖို့ လက်ဆောင်တွေ ဘာတွေ အမျိုးမျိုး ပေးလိုက်တယ်။ နောက်ဆုံး သီဟိုဠ်ကျွန်း သာသနာတည်အောင် ဆိုပြီးတော့ သားတော် မဟိန္ဒမထေရ် သမီးတော် သင်္ဃမိတ္တာထေရီမတို့ကို သီဟိုဠ်ကျွန်း လွှတ်တယ်။ အဲသလို လွှတ်တဲ့အခါမှာ ဒေဝါနံ ပိယတိဿမင်းကြီးကို ဒီပြင် ဗဟိဒ္ဓဖြစ်တဲ့ လက်ဆောင်ဝတ္ထုပစ္စည်းတွေအပြင် လက်ဆောင်တမျိုး ပေးလိုက်သေးတယ်။

### သရဏဂုံ လက်ဆောင်

အဲဒီလက်ဆောင်က ဘာတုံးဆိုတော့—

အဟံ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။

ဉပါသကတ္တံ ဒေ့သေသိံ၊ သကျပုတ္တဿ သာသနေ။

ဣမေသု တီသု ဝတ္ထူသု၊ ဥတ္တမေ ဇိနသာသနေ။
တ္တံပိ စိတ္တံ ပသာဒေဟိ၊ သဒ္ဓါ သရဏာမုပေဟိ။

လက်ဆောင်ပေးလိုက်တယ်။ ဒါ တရားလက်ဆောင်။ အဲဒီ လက်ဆောင်ဟာ သိရိဓမ္မာသောက မင်းကြီးတို့ အဖို့တော့ မထူးတော့ဘူး။ ဘာဖြစ်လို့ မထူးတုံးဆိုတော့ သိရိဓမ္မာသောက မင်းကြီးတို့ကတော့ သရဏဂုံကို ထပ်တလဲလဲယူထားလို့။ သရဏဂုံ အထုံရနေတဲ့ တကယ့်ဗုဒ္ဓဘာသာ အစစ်ကြီး။ သိဟိုဠ်ကျွန်းဆိုတာက ခုမှ သာသနာ စရတာ။ အရှင်မဟိန္ဒတို့ ရောက်သွားကြတော့ ဒေဝါနံ ပိယတိဿ မင်းကြီးတို့ သရဏဂုံမရသေးဘူး။ ဗုဒ္ဓဘာသာ မဖြစ်သေးဘူး။ စောစောကတော့ ဘယ်ဘာသာမှ ဟုတ်ပုံမရသေးဘူး။ ဘယ်ဘာသာမှ ရှိပုံမရသေးဘူး။ အဲဒါကြောင့် သိရိဓမ္မာသောကမင်းကြီးက ခုနပြောတဲ့ တရားလက်ဆောင် ပေးလိုက်တယ်။

အဟံ၊ ငါသည်။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်ခဲ့ပါပေ၏။ ဂတော၊ ဆည်းကပ်သည်ဖြစ်၍။ သကျပုတ္တဿ၊ သာကီဝင် သုဒ္ဓေါဒနမင်းကြီး၏သားတော်ကြီး ဖြစ်သော ဂေါတမဟု လောကထွတ်ထား ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ အံ့ဖွယ်ရှုစ်ဖြာ သာသနာတော်မြတ်၌။ ဥပါသကတ္တံ၊ ဥပါသကာကြီး အဖြစ်ကို။ ဒေသေသိံ၊ နှုတ်မြွက်ကာ ခံယူခဲ့ပါပြီ။ ဥတ္တမေ၊ မြတ်စွာသော။ ဇိနသာသနေ၊ မြတ်စွာဘုရား သာသနာ၌။ တီသု၊ သုံးပါးကုန်သော။ ဣမေသု ဝတ္ထူသု၊ ဤငါကိုးကွယ်ရာ ရတနာမြတ် သုံးပါးတို့၌။ တ္တံပိ၊ ဒေဝါနံ ပိယတိဿမည်သော သင်မင်းကြီးသည်လည်း။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ သဒ္ဓါတရား တိုးပွားစည်ပင် ကြည်လင်ပါစေလော။ သဒ္ဓါ—သဒ္ဓါယ၊ ရတနာသုံးပါး၌ ထူးခြားသော ကြည်ညိုခြင်းဖြင့်၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေဟိ၊ ကောင်းစွာမသွေ ဆည်းကပ်ပါလေလော့။

## ဗုဒ္ဓဘာသာ အစ

သီရိဓမ္မာသောက မင်းကြီးက လက်ဆောင်ပေးလိုက်တယ်။ ငါသည် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်တဲ့ ဥပါသကာ တယောက်အဖြစ် လက်ခံထားခဲ့ပြီ။ ဥပါသကာတယောက် အဖြစ် ဘုရားရှင် သာသနာတော်၌ သံဃာတော်များထံ သရဏဂုံယူခဲ့ပြီ။ အဲဒီတော့ အသင်မင်းကြီးဟာလဲ မြတ်စွာဘုရား၏ သာသနာတော်၌ ငါယူထားတဲ့ ဘုရား, တရား, သံဃာ ရတနာတည်း ဟူသော ဝတ္ထုသုံးပါး၌ စိတ်ကို ကြည်လင်ပါစေလော။ မွန်မြတ်တဲ့သဒ္ဓါတရားဖြင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလေ။ သရဏဂုံ ယူပါလေလို့ လက်ဆောင်ပေးလိုက်တယ်။ လက်ဆောင်ပေးလိုက်ပြီး နောက်မှ ဒေဝါနံ ပိယတိဿ မင်းကြီးဟာလဲ အဲဒီနေ့ပဲ မဟိန္ဒမထေရ်မြတ်ထံ ဝ ရားနာပြီးတော့ သရဏဂုံယူခဲ့တယ်။ ဗုဒ္ဓဘာသာဝင်အဖြစ်ကို လက်ခံခဲ့တယ်။ အဲဒီအခါက စပြီးတော့ ဥပါသကာ ဖြစ်သွားတယ်။ သာသနာတော်သို့ စတင် ဝင်ရောက်သွားတယ်။ အဲဒီတော့ သရဏဂုံဆိုတာ သာသနာတော်ကို စပြီးတော့ သက်ဝင်ရာဖြစ်တဲ့ ဗုဒ္ဓဘာသာအဖြစ် အဦးအစခံယူရာဖြစ်တဲ့ ကုသိုလ်မျိုး ကောင်းမှု တမျိုးပဲ။

## သရဏဂုံ ဆိုတာ

ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည် အကျယ် မပြောသေးခင် သရဏဂမန သရဏဂုံ ဆိုတာ သရဏဂမန ဆိုတဲ့ ပါဠိက ဖြစ်လာတာ။ သရဏဆိုတာ ဘာတုံး။ သရဏဂမန သရဏဂုံဆိုတာ ဘာတုံး။ သရဏဂုံတည်သူဆိုတာ ဘာတုံးဆိုတဲ့၊ အဲဒီအချက်သုံးချက်ကို နည်းနည်းခွဲခြားပြီးတော့ ဟောပြရမယ်။သရဏဆိုတာ သရတိ ဟိံသတီတိ သရဏံ။သရတိ ဟိံသတိ — ဖျက်ဆီးတတ် ပယ်ဖျောက်တတ်၏။ ဣတိ - ထို့ကြောင့်၊သရဏံ- သရဏမည်၏။ ဒီတော့ သရဏရဲ့ မြန်မာအနက်က ဘာတုံးဆိုတော့ ဖျက်ဆီးတတ်တဲ့ ဝတ္ထုတွေလို့ ဆိုဟှာယ်။ ဘယ်သူတုံး ဖျက်ဆီးတတ်တယ်ဆိုတာ၊ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ဖျက်ဆီးတတ်တဲ့ဝတ္ထု။ သရဏလို့ ခေါ်ပါတယ်။ ဒီတော့ သရဏဆိုတာ တခြားမဟုတ်ဘူး။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးပဲ။

## ဘာကို ဖျက်ဆီးတတ်သလဲ

ကောင်းပြီ ဖျက်ဆီးတတ်တယ်ဆိုတာ ဘာကို ဖျက်ဆီးတတ်တာတုံး။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးဟာ ဖျက်ဆီးတတ်သောကြောင့် သရဏမည်တယ်ဆိုတော့ ရတနာမြတ်သုံးပါးဟာ ဘာကိုဖျက်ဆီးတတ်တာ တုံး။

> သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိ ပရိက္ကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော။

သရဏဂတာနံ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်သော ပုဂ္ဂိုလ်တို့၏။ တေနေဝ သရဏဂမနေန၊ ထိုသရဏဂုံဖြင့်သာလျှင်။ ဘယံ၊ ဝဋ်ဘေးကိုလည်း ကောင်း။ သန္တာသံ၊ စိတ်ထိတ်လန့်ခြင်းဆိုတဲ့ စေတသိက ဒုက္ခကို လည်း ကောင်း။ ဒုက္ခံ၊ ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ကာယိကဒုက္ခကို လည်းကောင်း။ ဒုဂ္ဂတိပရိက္ကိလေသံ၊ ဒုဂ္ဂတိဘဝ၌ ကြုံရတဲ့ ဆင်းရဲဒုက္ခမျိုးကို လည်းကောင်း။ ဟနတိ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏။ ပယ်ဖျောက်တတ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဟိံသတိ — ဖျက်ဆီးတတ်တယ်ဆိုတဲ့ ပုဒ်ရဲ့ အနက် ပါပေတည်း — တဲ့။

## ဖျက်ဆီးပုံ သာမည

ဒီတော့ ဖျက်ဆီးတတ်တယ်ဆိုတာ တခြားမဟုတ်ဘူး။ ဝဋ္ဋဘယ — ဝဋ် ဘေးကို ဖျက်ဆီးတတ်တယ်။ ဝဋ်ဘေးဆိုတာ ဘုန်းကြီးတို့ ကမ္မဝဋ်, ကိလေ သဝဋ်, ဝိပါကဝဋ်လို့ ဝဋ်သုံးပါးရှိတယ်။ ကမ္မဝဋ်ဆိုတာ ကံတွေ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ ကမ္မဝဋ်။ ကိလေသဝဋ်ဆိုတာက အဝိဇ္ဇာ တဏှာ ဥပါ ဒါန်ဆိုတဲ့ တရားတွေဟာ ကိလေသဝဋ်။ ဝိပါကဝဋ်ဆိုတာကတော့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်က တရားတွေ။ အဲ ဒါ ဝိပါကဝဋ်။ ဝဋ်သုံးပါး။ အဲဒီဝဋ်သုံးပါးကို ဝဋ်ဘေးလို့ဆိုတယ်နော်။

ဘာကြောင့် သူ့ကို ဝဋ္ဋဘေးလို့ ဆိုတုံးဆိုတော့ သတ္တဝါတို့အဖို့ အင်မတန် ကြောက်စရာကောင်းတဲ့ အရာဝတ္ထုတွေ သူတို့ကြောင့် အားလုံးသော သတ္တဝါတွေ ဒုက္ခအမျိုးမျိုးကြုံရတယ်။ ဒါကြောင့်မို့လို့ ဝဋ္ဋသုံးပါးကို ဘေးလို့ ခေါ်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အဲဒီဝဋ္ဋသုံးပါးကို ဖျက်ဆီးတတ်တယ်။ တရားတော်ဟာ သံဃာတော်ဟာ ဝဋ္ဋသုံးပါးကို ဖျက်ဆီးတတ်တယ်။ ပြီးတော့ ဝဋ္ဋသုံးပါးတင်မကဘူး။ စိတ်ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲခြင်း။ ဒုဂ္ဂတိဘဝမှာ ဖြစ်ပေါ်တဲ့ ဒုဂ္ဂတိဆိုတာ အပါယ်လေးဘုံ၊ အပါယ်လေးဘုံမှာ ဖြစ်တဲ့ ဆင်းရဲဒုက္ခတွေ၊ အဲသလို အကုန်လုံး ဘေးတွေ၊ ရန်တွေ၊ ဒုက္ခတွေ ဖျက်ဆီးတတ်သောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ တရား, သံဃာ ရတနာမြတ်သုံးပါးဟာ သရဏတဲ့။ အဲဒီတော့ သရဏဂမနဆိုတဲ့ နေရာမှာ သရဏဟာ ရတနာသုံးပါးပဲ။ ဘာကြောင့် ရတနာသုံးပါးကို သရဏလို့ ခေါ်တုံးဆိုတော့ ဖျက်ဆီးတတ်သောကြောင့်။ ဘာကို ဖျက်ဆီးတတ်တုံး ဆိုတော့ ခုနပြောတဲ့ ဝဋ္ဋဘေးတွေကို ဖျက်ဆီးတတ်တယ်။ ကိုယ်, စိတ်လန့် ခြင်းတွေကို ဖျက်ဆီးတတ်တယ်။ ကိုယ်ဆင်းရဲခြင်းကို ဖျက်ဆီးတတ်တယ်။ ဒုဂ္ဂတိဘဝမှာ ကြုံရမဲ့ ဒုက္ခတွေကို ဖျက်ဆီးတတ်တယ်။ ဒါကြောင့် သရဏ၊ အဲဒါက သာမညအားဖြင့် သရဏရဲ့ အနက်ကို ကျမ်းဂန်များက ဖွင့်ကြ တယ်။

## ဖျက်ဆီးပုံ ဝိသေသ

ဝိသေသအားဖြင့် ရှိသေးတယ်။ အထူးအနက်တမျိုး ဖွင့်ထားတာ ရှိသေး တယ်။ အဲဒါဟာ ဘာတုံးဆိုယင် —

ဟိတေ စ ပဝတ္တနေန် အဟိတေ စ နိဝတ္တနေန
သတ္တာနံ ဘယံ ဟိံသတိ ဗုဒ္ဓေါ။

ဟိတေ၊ အစီးအပွားဌ်။ ပဝတ္တနေန၊ ဖြစ်စေခြင်းဖြင့်လည်းကောင်း။ အဟိတေ၊ အစီးအပွားမဲ့တို့ကို။ နိဝတ္တနေန စ၊ နစ်စေခြင်းဖြင့် လည်း

ကောင်း။ ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။ သတ္တာနံ၊သတ္တဝါတို့၏။ဘယံ၊ ဘေးကို။ ဟိံ သဘိ၊ ဖျက်ဆီးတတ်ပါပေ၏။ ပယ်ဖျောက်တတ်ပါပေ၏။ ဒါ အသီး သီးခွဲပြတာ။ ခုနက ရတနာသုံးပါး တခါထဲပေါင်းပြတာ။ ယခု ဘုရားဟာ ဘယ်ပုံအားဖြင့် ဘေးကို ပယ်ဖျောက်တတ်ပါသတုံး။ ဖျက်ဆီးတတ်သတုံး။ တရားဟာ ဘယ်ပုံအားဖြင့် ဘေးကိုဖျက်ဆီးတတ်သတုံး။ သံဃာဟာ ဘယ်ပုံ အားဖြင့် ဘေးကို ဖျက်ဆီးတတ်သတုံးလို့ ခွဲပြောတာ။ ဘုရားရှင်ကိုယ်တော် မြတ်ဟာ အစီးအပွားကို ညွှန်ကြားခြင်းဖြင့်လည်းကောင်း။ အစီးအပွားမဲ့ အကျိုးမဲ့ကို တားမြစ်ခြင်းဖြင့်လည်းကောင်း သတ္တဝါတို့ရဲ့ ဘေးကိုဖျက်ဆီး တတ်တယ်။ "သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထ" ။ဘိက္ခဝေ၊ချစ်သားချစ်သမီးတို့။ သမ္ပန္နသီလာ၊ ပြည့်စုံသော သီလ ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြ ကုန်။ အကျိုးစီးပွားအလို့ငှာ ဖြစ်စေတယ်ဆိုတာ ဒါပဲ။ ဘုရားရှင်ကိုယ်တော် မြတ်ဟာ မိမိတပည့်သားဖြစ်တဲ့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ်လေးပါးတို့ကို ချစ်သား ချစ်သမီးတို့ သီလနဲ့ ပြည့်စုံအောင်သီလ ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် နေကြ။ သီလကင်းတဲ့ ဒုဿီလ မဖြစ်ကြစေနဲ့လို့ ဆိုလိုတယ်။ အဲဒါ အစီးအပွား၌ ဖြစ်စေခြင်းဖြင့် ဘေးကို ဖျက်ဆီးမှုပဲ။ ဒီလို တရားတွေ အများကြီး။ ဘုရားရှင်က သတ္တဝါတွေ အစီးအပွား အတွက် ဟောထားတဲ့ တရားတွေ အများကြီးပဲ။ သီလပြည့်စုံအောင် နေကြ။ အဲဒီလို အကျိုးစီးပွားကို ဖြစ်စေတယ်။ ဖြစ်သောအားဖြင့် ဘေးကို ဖျက်ဆီး တတ်တယ်။

## အကျိုးမဲ့မှ တားပုံ

ဘယ်လိုအကျိုးမဲ့မှ တားမြစ်ပြီးတော့ ဘေးကို ဖျက်ဆီးတတ်သတုံး ဆိုတော့ ဒါတွေလဲ အများကြီးပဲ—

သစေ ဘာယထ ဒုက္ခဿ၊ သစေ ဝေါ ဒုက္ခမပ္ပိယံ။
မာ ကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော။

ဒုက္ခဿ၊ ဒုက္ခကို။ သစေ ဘာယထ၊ အကယ်၍ ကြောက်ကြသည် ဖြစ်လျှင်။ ဝေါ၊သင်ချစ်သားတို့သည်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခကို။ သစေ အပ္ပိယံ၊ အကယ်၍ မချစ်အပ်ဘူးဆိုယင်။ အာဝိ ဝါ၊ မျက်မှောက်၌လည်းကောင်း။ ရဟော ဝါ၊ မျက်ကွယ်၌ လည်းကောင်း။ ပါပကံ ကမ္မံ၊ မကောင်းတဲ့ အကုသိုလ်ကံမျိုးကို။မာ ကတ္ထ၊မပြုကြကုန်လင့်။ ချစ်သား ချစ်သမီးတို့ ဆင်းရဲဒုက္ခကို မင်းတို့ ကြောက်ကြသလား။ဒုက္ခကို မင်းတို့ မုန်းကြသလား၊ မုန်းကြလို့ ရှိယင် မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ၊မကောင်းမှု မပြုကြနဲ့လို့ အဲဒီလို တားမြစ်တယ်။ အကျိုးမဲ့တရားမှတားမြစ်တတ်တယ်။ အဲဒီတော့ ဘေးကင်းတာပေါ့။မင်းတို့ မကောင်းမှု မပြုနဲ့ဆိုယင်မကောင်းမှု မပြုယင်ဘေးကင်းတာပဲ။ မင်းတို့ သီလပြည့်စုံအောင် နေကြ။ သမာဓိ ပြည့်စုံအောင်နေကြ။ ပညာပြည့်စုံအောင်နေကြလို့ ဟောတာ။ ဒါ ဇစ်အပွား၌ တိုက်တွန်းပေးတာ။ နှစ်ခုလုံး သတ္တဝါတို့ရဲ့ ဘေးကို ပယ်ဖျောက်မှုကြီးပဲ။ အဲသလို ပယ်ဖျောက်သောအားဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ဟာ သတ္တဝါတို့ရဲ့ ဘေးကို ပယ်ဖျောက်တတ်တယ်လို့ ဆိုတယ်။

## တရားက ဘေးဖျောက်ပုံ

ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေန ခေမ္မော။

ဘဝကန္တာရာ ဥတ္တာရဏေန၊ဘဝတည်းဟူသော ကန္တာရမှ ကယ်တင်သောအားဖြင့် လည်းကောင်း။ အဿာသဒါနေန၊ သက်သာရာကို ပေးသောအားဖြင့် လည်းကောင်း။ ခေမ္မော၊ တရားတော်သည်။ ဘယံ၊ဘေးကို။ ဟိံသတိ၊ ပယ်ဖျောက်တတ်ပါပေ၏။ ဖျက်ဆီးတတ်ပါပေ၏။ တရားတော်ဟာ ဘယ်လိုဘေးကိုဖျက်ဆီးတတ်တုံးဆိုတော့ဘဝကန္တာရာဥတ္တာရဏေန၊ဘဝဆိုတာ လွန်မြောက်နိုင်ခဲလို့ ကန္တာရတဲ့။ ယခု ဘုန်းကြီးတို့ ကြုံနေရတဲ့ဘဝ၊ ကာမ

ဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုတဲ့ အဲဒီ ဘဝကန္တာရတွေကို လွန်မြောက်အောင် ပြုသောအားဖြင့် တရားတော်က ဘေးကို ပယ်ဖျောက်တတ်တယ်။ ဘုန်းကြီးတို့အားလုံး ဘေးဒုက္ခကြုံရတာ ဒီဘဝနဲ့ မကင်းသေးလို့၊ အကြင်အခါ တရားကျင့်လို့ ဘဝပြုတ်မယ်။ ထိုအခါ ဘေးကင်းမှာပဲ။ အဲဒါကြောင့်မို့လို့ ဘဝကို လွန်မြောက်သောအားဖြင့်ဘဝကို လွန်မြောက်အောင် ကယ်သောအားဖြင့် တရားတော်က ဘေးကို ဖျောက်တတ်တယ်။ အဲဒီတော့ ဘဝကို လွန်မြောက်စေသောအားဖြင့် ဆိုတာ ဘာပြောတာတုံး။ မဂ်ကို ပြောတယ်။ မဂ်တရား၊ မဂ်တရားရယင် ဒီဘဝ ဖျက်နိုင်တယ်။ အဲဒါကြောင့် မဂ်တရားဟာ ဘဝလွန်မြောက် စေတတ်တဲ့ တရား၊ လွန်မြောက် စေသောအားဖြင့် မဂ်တရားက သတ္တဝါတို့ရဲ့ဘေး ဘယကို ဖျက်ဆီးတတ်တယ်။

## သက်သာရာပေးတဲ့ တရား

အဿာသဒါနေန၊ သက်သာရာကို ပေးသည်၏ အစွမ်းဖြင့်။ ဘယံ၊ ဘေးကို။ ဟိံသတိ၊ ပယ်ဖျောက် တတ်၏။ တရားက ဘဝကို လွန်မြောက်စေသော အားဖြင့် ဘေးကို ဖျက်ဆီးတတ်တယ်။ မဂ်တရားက အဿာသဒါနေန၊ သက်သာရာ ပေးသော အားဖြင့်။ ဘယံ ဟိံသတိ၊ ဘေးကို ဖျောက်တတ်၏ ဆိုတာဘာတုံး။ ဖိုလ်တရားပြောတာ၊ ဖိုလ်တရားရပြီးလို့ရှိယင် တကယ်သက်သာရာရတယ်။ ဖိုလ်ချမ်းသာဆိုတာ အင်မတန်မွန်မြတ်တယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဒီဖလသမာပတ် သုခဆိုတဲ့ ဖိုလ်ချမ်းသာကြီး အခွင့်သာတိုင်း ခံစားပြီးနေတယ်။ နောက်ဆုံးတရားဟောတာတောင်မှ သတ္တဝါတွေ ဝေနေယျသတ္တဝါတွေကို တရားဟောတဲ့အခါ နည်းနည်းကြားထဲ ပရိသတ်တွေက သာဓုခေါ်လို့ နားချိန်လေး နည်းနည်းလေးရယင်၊ အဲဒီနည်းနည်း လေးတောင် ဒီဖိုလ်ချမ်းသာ ဖလသမာပတ် ဝင်စားမိအောင် ဝင်စားလိုက်သေးတယ်။ အဲသလောက်ထိအောင် ချမ်းသာတဲ့ ဖိုလ်တရားမို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ အမြဲတမ်း အသုံးပြုတဲ့ ချမ်းသာခြင်းတခု။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တဲ့ အရိယာတွေ ခံစားတဲ့ ချမ်းသာတခု၊ အဲဒါကြောင့် ဖိုလ်တရားဟာဘေးကို ဖျောက်တတ်တယ်။ ဘယ်လို ဘေးကိုဖျောက်တတ်တုံး၊

သဘ္ဘဝါတွေရဲ့ ချမ်းသာကို။ သတ္တဝါတွေ ချမ်းသာပေးသောအားဖြင့် သက်သာရာ ပေးသောအားဖြင့် ဘေးကို ဖျောက်တတ်တယ်။ မည်သည့် သုခနဲ့မျှ မတူပဲနဲ့ တကိုယ်လုံး သုခတွေ စိမ့်ထုံ သကဲ့သို့။ အင်မတန်ချမ်းသာတဲ့ ချမ်းသာ သုခ ကြုံရတဲ့ ဖိုလ်ချမ်းသာ။ ဒီဖိုလ်တရားဟာ ဖိုလ်ချမ်းသာကြီး ပေးပြီးတော့ သတ္တဝါတွေ သက်သာရာ ရအောင် ဆောင်ရွက်ပေးတတ်တယ်။ အဲဒီတော့ တရားတော်ဟာ သတ္တဝါတွေရဲ့ ဘေးကို ဖျောက်တတ်တယ်ဆိုတာ ဒီနည်းနဲ့ ဖျောက်ပေးတာပါလို့ ဆိုတယ်။

## သံဃာက ဘေးကိုဖျောက်ပုံ

သံဃာက ဘယ်နည်းနဲ့ သတ္တဝါတွေရဲ့ ဘေးကို ဖျောက်ပေးတတ်တုံး။ အပ္ပကာနမ္ပိ၊အနည်းငယ်မျှလည်း ဖြစ်သော။ ကာရာနံ၊ လှူဒါန်းကြ၊ ပူဇော်ကြတဲ့ အလှူဒါန ပူဇော်သက္ကာရတို့၏။ မဟပ္ဖလဘာဝကရဏေန၊ အကျိုးကြီးမြတ်သည်၏အဖြစ်ကို ပြုသဖြင့်။ ဘယံ၊ ဘေးကို။ သံဃော၊ သံဃာက။ ဟိံသတိ၊ ပယ်ဖျောက် ဖျက်ဆီးတတ်ပါပေ၏တဲ့။ သံဃာကတော့ လှူဒါန်းကြ ပူဇော်ကြတဲ့ ပုဂ္ဂိုလ်တွေ အကျိုးကြီးမြတ်အောင် ဆောင်ရွက်သော အားဖြင့် ဘေးကို ဖျက်ဆီးတတ်တယ်။ ပူဇော်တယ်ဆိုတာ ချမ်းသာအမျိုးမျိုး ကောင်းကျိုးအရပ်ရပ် ရနိုင်သည် ဖြစ်သောကြောင့် အဲဒီ ချမ်းသာက ဘေးတွေကို ဖျောက်တတ်သောကြောင့် သံဃာက ဘေးကို ဖျောက်တတ်ပါတယ်လို့ ဆိုတယ်နော်။ အဲဒါ ရတနာသုံးပါးက ဘေးကို ဖျောက်တယ်။ ဘေးကို ဖျောက်တယ် ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်။

## ကယ်တင်တဲ့ ဝါဒမဟုတ်

ဒီခတော့ ဘုန်းကြီးတို့ ရတနာသုံးပါးက ဘေးပယ်ဖျောက်တယ်ဆိုတော့ ရတနာသုံးပါးက သတ္တဝါတွေကို 'မင်း....ချမ်းသာစေ'လို့ ကယ်တင်နိုင်သလား၊ ကယ်ဘင်နိုင်တဲ့ အဓိပ္ပါယ် ရောက်နေသလိုပဲနော်။ အမှန်က ဒီလို မဟုတ်ဘူး။ ဘုရားရှင်တော်မြတ်ရဲ့ တရားတော်၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့

သာသနာတော်မှာ ဘုရားကယ်တင်တယ်၊ တရားကယ်တင်တယ် ဆိုတာ ဘုရားတရားတော်၏ မိမိအကျင့်အရ ချမ်းသာကြရတယ်။ ကိုယ်ကျင့်မှ ကိုယ်ရတာ၊ ဘုရားက ကယ်တင်တာမဟုတ်ဘူး။ ယခု သရဏဂုံဖြင့် ဘေးကင်းတယ်၊ ရန်ကင်းတယ်၊ ချမ်းသာရတယ်ဆိုတာဟာ ဘုရားက ကယ်တာမဟုတ်ဘူး။ ကိုယ်ပြုကျင့်တဲ့ ကုသိုလ်ကောင်းမှုအရ ခံစားရတာ။ သရဏဂုတာနုံ၊ ကိုးကွယ်ရာဟု ဆည်းကပ်သော ပုဂ္ဂိုလ်တို့၏။ တေနေ၀ သရဏဂမနေန၊ ထိုကိုးကွယ်ဆည်းကပ်ကြောင်း ကောင်းမှု ကုသိုလ်ကံ၏ အစွမ်းအားဖြင့်။ ဘုရားက ကယ်တာမဟုတ်ဘူး၊ သံဃာက ကယ်တာမဟုတ်ဘူး၊ ဗုဒ္ဓ၀ါဒမှာ ဘုရားက ကယ်တယ်ဆိုတဲ့ ဒီအကယ်မျိုး မရှိဘူး။ တချို့ ဗြဟ္မာကြီးက ဖန်ဆင်းတယ်၊ လောကကြီး ဗြဟ္မာကြီးက ကယ်တယ်၊ ဘုရားရှင်က ကယ်တယ်။ ဘုရားရှင်က မကောင်းတဲ့ လူတွေ အပါယ်ချတယ်။ ကောင်းတဲ့လူတွေ ကောင်းကင်ဘုံ ပို့တယ် စသည်ဖြင့် ဒီလို ဘုရားကယ်တယ်ဆိုတဲ့ ၀ါဒရှိတယ်။

## ကိုယ့်တရားကြောင့် ကိုယ်အကျိုးရ

ဘုန်းကြီးတို့ ဗုဒ္ဓ၀ါဒမှာ အဲဒီလို မရှိဘူး၊ ဘုရားဟာ မကယ်နိုင်ဘူး၊ တရား, သံဃာက မကယ်နိုင်ဘူး။ ကိုယ်ကျင့်တဲ့ကောင်းမှုကြောင့် ကောင်းကျိုးရတယ်။ အဲဒါကြောင့် ခုနက သရဏဂမနေန၊ သရဏဂုံကြောင့် ရတာပါ။ မင်းတို့ ကိုယ်ပြုတဲ့ ကုသိုလ်ကြောင့် ကိုယ်ရတာ။ ငါက ကယ်တာမဟုတ်ဘူး။ ဘုရားရှင် ကိုယ်တော်မြတ် မကြာမကြာ ဟောထားတဲ့ တရားတွေရှိတယ်။

> အတ္တာဟိ အတ္တနော နာထော၊
> ကော ဟိ နာထော ပရောသိယာ။

အတ္တာဟိ—အတ္တာ ဧ၀၊ မိမိကိုယ်သာ။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာ ဖြစ်ပါပေ၏။ ပရော၊ မိမိမှတပါး အခြားဖြစ်သော။ ကော၊ အဘယ် ပုဂ္ဂိုလ်သည်။ နာထော၊ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်နိုင်ပါအံ့နည်း။ ကိုယ့်ကိုကိုယ်သာ ကိုးကွယ်ရာတဲ့။ မင်းတို့ကို ငါမကယ်နိုင်ဘူး။ မင်း

တို့ ကောင်းတာလုပ်ယင် ကောင်းမယ်၊ မကောင်းတာလုပ်ယင် မကောင်းဘူး။ "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ"၊ ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ မိမိကိုယ်တည်း ဟူသော မှီခိုရာရှိသည်ဖြစ်၍။ အတ္တသရဏာ၊ မိမိတည်းဟူသော ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ မိမိမှ တပါး အခြား ကိုးကွယ်ရာ မရှိကုန်မူ၍။ ဝိဟရထ၊ နေကြကုန်လော့။ ငါကယ်တယ်၊ ငါကယ်နိုင်တယ်၊ ငါကယ်မည်လို့ ဘုန်းကြီးတို့ဘုရားက အမိန့်မရှိဘူး။ ကိုယ့်ကိုယ်ကိုသာ ကိုးစားရာအဖြစ်နေကြတဲ့၊ ဒီမှာ သတိပဋ္ဌာန်၊ ဘုန်းကြီးတို့ သတိပဋ္ဌာန်သံယုတ်က သည်မှာ ဟောတော်မူတဲ့ ဒေသနာ။

## အတ္တဆိုတာ

ဒီတော့ အတ္တဆိုတာ ဘာတုံးဆိုတော့ ဆက်ပြီးတော့ အတ္တရဲ့ အဖွင့်ကလေးကို ဘုရားရှင်က ဖွင့်ပြီးတော့ ဟောသွားသေတယ်။ "ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ၊ ဓမ္မသရဏာ အနညသရဏာ" ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဒီပါ၊ တရားဘည်းဟူသော ကျွန်းကြီးပမာ မှီခိုရာ ရှိကြကုန်သည် ဖြစ်၍။ ဓမ္မသရဏာ၊ တရားတည်းဟူသော ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ တရားတော်မှတပါး အခြား ကိုးကွယ်ရာ မရှိကြကုန်သည် ဖြစ်၍။ ဝိဟရထ၊ နေကြကုန်။ ကိုယ့်ကိုယ်ကို ကိုးကွယ်ရာအဖြစ် နေကြဆိုတာ တခြားမဟုတ်ဘူး။ တရားကို ပြောတာတဲ့။ အဲဒါကြောင့် ဘုရားရှင်က ငါ မင်းတို့ကို ငရဲချမယ်။ ကောင်းကင်ပို့မယ်လို့ မဆိုဘူး။ ကိုယ့်ကိုယ်ကို အားကိုးကြတဲ့။ ကိုယ့်ကိုယ်ကို ဆိုတာ တခြားမဟုတ်ဘူး။ ကိုယ်ကျင့်တရားက ကိုယ့်ကယ်လိမ့်မယ်။ အဲဒီတရား မင်းတို့ ကိုးစား အားထုတ်ကြလို့ဆိုတာ။

## တို့က ဟောပြရုံသာ

တနေရာမှာ ဓမ္မပဒ ပါဠိတော်မှာ ရှင်းရှင်းလင်းလင်းလေး ဘုရားက ဟောထားတာရှိတယ်—

တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

တုမှေဟိ၊ သင်ချစ်သား ချစ်သမီးတို့သည်သာလျှင်။ အာတပ္ပ၊ သမ္မပ္ပဓာန် လုံ့လ ဝီရိယမျိုးကို။ ကိစ္စံ ကာတဗ္ဗံ၊ မဆုတ်မနစ် အားအသစ်ဖြည့်ကာ ပြုလုပ်သင့် ပြုလုပ်ထိုက်ပါပေ၏။ ချစ်သား ချစ်သမီးတို့ သင်တို့ အတွက် မိမိတို့ဆိုင်ရာ လုံ့လ မိမိတို့ဆိုင်ရာ လုံ့လဝီရိယတွေ အားထုတ်ကြ၊ ကိုယ့်တာဝန်ကို ထမ်းကြတဲ့။ တုမှေဟိ ကိစ္စမာတပ္ပံ၊ ကိုယ့်တာဝန်ကိုယ်ထမ်းကြ။ ကိုယ့်လုံ့လ ကိုယ်ကြိုးစားကြ။ ကိုယ့်တရား ကိုယ်ပွားများကြ၊ အားထုတ်ကြ၊ ငါဘုရား မတတ်နိုင်ဘူးတဲ့။ အက္ခာတာရော တထာဂတာ—တထာဂတာ၊ ငါဘုရားရှင်တို့သည်။ အက္ခာတာရော၊ ဘယ်သို့ပြုကျင့် ဘယ်သို့တော့မကျင့်နဲ့ဟု ကျင့်ဖို့ မကျင့်ဖို့ နည်းလမ်းကို ဟောကြားရုံသာ ဟောကြားတော်မူတတ်ပါပေကုန်၏။ ဒို့တာဝန်က ဘုရားမြတ်တာဝန်က ဘယ်လမ်းဟာ သင့်တယ်၊ ဘယ်လမ်းဟာ မသင့်ဘူး၊ ဘယ်လမ်းကျင့် ဘယ်လမ်းမကျင့်နဲ့လို့ လမ်းညွှန်ရုံသာ တတ်နိုင်တယ်။ ကောင်းကင်ဘုံ ပို့မပေးနိုင်ဘူး။ ငရဲကို မချနိုင်ဘူး။ ကိုယ်ကျင့်မှ ကိုယ်ရမယ့် အဓိပ္ပာယ်။ ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။ ဈာယိနော၊ သမထ ဝိပဿနာ ဘာဝနာ နှစ်ပါး၌ ရှုပွားကြကုန်သည်ဖြစ်၍။ ပဋိပန္နာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တို့သည်။ မာရဗန္ဓနာ၊ ကိလေသာထောင် အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ ကောင်းစွာလုံလုံ လွတ်မြောက်ကြရကုန်တော့သတဲ့ည်း။ ကိုယ့်ဟာကိုယ် ကျင့်မှ ကိုယ်ရမယ်။ သူတပါးက ကယ်တင်လို့မရဘူး။ အဲဒီတော့ ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တရား, သံဃာ ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏လို့ ဆိုတာ။ ဘုန်းကြီးတို့ သာသနာတော်မှာ ကိုးကွယ် ဆည်းကပ်နည်းဟာ တမျိုး။ ကိုးကွယ်လို့ ဘုရားက ကယ်မယ်လို့ အာမခံတာ မဟုတ်ဘူး။ ကိုးကွယ်ပါ၏ ဆိုတာ တပည့်ခံတာ။ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဆိုတာ တပည့်ခံတာ၊ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆရာတင်တာ။ တရား, သံဃာကို ဆရာတင်တာ၊ တပည့်ခံတာ။ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်း

ကပ်ပါ၏ဆိုတာ တရားလိုချင်လို့။ တရားသံဃာကို ကိုးကွယ်ရာဟူ၍ ဆည်း
ကပ်ပါ၏ဆိုတာ တရားလိုချင်လို့။ ဒါကြောင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏
ဆိုတာ ဆရာတင်တာ။

## အနာထပိဏ်နဲ့ တိတ္ထိတပည့်တွေ

အဲဒီတော့ ဘုန်းကြီးတို့ ဒါနဲ့စပ်ပြီးတော့ နည်းနည်း ဝတ္ထုကြောင်းလေး တပုဒ် အကျဉ်းချုပ်ကလေး ပြောရဦးမယ်။ ဘုန်းကြီးတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်ကြီးတွင် သီတင်းသုံးနေတုန်း အနာထပိဏ် သဌေးကြီးမိမိ မိတ်ဆွေ တိတ္ထိတွေရဲ့ တပည့်ငါးရာ လူတွေခေါ်လာပြီးတော့ ဘုရားရှင်ထံ ဆည်းကပ်တယ်။ အဲသလို ဆည်းကပ်တဲ့ အခါကျတော့ ဘုရားရှင် ကိုယ်တော်မြတ်က တရားဟောတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရူပကာယကလဲ ကြည်ညိုဖွယ်၊ တရားကလဲ နှစ်သက်ဖွယ်ဆိုတော့ သူတို့ဟာ တိတ္ထိသရဏဂုံ ဖျက်ပြီးတော့ ဘုရားသရဏဂုံ ဆည်းကပ်ကြတယ်။ အဲသလို ဆည်းကပ်ကြတဲ့အခါကျတော့ အနာထပိဏ် သဌေးကြီးကလဲ သူတို့ကို မကြာမကြာ ခေါ်လာ၊ ဘုရားတရား မကြာမကြာ နာရ၊ ဘုရားထံမှာ သရဏဂုံခံယူ ဆောက်တည်ကြတယ်။ တနေ့ကျတော့ ဘုရားရှင်က ရာဇဂြိုဟ်ပြည် ကြွသွားတယ်။ ရာဇဂြိုဟ်ပြည် ကြွသွားတော့ အဲဒီ တိတ္ထိတပည့် ဒကာတွေဟာ သူတို့ တိတ္ထိသရဏဂုံပဲ ပြန်ပြီးတော့ ဆောက်တည်ကြတယ်။ အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ခုနစ်လ၊ ရှစ်လလောက် ကြာတယ်။ ခုနစ်လ၊ ရှစ်လလောက် ကြာတော့ ဘုရားရှင် ကိုယ်တော်မြတ် ပြန်ရောက်လာတယ်။ ပြန်ရောက်လာတဲ့ အခါကျတော့ အနာထပိဏ် သဌေးကြီးက သူတို့ကို တခါ ခေါ်သွားပြန်တယ်။ ခေါ်သွားပြီးတော့ အကျိုးအကြောင်း လျှောက်ထားတယ်။ မြတ်ဘုရား မရှိခိုက်မှာ သူတို့လဲ တိတ္ထိသရဏဂုံ ပြန်ပြီး ယူကြတယ် ဘုရား ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးရဲ့ ဂုဏ်တော်တွေ ဟောတယ်။ မင်းတို့ ဒီရတနာ မြတ်သုံးပါး ကိုးကွယ်မှ ဒုက္ခကင်းကြမယ်ဆိုတဲ့ အကြောင်း ဟောပြီးတော့ အဲဒီရတနာ မြတ်

သုံးပါးကိုသာ ကိုးကွယ်ဖို့ ပြောဟောပြတော့ သူတို့လဲ နောက်တဖန် ဘုရားသရဏဂုံဆိုတဲ့ ရတနာမြတ်သုံးပါး ဆည်းကပ်တဲ့ သရဏဂုံကို ပြန်ယူကြတယ်။

### အတိတ် ဇာတ်ကြောင်း

အဲသလို ယူကြတဲ့ အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က သူတို့ကို ရှေးဖြစ်ဟောင်း အတိတ်ဇာတ်ကြောင်းလေးတခု ပြောပြတယ်။ လောကမှာ မှမှားနိုင်တဲ့အကျင့်၊ မချွတ်ယွင်းတဲ့အကျင့်ရှိတယ်။ ချွတ်ယွင်းတဲ့အကျင့်ရှိတယ်။ ရှေးက မမှားနိုင်တဲ့အကျင့် ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ချမ်းသာတယ်၊ မှား ယွင်းတဲ့ အကျင့်ကို ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဆင်းရဲတယ်ဆိုတော့ အဲဒီ အကြောင်းကို ပြန်ပြောင်းပြီးတော့ ဟောဖို့ အနာထပိဏ် သဌေးကြီးက လျှောက်ထားတဲ့ အခါကျတော့ ဟောရတယ်။ ရှေးတုန်းက ဗာရာဏသီပြည် မှာ ဘုရားအလောင်းက ကုန်သည်မျိုးဖြစ်တယ်။ ကုန်သည်အမျိုးဖြစ်တော့ အရှေ့က အနောက်၊ အနောက်က အရှေ့ လှည်းငါးရာနဲ့ နောက်လိုက် နောက်ပါတွေနဲ့ ကုန်ကူးတတ်။ အဲဒီမှာ ဗာလဖြစ်တဲ့ ကုန်သည်တယောက်လဲ ရှိတယ်။ သူကတော့ ဘာမှ အကျိုးအကြောင်း ကောင်းကောင်း နားလည်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ သူကလဲ လှည်းငါးရာနဲ့ ဒီလိုပဲ ကုန်သွယ်တယ်။ အဲသလို ကုန်သွယ်တဲ့အခါကျတော့ တနေ့ ဘုရားအလောင်းဟာ ကုန်သွယ်ဖို့ လှည်းငါး ရာအပေါ်မှာ အဖိုးတန်တဲ့ ဘဏ္ဍာတွေ တင်ထား၊ အဲဒီ ဗာလ ကုန်သည်ကလဲ ဒီလိုပဲ လှည်းငါးရာပေါ် ကုန်တွေပြင်ဆင်ထား၊ ဒီတော့ ဘုရားအလောင်းက စဉ်းစားတယ်။ တို့နှစ်ယောက်စလုံး အတူတူသွားမယ်ဆိုယင် လမ်းမှာ အခက် အခဲတွေ ထင်း၊ ရေ၊ မြက် အခက်အခဲတွေ ဖြစ်ကြမယ်။ ဒီတော့ အရင် သူသွားချင်သွား၊ သူမသွား ငါသွားမယ်ဆိုပြီး သူ့ခေါ်မေး၊ သူ့ခေါ်မေး တော့ သူက အရင်သွားမယ်လို့ ဆိုတယ်။ ဆိုတော့ ဘုရားအလောင်းကလဲ အေး — မိတ်ဆွေ မင်းအရင်သွားယင် ကျွန်ုပ်လဲ နောက်မှလိုက်ခဲ့မယ် ဆိုပြီး တော့ အရင် လွှတ်လိုက်တယ်။ ဝတ္ထုကို ဘုန်းကြီးက အကျဉ်းချုပ်ပြီးတော့

ဟောဘာ၊ သူသွားတယ်ဆိုပါတော့။ သူကတော့ ဗာလဆိုတာကိုး၊ ဘာမှ လောကအကျိုး အကြောင်းကောင်းကောင်း နားမလည်ဘူး၊ ကုန်သည်သာ လုပ်နေတယ်။

## ဘီလူးတွေ လှည့်ဖျားခံရ

လမ်းကျတော့ ကန္တာရတခုရောက်သွားတယ်။ ကန္တာရဆိုတာကလွန်မြောက်ဖို့ရာ ခဲယဥ်းတဲ့ ခရီးပဲလို့ ဆိုဘယ်။ အဲဒီ ကန္တာရရောက်သွားတော့ ရေမရှိဘူး။ ရေမရှိတဲ့ ကန္တာရ၊ ဘီလူးတွေရှိဘယ်။ အဲဒီတော့ ဘီလူးတွေက ဒီလူတွေတော့ စားရအောင်လုပ်မှပဲဆိုပြီးတော့ တခါထဲ လှည်းတွေနဲ့ လူတွေ ဖန်ဆင်းလို့၊ လူတွေကြည့်လိုက်လဲ ကြာစွယ်တွေစားလို့၊ ကြာပန်းတွေပန်လို့ လူတွေလဲရေရွှဲလို့၊ လှည်းဘီးတွေလဲရေစိုလို့။ အဲ့သလိုဖန်ဆင်းပြီး လာတဲ့အခါကျတော့ လမ်းမှာ ဆုံမိကြဘယ်။ ဆုံမိကြတော့ ဟိုကလဲဖယ်ပေး၊ ဒီကလဲဖယ်ပေးကြပြီး အချင်းချင်းမေးကြဘယ်။ လူယောင်ဆောင်ထားတဲ့ ဘီလူးတွေက မေးတယ်၊ ဘယ်သွားကြမှာလို့တုံး၊ ဘယ်ကလာတုံး၊ ဗာရာဏသီကလာဘယ်။ ကုန်ကူးသွားမလို့ ပြောတော့ ဘာတွေပါသလဲ မေးကြ၊ အဲဒီ လှည်းပေါ်ပါတာတွေ ပြောကြတော့ ခင်ဗျားတို့နောက်ကလှည်းလေ့ပုံရတယ်။ ဘာတွေပါတုံးဆိုတော့ ရေတွေဖြစ်ကြောင်း ပြောကြတယ်။ ဒီအခါ ဘီလူးတွေက ခင်ဗျားတို့ရေတွေ အလကား၊ ဟိုမှာ တောတောင်ကလေး ရှေ့လျှောက်သွားယင် ဟိုမှာကြည့်ပါလား၊ တောကြီးက စိမ်းစိမ်းညို့ညို့နဲ့ အဲဒီမှာ ကန်တွေလဲရှိတယ်။ ရေတွင်းတွေလဲ ရှိတယ်။ ရေတွေအလျှံပယ် စီးဆင်းနေတယ်ဆိုတဲ့အကြောင်း ပြောပြီး ဘီလူးတွေက သွားကြ၊ သူတို့ကအဟုတ်မှတ်ပြီး သူတို့ရေတွေ အကုန်သွန်၊ အိုးတွေ အကုန်အောက်ကန်ချခဲ့။ အဲဒါနဲ့ ရှေ့သွားတော့ ဟိုနေရာကျလဲ ရေမတွေ့၊ ဒီနေရာကျလဲ ရေမတွေ့၊ ရေမတွေ့ပဲနဲ့ အဲဒီည လှည်းဝိုင်းကြီးဖွဲ့ပြီး အဲ့ဒီမှာ အိပ်ကြဘာပေါ့။ အားကလဲမရှိ၊ လူတွေကလဲနွမ်း၊ အဲဒီအချိန်မှာ ဘီလူးတွေက လာပြီးတော့ သူတို့ကို အကုန်းစားလို့ အရိုးချည်းပဲ ကျန်တော့တယ်။

## ပညာရှိ လှည်းကုန်သည်

သူတို့သွားလို့ မကြာခင် ပညာရှိတဲ့ ဘုရားအလောင်းလှည်းကုန်သည်က လှည်းငါးရာနဲ့ တခါဆက်လာတော့ ဘီလူးတွေက ခုနလိုပဲ ရေတွေဘာတွေ ရှိတဲ့အသွင်သဏ္ဌာန်ပြပြီးတော့ သူတို့ကို တခါပြောပြန်တယ်။ ဟာ – ဘာလို့ ရေတွေယူလာကြတာတုံး။ ဒီရေတွေသွန်လိုက်၊ ရှေ့မှာရေတွေအများကြီးဆို တော့ ဘုရားလောင်းက သိတယ်။ ဒီလူတွေဟာ လူမဟုတ်ဘူးဆိုတာ၊ ဘာ ဖြစ်လို့တုံးဆိုတော့ သူတို့ကိုကြည့်ရတာ ကြောက်လဲမကြောက်ဘူး။ ပြီးတော့ အရိပ်လဲမထွက်ဘူး။ ဒီလူတွေဟာ လူမဟုတ်ဘူးဆိုတာ သိတယ်။ သိုတော့ ဒီရေ တွေဘယ်သွန်နိုင်မတုံး။ ရေမြင်မှ ဒါတွေ သွန်ပြီးတော့ ပေါ့ပေါ့ပါးပါးနဲ့ သွားမယ်ဆိုတော့ ဘီလူးတွေက လက်လျှော့ပြီးတော့ ထွက်သွားကြတယ်။ ဘုရားအလောင်းကတော့ သိတယ်။ ရှေ့ကလှည်းကုန်သည်တွေတော့ ဘီ လူးတွေရဲ့ အလှည့်အပတ် ခံရပြီးတော့ ဘီလူးတွေ အစားခံရပြီဆိုတာ သိတယ်။ သိတဲ့အတိုင်းပဲ ရှေ့သွားတော့ ဘယ်နေရာမှ ရေမတွေ့။ ပထမ ဗာလလှည်း ကုန်သည် လှည်းစခန်း ချရာ အရပ် ရောက်တဲ့ အခါ ကျတော့ အရိုး ချည်းပဲ တွေ့ရတယ်။ ပစ္စည်း တွေချည်းပဲ တွေ့ ရတယ်။ အဲဒါနဲ့ သူတို့လဲ အဲဒီမှာပဲ လှည်းစခန်းချပြီးတော့ မနက်ကျတော့ အဲဒီက ရှိတဲ့ ပစ္စည်းအကောင်းတွေနဲ့ သူတို့ ပစ္စည်းမကောင်းတာတွေ နဲ့ လဲယူ။ လှည်းကောင်းတွေနဲ့ အဲဒီသူတို့ဆီက လှည်းညံ့တွေနဲ့ လဲယူပြီးတော့ ချမ်းချမ်းသာသာနဲ့ ကုန်ရောင်းကုန်ဝယ် လုပ်ပြီးတော့ မိမိတို့ အရပ်ပြန် သွားနိုင်တယ်တဲ့။

### အပဏ္ဏက ဋ္ဌိပဒါ အကျိုး

ဒီနေရာမှာ ဆိုလိုရင်းက· ဘာတုံးဆိုယင် အပဏ္ဏက ပဋိပဒါ မချွတ် ယွင်းတဲ့ အကျင့် တကယ်ကျိန်းသေတဲ့ အကျင့်ဟာ ချမ်းသာခြင်း အကြောင်း ပဲ။ ချွတ်ယွင်းတဲ့ အကျင့် ကျိန်းမသေတဲ့ အကျင့်ဟာ ဆင်းရဲခြင်း အကြောင်း။ ပထမ လှည်းကုန်သည်ဟာ ဘီလူးတွေ ပြောဘာနဲ့ မသေချာတဲ့ လမ်းကို အဟုတ်ကြီးလုပ်ပြီးတော့ သူလိုက်တယ်။ ချွတ်ယွင်းတဲ့ လမ်းကို လိုက်တော့

ဒုက္ခရောက်ရတယ်။ ကိုးကွယ်ရာ အားထားရာ မှားသွားတယ်။ ဒုတိယ လှည်းကုန်သည်ကြီးကတော့ ဘီလူးပြောပေမယ့် သူကဘာတုံး။ ဒီရေတွေ ဟာ ဟိုကထဲက ယူလာတာ။တကယ်လို့ သွန်ပစ်လို့ ဟိုမှာ ရေမရှိလို့ရှိယင် ဒုက္ခရောက်မှာ။ မှသွန်လဲ ဒါဘာမှတာဝန်မကြီးဘူး ဆိုပြီးတော့ ရေတွေမှ သွန်မယ်ဆိုပြီးတော့ သွားတယ်။ တပည့်တွေက ပြောသေးတယ်။ တပည့် တွေက အထင်လွဲသေးတယ်။ လွဲတော့ သူက ဟာ—မင်းတို့ သူတို့ပြောတဲ့ စကား မယုံကြနဲ့။ ဒီ လေတို့၊ မိုးတို့ဆိုတာ ဘယ်နှစ်ယူဇနာ လောက်က သိရတုံး၊ တယူနာလောက်က။ ကဲ တယူဇနာက မင်းတို့ လေကို တွေ့သလား ကွ။ မတွေ့၊ တိမ်ဆိုတာက ဘယ်လောက်က တွေ့ရတုံးဆိုတော့ သုံးယူဇနာ လောက်က တွေ့ရတယ်။ အဲဒီတိမ် အရှိန်အဝါရော မင်းတို့ တွေ့ရလား၊ မတွေ့ရဘူး။ လျှပ်စီးလက်တယ်ဆိုတာ ဘယ်လောက်က တွေ့ရတုံးဆိုတော့ လေးငါးယူဇနာလောက်က တွေ့ရတယ်။ အဲ—အခုတွေ့ရသလား။ မိုးသံဆိုတာ ဘယ်လောက်က ကြားရသလဲ။ တယူဇနာ၊ နှစ်ယူဇနာလောက်က ကြားရပါ တယ်။ ကဲ အခု မိုးသံ ကြားရသလား။ အဲဒီတော့ မိုးရွာမယ်ဆိုတာ မင်း တို့ ဟုတ်နိုင်ပါမလားဆိုပြီး ဒါတွေဟာ လူမဟုတ်၊ ဘီလူးတွေဖြစ်ကြောင်း ပြောပြီး သူတို့ကို ဖျောင်းဖျရသေးတယ်။

## ကိုးကွယ်ရာ မှန်၍ ချမ်းသာရ

ဆိုလိုတာကတော့ ဘုန်းကြီးက ဘုရားလောင်းဟာ အပဏ္ဏက ပဋိပဒါ မချွတ်ယွင်းတဲ့ အကျင့်ကို ကျင့်တယ်။ မမှားနိုင်တဲ့ အကျင့်ကို ကျင့်တယ်။ ဒါကြောင့်မို့လို့ သူ့တပည့်တွေလဲ ချမ်းသာရစေတယ်။ မိမိလဲ ချမ်းသာရ စေတယ်။ ချမ်းသာစွာ ကန္တာရကြီးကို လွန်မြောက်နိုင်တယ်။ တပည့်တွေ ဟာ ကိုးကွယ်ရာမှန်တော့ ချမ်းသာတယ်။ ခုန ခေါင်းဆောင်ကြီးဟာ ဒေဝဒတ်အလောင်းပဲ။ အဲဒီခေါင်းဆောင် လှည်းကုန်သည် ကြီးနောက် လိုက်ကြတဲ့တပည့်လှည်းကုန်သည်တွေအကုန်လုံးဘီလူးစာဖြစ်ကြရတယ်။အဲဒါ ကြောင့်ကိုးကွယ်ရာမှန်ဖို့ဆိုတာ အရေးကြီးတယ်။ အဲဒါကြောင့်ဘုရား၊ တရား၊ သံဃာတည်းဟူသော ကိုးကွယ်ရာဟာ မှန်ကန်တဲ့ ကိုးကွယ်ရာမို့လို့ ဘုန်း

ကြီးတို့ဒကာဒကာမတွေဟာ အပဏ္ဏကပဋိပဒါဆိုတဲ့ မချွတ်ယွင်းနိုင်တဲ့ အကျင့်ကိုကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ မမှားနိုင်တဲ့ အကျင့်ကို ကျင့်ကြတော့ နောင်လဲပဲ မှားယွင်းတဲ့ အကျိုးကို ခံစားရမှာ မဟုတ်ဘူး။ မှန်ကန်တဲ့ အကျိုးမျိုးသာ ခံစားရမယ်။ ဒါကြောင့် ကိုးကွယ်ရာ မှန်ယင် ချမ်းသာရတယ်။ကိုးကွယ်ရာ မမှန်ယင် ဆင်းရဲရတယ်။ အဲဒါကြောင့် သရဏဂုံ သုံးပါးဟာ တကယ့် မှန်ကန်တဲ့ ကိုးကွယ်ရာ အပဏ္ဏက ပဋိပဒါ မချွတ်ယွင်းတဲ့ အကျင့်။ ဒါကြောင့် အဲဒီအကျင့်ကို ကျင့်ကြတဲ့ မိမိတို့ဟာ ကောင်းကျိုးရလိမ့်မယ် ဆိုတာလဲ ဒါ မချွတ်ယွင်းတဲ့ စကားပဲ။ မချွတ်ယွင်းတဲ့ အချက်ပဲနော်။ ဒါကြောင့် သရဏဂုံဆိုတာ ဘုန်းကြီးတို့ မချွတ်ယွင်းတဲ့ အချက်ဆိုတော့ သူက ကုသိုလ်တရား၊ ကောင်းမှုတရား ကုသိုလ်စိတ်၊ သရဏဂုံဆိုတာ ကုသိုလ်စိတ်၊ သရဏဂုံအကြောင်းတော့ ဘုန်းကြီးက မပြောရသေးဘူး။ ခု သရဏနဲ့ပဲ ပြီးသွားသေးတယ်။ ဒါကြောင့် သရဏဂုံဆိုတာကို နောက်မှ ပြောမယ်။ အဲဒါကြောင့် အပဏ္ဏက ပဋိပဒါ မချွတ်မယွင်းတဲ့ အကျင့်ကို ကျင့်ကြတဲ့။ မချွတ်ယွင်းတဲ့ မှန်ကန်တဲ့ သရဏဂုံ ခံယူကြရတဲ့ ဒကာ ဒကာမတွေ မှန်ကန်တဲ့ ကောင်းမြတ်တဲ့ အကျိုး ခံစားရပြီးတော့ ကောင်းမြတ်တဲ့ တရားထူးတွေ ရကြပြီးတော့ ဒုက္ခခပ်သိမ်း အငြိမ်းကြီး ငြိမ်းကာ ချမ်းသာကြပါစေကုန်သတည်း။

☆ ❂ ☆

၁၃၄၆ ခု၊ တော်သလင်းလဆန်း (၈)ရက်။ (၂—၉—၈၄)

## သရဏဂုံဘုရားအချီး

ဒီနေ့လဲ သရဏဂုံ တရားအဆက်—

အနာထာနံ ဘဝံ နာထော၊ ဘီတာနံ အဘယပ္ပဒေါ။
ဝိဿမဘူမိ သန္တာနံ၊ သရဏံ သရဏောသိနံ။

ဘဝံ၊ ရှင်တော်မြတ်ဘုရားသည်။ အနာထာနံ၊ ကိုးကွယ်ရာမဲ့ နေကြကုန်သော သတ္တဝါတို့၏။ နာထော၊ ကိုးကွယ် အားထားရာအစစ် တကယ်တမ်းဖြစ်ပါပေ၏။ ။ဘုရားရှင်ကို ချီးကျူးကြတဲ့ဂါထာ။ သရဏဂုံတရားဟော နေတော့ ဘုရားရှင်ဟာ တကယ့် ကိုးကွယ်ရာဖြစ်ကြောင်း၊ တကယ့်အားထားရာ ဖြစ်ကြောင်း၊ ဘုရားရှင် ဂုဏ်တော်နဲ့ အစတင်ပြီး ချီးကျူးလိုက်ရတယ်။ ။ဘဝံ၊ ရှင်တော်မြတ်ဘုရားသည်။ အနာထာနံ၊ ကိုးကွယ်ရာမဲ့ နေကြကုန်သော ပုဂ္ဂိုလ်တို့၏။ နာထော၊ ကိုးကွယ်ရာအစစ် တကယ်တမ်းဖြစ်ပါပေ၏။ ဘီတာနံ၊ သံသရာဘေး ဒုက္ခ ကြုံနေရ၍ ကြောက်လန့်နေကြကုန်သော သတ္တဝါအပေါင်းတို့ကို။ အဘယပ္ပဒေါ၊ ဘေးကင်းရေးကို ပေးတော်မူတတ်ပါပေ၏။ သန္တာနံ၊ သူတော်ကောင်းဖြစ်ကြသော သတ္တဝါအပေါင်းတို့၏။ သန္တာနံ၊ သူတော်ကောင်းဖြစ်ကြသော ပညာရှိအပေါင်းတို့၏။ ဝိဿမဘူမိ၊ ဒုက္ခအေးစရာ အပန်းဖြေစရာ ဌာနလည်း ဖြစ်ပါပေ၏။

သရဏောသိနံ၊ ကိုးကွယ်ရာကို ရှာမှီးကြကုန်သော လောကသူ လောကသား၊ လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့၏။ သရဏံ၊ ကိုးကွယ်ရာအစစ် တကယ် တမ်း ဖြစ်ပါပေတော့သတည်း။

## ဂါထာ အဓိပ္ပာယ်

ဘုန်းကြီးတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ကိုးကွယ်ရာနဲ့ နေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ တကယ့်ကိုးကွယ်ရာ ဖြစ်တော်မူတယ်။ ဘေးဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဘေးကင်းမှုကို ပေးတတ်တဲ့ ဘေးကို ဖျောက်တတ်တဲ့ တကယ့် ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူခဲ့တယ်။ သူတော်ကောင်း ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပန်းဖြေရာ ဌာနကြီးလဲ ဖြစ်တော်မူတယ်။ ဘုရားရှင်ကိုယ်တော်မြတ် အမှီပြုပြီးတော့ တရားတော်တွေ ရကြတာ ဖြစ်သောကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သူတော်ကောင်းတို့ရဲ့ အပန်းဖြေရာ ဌာနကြီးလို့၊ ဒီလိုတင်စားပြီးတော့ ချီးကျူးကြတယ်။ သရဏေသိနံ၊ ကိုးကွယ်ရာ ရှာမှီးနေကြသော ပုဂ္ဂိုလ်တို့၏။ သရဏံ၊ ကိုးကွယ်ရာအစစ်တကယ် တမ်း ဖြစ်ပါပေ၏။ ကိုးကွယ်ရာရှာကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကိုးကွယ်ရာလဲ ဖြစ်တယ်တဲ့။ အဲဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ဟာ တကယ့် သရဏဂုံ ထိုက်တဲ့ ပုဂ္ဂိုလ်။ ဒါကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လို့ ဆိုရတာဟာ မိမိတို့မှာ တကယ် စိတ်ပါလက်ပါ ဆိုနိုင်လောက်အောင် ဘုရားရှင်က ကိုးကွယ်ရာ တကယ် ဖြစ်တော်မူတယ်။ ဘုရားရှင် ကိုးကွယ်ရာဖြစ်တော့ ဘုရားရှင်က တရားနဲ့ သတ္တဝါတွေကို ချမ်းသာအောင် ဆောင်ရွက်ပေးရတာ ဖြစ်သောကြောင့် တရားတော်ဟာလဲ တကယ့်ကိုးကွယ်ရာ ဖြစ်တယ်ဆိုတာ သိရတယ်။ ထို့အတူပဲ သံဃာတော်တွေရဲ့ ကျေးဇူးကလဲ ကြီးတယ်။ဒါကြောင့် သံဃာတော်တွေလဲ ကိုးကွယ်ရာအစစ် ဖြစ်ကြတယ်။ ဘုရားကို ကိုးကွယ်ရာ ဆိုသဖြင့် တရားသံဃာရဲ့ ကိုးကွယ်ရာအဖြစ်လဲ ပြီးသွားတယ်။

## သရဏအရ ဟောခဲ့ပုံ

အရင်အပတ်က ဘုန်းကြီး သရဏ—သရဏဂမန ပြောမယ်လို့ ဟောခဲ့တာ သရဏကတော့ ပြီးသွားပြီ။ သရဏဂမနကို မပြောရသေးဘူး။ သရဏဆိုတာ ဖျက်ဆီးတတ်တယ် ဆိုတဲ့ အနက်ရတယ်။ ဘုရား, တရား, သံဃာရတနာ့မြတ်သုံးပါးဟာ သရဏ။ ဘာကို ဖျက်ဆီးတတ်သတုံးဆိုတော့ ဘေးတွေ ဖျက်ဆီးတတ်တယ်။ ဆင်းရဲ ဒုက္ခတွေ ဖျက်ဆီးတတ်တယ်။ ဒုဂ္ဂတိဆိုတဲ့ အပါယ်ဘဝ ဒုက္ခတွေကို ဖျက်ဆီးတတ်တယ်။ ဒါကြောင့် ဘုရား, တရား, သံဃာဟာ သရဏ။ ဖျက်ဆီးတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဖျက်ဆီးတတ်တဲ့ ဝတ္ထုတွေ၊ နောက်တနည်းအားဖြင့်လဲ မြတ်စွာဘုရားဟာ သတ္တဝါတွေ အကျိုးမမဲ့အောင်၊ အကျိုးမဲ့မှုတွေကိုလဲ ပယ်ဖျောက်တတ်တယ်။ စီးပွား ချမ်းသာတွေကိုလဲ ညွှန်ကြားတတ်တယ်။အကျိုးမဲ့တွေကိုလဲ တားမြစ်တယ်။ မကောင်းမှု မပြုကြနဲ့လို့ ဆိုပြီးတော့ မကောင်းမှု မပြုကြနဲ့ဟောထားတဲ့ ဒေသနာတော်တွေဟာအများကြီး။ ကောင်းမှု ပြုဖို့ရာ ဟောထားတဲ့ ဒေသနာတော်တွေဟာလဲ အများကြီး။ အဲဒီ ဒေသနာတော်တွေနဲ့ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါတွေရဲ့ အကျိုးစီးပွားမဲ့ကို တားမြစ်တော်မူခဲ့တယ်။ အဲဒါ ဘေးကို ပယ်ဖျောက်တတ်တာ။ ထို့အတူပဲ တရားတော်ဆိုတာဟာလဲပဲ သတ္တဝါတွေကို ဒုက္ခမှကယ်တင်တတ်တယ်။ သတ္တဝါတွေကို သက်သာရာကို ပေးတတ်တယ်။ ဒုက္ခမှကယ်တင်ခြင်းအားဖြင့် လည်းကောင်း၊ သက်သာရာ ပေးခြင်းဖြင့် လည်းကောင်း ဘေးဒုက္ခကို ဖျက်ဆီးတတ်တယ်။ ပြုပြုသမျှ အလှူဒါနတို့၏ ကောင်းကျိုးကို ကြီးမားအောင် ဆောင်ရွက်ပေးတတ်သောကြောင့် သံဃာတော်တွေလဲ ဘေးဒုက္ခ ဖျက်ဆီးတတ်တယ်။ သရဏဂမန—သရဏဂုံဆိုတဲ့ နေရာမှာ သရဏဆိုတာ ဘေးကို ဖျက်ဆီးတတ်တယ်တဲ့။ ဘုရား, တရား, သံဃာရတနာ့မြတ် သုံးပါးကို ခေါ်တဲ့အကြောင်း အရင် အပတ်က ဘုန်းကြီးဟောခဲ့တယ်။

## သရဏဂုံ ဆိုတာ

ဒီနေ့တော့ သရဏဂမနဆိုတဲ့ ပါဠိပုဒ်က သရဏဂုံလို့ ပါဠိသက် ဝေါဟာရ ဖြစ်လာတယ်။အဲဒါကြောင့် သရဂုံဆိုတာသရဏဂမနက ဖြစ်လာတယ်။ သရဏ

ဂမန ဆိုတာဟာ ဘာကို ခေါ်တာတုံး ဆိုတော့ "တပ္ပသာဒ တဂ္ဂရုတာဟိ ဝိဟတကိလေသော တပ္ပရာယဏတာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါ သရဏ ဂမနံ" သရဂုံဆိုတာဟာတခြားမဟုတ်ဘူးတဲ့။ ကုသိုလ်စိတ်ပဲ။ ကိုးကွယ်ရာဟု ဆည်းကပ်တဲ့အခြင်းအရာဖြင့် ဖြစ်တဲ့ ကုသိုလ်စိတ်ကိုပဲ သရဏဂုံလို့ ခေါ်တယ် တဲ့။ စိတ္တုပ္ပါဒေါ၊ ကုသိုလ်စိတ္တုပ္ပါဒ်သည်။ သရဏဂမနံ၊ သရဏဂုံမည်၏။ "သရဏန္တိ ဂစ္ဆတိ ဧတေနာတိ သရဏဂမနံ" ဧတေန၊ ဤကုသိုလ်စိတ္တုပ္ပါဒ် ဖြင့်။ သရဏန္တိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ကပ်ရောက်တတ်၏။ ဆည်းကပ် တတ်၏။ ဣတိ၊ ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်း ဖြစ်သောကြောင့်။ သရဏဂမနံ၊ သရဏဂုံမည်၏။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်းဖြစ်တဲ့ ကုသိုလ်တရား ကုသိုလ်စိတ္တုပ္ပါဒ်ကို သရဏဂုံလို့ ဆိုရတယ်။ အဲဒီတော့ သရဏဂုံဆိုတာဟာ တခြားမဟုတ်ဘူး။ ကိုးကွယ်ဆည်းကပ်ကြောင်းတရား။ ငါ့ကိုးကွယ်ရာလို့ ကိုးကွယ်ဆည်းကပ် ကြောင်း ကုသိုလ်စိတ်။ တရားတော်ဟာ ငါ့ကိုးကွယ်ရာလို့ ဆည်းကပ်ကြောင်း ဖြစ်တဲ့ ကုသိုလ်စိတ်။ သံဃာတော်ဟာ ငါ့ကိုးကွယ်ရာလို့ ကိုးကွယ်ဆည်း ကပ်ကြောင်းဖြစ်တဲ့ ကုသိုလ်စိတ်။ အဲဒီစိတ်ဟာ သရဏဂုံပဲ။ ဒီတော့ သရ ဏဂုံဆိုတာ တခြားမဟုတ်ဘူး။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်သော အခြင်းအရာအားဖြင့် မိမိသန္တာန်မှာ ကုသိုလ်စိတ်ကိုပဲ သရ ဏဂုံလို့ဆိုရတယ်။

## သဒ္ဓါ ပညာလဲ ပါမှ

ကုသိုလ်စိတ်ဆိုတော့ စေတသိက်တွေလဲ ပါတာပဲ။ စေတသိက်တွေဆိုတာ က သဒ္ဓါတို့၊ ပညာတို့။ သရဏဂုံယူတယ်ဆိုတာ သဒ္ဓါကလဲ ပါမှဖြစ်တာ။ ပညာကလဲပါမှ။ သရဏဂုံဆိုဘာ အထမြောက်တယ်။ ယုံကြည်မှုမရှိယင် သရဏ ဂုံဆိုတာကို မယူဘူး။ ယုံကြည်မှုရှိလို့ သရဏဂုံယူကြတာ။ ဘာတုံး၊ ယုံကြည် မှုဆိုတာကလဲ အဲဒီဘုရားဟာ တကယ့်ကိုးကွယ်ထိုက်တဲ့ ဘုရားရှင်။ ကိုးကွယ် လျှင် တကယ်တမ်း မိမိတို့မှာဖြစ်တဲ့ ဒုက္ခတွေ ပယ်ဖျက်ကြောင်း ကောင်းသော တရား ဟောကြားတတ်တယ်။ လမ်းညွှန်တတ်တယ်။ နည်းပေးတတ်တယ်။

ဒါကြောင့် တကယ့်ကိုးကွယ်ရာလို့ အဲ့သလို နားလည်တဲ့၊ ယုံကြည်တဲ့ သဒ္ဓါတရားရှိလို့ သရဏဂုံယူကြတယ်။ ဒီဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မကောင်းတဲ့ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့ကို ပယ်ဖျောက်တတ်တဲ့၊ သတ္တဝါတို့ရဲ့ သက်သာရာကို တကယ်ပေးတတ်တဲ့ တရားတော်အစစ်ဖြစ်တယ်လို့ ယုံကြည်တယ်။ အဲဒီယုံကြည်မှုအရ ကိုးကွယ်ဆည်းကပ်တယ်။ တရားအပေါ်မှာဖြစ်တဲ့ သဒ္ဓါတရားဟာလဲ ခု ကိုးကွယ်ဆည်းကပ်မှု ထမြောက်အောင် ဆောင်ရွက်ပေးတတ်တဲ့ တရားတခုပဲ။ ထို့အတူ သံဃာဆိုတာ ကိလေသာကင်းတယ်။ ကိလေသာကင်းအောင် ကြိုးစားနေကြတယ်။ လူဒါန်းတဲ့ အလှူရှင်တို့ရဲ့ အကျိုးပြီးမြောက်အောင် ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်တွေလို့ ယုံကြည်ချက်အရ ကိုးကွယ်ကြတယ်။ ဒါကြောင့်မို့လို့ သရဏဂုံထမြောက်တာ၊ သဒ္ဓါတရားကြောင့် ထမြောက်တယ်။ ဒါကြောင့် သရဏဂုံဟာ ကိုးကွယ်ဆည်းကပ်သော အခြင်းအရာဖြင့် ဖြစ်တဲ့ ကုသိုလ်စိတ်တွေတဲ့။ ခုနပြောတဲ့ သဒ္ဓါပညာအစရှိသော စေတသိက်တရားတွေ ပါတယ်။

## သဒ္ဓါဖြစ်လျှင် ပညာလဲပေါ်

သဒ္ဓါရှိယင်၊ ယုံကြည်မှုရှိယင် ဘုရားဟာ ကိုးကွယ်ရာဆိုတဲ့ ပညာလဲ ပေါ်လာတာပဲ။ ယုံကြည်မှုရှိယင် တရားတော်ဟာ ကိုးကွယ်ရာဆိုတဲ့ ပညာလဲ ပေါ်လာတာပဲ။ယုံကြည်မှုသဒ္ဓါတရားရှိယင်သံဃာတော်ဟာကိုးကွယ်ရာလို့ သိတဲ့ အသိဉာဏ်ပညာလဲ ပေါ်လာတာပဲ။ ဒါကြောင့် စိတ္တုပ္ပါဒ်ဆိုပေမယ့် ကိုးကွယ်သောအခြင်းအရာဖြင့် ဖြစ်တဲ့ စိတ္တုပ္ပါဒ်ဆိုပေမယ့် စိတ္တုပ္ပါဒ်တိုင်း မဟုတ်သေးဘူး။ ဝတ္ထုကလဲမှန်မှ။ ကိုးကွယ်ထိုက်တဲ့ ဝတ္ထုကလဲမှန်မှ။ ကိုးကွယ်ထိုက်တဲ့ ဝတ္ထုမမှန်ယင် ဒါသရဏဂုံ မမြောက်ဘူး။ ဒါကြောင့် သဒ္ဓါ ပညာ တရားနှစ်ပါးကလဲရှိမှ။ အဲဒီစိတ္တုပ္ပါဒ်ဟာ သရဏဂုံ "တပ္ပသာဒတဂ္ဂရုတာဟိ၊ ထိုဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့ကို ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါတရား၊ ထိုဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့၌ လေးစားခြင်းဆိုတဲ့ ကုသိုလ်တရားတို့သည်။ ဝိဟတကိလေသော၊ ပယ်ဖျောက်အပ်သော၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သမ္မောဟ တွေဝေခြင်း၊ အသဒ္ဓိယ၊ မယုံကြည်ခြင်း

တည်းဟူသော မကောင်းတဲ့ ကိလေသာတွေရှိနေသော။ ဝါ၊ မကောင်းတဲ့ ကိလေသာတွေကို ပယ်ဖျောက်ပြီးသော။ တပ္ပယာနတာကာရပ္ပ ဝတ္တော၊ ထို ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာလျှင်ကိုးကွယ်ရာရှိ၏—ဟုသိသော။ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော။ စိတ္တုပ္ပါဒေါ၊ စိတ်, စေတသိက်တရား အပေါင်းသည်။ သရဏဂမနံ၊ သရဏဂုံ မည်၏။

## ကိုးကွယ်တိုင်း သရဏဂုံမဟုတ်

ဘုန်းကြီးတို့ ဒါယကာ ဒါယိယာမတွေ သရဏဂုံ၊ သရဏဂုံနဲ့ ပြောပြောနေကြတယ်။ တခါခါတော့အမှတ်တမဲ့ပဲနေ၁်။ သရဏဂုံဆိုတာဟာ ဘာရယ်လို့ ခွဲခွဲခြားခြားမသိကြဘူး။ သရဏဂုံဆိုတာတခြားမဟုတ်ဘူး။ ခုနပြောသလိုပဲ့တရားကို ကိုးကွယ်ရာဟူသော အခြင်းအရာအားဖြင့် ဖြစ်တဲ့ ကုသိုလ်စိတ်၊ သဒ္ဓါ ပညာ ပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်၊ တရား, သံဃာ ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်ရာ ဟု ဆည်းကပ်တဲ့ သဒ္ဓာ ပညာ ပြဋ္ဌာန်းတဲ့စိတ်၊ အဲဒါ သရဏဂုံ ခေါ်တယ်။ ကုသိုလ်စိတ္တုပ္ပါဒ်ဟာ သရဏဂုံပဲ။ သရဏဆိုတာက ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး။ သရဏဂုံဆိုတာက အဲဒီ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်းဖြစ်တဲ့ ကုသိုလ်စိတ်။ အဲဒီ ကုသိုလ်စိတ် ဆိုပေမယ့် သာမန်မဟုတ်ဘူး။ "တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတကိလေသော" စိတ္တုပ္ပါဒ်ကို သရုပ်ဖော်လိုက်သေးတယ်။ သာမန် စိတ္တုပ္ပါဒ် မဟုတ်ဘူးတဲ့။ တပ္ပသာဒ၊ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ ကြည်ညိုခြင်းဆိုတဲ့ သဒ္ဓါတရား။ တဂ္ဂရုတာ၊ ရတနာမြတ်သုံးပါးအပေါ်မှာ လေးစားမှုဆိုတဲ့ ဂရုအဖြစ် ရှိရမယ်တဲ့။ အဲဒီစိတ်မျိုးသာ သရဏဂုံ။ ကိုးကွယ်တိုင်း သရဏဂုံမဟုတ်ဘူး။

ဘုန်းကြီးတို့ အဇာတသတ်မင်းကြီးတော့ ကြားတော့ ကြားဖူးကြမှာပဲ။ အခွင့်ဆိုက်လို့ နည်းနည်းလေး ပြောရဦးမယ်။ ကိုးကွယ်ရာမှားလို့ ပျက်စီးရတယ်။ ကိုးကွယ်ရာ နောက်မှ မှန်လာတယ်။ သို့သော်လဲ နောက်ကျသွားတော့ သိပ် အကျိုး မခံစားရဘူး။ သင့်သလောက်တော့ ရှိသွားတယ်။

စောစောက ဒေဝဒတ် ကိုးကွယ်လာတယ်။ တနေ့ ဘုရားရှင် ကိုယ်တော်မြတ် ကောသမ္ဗီပြည်မှာ သီတင်းသုံးတယ်။ သီတင်းသုံးတော့ အဲဒီ သံဃာ့ပရိသတ် ထဲ ဒေဝဒတ်ကလဲ ပါတယ်။ ညကျတော့ ဒေဝဒတ်က စဉ်းစားတယ်။ သူ စဉ်းစားတာက အကောင်းမဟုတ်ဘူး။ တရား စဉ်းစားတာလဲ မဟုတ်ဘူး။ သာသနာမှာ ကြီးပွားရာ ကြီးပွားကြောင်း စဉ်းစားတာလဲ မဟုတ်ဘူး။ သူ ကောင်းစားဖို့ သူစဉ်းစားတာ။ ဘယ်လိုစဉ်းစားတုံးဆိုတော့။ ဩော်........ လောကမှာ လာဘ်လာဘ ပေါများဖို့ အရေးကြီးတယ်။ ဒီလို ငါ သာသနာ မှာ လာဘ်လာဘတွေ ပေါများအောင်၊ လူတွေ ပူဇော်သက္ကာရ ခံရအောင် ဘယ်လိုလုပ်ရပါ့မတုံး။ ဘယ်သူ့ကို အမှီပြုပြီးတော့ ကြီးစားရပါ့မတုံးလို့။ အဲသလို ဘုရားသာသနာမှာ ရဟန်းတပါး အနေနဲ့ မကြံအပ်တဲ့ အကြံ ကြံ တာ။ ရဟန်းဆိုပေမဲ့ ရှင်ဒေဝဒတ်ဟာ သာမန် ရဟန်းမဟုတ်ဘူး။ ဘုရား ရှင် ကိုယ်တော်မြတ် တပည့်သားအဖြစ်နဲ့ ဈာန်တွေ၊ အဘိညာဉ်တွေတောင် ရထားတဲ့ ပုဂ္ဂိုလ်တဦး။ အဲဒီ ပုဂ္ဂိုလ်တဦးဟာ ဒီလို အကြံကြံတယ်ဆိုတော့ တယ်အံ့သြစရာကောင်းတယ်။ ပုထုဇဉ်ဆိုတဲ့ ဂတိဟာ အတော် စိတ်မချရပါ လားဆိုတဲ့ သဘာဝ ဖော်ပြတယ်။ သူက အဲသလိုကြံတယ်။ ဘယ်သူ့အမှီ ပြုပြီးတော့ ငါ လာဘ်လာဘ ပေါများအောင်၊ ကျော်စောအောင်၊ ပူဇော် သက္ကာရတွေ ခံရအောင် ကြိုးစားရပါ့မတုံး ဆိုတော့ အဇာတသတ် မင်းသား လေး မြင်တယ်။ ဒီ အဇာတသတ်လေးဟာ ငယ်လဲ ငယ်တယ်။ နောင်အလား အလာ အင်မတန် ကောင်းတယ်။ သူ့ကိုအမှီပြုပြီးတော့ ငါ ကြိုးစားမှပဲ ဆိုပြီးတော့ တခါထဲ ရာဇဂြိုဟ်ပြည်သွားတယ်။

## အဇာတသတ် အပေါင်းမှား

ရာဇဂြိုဟ်ပြည် ရောက်တော့ တိုတိုပြောကြပါစို့။ သူက မင်းသားယောင် ဆောင်ပြီးတော့ တန်ခိုးနဲ့ မြွေကြီး ခါးပတ် ပတ်လိုက်တယ်။ မြွေကြီး ခါး

ပတ် ပတ်ပြီးတော့ အဇာတသတ် မင်းသားလေးရဲ့ ရင်ခွင်ထဲ ဝင်သွားတယ်။ ရင်ခွင်ထဲဝင်သွားတော့ အဇာတသတ် မင်းသားလေးဟာ ထိတ်ထိတ်ပျာပျာ ကြောက်ကြောက်လန့်လန့် ဖြစ်သွားတယ်။ ဖြစ်သွားတော့ ဟေ့.... မင်း ကြောက်သလားကွ ဆိုတော့၊ ဟာ....ကြောက်တာပေါ့၊ အရှင်ဘုရား ဘယ်သူ တုံးဆိုတော့။ အေး....ငါဟာ ဒေဝဒတ်ပဲ။ အရှင်ဒေဝဒတ်ဆိုတော့ ဒါဖြင့် အရှင်ဘုရား.... အရှင်ဘုရားအသွင်ဖြင့် ပြပါဆိုတော့၊ ဟိုက ပရိက္ခရာတွေ လွယ်လို့ သင်္ကန်းတွေရုံလို့ ရဟန်းအသွင်အပြင်နဲ့ ပြတယ်။ ပြတော့ သိပ် ကြည်ညိုသွားတယ်။ ကြည်ညိုသွားတော့မှ အဲဒီအခါမှ ပြီးတော့ ရှင်ဒေ ဝဒတ်ကို အသည်းစွဲကြည်ညိုကိုးကွယ်တော့တာပဲ၊ တနေ့ ဆွမ်းဟင်းအိုး ငါး ရာ နေ့တိုင်းဂတ်တည်တယ်။ ရှင်ဒေဝဒတ်ကို ကိုးကွယ်တာ။ သူကိုးကွယ်တဲ့ ရှင်ဒေဝဒတ်က ဘာဖြစ်သွားသတုံးဆိုတော့ ဒီလို လာဘ်လာဘတွေ ပေါများ တော့ မကောင်းတဲ့စိတ်က ဝင်လာတယ်။ သူဟာ ဒီသာသနာတော်ကြီးကို သူပဲ ရှေ့ဆောင်လုပ်မယ်ဆိုတဲ့ အကြံမျိုးပေါ့လေ။ ရဟန်းသံဃာတွေ တည် ထောင်တော့မယ်။ သူပဲ ရဟန်းသံဃာတွေကို တာဝန်ပေးတော့မယ် ဆိုပြီး တော့ အကြံဖြစ်တယ်။ တခါထဲ တန်ခိုးတွေ ကွယ်သွားတယ်။

## သရဏဂုံ ဟုတ်ကဲ့လား

အဲဒီတော့ အဇာတသတ်မင်းရဲ့ အခု ရှင်ဒေဝဒတ်ကို ကိုးကွယ်တာ သဒ္ဓါ ပါတဲ့ ကိုးကွယ်ခြင်း ဟုတ်ကဲ့လား။ သရဏဂုံဆိုတာ သဒ္ဓါပါမှ။ ခုန ဘုန်း ကြီးပြောခဲ့ပြီး တပ္ပသာဒ တဂ္ဂရုတာဟိ၊ ထိုရတနာသုံးပါးကို ကြည်ညိုခြင်း အလေးအမြတ် ပြုခြင်းတို့ဖြင့်။ ဝိဟတကိလေသော၊ မကောင်းတဲ့ အညစ် အကြေးတွေကို စင်ကြယ်အောင် ဖျက်ဆီးတတ်သော။ တပ္ပရာယဏတာကာရ ပ္ပဝတ္တော၊ရတနာမြတ်သုံးပါးသာကိုးကွယ်ရာဆိုတဲ့ အခြင်းအရာဖြင့်ဖြစ်သော။ စိတ္တုပ္ပါဒေါ၊ ကုသိုလ်စိတ်သည်သာလျှင်။ သရဏဂမနံ၊ သရဏဂုံမည်၏။ သူကိုး ကွယ်တာ သဒ္ဓါလဲမရှိဘူး။ ပညာလဲမရှိဘူး။ ဒေဝဒတ်က ကိုးကွယ်ရာ ဝတ္ထု

မှန်သလားဆိုတော့ မှန်လဲမမှန်ဘူး။ ကိုးကွယ်ရာလဲ မဟုတ်ဘူး။ တကယ့် သရဏဂုံအဖြစ်နဲ့ ကိုးကွယ်ရာကား တစ်—ဘုရား၊ နှစ်—တရား၊ သုံး–သံဃာ၊ ဒီဝတ္ထုသုံးပါးသာ တကယ် ကိုးကွယ်ရာ။ သူက ဒီဝတ္ထုလဲ မဟုတ်ဘူး။ အဲဒီတော့ သဒ္ဓာ ပညာ အစရှိသော ကောင်းသော တရားတွေ မရှိတော့ သရဏဂုံလဲ မမြောက်ဘူး။ သရဏဂုံလဲ့ မဖြစ်ဘူး။ ဘာဖြစ်သလဲ နောက်ကျတော့ ဒေဝဒတ် အဆုံးအမ ခံပြီးတော့ လိုက်နာတာ ဘုရားရှင် ကိုယ်တော် မြတ်ကို မကောင်းကြံခဲ့တာပဲ။ ဒေဝဒတ်က ဘုရားရှင် မကောင်းကြံခဲ့တာ မကောင်းကြံတော့ သူက အကူအညီပေးတာ။ ပုဂ္ဂိုလ်တယောက်ကို ကိုးကွယ် မှားပြီလို့ ဆိုယင် ကိုယ်လဲပဲ အင်မတန် နစ်နာတယ် ဆိုတဲ့ သာကေဟာ ဒီအဇာ တသတ်နဲ့ ဒေဝဒတ် ဇာတ်ကြောင်းက ကောင်းကောင်းကြီး ပြနေတယ်နော်။

## ခမည်းတော် သတ်မိခဲ့

လောကမှာ ကိုးကွယ်ရာ မှားပြီဆိုယင် ဆရာမှားပြီဆိုယင် ဆရာတို့ရဲ့ မကောင်းတဲ့ နည်းလမ်းတွေကို လိုက်မိတတ်တယ်။ လူဆိုတာကလဲ အတော် ခက်တယ်။ အစွဲအလမ်း၊ စွဲလမ်းမိပြီ ဆိုယင် ကိုယ့်ဆရာ စွဲလမ်းမိပြီဆိုယင် ကိုယ့်ဆရာက ဘာလုပ်နေနေ ကြည်ညိုလျက်ပဲ။ နှစ်သက်လျက်ပဲ။ အကောင်း ချည်းပဲ။ ဘာမှ အပြစ်မမြင်ဘူး။ အဲဒါ ဘာတုံး။ ခုနပြောသလို တရားက အစစ်အမှန် မဟုတ်လို့ သရဏဂုံ အစစ်အမှန် မဟုတ်လို့ ဘုရားအပေါ်မှာ ဖြစ်တဲ့ သဒ္ဓါတရား မရှိဘူး။ တရားအပေါ်မှာ ဖြစ်တဲ့ သဒ္ဓါတရား၊ သံဃာ အပေါ်မှာ ဖြစ်တဲ့ သဒ္ဓါတရားမရှိဘူး။ မရှိသောကြောင့် သရဏဂုံ မမှန်ဘူး။ သရဏဂုံ မဖြစ်ဘူး။ မမြောက်ဘူး။ မမြောက်သောကြောင့် အဇာတသတ်ဟာ နောက်ဆုံးကျတော့ အရှင်ဒေဝဒတ် ညွှန်ကြားသမျှ ဘုရားမကောင်းကြံတဲ့ အလုပ်တွေမှာ အကုန်လိုက်နာ ဆောင်ရွက်ပေးတယ်။ အဲဒီတော့ အင်မတန် နစ်နာသွားတယ်။ နောက်ဆုံးကျတော့ ဓမ္မိကံ၊ တရားရှိသော တရားကို စောင့်သော။ ဓမ္မရာဇံ၊ တရားသဖြင့် မင်းပြုသော။ ပိတရံ၊ ခမည်းတော်

မင်းကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချမိ၏။ ခမည်းတော်ကြီး သတ်မိသွားတယ်။ ဘယ်လောက် နစ်နာသွားတုံး။ ကိုးကွယ်ရာ မမှန်လို့ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အင်မတန် ကံကောင်း တယ်။ ကိုးကွယ်ရာ မှန်ကြတယ်။ သရဏဂုံ အစစ်အမှန် ခံယူကြလို့ ကိုးကွယ်ရာ မှန်ကြတာ ကံကောင်းကြတယ်။

## တော်ပါသေးရဲ့

သို့သော် အဇာတသတ်ဟာ တချိန်က သဒ္ဓါပညာမရှိတဲ့ သရဏဂုံမဟုတ် တဲ့ ကိုးကွယ်ရာအမှုကို ကိုးကွယ်ခဲ့ပေမယ့် နောက်ဆုံးကျတော့ တကယ့်သရ ဏဂုံ ခံယူသွားနိုင်တယ်။ နောက်ကျတော့ ဘုရားရှင်ကို ကြည်ညိုတဲ့ နေရာမှာ တော့ ပုထုဇဉ်တို့ရဲ့ သဒ္ဓါတရားဖြင့် ဘုရားကို ကြည်ညိုတဲ့ နေရာမှာ သူ့ထက် သာတာ မရှိဘူးလို့တောင် ကျမ်းဂန်များက ဆိုတယ်။ အဲသလောက်တောင် ကြည်ညိုတယ်။ ဘုရား ပရိနိဗ္ဗာန် စံပြီဆိုတော့ တခါထဲ မေ့မြောသွားလို့ စတုမဓုထဲ နှစ်ယူရတယ်လို့ ဆိုတယ်။ စတုမဓုထဲ သူ့နှစ်လိုက်တာ အခိုး ထောင်းထောင်း ထသွားတယ်။ ရင်မှာ ဘယ်လောက် ပူနေတယ်ဆိုတာ အဲသလောက်ထိအောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကြည်ညိုတယ်။ ဘာကြောင့် ကြည်ညိုသတုံး။

## ဘုရားရှင်နှင့် တွေ့ရ

နောက်ကျတော့ တနေ့မှာ နောင်တတွေ ရလာတယ်။ ဘုရားရှင် ကိုယ် တော်မြတ်လဲ ပြစ်မှားမိ။ တကယ့်ကျေးဇူးရှင် ဖခင်ကြီးလဲ သတ်မိ။ ဒေဝဒတ် စကား နားထောင်ပြီးတော့ အဲဒါနဲ့ နောင်တတွေ ရပြီး တနေ့ ဇီဝက ဆေးဆရာကြီး အကူအညီ ယူပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ထံ ဆည်း

ကပ်ခဲ့တယ်။ အဲဒီအခါမှာ ရဟန်းဖြစ်ရခြင်းရဲ့ အကျိုးကျေးဇူး လျှောက်ထားတယ်။ လျှောက်ထားတော့ ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းဖြစ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို သီလက စပြီးတော့ သမာဓိ၊ သမာဓိက နေပြီးတော့ ပညာ။ အဲ့သလို အဆင့်ဆင့် သီလ, သမာဓိ, ပညာ အကျိုးတရားတွေ ဟောလိုက်တာ တခါထဲ တရားအပေါ်မှာ ကောင်းကောင်း သဘောပေါက်ပြီးတော့ ကြည်ညို သွားတယ်။ တရားကို ကြည်ညိုသည်နှင့်အမျှ တရားရှင်ဖြစ်တဲ့ ဘုရားအပေါ်မှာ တကယ်ကြည်ညိုခြင်းဖြင့် ကြည်ညိုသွားတယ်။ တကယ်သာ အာနန္တရိယကံကြီး မထိုက်ပဲနဲ့ အကုသိုလ်မရှိတဲ့ ပုဂ္ဂိုလ်ကောင်းဆိုယင် မဂ်ဆိုက် ဖိုလ်ပေါက် ရောက်လောက်ပါတယ်။ အကုသိုလ်ဆိုပေမယ့် သာမန်အကုသိုလ်ကတော့ မတားမြစ်နိုင်သေးပါဘူး။ သူ့အကုသိုလ်ကတော့ အကျိုးမဲ့ တကယ့် အာနန္တရိယကံကြီးဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရား သဘောကျ၊ ဘုရားရှင် ကိုယ်တော်မြတ်ကို အင်မတန် ကြည်ညိုသွားပေမယ့် တရားကို သဘောကျသွားပေမယ့် သောတာပတ္တိမဂ် ဖိုလ် မရဘူး။ အဲဒါ သောတာပတ္တိမဂ် ဖိုလ် မရခြင်းဟာ ခုနက ပြောတဲ့ အာနန္တရိယကံကြီးက တားမြစ်ထားလို့။ အဲဒါ ကိုးကွယ်ရာ မှားလို့ နောက်နောက်က သရဏဂုံ မဖြစ်ခဲ့ဘူး။ ဗုဒ္ဓဘာသာတောင် မဖြစ်ခဲ့ဘူး။ ဘုရား, ကျောင်းဒကာ တကယ့် သောတာပန် ဗိမ္ဗိသာရမင်းကြီးရဲ့ သားတော်တယောက်။ အပေါင်းမှားလို့ ပျက်စီးရတယ်။ အဲဒီတော့ ဒီနေရာမှာ ဆရာက ပိုပြီးတော့ အပြစ်ပြောစရာကောင်းတယ်။ ဒီအခါတုန်းက မင်းသားလေးဟာ မသိတတ်တဲ့ အရွယ်လေးပဲ ရှိသေးတယ်။ အဲဒီတော့ ဒေဝဒတ် လှည့်စားတာ တခါထဲ ကောင်းကောင်းအကျိုးမဲ့ ဖြစ်သွားတာ။

## သရဏဂုံယူ

ဒါပေမယ့် အခု ဘုရားရှင်ကိုယ်တော်မြတ် တရားနာရတော့ တရားတော်အပေါ်မှာ သူက အင်မတန်သဘောကျပြီး ကြည်ညိုသွားတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားအကြောင်း ပြုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်

ကြီးကိုလဲ အင်မတန်ကြည်ညိုသွားတယ်။ ကြည်ညိုသွားတော့ ဒီတင် သူ သရဏဂုံခံယူတယ်။ "ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏဂတံ" နောက်နောက်က ပြောခဲ့တဲ့ သရဏဂုံမျိုး ခံယူဆောက်တည်တယ်။ အဲဒီအခါကျမှ တကယ့်သရဏဂုံဖြစ်သွားတယ်။ ဘာကြောင့်တုံး၊ ကုသိုလ်စိတ်က ဖြစ်လာတယ်။ ဒေဝဒတ် ကိုးကွယ်တုန်းက ကုသိုလ်စိတ်မဖြစ်ဘူး။ သဒ္ဓါပညာ တရားတွေမဖြစ်ဘူး။ မဖြစ်တော့ သရဏဂုံမဖြစ်ဘူး။ အခု ဘုရားရှင်ကိုယ်တော် မြတ်ကိုကိုးကွယ်ရာဟူ၍ဆည်းကပ်တော့ သဒ္ဓါတရားတွေ ဖြစ်လာတယ်။ ပညာ တရားတွေဖြစ်လာတယ်။ တကယ့် ကိုးကွယ်ရာဟူ၍ ယုံကြည်တဲ့ သဒ္ဓါတရား ဖြစ်လာတယ်။ တကယ့်ကိုးကွယ်ရာဟူ၍ သိတဲ့ ပညာတရား ဖြစ်လာတယ်။ အဲဒါကြောင့် သဒ္ဓါတရား ပညာတရား နှစ်ပါးတို့ဖြင့် ဖြစ်လာရတဲ့ သူ့သရဏဂုံဟာ မှန်ကန်တဲ့သရဏဂုံ။ တကယ့်ကုသိုလ်စိတ်တည်းဟူသော သရဏဂုံ။ အဲဒီသရဏဂုံအဖြစ် ရောက်လာရတယ်။ ရောက်လာသောကြောင့် သူ့မှာ အကျိုးမယုတ်။ ဘုရားရှင်ကိုယ်တော်မြတ်ထံမှာ သရဏဂုံခံယူပြီးတဲ့နောက်အခါ ကျတော့ အဇာတသတ်မင်းသားဟာ သာသနာမှာ အင်မတန် ကြည်ညိုသွား တယ်။ အဲဒါ သဒ္ဓါ — သဒ္ဓါ။ စောစောက သဒ္ဓါမရှိဘူး။ စောစောက ပညာ မရှိဘူး။ ဘယ်သူက ဖျက်လိုက်တာတုံး၊ ဒေဝဒတ်က ဖျက်လိုက်တဲ့ အတွက် ကြောင့် စောစောက သဒ္ဓါပညာ မရှိဘူး။ သဒ္ဓါပညာနှစ်ပါး မရှိသောကြောင့် သာသနာမှာ တကယ်ရထိုက်တဲ့၊ အစဆုံး ရောက်ထိုက်တဲ့ သာသနာ့အဝင် ဝလို့ဆိုရတဲ့ သရဏဂုံကင်းနေတော့ နောက်ဆုံး ခမည်းတော်ကြီးလဲနတ်ရွာစံ၊ မိမိမှာ ဒီအခါကျမှ နောင်တရတယ်။

## နောင်တရဖို့ အကြောင်းဖန်

ခမည်းတော်ကြီး နတ်ရွာစံပြီး သားတော်ကလေးရမှ သူ့သားတော်လေး အပေါ်မှာ သိပ်ချစ်တော့ အဲဒီအခါကျမှ ဪ .... မိဘရဲ့ သားသမီး

အပေါ်မှာ ချစ်ခြင်းဟာ ဒီလိုပါလား။ ငါ့အဖေလဲ ငါ့ကို ဒီလိုချစ်မှာပါလား လို့။ ဒီတော့မှ "လူမိုက်နောက်မှ နောင်တရ" ဆိုတာလို အဲဒီတင် မိခင်ကြီး မေးလိုက်သေးတယ်။ မယ်တော်ကြီးကို ဝေဒေဟီမိဖုရားကြီးကို မေးတော့မှ သူ့အဖေဟာ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ပြောပြသော့မှ အဖေလွှတ် စေဆုံပြီးဘော့ လွှတ်လိုက်။ အဲဒီအခါကျတော့ လွန်သွားပြီ။ လွန်သွားတော့ ဘာမှ မတတ်နိုင်ဘူး။ သို့သော် ဘုရားရှင်ကိုယ်တော်မြတ်အထံမှာ တရားနာရတော့ အင်မတန် ကြည်ညိုသဒ္ဓါတရား ဖြစ်လာတယ်။ တရားအကြောင်းပြုပြီးတော့ ဘုရားကို မြင်မြင်ချင်း ကြည်ညိုတဲ့ အဇာတသတ်ဟာ တရားအကြောင်းပြုပြီးဖြစ်လာတဲ့ သဒ္ဓါတရားကလဲ ငုံပြီးတော့ လွန်ကဲလာတဲ့ သဒ္ဓါတရားဖြစ်လာတယ်။ အဲဒီ သဒ္ဓါတရားတွေ အကြောင်းပြုပြီးတော့ တခါထဲ သရဏဂုံ ယူတော့တာပဲ။ အဲဒါကြောင့် အဲဒီသရဏဂုံဟာ သဒ္ဓါ၊ ပညာတရား ရှေ့သွားရှိတဲ့ တကယ့်သရဏဂုံ ကုသိုလ်ဖြစ်တယ်။ ကိုးကွယ်ဆည်းကပ်သော အခြင်းအရာဖြင့် ဖြစ်တဲ့ ကုသိုလ်စိတ်သရဏဂုံ။ ဒါကြောင့် သရဏဂုံဆိုပေမယ့် ဆည်းကပ်တိုင်း၊ ကိုးကွယ်တိုင်း သရဏဂုံဖြစ်တာမဟုတ်ဘူး။ ဝတ္ထုလဲမှန်မှ။ ကောင်းမြတ်တဲ့၊ ဆည်းကပ်တဲ့၊ အခြင်းအရာဖြင့် ဖြစ်တဲ့ စိတ်ထားကလဲ ဟုတ်မှ သရဏဂုံ ဖြစ်တယ်။

## သဒ္ဓါ ဖြစ်ပုံ

ဒါကြောင့် "တပ္ပသာဒတဂ္ဂရုတာဟိ" ထိုဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါး အပေါ်၌ ကြည်ညိုခြင်း၊ ကြည်ညိုခြင်း ဆိုတာက "သမ္မာ သမ္ဗုဒ္ဓေါ သော ဘဂဝါ" သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာ သမ္ဗုဒ္ဓေါ၊ သဗ္ဗညုဘုရားရှင် တကယ်တမ်းဖြစ်ပါပေ၏။ "သွာက္ခာတော ဓမ္မော" ဓမ္မော၊ တရားတော်မြတ်သည်။ သွာက္ခာတော၊ တကယ်ကောင်းစွာ ဟောကြား

အပ်သော တရားတော်အစစ် ဖြစ်ပါပေ၏။ သံဃော၊ သံဃာတော်မြတ်သည်။ သုပ္ပဋိပန္နော၊ ရာဂငြိမ်းကြောင်း၊ ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်း၊ ကောင်းမြတ်သော အကျင့်တွေ ကျင့်တဲ့ သံဃာတော်ဖြစ်ပါပေ၏လို့ အဲသလို တို့ဘုရားဟာ တကယ့်ဘုရားမှန်၊ တကယ်သိတော်မူတဲ့ ဘုရားရှင်ကိုယ်တော် မြတ်ကြီး။ တို့တရားဟာလဲ တကယ့်တရားမှန်၊ တို့သံဃာတွေဟာ တကယ့် သံဃာမှန်။ အဲသလိုယုံကြည်တဲ့ သဒ္ဓါတရား။ အဲဒီသဒ္ဓါတရားရှိမှ သရဏဂုံ ဟာ မြောက်တယ်။ အဲဒါကြောင့် တပ္ပသာဒတဂ္ဂရုတာဟိ — ထိုဘုရား, တရား, သံဃာရတနာမြတ်သုံးပါးအပေါ်၌ ကြည်ညိုခြင်း၊ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့ကို လေးစားခြင်းတို့သည်။ ဝိဟတကိလေသော၊ ပယ် ဖျောက်အပ်သော ကိလေသာရှိသော သရဏဂုံဆိုတာ ကြည်ညိုခြင်းသဒ္ဓါဖြင့် ကိလေသာတွေ ပယ်ပေးနိုင်မှ သရဏဂုံအစစ်အမှန် အကောင်းဖြစ်တယ်။

## ကိလေသာများ

ဘယ်ကိလေသာတွေတုံး ဆိုတော့၊ ဒိဋ္ဌိ—အယူမှားမှု ဘုရားကိုးကွယ်တာ အလကားပါ။ တရားကိုးကွယ်တာ တရားဆိုတာ အလကားပဲ။ သံဃာတွေ ဆိုတာလဲ အလကားပဲ စသည်ဖြင့် အဲသလို အယူမှားတဲ့ ဒိဋ္ဌိ။ ဝိစိကိစ္ဆာဆို တာ ဘုရားဆိုတာ သဗ္ဗညုတဲဉာဏ်တော် ရတယ်ဆိုတာ ဟုတ်ကဲ့လား။ ဟုတ်မှဟုတ်ပါ့မလား။ တရားတော်ဆိုတာတွေကရော တကယ့် တရားစစ် တရားမှန်တွေ ဟုတ်ကဲ့သားဆိုတဲ့ အဲသလို ယုံမှားမှုတွေ။ သမ္မောဟ၊ တွေ ဝေမှု၊ တွေဝေမှု ဆိုတာကတော့ ဘုရားအရေး မစိုက်ဘူး။ တရားအရေးမစိုက် ဘူး။သံဃာအရေးမစိုက်ဘူး။ မိမိသန္တာန်မှာ မောဟလွှမ်းမိုးနေတယ်။ လွှမ်းမိုး နေတော့ဘုရားကြည်ညိုရမှန်း မသိ။ကိုးကွယ်ရမှန်းမသိ။ ဆည်းကပ်ရမှန်းမသိ။ တရား သံဃာ ကိုးကွယ်ရမှန်း မသိ။ဆည်းကပ်ရမှန်း မသိဘူး။ အဲဒါကြောင့်

အဲဒီ သမ္မောဟ ဆိုတာ မောဟပဲ။ အသဒ္ဓိယ၊ မယုံကြည်ဘူး။ မယုံကြည်ဘူးဆိုတာ သဒ္ဓါရဲ့ ဆန့်ကျင်ဘက်။ သဒ္ဓါက ယုံကြည်တယ်။ ကြည်ညိုတယ်။ အသဒ္ဓိယက မယုံကြည်ဘူး မကြည်ညိုဘူး။ ဆန့်ကျင်ဘက် အကုသိုလ် တမျိုးပဲ။ အဲဒါ မယုံကြည်တဲ့ အခြင်းအရာအားဖြင့် ဖြစ်တဲ့ အကုသိုလ်တရားကို အသဒ္ဓိယလို့ ခေါ်တယ်။ အဲဒီ အသဒ္ဓိယ ရှိယင်လဲ ဘုရား အရေးမစိုက်။ တရား သံဃာ အရေးမစိုက်လို့ ဘုရားရှိခိုးမှုကင်း။ တရား သံဃာရှိခိုးမှုကင်း။ ကိုးကွယ်မှုကင်းတယ်။ သရဏဂုံမရှိ။ မမြောက်။ ဒါကြောင့်မို့လို့ ဘုန်းကြီး ပြောခဲ့တာ။ သရဏဂုံ ထမြောက်ဖို့ရာ ဆိုတာ သဒ္ဓါတရား အရေးကြီးတယ်။ ပညာတရား အရေးကြီးတယ်။ သဒ္ဓါပညာ နှစ်ပါးဖြင့် ဘုရား, တရား, သံဃာတို့ အပေါ်မှာ အလေးအမြတ် ပြုကြတဲ့ ပုဂ္ဂိုလ်တွေသာ သရဏဂုံတည်ကြတဲ့ ဥပါသကာဖြစ်ကြတယ်။ ဥပါသိကာ ဖြစ်ကြတယ်။

## သရဏဂုံ အကျိုး တရပ်

ဒါကြောင့် ယနေ့ မိမိတို့ဟာ ဥပါသကာ၊ ဥပါသိကာ အဖြစ်ဖြင့် သဒ္ဓါတရားတွေ ထပ်တလဲလဲ ဖြစ်ပွားကြတယ်။ ပညာတရားတွေ ထပ်တလဲလဲ ဖြစ်ပွားကြတယ်။ အဲဒီ သဒ္ဓါတရားတွေ ပညာတရားတွေဖြင့် သရဏဂုံ သုံးပါး တရားတွေကို ထပ်တလဲလဲ ခံယူကြ ဆောက်တည်ကြပြီးတော့ စွဲစွဲမြဲမြဲ သရဏဂုံ ခံယူ ဆောက်တည်ကြပြီးတော့ အထုံ ရအောင် ကြိုးစားယင် နောင်အခါ သရဏဂုံကလဲ မိမိကို ကယ်နိုင်တယ်။ လောကမှာ ဘေးရန်တွေ ကင်းနိုင်တယ်။ တလောဆီက စာအုပ်တအုပ်ထဲတောင် တွေ့လိုက်သေးတယ်။ ထမင်းစားယင် သရဏဂုံ သုံးပါး ရွတ်စားတဲ့၊ သရဏဂုံသုံးပါး ရွတ်စားယင် အဆိပ်ခပ်ဘာတောင် အဆိပ်မမိဘူးလို့ ဆိုတယ်နော်။ အဲသူတို့ လက်တွေ့လို့ ဆိုတယ်။ အဲဒါကြောင့် သရဏဂုံသုံးပါးရဲ့ အကျိုးဟာ လောကုတ္တရာဘက်၊

သာသနာဘက်မှာသာ အကျိုးရှိတာမဟုတ်ဘူး။ လောကမှာလဲ ဘေးကင်းတယ်၊ ရန်ကင်းတယ်၊ အန္တရာယ်ကင်းတယ်။ အဆိပ်အတောက်တောင် ပျောက်တယ်ဆိုတယ်။ ဒါကြောင့် မိမိတို့ ဘုရား, တရား, သံဃာရတနာ မြတ်သုံးပါးအပေါ်မှာ အတိုင်းထက်အလွန် လွန်ကဲတဲ့ ကြည်ညိုခြင်း၊ မြတ်နိုးခြင်း။ အားကိုးခြင်းရှိကြကုန်သည်ဖြစ်၍ ဘုရားသာသနာတော်မှ ထူးခြားတဲ့ဓမ္မအမွေတွေ ခံနိုင်ပြီးတော့ အိုခြင်း,နာခြင်း, သေခြင်းဆိုတဲ့ အိုခြင်းမကင်း၊ နာခြင်းမကင်း၊ သေခြင်းမကင်းဆိုတဲ့ သံသရာဝဋ်နယ်ကြီးကို အလွယ်နဲ့ ကူးမြောက်နိုင်ကြပြီး ဒုက္ခခပ်သိမ်း အေးငြိမ်းချမ်းသာကြ ပါစေကုန်သတည်း။

❀ ✲ ❀

၁၃၄၆–ခု။ တော်သလင်းလပြည့်။ (၉–၉–ဂ၄)

## အနှစ်သာရ ငါးမျိုး

### လူ့ဝဘ

ကဲဘုန်းကြီးလဲ ဟောစဉ်အတိုင်း ဒီနေ့လဲ သရဏဂုံတရား အဆက်ပဲ ဟောရမယ်။ သရဏဂုံတရား မဟော့ခင် ဒကာဒကာမတွေ မိမိတို့ဘဝ အနှစ်သာရရှိတဲ့ ဘဝဆိုတာလေး သိရအောင် နည်းနည်း အနှစ်တရားလေးနဲ့ အစချီရအောင်။

သံသာရေ သာရံ မာနုသတ္တံ တဟိဒ္ဓ၊
ဝေကလ္လာဘာဝေါ သာဓု သဗ္ဗိန္ဒြိယာနံ။
ကောလည့် တသ္မိံ တဿ သောစေယျဘာဝေါ၊
တသ္မိံ သုဿုသာ ဓမ္မရာဇဿ ဓမ္မံ။

သံသာရေ၊ သံသရာ လောကကြီးထဲ၌။ မာနုသတ္တံ၊ လူ့ဘဝ လူ့အဖြစ်ကို ရခြင်းသည်။ သာရံ၊ အနှစ်သာရအစစ် တကယ်တမ်းဖြစ်ပါပေ၏။

လူ့ဘဝဟာ အနှစ်သာရတဲ့။ လူ့ဘဝ ရတာဟာ အနှစ်သာရကို ရခြင်းပဲ။ ဒီတော့ ဘုန်းကြီးတို့ လူ့ဘဝ ရတိုင်း အနှစ်သာရ ရသလားဆိုတော့ ဒီလိုတော့လဲ မဟုတ်ဘူး။ လူ့ကျင့်ဝတ် လူ့တရားဆိုရတဲ့ သူတော်ကောင်း

တရားတွေရှိတယ်။ အဲဒီတရားတွေဟာ လူ့ဘဝ အနှစ်, လူ့ဘဝ ရတနာပဲ။ လူ့ဘဝ တန်ဖိုးပဲ။ ဒါကြောင့် တန်ဖိုးရှိတဲ့ အဖြစ်မျိုး ရောက်အောင် လူ့ဘဝ ကို ဆောင်နိုင်မှ အနှစ်သာရရှိတဲ့ ဘဝဆိုတာကို သိရတယ်။

သံသာရေ၊ သံသရာ၌။ မာနုသတ္တံ၊ လူ့ဘဝ လူ့အဖြစ်သည်။ သာရံ၊ အနှစ် သာရ အစစ် တကယ်တမ်း ဖြစ်ပါပေ၏။

သံသရာ၌ လူ့အဖြစ်ဟာ အနှစ်သာရပဲ။ ဟုတ်လှဲ့ဟုတ်ဘယ်။ ဒီလူ့ဘဝ ကို အမှီပြုပြီး ကောင်းမှုအမျိုးမျိုး။ ကောင်းကျိုးအထွေထွေ။ လောကမှာ တန်ခိုးအမျိုးမျိုးတွေ၊ အမျိုးမျိုး အသိအလိမ္မာတွေ ပညာတွေ၊ အမျိုးမျိုး အစိုးရမှုတွေ စသည် ဖြစ်လာရတယ်။ ဒါကြောင့်မို့လို့ လူဘဝဟာ အနှစ် သာရ။

## ၂။ ဣန္ဒြေ မချွတ်ယွင်းခြင်း

တဟိဒ္ဓ၊ ထိုလူ့ဘဝ၌လည်း။ သာစုံ၊ ကောင်းစွာ။ သဗ္ဗိ န္ဒြိယာနံ၊ အလုံး စုံသော မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ဣန္ဒြေတို့၏။ ဝေကလ္လာဘာဝေါ၊ ချွတ်ယွင်းခြင်း မရှိသည်အဖြစ်သည်။ သာရံ၊ အနှစ်သာရ တရပ်ပင် ဖြစ်ပါပေ၏။

လူ့ဘဝ ရလို့ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အင်္ဂါချို့တဲ့မှု မရှိတာဟာလဲ အနှစ်သာရ တရပ်ပဲတဲ့။ ခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လူ့ ဘဝ ရနေကြတယ်။ လူ့ဘဝ ရနေပြီးတော့ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ချွတ်ယွင်းမှု မရှိဘူး။ အဲဒီလို မရှိတာဟာ အနှစ်သာရတရပ်ပဲ။

## ၃။ အမျိုးကောင်း ဖြစ်ရခြင်း

တသ္မိံ၊ ထို လူ့ဘဝ၌။ ကောလည်း၊ ကောင်းသော အမျိုး၌ ဖြစ်ရခြင်း သည်။ သာရံ၊ အနှစ်သာရ တရပ်ပင် ဖြစ်ပါပေ၏။

လူဖြစ်ပြန်ယင်လဲ အမျိုးကောင်း၌ ဖြစ်ရတာဟာ အနှစ်သာရ တရပ်ပဲတဲ့။ အားလုံး ဒကာဒကာမတွေ အမျိုးကောင်း အဆွေကောင်း၌ ဖြစ်ရပြီးတော့ သူတော်ကောင်းတရားတွေ လေ့လာနိုင်တယ်။ အားထုတ်နိုင်တယ်။ ပွားများနိုင်တယ်။ ဒါ အမျိုးကောင်း၌ ဖြစ်ရခြင်းရဲ့ အကျိုးတရပ်ပဲ။ ဒါကြောင့် အမျိုးကောင်း၌ ဖြစ်ရခြင်းဟာ အနှစ်သာရတရပ်ပဲ။

## ၄။ စင်ကြယ်ခြင်း

တဿ၊ ထိုလူ့ဘဝ၏။ သောစေယျဘာဝေါ၊ ကိုယ်၏ စင်ကြယ်ခြင်း၊ နှုတ်၏ စင်ကြယ်ခြင်း၊ စိတ်၏ စင်ကြယ်ခြင်း ဆိုတဲ့ စင်ကြယ်သည်၏ အဖြစ်သည်။ သာရံ၊ အနှစ်သာရပင် ဖြစ်ပါပေ၏။

အမျိုးကောင်းမှာ ဖြစ်ရတဲ့ မိမိတို့ရဲ့ ကိုယ်မှာ ကောင်းမှုတွေ ဖြစ်ပြီး ကိုယ်၏ စင်ကြယ်ခြင်း။ နှုတ်မှာ ကောင်းမှုတွေ ဖြစ်ပြီး နှုတ်၏ စင်ကြယ်ခြင်း၊ စိတ်မှာ ကောင်းမှုတွေ ဖြစ်ပြီး စိတ်၏ စင်ကြယ်ခြင်းဆိုတဲ့ စင်ကြယ်ခြင်းနဲ့ ပြည့်စုံခြင်းဟာလဲ အနှစ်သာရပဲတဲ့။

## ၅။ တရားနာခြင်း

တသ္မိံ သုဿုသာ ဓမ္မရာဇဿ ဓမ္မံ။

တသ္မိံ၊ ထိုလူ့ဘဝ၌။ ဓမ္မရာဇဿ၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဓမ္မံ၊ တရားကို။ သုဿုသာ၊ ကြားနာရခြင်းသည်။ သာရံ၊ အနှစ်သာရပင် ဖြစ်ပါပေ၏။

အနှစ်သာရ ငါးမျိုး။ လောက လူ့ဘဝ ရလာရတာ ပဌမ အနှစ်သာရ တခု။ လူ့ဘဝရပြီးတော့ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့အင်္ဂါတွေ မချွတ်ယွင်းပဲနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်ရတာဟာ ဒုတိယအနှစ်သာရ။ တတိယ အနှစ်

သာရက အမျိုးကောင်း၌ ဖြစ်ရခြင်း။ စတုတ္ထ အနှစ်သာရက အမျိုးကောင်း၌ ဖြစ်ရပြီးတော့ စင်ကြယ်သူ ဖြစ်ရခြင်း။ပဥ္စမ အနှစ်သာရက ရှင်တော်မြတ်ဘုရား၏ တရားတော်ကို ကြားနာရခြင်း။ အနှစ်သာရ ငါးမျိုး။ အနှစ်သာရ ငါးမျိုးနဲ့ ပြည့်စုံကြလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါနပြုနိုင်ကြ၊ သီလဆောက်တည်နိုင်ကြ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်ကြ။ သာသနာတော်ကြီးကို ချီးမြှောက်နိုင်ကြ။ ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြီး ပြုလုပ်နိုင်ကြတယ်။

## သရဏဂုံ အပြား

အရင်အပတ်က ဘုန်းကြီး ဟောခဲ့တာ သရဏဂုံမှာ သရဏဂမန သရဏဂုံဆိုတာက ဘာ၊ အဲဒီသရဏဂုံကို ဆောက်တည်တဲ့ ပုဂ္ဂိုလ် ဥပါသကာဟာ ဘာတုံး။ သရဏဂုံဆိုတာ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ ကိုးကွယ်ရာဟု ဆည်းကပ်ကြောင်းဖြစ်တဲ့ ကုသိုလ်စိတ္တုပ္ပါဒ်။ အဲဒီစိတ္တုပ္ပါဒ်နဲ့ ပြည့်စုံတဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် သရဏဂုံခံယူ၍ သရဏဂုံကုသိုလ်စိတ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို သရဏဂုံတည်သူ ဥပါသကာလို့ ဆိုရတယ်။ ဒီနေ့တော့ သရဏဂုံအပြားကို ဟောရမယ်။ သရဏဂုံအပြား။

သရဏဂမနံ၊ သရဏဂုံသည်။ လောကုတ္တရံ၊ လောကုတ္တရာ သရဏဂုံ လည်းကောင်း။ လောကိယံ၊ လောကိယ သရဏဂုံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိ၏။

သရဏဂုံ နှစ်မျိုးရှိတယ်တဲ့။ တမျိုးက လောကုတ္တရာ သရဏဂုံ၊ တမျိုးက လောကီသရဏဂုံတဲ့။

## လောကုတ္တရာ သရဏဂုံ

အဲဒီတော့ လောကုတ္တရာ သရဏဂုံဆိုတာ ဘာတုံး။ အနှန်ကတော့ လောကုတ္တရာ သရဏဂုံက ဘုန်းကြီးတို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ဆိုနေဖို့ မလို

တော့ဘူး။ အဲ့ဒီ လောကုတ္တရာ သရဏဂုံ တည်တဲ့ ပုဂ္ဂိုလ်ဆိုတာ သရဏဂုံ မဆောက်တည်ပဲနဲ့ သရဏဂုံ တည်နေကြတဲ့ ပုဂ္ဂိုလ်တွေ။

တတ္ထ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ
သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန
အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ ကိစ္စတော
သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။

တတ္ထ၊ ထို လောကုတ္တရာ, လောကီ သရဏဂုံ နှစ်ပါးတို့တွင်။ လောကုတ္တရံ၊ လောကုတ္တရာ သရဏဂုံသည်။ ဒိဋ္ဌသစ္စာနံ၊ မြင်အပ်ပြီးသော သစ္စာတရား ရှိကြကုန်သော ပုဂ္ဂိုလ်တို့၏။ ဝါ၊ သစ္စာတရားကို ကောင်းစွာ မြင်ကြသော ပုဂ္ဂိုလ်တို့၏။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ သရဏဂမနုပက္ကိလေသ သမုစ္ဆေဒေန၊ သရဏဂုံ ညစ်ညူးကြောင်း ဖြစ်သော တရားတို့ကို အမြစ်ဖြတ်ခြင်းအားဖြင့်။ အာရမ္မဏတော၊ အာရုံအားဖြင့်။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်ကို အာရုံပြုသည်။ ဟုတွာ၊ ဖြစ်၍။ ကိစ္စတော၊ ကိစ္စပြီးသောအားဖြင့်။ သကလေပိ ရတနတ္တယေ၊ ရတနာမြတ်သုံးပါး အပေါင်း၌လည်း။ ဣဇ္ဈတိ၊ ပြည့်စုံပါပေ၏တဲ့။

ဒါကြောင့် လောကုတ္တရာ သရဏဂုံဆိုတာက ဆောက်တည်နေရတာ မဟုတ်ဘူး။

## ဖြစ်ရာ ပုဂ္ဂိုလ်နှင့် ဖြစ်ပုံ

လောကုတ္တရာ သရဏဂုံ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေမှာဖြစ်သတုံးဆိုတော့ —

ဒိဋ္ဌသစ္စာနံ၊ မြင်အပ်ပြီးသော သစ္စာရှိသော ပုဂ္ဂိုလ်တို့၏။ ဝါ၊ သစ္စာ တရား မြင်ကြကုန်သော ပုဂ္ဂိုလ်တို့၏။

သစ္စာလေးပါး တရားမြင်ကြတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်တာတဲ့။ လောကုတ္တရာသရဏဂုံဆိုတာသစ္စာလေးပါးမြင်ကြတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ဘယ်အခါမှာဖြစ်သတုံးဆိုတော့ မဂ္ဂက္ခဏေ၊မဂ်ခဏမှာဖြစ်ပါသတဲ့။ လောကုတ္တရာ သရဏဂုံဆိုတာ နေရာခပ်သိမ်း အခါခပ်သိမ်းမှာ ဖြစ်တာမဟုတ်ဘူး။ မဂ်ခဏမှာဖြစ်တာ။ မဂ်ရတဲ့ခဏမှာ ဒီသရဏဂုံ ရသွားတယ်။ ဒီသရဏဂုံ ပြည့်စုံသွားတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ဆောက်တည်နေဖို့ မလိုတော့ဘူး။ မဂ်ရသည်နဲ့ ပြီးသွားတဲ့ သရဏဂုံကို လောကုတ္တရာ သရဏဂုံလို့ဆိုတယ်။ အဲဒီ လောကုတ္တရာ သရဏဂုံဆိုတာ ဘယ်ပုံအားဖြင့် ဖြစ်လာသတုံးဆိုတော့ သရဏဂမနုပက္ကိလေသ သမုစ္ဆေဒေန၊ သရဂုံညစ်ညူးကြောင်း ဖြစ်တဲ့ တရားတွေကို ဖျက်ဆီးခြင်း၊ အမြစ်ဖြတ်ခြင်းဖြင့် ဒီသရဏဂုံ ပေါ်လာပါတယ်တဲ့။

## သရဏဂုံ ညစ်ညူးကြောင်း တရား

သရဏဂုံညစ်ညူးကြောင်း၊ညစ်နွမ်းကြောင်းဆိုတာဘာ တွေတုံးဆိုတော့ တလောဆီကလဲ ဘုန်းကြီးပြောခဲ့ပါပြီ။ ဒိဋ္ဌိ—ဘုရားကိုးကွယ်တာ အကျိုးမရှိဘူး။ တရားကိုးကွယ်တာ အကျိုးမရှိဘူး။ သံဃာကိုးကွယ်တာ အကျိုးမရှိဘူး။ စသည်ဖြင့် ယူတဲ့အယူဝါဒ။ ပြီးတော့ အဟေတုက — သတ္တဝါတွေ ညစ်ညူးဖို့၊ စင်ကြယ်ဖို့အကြောင်း မရှိဘူး။ အကြောင်းမဲ့ဖြစ်တယ်လို့ ယူတဲ့ ဒိဋ္ဌိမျိုး။ အကိရိယ — အကုသိုလ် ကုသိုလ်ပြုလဲ ပြုရာမရောက်ဘူးလို့ အကြောင်းကံပယ်တဲ့ ဒိဋ္ဌိမျိုး၊ နတ္ထိက - နတ္ထိဒိဋ္ဌိ — အလှူ၏ အကျိုးမရှိစသည်ဖြင့် ယူတဲ့ ဒိဋ္ဌိမျိုး။ အဲဒီ ဒိဋ္ဌိတွေရှိယင် ဒီသရဏဂုံ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒိဋ္ဌိဟာ သရဏဂုံညစ်ညူးကြောင်း။ ဝိစိကိစ္ဆာ — ဘုရားအပေါ် ယုံမှားမှု၊ တရား အပေါ် ယုံမှားမှု၊ သံဃာ အပေါ် ယုံမှားမှု ရှိနေယင် သရဏဂုံ မဖြစ်ဘူး။ ပြီးတော့ သမ္မောဟ — တွေဝေခြင်း၊ တွေဝေခြင်းဆိုတာ ဘုရားကိုးကွယ်ရမှန်း မသိ။ တရားကိုးကွယ်ရမှန်း မသိ။ သံဃာကိုးကွယ်ရမှန်းမသိ။ အမှောင်ကျနေမှု—သမ္မောဟ။ အသဒ္ဓိယ—သဒ္ဓါတရားရဲ့

ဆန့်ကျင်ဘက်။ ဘုရား, တရား, သံဃာ မယုံကြည်ကြောင်းဖြစ်တဲ့ အကုသိုလ်ရှိနေတဲ့ပုဂ္ဂိုလ်။ အကုသိုလ်တရား၊ အဲဒီတရားတွေဟာ သရဏဂုံ ညစ်ညူးကြောင်းတရားတွေ။ အဲဒီ သရဏဂုံ ညစ်ညူးကြောင်း တရားတွေ ရှိနေယင်ဒါ သရဏဂုံမဖြစ်ဘူး။ အဲဒါကြောင့် မဂ်ခဏမှာ အဲဒီသရဏဂုံ ညစ်ညူးကြောင်းဖြစ်တဲ့ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သမ္မောဟ, အဿဒ္ဓိယ ဆိုတဲ့ မကောင်းတဲ့ တရားတွေကို မဂ်က အပြတ်ရှင်းနိုင်တယ်။ အပြတ်ဖြတ်နိုင်တယ်။ ဒါကြောင့် မဂ်ခဏမှာ ဒီသရဏဂုံဟာ ပြည့်စုံသွားတယ်။ သရဏဂုံ တည်လာတယ်။

## အာရုံသိ၊ မတွေ မဝေသိ

အဲဒီသရဏဂုံဟာ ဘာကို အာရုံပြုတုံးဆိုတော့ အရိယသစ္စာကို မြင်ခြင်းဟာ လောကုတ္တရာ သရဏဂုံပါပဲ။ အရိယမဂ္ဂေ ဝေ လောကုတ္တရံ သရဏဂမနံ အရ—အရိယာမဂ်ကို လောကုတ္တရာ သရဏဂုံလို့ဆိုလဲ ဆိုနိုင်ပါတယ်။ ဒီတော့ ဘာကို အာရုံပြုပြီး လောကုတ္တရာ သရဏဂုံဖြစ်လာရတုံးဆိုတော့—

အာရမ္မဏတော၊ အာရုံအားဖြင့်။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်အာရုံရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။

နိဗ္ဗာန် အာရုံပြုဖြစ်တယ်။ လောကီသရဏဂုံနဲ့ မတူဘူး။ သာမည ပုထုဇဉ်တို့ရဲ့ သရဏဂုံနဲ့ မတူဘူး။ အဲဒီ အရိယာတို့ရဲ့ လောကုတ္တရာ သရဏဂုံက နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဖြစ်တယ်။ နိဗ္ဗာန် အာရုံပြုယင်းဖြင့် မဂ်ပွားများမှု ရတနာသုံးပါးရဲ့ ဂုဏ်သိမှု တခါထဲပြီးတယ်။ ဒါကြောင့် ကိစ္စတော—လို့ ဆိုတယ်။ နိဗ္ဗာန်ကို အာရုံပြုယင် ဘုရားကို အာရုံပြုမှု၊ တရားအာရုံပြုမှု၊ သံဃာ အာရုံပြုမှု ဒါတွေက မပါဘူးလားဆိုတော့။

ကိစ္စတော၊ ကိစ္စပြီးသောအားဖြင့်။ သကလေပိ ရတနတ္တယေ၊ ရတနာ မြတ်သုံးပါး အပေါင်း၌လည်း။ ဣဇ္ဈတိ၊ ပြည့်စုံတော့၏။

အဲဒီအခိုက်မှာ ဘုရားအာရုံပြုတာတော့ မဟုတ်ပါဘူး။ တရားအာရုံပြုတာတော့ မဟုတ်ပါဘူး။ သံဃာအာရုံပြုတာတော့ မဟုတ်ပါဘူး။ မဟုတ်ပေမယ့် ကိစ္စအားဖြင့် ပြီးသွားတယ်တဲ့။ ကိစ္စအားဖြင့် ပြီးတယ်ဆိုတာ ဘုန်းကြီးတို့ မတွေ့မဝေ သိသဖြင့် အသိကိစ္စ ပြီးသွားတဲ့ ကိစ္စပြီးမှုကို ပြောတယ်။မှတ္တေ့မဝေသိဆိုတာ ဘာသဘောတုံးဆိုတော့ ဘုန်းကြီးတို့လူတယောက်ဟာ သချ်ာကျွမ်းကျင်တယ်။ အဲဒါ အလကားနေတဲ့အခါလဲ ဒါ သူ့ကို သင်္ချာကျွမ်းကျင်တယ်လို့ပဲဆိုရတယ်။ သင်္ချာတွေသိတယ်။နားလည်တယ်လို့ပဲဆိုရတယ်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အခါမဆို သူစဉ်းစားလို့ရှိယင် ဒီသင်္ချာဟာ သူ့စိတ်ထဲမှာ ပေါ်လာတယ်။ သိလာတယ်။ နားလည်လာတယ်။ နားလည်လာတော့ မတွေးတဲ့အခါ သိမနေတဲ့အခါလဲ သူသိတယ်ပဲ ဆိုရတယ်။ ဘယ်လိုနည်းမျိုးနဲ့ သိတုံးဆိုတော့ နားလည်ပြီးသားဖြစ်တော့ မတွေ့မဝေ အသိရှင်းလင်းပြီးဖြစ်တဲ့ အသဘောဟာ အသိအနေအားဖြင့် သူသိတယ်ပဲ ဆိုရတယ်။ အဲဒါလိုပဲ လောကုတ္တရာသရဏဂုံ ရကြတဲ့ ပုဂ္ဂိုလ်တွေ သရဏဂုံကိုတော့ အာရုံမပြုဘူး။ နိဗ္ဗာန်ကိုသာ အာရုံပြုနေပေမယ့် ဘုရားအားရုံသိမှု ကိစ္စလဲ ပြီးနေ၊ တရားအာရုံသိမှု ကိစ္စလဲ ပြီးနေ၊ သံဃာအာရုံသိမှု ကိစ္စလဲပြီးနေပြီဖြစ်သောကြောင့် သိပြီးပြီပဲဆိုရတယ်။

အဲသလို လောကုတ္တရာ သရဏဂုံဆိုတာ နိဗ္ဗာန်ကို အာရုံပြုကာ နိဗ္ဗာန်ကို အာရုံပြုတယ် ဆိုပေမယ့် အဲဒီခဏမှာပဲ ဘုရား အာရုံ သိမှု၊ တရားအာရုံသိမှု ၊သံဃာ အာရုံသိမှု၊ ဘုရားဂုဏ် သိမှု၊ တရားဂုဏ် သိမှု၊ သံဃာဂုဏ်သိမှု ဆိုတဲ့ သိမှုကိစ္စလဲ ပြီးနေပြီတဲ့။ ဒါ လောကုတ္တရာ သရဏဂုံသဘောနေဘ်။ အဲဒါကြောင့် မို့လို့ လောကုတ္တရာ သရဏဂုံဆိုတာကတော့ ဆောက်တည်နေဖို့လိုတဲ့သရဏဂုံမဟုတ်ပါဘူး။ တခါထဲ ကိစ္စပြီးနေပြီ။

## လောကီ သရဏဂုံ

လောကီသရဏဂုံမှာ—

လောကိယံ၊ လောကီသရဏဂုံမှာ။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့အား။ သရဏဂမနုပက္ကိလေသဝိက္ခမ္ဘနေန၊ သရဏဂုံ ညစ်ညူးကြောင်း တရားတွေကို

ပယ်ခွာနိုင်ခြင်းဖြင့်။ ဗုဒ္ဓါဒိဂုဏာ-ရမ္မဏံ၊ ဘုရား အစရှိသော ဂုဏ်တော်သာလျှင် အာရုံရှိသည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

လောကီ သရဏဂုံကတော့ ဆောက်တည်ရတယ်။ ဘုရားဂုဏ် အာရုံပြုရတယ်၊ တရားဂုဏ် အာရုံပြုရတယ်၊ သံဃာဂုဏ် အာရုံပြုရတယ်။ အဲဒီလို ဘုရားဂုဏ် အာရုံပြုခြင်း၊ တရားဂုဏ် အာရုံပြုခြင်း၊ သံဃာဂုဏ် အာရုံပြုခြင်းဖြင့် ပြီးတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ—ဘုရားဂုဏ် အာရုံပြုပြီး ဆိုရတယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိ—တရားဂုဏ် အာရုံပြုပြီး ဆိုရတယ်။ သံဃံ သရဏံ ဂစ္ဆာမိ—သံဃာဂုဏ် အာရုံပြုပြီး ဆိုရတယ်။ အဲဒါကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးကို အာရုံပြုပြီးတော့ သရဏဂုံ ယူမှ ပြီးတယ်။ လောကီသရဏဂုံကလဲ သရဏဂုံညစ်ညူးကြောင်းတွေ မပယ်ဖျောက်နိုင်ပဲ ဖြစ်တာမဟုတ်ဘူး။ သရဏဂုံညစ်ညူးကြောင်းတွေပယ်ဖျောက်ပြီးတော့ဖြစ်ရတာ။ သရဏဂုံ ညစ်ညူးကြောင်းဆိုတာ ခုန ပြောတာတွေပါပဲ။ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့ သမ္မောဟဆိုတဲ့ တွေဝေမှု၊ အဿဒ္ဓိယဆိုတဲ့ မယုံကြည်မှုအကုသိုလ်တွေ။ အညာဏ—မသိမှု၊ သံသယ — ယုံမှားမှု။ အဲဒီ အကုသိုလ်တွေကို သရဏဂုံ ညစ်ညူးကြောင်း ခေါ်တယ်။ ဒီသရဏဂုံ ညစ်ညူးကြောင်းတွေရှိယင် ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတွေ သရဏဂုံမဖြစ်ဘူး။ အဲဒီညစ်ညူးကြောင်းတွေကို ပယ်ဖျောက်နိုင်လို့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ ကြည်ညိုခြင်း သဒ္ဓါရောက်လို့ ဒါသရဏဂုံမြောက်တာ။ ဒါကြောင့်မို့လို့ လောကီသရဏဂုံကတော့ ဆောက်တည်ရတယ်။ လောကီသရဏဂုံကတော့ ဘုရား၊ တရား၊ သံဃာ ဂုဏ် အာရုံ တိုက်ရိုက်ပြုရတယ်။ ပြုပြီးတော့ အဲဒီသရဏဂုံ ဆောက်တည်ခြင်းဖြင့် သရဏဂုံ ညစ်ညူးကြောင်း ဖြစ်တဲ့ မကောင်းမှုတွေ ကိလေသာတွေ ကင်းရှင်းပြီးတော့ သရဏဂုံ မြောက်သွားတယ်။အဲဒါသရဏဂုံ နှစ်ပါး။ လောကုတ္တရာ သရဏဂုံ၊ လောကီသရဏဂုံ။

## ဘုရားရှင် ရာဇဂြိုဟ်ကြွ

ဒီနေရာမှာ ဘုန်းကြီးက ဗိမ္ဗိသာရမင်းကြီးအကြောင်း နည်းနည်း ပြောရမယ်။ အရင်အပတ်ကတော့ သားတော် အဇာတသတ်အကြောင်း။ ဒီနေ့

တော့ ဗိမ္ဗိသာရအကြောင်း။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ရာဇဂြိုဟ်ပြည်ကို ကြွလာတယ်။ ရာဇဂြိုဟ်ပြည် ထန်းတောဥယျာဉ်မှာ"သုပ္ပတိဋ္ဌိတ" ဆိုတဲ့ စေတီမှာ သီတင်းသုံးတယ်။ သုပ္ပတိဋ္ဌိတ စေတီခေါ်လို့ ဘုန်းကြီးတို့ အခုခေတ် ဘုရားစေတီလိုတော့ မမှတ်နဲ့။ဘုရားစေတီတော့မဟုတ်ဘူး။ ညောင်ပင်ကြီးတဲ့။ ရှေးအခါက ညောင်ပင်ကြီးတွေ အခုခေတ်လဲ ကိုးကွယ်ကြတာပါပဲ။ ညောင်ပင်ကြီးတွေမှာ နတ်ရှိတယ်ဆိုပြီးတော့ ကိုးကွယ်ကြတယ်။ အဲဒီ သုပ္ပတိဋ္ဌိတ ကိုးကွယ်ရာလို့ သူတို့သတ်မှတ်ပြီး ကိုးကွယ်လို့ စေတီအမည်ရတယ်။ သုပ္ပတိဋ္ဌိတစေတီတဲ့။ ညောင်ပင်ကြီး။ အဲဒီ ညောင်ပင်ကြီးမှာ သီတင်းသုံးပြီး နေတော်မူတယ်။

## ဗိမ္ဗိသာရ မင်းကြီး တရားရ

အဲဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးဟာ ပုဏ္ဏားသူကြွယ် တသိန်းနှစ်သောင်းနဲ့ ခြံရံပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ထံ ဆိုက်ရောက်လာတယ်။ အဲဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က နောက်နောက်က ဘုန်းကြီးဟောခဲ့တဲ့ အတိုင်းပေါ့လေ၊ အနုပုဗ္ဗိကထာ တရားဒေသနာတော်ကို ဟောတော်မူတယ်။ အစဉ်အတိုင်း ဟောရတဲ့တရား။ ဒါနပြီး သီလ၊ သီလပြီး သဂ္ဂ နတ်ပြည်၊ ပြီးတော့ ကာမာနံ အာဒီနဝ စသည်ဖြင့် အစဉ်အတိုင်းဖြစ်တဲ့ တရားဒေသနာကို ဟောတော်မူတယ်။ ဟောပြီးလို့ သူတို့စိတ်တွေ စင်ကြယ်လာတဲ့ အခါကျတော့ သစ္စာလေးပါးတရားကို ပြတော်မူတယ်။ အဲသလိုသစ္စာတရားကို ပြတော်မူတဲ့အခါကျတော့ဗိမ္ဗိသာရမင်းကြီးနှင့်တကွတသိန်းနှစ်သောင်းသော ပုဏ္ဏား သူကြွယ်တွေထဲက ဓမ္မစက္ခုရသွားတယ်။ ဓမ္မစက္ခုဆိုတာ သောတာပတ္တိမဂ်ဉာဏ် ရသွားတယ်။ သောတာပန် ဖြစ်ကုန်ကြတယ်။ တသောင်းကတော့ သောတာပန် မဖြစ်ဘူး။ သရဏဂုံ တည်ကြတဲ့ ဥပါသကာအဖြစ်သို့ ရောက်သွားကြတယ်။ သရဏဂုံ တည်သွားကြတယ်။ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြတယ်။

## ကိုယ်နဲ့ တန်ရုံ

လောကမှာ ဘုရားဟောတာကတော့ သောတာပန်ဖြစ်အောင် နောက်ဆုံး သောတာပန်တောင်မကဘူး၊ အရဟတ္တဖိုလ်ပေါက် ဟောတာပဲ။ အခုပရိ သတ် တသိန်း နှစ်သောင်းဟာ တသိန်း တသောင်းက အရဟတ္တဖိုလ် မရ တောင်မှ သူတို့အတွက် သောတာပတ္တိမဂ်ဉာဏ်ဆိုတဲ့ ဓမ္မစက္ခု အလင်းခေတ် ရသွားတယ်။ တသောင်းသော ပုဏ္ဏား သူကြွယ်တွေက သရဏဂုံလောက် တည်တယ်တဲ့။ ဘုရားကတော့ အရဟတ္တဖိုလ်ပေါက် ဟောတာပဲ။ ကိုယ်နဲ့ တန်ရုံတန်ရုံ ရကြတယ်။ ဒီနေရာမှာ ကလေးနဲ့ ဥပမာပေးကြရအောင် နော်။ အမေကတော့ အများကြီး ကျွေးချင်တာပဲ။ သူ့ကလေးလေး။ ဒါပေမယ့် သူ့ကလေးရဲ့ ပါးစပ်ပေါက်လေးက ကျဉ်းကျဉ်းလေး ဆိုတော့ ပါးစပ် ပေါက် ဆန့်ရုံသာ ဝင်တယ်။ အဲဒါလိုပဲ ဘုရားက အရဟတ္တဖိုလ်ပေါက် ဟောပေမယ့် အဲဒီပရိသတ်တွေက သူတို့နဲ့ တန်ရုံ၊ သူတို့နဲ့ တော်ရုံပဲ အကျိုး အာနိသင် ရကြတယ်။ တသောင်းကတော့ သောတာပန်တောင် မဖြစ်ဘူး။ သရဏဂုံ တည်ရုံတော့ အကျိုးရှိတယ်။

## တရားကြောင့် ရသော ဂုဏ်

အဲဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးဟာ အင်မတန် ဝမ်းသာသွားတယ်။ ဒိဋ္ဌဓမ္မော-သစ္စာလေးပါးတရား မြင်သွားတယ်။ မြင်တယ်ဆိုတော့ မျက်စိနဲ့ မြင်တာလဲရှိသေးလို့ ဉာဏ်နဲ့ရောက်သွားတာလို့ ပတ္တဓမ္မော—ရအပ်သော သစ္စာ လေးပါးတရား ရှိသွားတယ်လို့ဆိုတယ်။ ရောက်တယ်ဆိုတာ ဉာဏ်ဖြင့်ရောက် ခြင်းမှတပါး တခြားရောက်ခြင်းရှိသေးလို့ ဝိဒိတဓမ္မော—ဉာဏ်ဖြင့် သိအပ်သော တရား ရှိတယ်လို့ ဆိုပြန်တယ်။ ဉာဏ်ဖြင့်သိပြန်လဲ တစိတ်တဒေသ မဟုတ်၊ အကုန်လုံး သိတာလို့ ပရိယောဂါဠ္ဌဓမ္မော—သက်ဝင်အပ်တဲ့ သစ္စာလေးပါး တရား ရှိတယ်လို့ ဆိုတယ်။ တိဏ္ဏဝိစိကိစ္ဆော—နောက်နောက်က ဟုတ်မှ ဟုတ် ကဲ့လားဆိုတဲ့ သံသယတွေ အကုန် (၈)ပါး (၁၆)ပါး ယုံမှားတွေ ပျောက်

ပြီး ဒီတရားဟာ တကယ်မှန်တယ်ဆိုတာ သိသွားတယ်။ ဝိဂတကထံကထော— ဒီဘုရားဟာ ဟုတ်ကဲ့လား၊ ဒီတရားဟာ ဟုတ်ကဲ့လား၊ ဒီသံဃာဟာ ဟုတ်ကဲ့လားဆိုတဲ့ သံသယတွေ ဝိစိကိစ္ဆာတွေ အကုန်ကင်းသွားတယ်။ ဝေသာရဇ္ဇပ္ပတ္တော—ရဲရင့်တယ်။ သာသနာမှာ ရဲရင့်ခြင်းသို့ ရောက်သွားတယ်။ စောစောက သူ့အယူဟာ ဟုတ်မှဟုတ်ကဲ့လား ဆိုတဲ့ အယူအပေါ်မှာ သူရဲရဲရင့်ရင့် အတည်မပြုနိုင်သေးဘူး။ အခု ဘုရားရဲ့ တရားတော် နာကြားတော့ အတည်ပြုနိုင်သွားတယ်။ ဒီတရားဟာ အမှန်ဆုံး၊ ဒီထက်မှန်တဲ့ တရားတော်ဟာ ဒီသာသနာ ပြင်ပလောကမှာ မရှိဘူးဆိုတာ အတည်ပြုနိုင်သွားတယ်။ အပရပ္ပစ္စယော၊ သတ္ထုသာသနေ–ကိုယ်တွေ့ မြင်ထားရတာဖြစ်တော့ ဘုရားမှတပါး ဤသာသနာမှတပါး တခြား ယုံကြည်စရာ မရှိတော့ဘူး။

## မင်းကြီး လျှောက်ထားပုံ

အဲသလို အတည်ပြုနိုင်ပြီးတော့ အင်မတန် ကျေနပ်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်ထားတယ်။

> ပုဗ္ဗေ မေ ဘန္တေ ကုမာရဿ သတော
>
> ပဉ္စ အဿာသကာ အဟေသုံ။

ဘန္တေ၊ အရှင်ဘုရား။ ပုဗ္ဗေ၊ ရှေး၌။ မေ၊ တပည့်တော်သည်။ ကုမာရဿ မင်းသားသည်။ သတော၊ ဖြစ်စဉ်။ ပဉ္စ အဿာသကာ၊ ငါးပါးသော တောင့်တခြင်းတို့သည်။ အဟေသုံ၊ ဖြစ်ပေါ်ခဲ့ဖူးပါပေကုန်ပြီး။

> တေရဟိ တေ သမိဒ္ဓါ။

တေ၊ ထိုနောက်နောက်က ဖြစ်ပေါ်ခဲ့တဲ့ ငါးပါးသော တောင့်တချက်တို့သည်။ တေရဟိ၊ ယခုအခါ၌။ သမိဒ္ဓါ၊ ပြည့်စုံပါကုန်ပြီ—

လို့ လျှောက်ထားတယ်။ တပည့်တော် ရှေးမင်းသား ဖြစ်စဉ်အခါတုန်းက တောင့်တချက် ငါးမျိုးရှိခဲ့ပါတယ်ဘုရား။ အဲဒီတောင့်တချက် ငါးမျိုးဟာ အခု ပြည့်စုံလာပါပြီ။ ပထမ တောင့်တချက်က ဘာတုံး ဆိုတော့—

အဟော ဝတ မံ ရဇ္ဇေ အဘိသိဉ္စေယျုံ။

မံ၊ ငါကို။ ရဇ္ဇေ၊ တိုင်းပြည်၌။ ဝါ၊ မင်းအဖြစ်၌။ အဘိသိဉ္စေယျုံ၊ အဘိသိက်သွန်းကြပါကုန်မူကား။ အဟော ဝတ၊ ကောင်းပါပေစွ။—

လို့ အဲသလို တောင့်တချက် ဖြစ်ခဲ့ဖူးပါတယ်။ ပထမ တောင့်တချက်။ အဲဒီ ပထမတောင့်တချက်ဟာလဲ ပြည့်ခဲ့ပါပြီ။ တပည့်တော် ရှင်ဘုရင်ဖြစ်နေပြီ။

တဿ စ မေ ဝိဇိတံ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဩက္ကမေယျ။

တဿ မေ၊ ထိုငါ၏။ ဝိဇိတံ၊ တိုင်းနိုင်ငံသို့။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ ဩက္ကမေယျ၊ ကြွလာတော်မူငြားအံ့။ အဟော ဝတ၊ သြော်....ကောင်းပါပေစွ။

ဒုတိယတောင့်တချက်။ အဲဒါ ရှင်ဘုရင်ဖြစ်ပြီးနောက် ငါ၏ နိုင်ငံသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြွရောက်တော်မူလာယင် ကောင်းပါပေစွလို့ အကြံဖြစ်ခဲ့ဖူးပါတယ် ဘုရား။ အဲဒီ အကြံလဲ ယနေ့ တပည့်တော်မှာ ပြည့်စုံသွားပါပြီ။

တမဟံ ဘဂဝန္တံ ပယိရုပါသေယျံ။

အဟံ၊ ငါသည်။ တံ ဘဂဝန္တံ၊ ထိုနေပြည်တော်သို့ ကြွတော်မူလာသော မြတ်စွာဘုရားကို။ ပယိရုပါသေယျံ၊ ဆည်းကပ်ပါရမူကား။ အဟော ဝတ၊ သြော်....ကောင်းပါပေစွ။

ငါ့နိုင်ငံတော်ကို ကြွလာတော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ငါ ဆည်းကပ် ဖူးမြော်ရယင် ကောင်းလေစွလို့ အကြံဖြစ်ခဲ့ပါတယ်။ အဲဒီအကြံဟာ ယနေ့ ပြည့်စုံသွားပါပြီဘုရားလို့ လျှောက်တယ်နော်။

## ရှေးကပင် ပင့်ခဲ့ပုံ

စောစောထဲက ပင့်နေတာ။ ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင် ကိုယ်တော်မြတ် ဘုရားလောင်းဘဝက ပေါ့လေ။ ဘုရားဖြစ်ဖို့ ကျင့်နေတုန်း တနေ့ ရာဇဂြိုဟ်ပြည် ဆွမ်းခံကြွတယ်။ ဆွမ်းခံကြွတော့ ဗိမ္ဗိသာရ မင်းကြီးက နန်းတော်ပေါ်က လှမ်းမြင်တယ်။လှမ်းမြင်တော့ ထူးတဲ့ပုဂ္ဂိုလ်ဆိုတာ အသွင်အပြင် မြင်တာနဲ့ ထူးတယ်ဆိုတာ သိနိုင်တယ်။ ဗိမ္ဗိသာရမင်းကြီးကသိတော့ မင်းချင်းတယောက် သွားပြီး ကြည့်ခိုင်းတယ်။ သွားကြည့်တော့ ဘုရားလောင်းကလဲ ရလာတဲ့ ဆွမ်းတွေ ပဏ္ဍဝတောင်ခြေမှာ ထိုင်ပြီးတော့ ဘုဉ်းပေးနေတယ်။ အဲဒါနဲ့ တခါထဲ မင်းချင်းက လာပြီးတော့ မင်းကြီးကို လျှောက်ထားတယ်။ သံတော်ဦးတင်တယ်။ အဲဒါနဲ့ မင်းကြီးက လိုက်လာတယ်။လိုက်လာပြီးတော့ ဘုရားလောင်းကို ဘယ်ကတုံး၊ ဘယ်သူတုံးလို့ မေးတော့ ကပိလဝတ်ပြည်က သာကီဝင်မင်းမျိုးက ထွက်ခွာပြီး ရဟန်းပြုခဲ့ကြောင်း ပြောတော့ ဗိမ္ဗိသာရမင်းကြီးက အင်မတန် မြတ်နိုးတယ်။ မြင်မြင်ချင်း ချစ်ခင်တယ်။ ကြည်ညိုတယ်။ကြည်ညိုလို့ တိုင်းပြည်ပေးတယ်။ အပ်တယ်။ ဘုရားအလောင်းက လက်မခံဘူး။ မိမိဟာ သာကီဝင်မင်းမျိုးက ထွက်ခွာပြီး ရဟန်းပြုခဲ့တယ်။ ဒါတွေမလိုချင်လို့။ အဲဒါကြောင့် ဒါတွေကို အလိုမရှိတဲ့ အကြောင်း ပြောပြီး ငြင်းပယ်တယ်။ အဲသလို ငြင်းပယ်တဲ့ အခါကျတော့ ဗိမ္ဗိသာရမင်းကြီးက ဘုရားဖြစ်မယ်ဆိုတာ ယုံကြည်တယ်။ ယုံကြည်လို့လဲ ဘုရားဖြစ်တဲ့အခါ မိမိတိုင်းပြည်ကို ကြွလာဖို့အကြောင်း လျှောက်ထားတယ်။ အဲဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က ဘုရားအလောင်းက ပဋိညာဉ်ပေးလိုက်တယ်တဲ့နော်။ ပဋိညာဉ်အရ ကြွလာတာ။ အဲခုနပြောတဲ့ တတိယတောင့်တချက် သူ့မှာ ပြည့်သွားပါပြီ။ ဘုရားရှင် ကိုယ်တော်မြတ်ဆည်းကပ်ရပါလို၏ ဆိုတဲ့ တတိယ တောင့်တချက် ပြည့်သွားပါပြီ ဆိုတဲ့ အကြောင်း လျှောက်ထားတယ်။

## လျှောက်ထားချက် အဆက်

နောက်တခါ—

သော မေ ဘဂဝါ ဓမ္မံ ဒေသေယျ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မေ၊ ငါ့အား။ ဓမ္မံ၊ တရားကို။ ဒေသေယျ၊ ဟောပါမူကား။ အဟော ဝတ၊ ဩော်....ကောင်းပါလေစွ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ငါရဲ့ နေပြည်တော်ကို ရောက်လာပြီး တော့ ငါ့ကို တရားဟောလို့ ရှိယင် ကောင်းပါပေစွလို့ တပည့်တော် အကြံ ဖြစ်ခဲ့ပါတယ်။ ဒီစတုတ္ထအကြံဟာလဲ တပည့်တော်မှာ ပြည့်သွားပါပြီဘုရား။

တဿ စာဟံ ဓမ္မံ အာဇာနေယျံ။

အဟံ စ၊ ငါသည်လည်း။ တဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရား တော်မြတ်ကို။ အာဇာနေယျံ၊ သိနိုင်ရပါမူကား။ အဟောဝတ၊ ဩော်.... ကောင်းပါပေစွ။

ဘုရားရှင်က ငါ့ကို တရားဟောတော့ ဘုရားရှင် ဟောတဲ့ တရားနာရပြီး အဲဒီတရားကို ငါသိပါမူ ကောင်းလေစွလို့ အကြံဖြစ်ခဲ့ပါတယ်ဘုရား။ အဲဒီ အကြံဟာလဲ တပည့်တော်မှာ ပြည့်စုံခဲ့ပါပြီဘုရား။ တပည့်တော် မင်းသား ဘဝတုန်းက အကြံငါးမျိုး ဖြစ်ခဲ့တာဟာ ယနေ့တော့ အကုန်လုံး ပြည့်စုံခဲ့ ပါပြီ။

## သရဏဂုံ ယူပုံ

အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ။

ဘန္တေ၊ မြတ်စွာဘုရား။ အဘိက္ကန္တံ၊ တရားဟာ နှစ်သက်ဖွယ် ကောင်း ပါပေစွ။ ဘန္တေ၊ မြတ်စွာဘုရား။ အဘိက္ကန္တံ၊ တရားတော်ဟာ နှစ်သက် ဖွယ် ကောင်းလှပါပေစွ။

သေယျထာပိ ဘန္တေ နိကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ ပဋိစ္ဆန္နံ ဝါ
ဝိဝရေယျ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ။

မှောက်ထားတဲ့အရာဝတ္ထုကို လှန်ပြီး ပြလိုက်သလိုပဲ။ ဖုံးထားတဲ့အရာကို ဖွင့်ပြလိုက်သလိုပါပဲ။ ခရီး လမ်းမှားနေတဲ့ ပုဂ္ဂိုလ်ကို မှန်ကန်တဲ့ လမ်းကို ညွှန်ပြလိုက်သလိုပဲ။မှောင်နေတဲ့နေရာ ဆီမီး ထွန်းလိုက် သလိုပါပဲဘုရား။ ဘုရားတပည့်တော်တို့ဟာ ရှင်တော်မြတ်ဘုရားရဲ့ အဲသလို ပြလိုက်သလိုပဲ၊ အမှောင်ထဲမှာ အလင်းရောင် ပြလိုက်သလိုပဲ၊ လမ်းမှားနေတဲ့ ပုဂ္ဂိုလ်ကို လမ်းမှန်ပြလိုက်သလိုပါပဲ။ ရှင်တော်မြတ်ဘုရားဟာ များစွာသောအကြောင်း ပရိယာယ်တို့ဖြင့် တရားဒေသနာတော် ဟောတော်မူပါတယ် ဆိုပြီးတော့ သရဏဂုံယူတယ်။

ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊
ဥပါသကံ မံ ဘဂဝါ ဓါရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

ဒါကတော့ ဒကာကြီးတို့ ဒကာမကြီးတို့ သိတင်းတိုင်း နာနေရတယ်။ ဒီတော့ ရှတ်ပေါင်းများလှပြီနော်။ ဗိမ္ဗိသာရမင်းကြီး သရဏဂုံ ယူလိုက်တာ။

## သရဏဂုံ ထပ်ယူခြင်း အကြောင်း

ခုန ဘုန်းကြီးပြောခဲ့တာ သောတာပန်ဟာ သရဏဂုံယူစရာ မလိုဘူး။ မဂ်နဲ့ပဲ သရဏဂုံပြီးတယ်လို့ ဆိုခဲ့တယ်။ အခု သောတာပန်တည်ပြီးတဲ့ဗိမ္ဗိသာရမင်းကြီးဟာ သရဏဂုံ ယူနေပြီ။ အဲဒါ ဘယ့်နှယ်ဘုံးလို့ ပြောစရာ ရှိလာပြန်တယ်။ အမှန်ကတော့ ခုန သောတာပတ္တိမဂ်ကို မျက်မှောက်ပြုပြီး ကတည်းက ဓမ္မစက္ခုဆိုတဲ့ တရားမျက်လုံး သောတာပတ္တိ တရားမျက်လုံး ရပြီးကတည်းက သရဏဂုံတည်ပြီးသား။ အဲဒါက စိတ်နဲ့ ဆုံးဖြတ် အတည်ပြုတဲ့သရဏဂုံ။ အဲဒီ စိတ်နဲ့ဆုံးဖြတ် အတည်ပြုတဲ့ သရဏဂုံတော့ တည်ပြီး

သွားပဲ။ စိတ်နဲ့ ဆုံးဖြတ် အတည်ပြုထားတဲ့ သရဏဂုံကို ယခု မနေနိုင်လို့ အတ္တသန္နိယျာတန—မိမိကိုယ်ကို ဘုရားထံ အပ်နှင်းတဲ့ အနေနဲ့ နှုတ်နဲ့ ဖော်ပြီး တော့ ပြလိုပြန်၍ တည်ပြီးပေမယ့် ထင်ပြီး သရဏဂုံ ယူပြလိုက်တယ်။ မြတ်စွာဘုရားကို ဆည်းကပ်ပါတယ်ဘုရား။ ရှင်တော်မြတ်ဘုရားရဲ့ တရားတော်၊ ရှင်တော်မြတ်ဘုရားရဲ့ တပည့်သား သံဃာတော်ကို ဆည်းကပ်ပါတယ်ဘုရားလို့ ကိုယ်ကို ဘုရားထံ အပ်နှင်းလိုက်ပြန်တယ်။ ဒါ မတည်လို့ ယူတာ မဟုတ်ဘူး။ တည်ပြီးသား။ အခု ဒကာကြီးတွေလို ဟိုကလေးလေးကတည်းက သရဏဂုံ တည်လာတာ။ ဒါပေမယ့် နေ့တိုင်း ယူနေကြတယ်။ ကြုံတိုင်း ကြုံတိုင်း ယူနေကြတယ်။ အင်မတန် ကောင်းတယ်။ သရဏဂုံ အထုံရမယ်။ သရဏဂုံ အထုံရယင် အဲဒီသရဏဂုံဟာ သေခါနီးယင် ကိုယ့်ကို ကယ်နိုင်တယ်။ ကယ်တာတွေလဲ ရှိတယ်။ နောက်တော့မှ ဟောရဦးမယ်။

## အနှစ်သာရ မဆုံးစေနဲ့

အဲဒီတော့၊ ဒီနေ့ လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံ။ သရဏဂုံ နှစ်ပါး ဟောလိုက်တာ အချိန်က တော်တော်လေး များသွားပြီ။ တရားအပြီးသတ်ဖို့ အချိန်ရောက်လာပြီ။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာတွေ ဒကာမတွေဟာ ခုန ဘုန်းကြီးအစက ပြောခဲ့တဲ့ အနှစ်သာရ ရနေကြတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီအနှစ်သာရကို မဆုံးရအောင် ထိန်းသိမ်းကြ။ စောင့်ရှောက်ကြ။ တကယ့် အနှစ်သာရ ဝိမုတ္တိရသကြီး ရအောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ကဲ အားလုံး အရှင်ဘုရားတိုက်တွန်းသည့်အတိုင်း ကြိုးစားပါမယ်လို့ သာဓု သာဓု အနုမောဒနာ ပြုကြပါ။

★ ⊖ ★

၁၃၄၆ ခု၊ တော်သလင်း လဆုတ် (၈) ရက်။ (၁၇–၉–၀၄)။

## လောကီ သရဏဂုံ အဆက်

ဘုန်းကြီး အရင်သီတင်းက သရဏဂုံအပြား၊ လောကုတ္တရာ သရဏဂုံနဲ့ လောကီသရဏဂုံအကြောင်း ပြောခဲ့တယ်။ ဒီနေ့ လောကီသရဏဂုံ အဆက် ကလေး ဆက်ရဦးမယ်။ လောကီသရဏဂုံဆိုတာ သရဏဂုံညစ်ညူးကြောင်း ကိလေသာတွေကို ဖြတ်တောက်ပြီးတော့ ပယ်ခွာပြီးတော့ ဘုရား, တရား, သံဃာရတနာမြတ်သုံးပါးအပေါ်မှာ အာရုံပြုပြီးတော့ ဖြစ်တဲ့ သရဏဂုံဆိုတဲ့ အကြောင်း ပြောခဲ့တယ်။ အဲဒီတော့ ဘုန်းကြီးတို့ လောကုတ္တရာ သရဏဂုံဆို တာကတော့ ပြောခဲ့ပြီးပြီ။ မဂ်တရားလို့၊ အရိယာမဂ်တရားဟာ လောကုတ္တ ရာ သရဏဂုံပဲ။

## လောကီ သရဏဂုံ တရားကိုယ်

လောကီ သရဏဂုံဆိုတာက နောက်တုန်းက တခါပြောခဲ့ပြီ။ ကုသိုလ် စိတ္တုပ္ပါဒ်လို့။ ကုသိုလ်စိတ္တုပ္ပါဒ်ပဲ။ အမှန်က ကုသိုလ်စိတ္တုပ္ပါဒ် ဆိုတာက တော့ သာမညာ။

တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတကိလေသော။

ထို ရတနာသုံးပါး ကြည်ညိုခြင်း၊ လေးစားခြင်းတို့ဖြင့် ပယ်အပ်သော ကိလေသာရှိသော — လို့ ဝိသေသန မှု — ထားတော့ ကြည်ညိုခြင်းက ပြဋ္ဌာန်းနေတယ်။ သဒ္ဓါက ပဓာန။

အဲဒီတော့ ဒီလောကီ သရဏဂုံအရာမှာ ပရမတ္ထအားဖြင့် ဘယ်တရားကို လောကီသရဏဂုံ ခေါ်သတုံး ဆိုတော့။

တံ အတ္ထတော ဗုဒ္ဓါဒီသု ဝတ္ထုသု သဒ္ဓါ ပဋိလာဘော။

တံ — လောကိယ သရဏံ၊ ထိုလောကီသရဏဂုံသည်။ အတ္ထတော၊ ပရမတ္ထ အားဖြင့်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဝါ၊ ပရမတ္ထအားဖြင့်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝါ၊ ဘုရား,တရား,သံဃာဟု ဆိုအပ်ကုန်သော။ ဝတ္ထုသု၊ ရှိခိုးခြင်း၏ တည်ရာ၊ မြတ်နိုးခြင်း၏တည်ရာ၊ ပူဇော်ခြင်း၏တည်ရာ ဖြစ်တော်မူသော ဝတ္ထုသုံးပါးတို့၌။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရား ကို ရခြင်းပင်တည်း။

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ သဒ္ဓါတရားရခြင်း ဟာ လောကီသရဏဂုံ။ လောကီသရဏဂုံရဲ့ တရားအချုပ်ပဲ။ ပရမတ္ထအား ဖြင့် ပြောတာနော်။ ဘယ်အရာမှာမဆို ဘုန်းကြီးတို့ ပရမတ္ထအားဖြင့် ပြော နိုင်တယ်။ ပညတ်အားဖြင့် ပြောနိုင်တယ်။ လူဆိုယင် ပညတ်အားဖြင့် ပြော တာပေါ့။ ခန္ဓာငါးပါးဆိုယင် ပရမတ္ထအားဖြင့် ပြောတာ။ အဲဒါလိုပဲ အလှူ လှူတယ်ဆိုတာက ပညတ်လိုပြောတာ။ အလှူဆိုတာက ပညတ်ပြော။ အဲ လှူဒါန်းမှုကို တမြောက်စေတတ်တဲ့ ကုသိုလ်စေတနာဆိုတာက ပရမတ်

ပြောပဲ။ အဲဒီတော့ သရဏဂုံဆိုတဲ့ နေရာလဲ အတူတူပဲ။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ ကိုးကွယ်ဆည်းကပ်တာဟာ သရဏဂုံ တရားကိုယ်အားဖြင့်ဆိုယင် —

ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝတ္ထုသု၊ ဝတ္ထုတို့၌။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရားကို ရခြင်းပင်တည်း။

သဒ္ဓါတရားဟာ သရဏဂုံပဲ။ ဒါပဓာနအကြောင်း ပြောတာနော်။ အမှန်ကတော့ စိတ်ပဲ။ စိတ်မှာပြဋ္ဌာန်းနေတာက သဒ္ဓါတရား။ သရဏဂုံခံယူတဲ့အခါမှာ ပြဋ္ဌာန်းနေတာက သဒ္ဓါတရား။ ပညာလဲ သရဏဂုံ။ သဒ္ဓါကို သရဏဂုံတရားကိုယ် ကောက်သဖြင့် ဉာဏ်နဲ့မယှဉ်တဲ့ ဉာဏဝိပ္ပယုတ် သရဏဂုံ ရှိတယ်ဆိုတာ သိရတယ်။ သဒ္ဓါတရားတင်လားဆိုတော့ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ၊ သဒ္ဓါမူလိကာ၊ သဒ္ဓါတရားလျှင် အရင်းခံရှိသော။သမ္မာဒိဋ္ဌိ စ — ကောင်းတဲ့ အမြင် ပညာဆိုတဲ့ သမ္မာဒိဋ္ဌိတရား လည်းကောင်း။ သဒ္ဓါတင်မကဘူး ပညာတရားပါပါတယ်။သမ္မာဒိဋ္ဌိဆိုတာ ပညာ။ သမ္မာ၊ မှန်မှန်ကန်ကန်။ ဒိဋ္ဌိ၊မြင်ခြင်း။ သမ္မာဒိဋ္ဌိ—မှန်မှန်ကန်ကန်မြင်ခြင်းဆိုတာ ပညာပဲ။ ပညာမှ မှန်မှန်ကန်ကန် မြင်တာ။ ဒီစကားအရ ဉာဏသမ္ပယုတ် သရဏဂုံ သိရတာပေါ့။ အဲဒါကြောင့်မို့လို့ ရတနာသုံးပါးတို့အပေါ်၌ သဒ္ဓါတရားဖြစ်ခြင်း၊ သမ္မာဒိဋ္ဌိခေါ်တဲ့ ပညာဖြစ်ခြင်းကို ဒါသရဏဂုံရဲ့ တရားကိုယ် ခေါ်တယ်။ သဒ္ဓါနဲ့ပညာ။ အချုပ်ကတော့ သဒ္ဓါနဲ့ပညာပဲ။

## ဒိဋ္ဌိဇု ကမ္မလဲ ဆိုရ

တမျိုး အချုပ်အားဖြင့် ဘာခေါ်သေးသတုံးဆိုတော့ ''ဒသသု၊ ဆယ်ပါးကုန်သော။ ပုညကိရိယဝတ္ထုသု၊ ပုညကိရိယဝတ္ထုတို့၌။ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပုညကိရိယဝတ္ထုနဲ့ ပြောယင် သရဏဂုံဆိုတာ ဒိဋ္ဌိဇုကမ္မပဲလို့ ဆိုပါတယ်။ ပုညကိရိယဝတ္ထု ဆယ်ပါးဆိုတာ —

၁ — ဒါန။ ၂ — သီလ။ ၃ — ဘာဝနာ။ ၄ — အပစာယန။
၅ — ဝေယျာဝစ္စ။ ၆ — ပတ္တိဒါန။ ၇ — ပတ္တာနုမောဒန။
၈ — ဓမ္မဿဝန။ ၉ — ဓမ္မဒေသနာ။ ၁၀ — ဒိဋ္ဌိဇုကမ္မ။

အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ အသက်သိက္ခာ ဂုဏ်အားဖြင့် ကြီးတဲ့ပုဂ္ဂိုလ်တွေကို ရှိခိုးခြင်း၊ ရိုသေခြင်း၊ ရတနာသုံးပါးနဲ့ စပ်ဆိုင်တဲ့ လောကချမ်းသာ၊ သူတပါးချမ်းသာတွေနဲ့ စပ်ဆိုင်တဲ့ ကိစ္စတွေ၊ ကိစ္စကြီးငယ်တွေကို ဆောင်ရွက်ပေးခြင်း၊ မိမိပြုလုပ်တဲ့ ကုသိုလ်အဖို့ကို သူတပါးအား အမျှပေးဝေခြင်း၊ သူတပါးရတဲ့ ကုသိုလ်ကို သာဓုခေါ်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ ဖြောင့်မတ်စွာ ပြုရတဲ့ ပညာလို့ ပုညကိရိယဝတ္ထု ဆယ်ပါး။ အဲဒီ ဆယ်ပါးတို့တွင် သရဏဂုံဆိုတာဟာ သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိဆိုတာ ဒိဋ္ဌိဇုကမ္မပဲ။ ဒိဋ္ဌိဇုကမ္မဆိုတာ အကြောင်းတရားတို့က ဖြောင့်မတ်စွာပြုအပ်တဲ့ ပညာပဲ။ ဒိဋ္ဌိဇုကမ္မ—ပညာကို ဖြောင့်အောင် ပြုပေးကြောင်းဖြစ်တဲ့ တရားလို့ အနက်ယူလျှင် သဒ္ဓာလဲ ဒိဋ္ဌိဇုကမ္မပဲ။ ဒီတော့ ဒိဋ္ဌိဇုကမ္မဆိုတာ သဒ္ဓါ ပညာတရား နှစ်ပါးပဲ။ စိတ်နဲ့ မကင်းကောင်းတော့ သဒ္ဓါ ပညာပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်ပေါ့။ နောက်ကလဲ စိတ်ကို ကောက်ခဲ့ပြီ။ ဒီတော့ လောကီသရဂုံကို ပြောစမ်းပါဆိုယင် ပရမတ္ထတရားအားဖြင့် ဘယ်တရားဆိုတာ ပြောစမ်းပါဆိုယင် သဒ္ဓါနဲ့ ပညာ နှစ်ပါးပဲ။ သို့မဟုတ် သဒ္ဓာ ပညာနှစ်ပါး ပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ် ဆိုရတဲ့ ဒိဋ္ဌိဇုကမ္မဟာ သရဏဂုံရဲ့ တရားကိုယ်။ လောကီသရဏဂုံရဲ့ တရားကိုယ်ပဲ။

## သရဏဂုံ ယူပုံ လေးမျိုး

> တယိဒံ စတုဓာ ပဝတ္တတိ အတ္တသန္နိယျာတနေန တပ္ပရာယဏေန သိဿဘာဝူပဂမနေန ပဏိပါတေန။—

လို့ သရဏဂုံ ခံယူပုံ အခြင်းအရာအားဖြင့် လေးပါးပြားတဲ့ အကြောင်းကို အဋ္ဌကထာ ဆရာကြီးများက ပြတယ်။

တယိဒံ—တံ ဣဒံ လောကိယသရဏဂမနံ၊ ထိုလောကီဖြစ်တဲ့ သရဏဂုံ တရားသည်။ စတုဓာ၊ လေးမျိုးလေးပါး အားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။

လောကီသရဏဂုံ ခံယူပုံ လေးမျိုးတဲ့။ဘုန်းကြီးတို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဒီခံယူပုံမျိုးနဲ့သာ သရဏဂုံ ခံယူနိုင်သေးတာ မဟုတ်ဘူး။တခြားသရဏဂုံခံယူနိုင်တဲ့ နည်းတွေ ရှိသေးတယ်။ အဲဒီနည်းဟာလေးမျိုး ရှိတယ်။ တယိဒံ စတုဓာပဝတ္တတိ—ထိုလောကီ သရဏဂုံ ခံယူပုံ အခြင်းအရာဟာ လေးမျိုးရှိတယ်။ ဘယ်လိုတုံးဆိုတော့—အတ္တသန္နိယျာတနေန—မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းခြင်းဖြင့် လည်းကောင်း။ အတ္တသန္နိယျာတန—ဆိုတာ မိမိကိုယ်ကိုရတနာသုံးပါးအား အပ်နှင်းခြင်းတဲ့။ အဲဒီလို ခံယူနိုင်တယ်ခနော်၊ တပ္ပရာယဏတာ—ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာ ကိုးကွယ် အားထားရာရှိတဲ့ အနေအားဖြင့် ခံယူ ဆောက်တည်ခြင်းကို တပ္ပရာယဏတာတဲ့။ သိဿဘာဝူပဂမန—တပည့်အဖြစ်ခံယူဘယ်။ တပည့်အဖြစ် ခံယူခြင်းအားဖြင့်လဲ သရဏဂုံခံယူနိုင်တယ်။ ပဏိပါတ—တကယ်ရှိသေလေးမြတ်တုပ်ဝပ်ခြင်းဖြင့်လဲ သရဏဂုံမြောက်တယ်။ သရဏဂုံ ခံယူပုံ လေးမျိုး။

### အတ္တသန္နိယျာတန

အတ္တသန္နိယျာတန—သရဏဆိုဂုံတာ မိမိကိုယ်ကို ဘုရားရှင် ကိုယ်တော်မြတ်အား အပ်နှင်းတဲ့ သရဏဂုံ။ တရားတော်အား အပ်နှင်းတယ်။ သံဃာတော်အား အပ်နှင်းတယ်။

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ။

ကဲ—သရဏဂုံ တည်ဆောက်လိုက်ကြဦး၊ လိုက်ဆိုကြ။

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ။

အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။ အဟံ၊ တပည့်တော်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ သံဃဿ၊ သံဃာတော်မြတ်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။

ဒါသရဏဂုံ ယူခြင်းတမျိုး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ—မဆိုပဲနဲ့ ဒါဆိုယင်လဲပဲ သရဏဂုံ ယူခြင်းကိစ္စ ပြီးတာပါပဲ။ အဲဒါ အတ္တ—မိမိကိုယ်ကို။ သန္နိယျာတန—အပ်နှင်းတာမို့လို့ အတ္တသန္နိယျာတန သရဏဂုံလို့ အမည်ပေးထားတယ်နော်။

## တပ္ပရာယဏတာ

ဒုတိယ သရဏဂုံက တပ္ပရာယဏတာ သရဏဂုံ။ ထိုဘုရား, တရား, သံဃာရတနာ မြတ်သုံးပါးသာ ကိုးကွယ်လည်းလျှောင်းရာ ရှိသည် အဖြစ်ဖြင့် ခံယူတဲ့ သရဏဂုံ တပ္ပရာယဏ သရဏဂုံ။ လိုက်ဆိုကြဦး၊ တပ္ပရာယဏတာ သရဏဂုံ ခံယူလိုက်ကြဦး။

အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော၊
ဓမ္မပရာယဏော သံဃပရာယဏောတိ မံ ဓာရေထ။

အဇ္ဇာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ အဟံ၊ တပည့်တော်သည်။ ဗုဒ္ဓပရာယဏော၊ ဘုရားရှင်သာ ကိုးကွယ် လဲလျောင်းရာ ရှိပါပေ၏။ ဓမ္မပရာယဏော၊ တရားတော်မြတ်သာ ကိုးကွယ် လဲလျောင်းရာ ရှိပါပေ၏။ သံဃပရာယဏော၊ သံဃာတော်မြတ်သာ ကိုးကွယ် လဲလျောင်းရာ ရှိပေ၏။ ဣတိ၊ ဤသို့။ မံ၊ ဘုရားတပည့်တော်ကို။ ဓာရေထ၊ မှတ်တော်မူကြကုန်လော။

အဲဒါ တပ္ပရာယဏတာသရဏဂုံတဲ့၊ ယနေ့ကစ၍ ဘုရားတပည့်တော်ကိုဘုရားရှင်တည်းဟူသော ကိုးကွယ် လဲလျောင်းရာ ရှိသူ၊ တရားတည်းဟူသော ကိုးကွယ် လဲလျောင်းရာ ရှိသူ၊ သံဃာတည်းဟူသော ကိုးကွယ် လဲလျောင်းရာ ရှိသူလို့ မှတ်တော်မူကြပါလို့. လဲလျောင်းရာ ဆိုတာက လောကမှာ မိဘရင်ခွင်ထဲ သားသမီး လဲလျောင်းသလိုပဲ၊ ဘုရား တရား သံဃာ ရတနာဟာ အဲဒီ နည်းအားဖြင့် မိမိရဲ့ လဲလျောင်းသကဲ့သို့ အားကိုး အားထားပြုရာ မှီခိုရာဖြစ်တော်မူပါလို့. ဘုရားရှင်ကိုယ်တော်မြတ်ထံ တပ္ပရာယဏတာသရဏဂုံ ခံခြင်းတဲ့နော်။

## သိဿဘာဝူပဂမန

တတိယ သရဏဂုံက သိဿဘာဝူပဂမန တပည့်အဖြစ်ခံယူခြင်း၊ တပည့်အဖြစ် ခံယူခြင်းဆိုတဲ့ သရဏဂုံ လိုက်ဆိုကြဦး။

အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော ဓမ္မဿ
အန္တေဝါသိကော သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ။

အဇ္ဇာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ အဟံ၊ ဘုရားတပည့်တော်သည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အန္တေဝါသိကော၊ အနီးနေ တပည့်ပါတည်း။

ဓမ္မသဲ၊ တရားတော်မြတ်၏။ အန္တေဝါသိကော၊ အနီးနေတပည့်ပါတည်း။ သံဃသ၊ သံဃာတော်မြတ်၏။ အန္တေဝါသိကော၊ အနီးနေတပည့်ပါတည်း။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ ဓာရေထ၊ မှတ်တော်မူကြပါဘုရား။

တပည့်ခံတာကို သိုဃာဘာဝူပဂမန၊ သိဿဘာဝူပဂမန သရဏဂုံဆိုတာ ဘုရား, တရား, သံဃာ သုံးပါးထံ တပည့်ခံခြင်းပဲတဲ့နော်။

## တရားတပည့် ဘယ်သို့ ခံသနည်း

ဘုရားထံမှာ တပည့်ခံတာတော့ ဟုတ်ပါပြီ။ သံဃာဆီ တပည့်ခံတာတော့ ဟုတ်ပါပြီ။ တရားဆီမှာ ဘယ့်နှယ် တပည့်ခံမတုံးတဲ့။ တရားဆိုတာ အကောင်အထည် ရှိတာမဟုတ်ဘူး။ လောကမှာ တရားဟာ ဘုန်းကြီးတို့ကို နည်းညွှန်ပြတတ်တဲ့ ကရားမို့လို့ တရားလဲဆရာပဲ။ လောကမှာ တရားက ဘုန်းကြီးတို့ကိုနည်းညွှန်ပြနေတယ်။ ဟောဒါကျင့်ကြ။ ဟောဒါကိုမကျင့်ကြနဲ့။ ဟောဒါကကောင်းတယ်။ ဟောဒါကမကောင်းဘူး။ ဟောဒါက ဒုက္ခရောက်ကြောင်းတရား။ ဟောဒါက ချမ်းသာရောက်ကြောင်းတရားဆိုတာ တရားက ညွှန်ပြနေတယ်။ အဲဒါကြောင့် တရားဟာလဲ ဆရာပဲ။ လောကမှာ အကြင်အရာကို အမှီပြုပြီး နည်းရမယ်ဆိုယင် အဲဒီအရာဟာ ဆရာပဲ။

## သာဓက

ဘုန်းကြီးတို့ ဇနကမင်းကြီး။ ဇနကမင်းကြီးဟာ ရသေ့ရဟန်း ပြုပြီးတော့ တောထွက်သွားတယ်။ လမ်းမှာ မိဂဇိနရသေ့နဲ့ တွေ့တဲ့အခါကျတော့ မေးတယ်တဲ့။ သင့်ဆရာ ဘယ်သူတုံး၊ ဇနကမင်းကြီးက ဖြစ်လာတဲ့ရသေ့ကို မိဂဇိနရသေ့ကြီးက မေးတယ်။ မေးတဲ့အခါကျတော့ —

ဖလိ အဗ္ဗော အဖလော စ၊

တေ သတ္ထာရော ဥဘော မမ॥

ဖလိ၊ အသီး ရှိသော॥ အမ္ဗော စ၊ သရက်ပင်သည် လည်းကောင်း॥ အဖလော၊အသီးမရှိသော॥ အမ္ဗော စ၊ သရက်ပင်သည်လည်းကောင်း॥ တေ ဥဘော၊ ထိုအသီး သီးသော သရက်ပင်နှင့် အသီးမသီးသော သရက်ပင် နှစ်ပင်တို့သည်॥ မမ၊အကျွန်ုပ်၏॥ သတ္ထာရော၊ ဆုံးမသွန်သင်ကြတဲ့ ဆရာသမား အစစ် တကယ်တမ်း ဖြစ်ပါပေသတည်း॥

ဇနကမင်းကြီးက ဘာပြောတုံးဆိုတော့ အသီးသီးနေတဲ့ သရက်ပင်ကြီးနဲ့ အသီးမသီးတဲ့ သရက်ပင်ကြီးနှစ်ပင်ဟာ သူ့ဆရာပဲလို့ ဆရာအဖြစ်နဲ့ ညွှန်ကြားတယ်။

## သရက်ပင်က ဆရာဖြစ်ပုံ

ဘာကြောင့် သရက်ပင်ကို သူရဲ့ဆရာပါပဲလို့ ညွှန်ပြသတုံးဆိုတော့ ရှင်ဘုရင် ဘဝတုန်းက ဇနကမင်းကြီးဟာ တနေ့ ဥယျာဉ်တော် ထွက်လာတယ်။ ဆင်စီးပြီး ဥယျာဉ်တော် ထွက်လာတဲ့အခါကျတော့ ဥယျာဉ်တော် အဝမှာ သရက်ပင်နှစ်ပင်ရှိတယ်။ တပင်က အသီးတွေနဲ့ မှည့်ဝင်းလို့။ တပင်ကတော့ အသီးမရှိဘူး၊ အရွက်တွေနဲ့ စိမ်းစိမ်းစိုစို သာသာယာယာနဲ့ သရက်ပင်နှစ်ပင် မြင်ရတယ်။ ဒါနဲ့ ဆင်ပေါ်ကနေပြီးတော့ ရှင်ဘုရင်က အသီးသီးတဲ့ သရက်ပင်က သရက်သီးတလုံး ခူးဆွတ်ပြီးတော့ စားလိုက်တယ်။ ရှင်ဘုရင် ခူးစားသွားပြီဆိုတော့ သူတို့ထုံးစံအရ။ ရှင်ဘုရင်မစားရသေးယင် ဘယ်သူမှမစားရဘူး။ ရှင်ဘုရင်စားပြီးပြီဆိုယင်တော့ စားနိုင်တယ်။ အဲဒီလို စည်းကမ်းကရှိတော့ အနောက်ကလူတွေက သူကဆွတ်၊ ငါကဆွတ်၊ နှိမ့်တဲ့

နေရာကျတော့ လက်နဲ့လှမ်းဆွတ်၊ မြင့်တဲ့နေရာကျတော့ ခဲနဲ့ပစ်ချ၊ တုတ်နဲ့ ပစ်ချ၊ အသီးသီးတဲ့ သရက်ပင်ကြီးဟာ ရစရာမရှိဘူး။ ဖရိုဖရဲနဲ့ မြင်မကောင်း။ ရှုမကောင်း။ အဲဒါနဲ့ ဇနကမင်းကြီးဟာ ဥယျာဉ်တော်ဝင်ပြီးတော့ ညနေ ဥယျာဉ်တော်က ပြန်ထွက်လာတဲ့အခါမှာ သရက်ပင်ကြီး နှစ်ပင်ရဲ့ ဖြစ်ပုံ မြင် ရတယ်။ တပင်ကတော့ မနက်ကအတိုင်းပဲ။ စိမ်းစိမ်းစိုစို ညိုညိုဝင်းဝင်းနဲ့ တပင်ကိုကြည့်လိုက်တော့ အရွက်တွေ အခက်တွေ အလက်တွေ ကျိုးလို့ပဲလို့၊ ရစရာမရှိအောင်၊ မြင်မကောင်းအောင် ရုပ်ဆိုးနေတာကို မြင်တွေ့ရတယ်။ တွေ့ရတော့ ဟာ — ဒါက ဘယ်လိုဖြစ်ရတာတုံးလို့ အရှင်မင်းကြီး ပွဲတော်ဦး တည်သွားပြီဆိုပြီးတော့ နောက်လူတွေက ပစ်ကြ ခတ်ကြ စားကြ သောက်ကြ လုပ်ကြတာပါပဲလို့ သံတော်ဦးတင်ကြတယ်။ ဇနကမင်းကြီးဟာ ဒီနေရာ တင် သံဝေဂ အင်မတန် ဖြစ်သွားတယ်။ ဪ .... ဒီအသီးရှိတဲ့ သရက်ပင် ဟာ ဒီလို မရှုမလှဖြစ်ရတာ ဒီလိုအကျိုးအပဲ့ ခံရတာဟာ အသီးရှိတဲ့အတွက် ကြောင့် ခံရတာ။ အသီးမရှိယင်ဖြင့် ဒီလိုဖြစ်မှာမဟုတ်ဘူးဆိုပြီး သံဝေဂ အတော်ဖြစ်သွားတယ်။ ဟိုသရက်ပင်ကြီးက အသီးမရှိလို့ သူ့မှာ ဘာဒုက္ခမှ ဘာအနှောက်အယှက်မှ မကြုံရဘူး။ အသီးရှိတဲ့ သရက်ပင်ကြီး ကတော့ အနှောက်အယှက် အဖျက်အဆီး ခံရတယ်။ အဲဒီလိုပဲ လောကမှာနေကြတဲ့ တို့ တတွေ အခြွေအရံ အသင်းအပင်းတွေ ပစ္စည်းဥစ္စာတွေနဲ့။ တနေ့ ဒီလိုဒုက္ခ မျိုးတွေနဲ့ အဖျက်အဆီးတွေနဲ့ ကြုံရမှာပဲ ဆိုတာ သံဝေဂရပြီးတော့ ရသေ့ ရဟန်း ပြုသွားတာ။ ဒါကြောင့် ဒီသရက်ပင်ကြီး နှစ်ပင်ဟာ သူ့ကို ရသေ့ ရဟန်းပြုအောင် တောထွက်ဖြစ်အောင် လမ်းညွှန်လိုက်တယ်။ သံဝေဂ ဖြစ် အောင် လှုံ့ဆော်ပေးလိုက်တယ်။ ဒါကြောင့် သရက်ပင် နှစ်ပင်ကို သူ့ ဆရာပဲလို့ အသိအမှတ်ပြုတယ်။ အသိအမှတ်ပြုလို့ မိဂဇိန ရသေ့ကြီးက မေးတဲ့ အခါကျတော့....။

ဖလိ အမွော အဖလော စ၊

တေ သတ္တာရော ဥဘော မမ။

သရက်ပင်နှစ်ပင်ဟာ ကျွန်ုပ် ဆရာပါပဲလို့ ပြောတယ်။

အဲဒါလိုပဲ တရားတော်ဟာလဲပဲ အမှန်ကတော့ သက်ရှိ ပုဂ္ဂိုလ်လို ညွှန်ကြားနိုင်တဲ့, သွန်သင်နိုင်တဲ့ အခြင်းအရာ မရှိပေမဲ့ ဒီတရားတွေကတော့ ပြနေတာ။ အဲဒီတရားတွေ, စာပေတရားတွေက ပြနေတော့ တရားတော်ဟာလဲပဲ ဆရာပဲ။ ဒါကြောင့် တရားတော်ရဲ့ တပည့်အဖြစ် ခံပါ့မယ်လို့ သိဿဘာဝူပဂမနု သရဏဂုံမှာ တပည့်အဖြစ် ခံခြင်းပဲ။

## ပဏိပါတ

စတုတ္ထ သရဏဂုံက ပဏိပါတ သရဏဂုံတဲ့။ ပဏိပါတဆိုတာ တကယ် တုပ်ဝပ် တကယ်ရှိသေတဲ့ အခြင်းအရာအားဖြင့် ဖြစ်တဲ့ သရဏဂုံလို့ ဆိုလိုပါတယ်။ ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါး အပေါ်မှာ တကယ် ညွှတ်တွား၊ တကယ်တုပ်ဝပ်ပြီး လေးလေးစားစား ခံယူတဲ့ သရဏဂုံ ဖြစ်ပါတယ်။ ကဲ....လိုက်ဆိုကြ။

> အဇ္ဇာဒိံ ကတွာ အဟံ အဘိဝါဒနပစ္စုဋ္ဌာနအဉ္ဇလိကမ္မ
> သာမိစိကမ္မံ ဗုဒ္ဓါဒီနံ ယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ
> မံ ဓာရေထ။

အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။ အဟံ၊ တပည့်တော်သည်။ အဘိဝါဒနပစ္စုဋ္ဌာနအဉ္ဇလိကမ္မသာမိစိကမ္မံ၊ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်

ချီမိုးခြင်း, အရိုသေပြုခြင်း ဤအမှုမျိုးကို။ ဗုဒ္ဓာဒီနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝတ္ထူနံ ယေဝ၊ ဝတ္ထုတို့အားသာ။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ ဓာရေထ၊ အသိအမှတ်ပြုတော်မူကြပါ။

ပဏ္ဏိပါတ-တကယ့်လေးမြတ် ရိုသေတုပ်ဝပ်မှု။ ယနေ့က စပြီး ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာ ရှိခိုးမယ်၊ ပူဇော်မယ်၊ ခရီးဦးကြိုဆိုမယ်၊ အရိုအသေပြုမယ်လို့ ဝန်ခံတဲ့ သရဏဂုံပါပဲ။ အဲဒါကြောင့် ရတနာမြတ်သုံးပါးကို ဤနည်းအားဖြင့် ယခုပြောခဲ့တဲ့ နည်းလေးမျိုးဖြင့် ခံယူဆောက်တည်ယင်လဲပဲ သရဏဂုံ မြောက်တာပဲ။ သရဏဂုံဆိုတာ အမျိုးမျိုး ခံယူနိုင်တယ်ဆိုတာ သိရအောင် ဒီသရဏဂုံ လေးပါး ကျမ်းဂန်မှာ ထုတ်ပြတယ်နော်။

## သဒ္ဓါ အရေးကြီး

အဲဒီတော့ ဘာဖြစ်ဖြစ် သရဏဂုံရဲ့ တရားကိုယ်က ခုန သဒ္ဓါတရားနဲ့ ပညာတရားလို့ ဘုန်းကြီး ပြောခဲ့ပြီနော်။ သဒ္ဓါတရားနဲ့ ပညာတရားဟာ အရေးကြီးတယ်။ သဒ္ဓါတရား ရှိပြီလို့ဆိုယင် ဘုရားအပေါ်မှာ ကြည်ညိုမှုဟာ တိုးလာတယ်။ တရားအပေါ်မှာ ကြည်ညိုမှုဟာ တိုးလာတယ်။ သံဃာအပေါ်မှာ ကြည်ညိုမှုဟာ တိုးလာတယ်။ တိုးလာယင် သရဏဂုံဟာလဲ ထူးခြားတဲ့ သရဏဂုံဖြစ်တယ်။ ဘုန်းကြီးတို့ ရှေးတုန်းက သရဏဂုံယူကြတဲ့ တချို့ ပုဏ္ဏားတွေ, မင်းတွေ, သူကြွယ်တွေ ရှိကြတယ်။ ဘုရားရှင်ရဲ့ တရားနာရပြီးတော့ တရားတော်ကို အင်မတန် ကြည်ညိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို ပိုကြည်ညိုလာကြတယ်၊ ပိုကြည်ညိုပြီးတော့ သရဏဂုံ ခံယူကြတာတွေ အများကြီးပဲ။

## သဒ္ဓါရှိလျှင် ပညာတိုး

အဲဒါ တကယ့်သဒ္ဓါတရား။ တကယ့် သဒ္ဓါတရားရှိကြတဲ့ပုဂ္ဂိုလ်တွေဟာ ဘုရားအပေါ်မှာ မြင်တတ်တယ်။ တရားအပေါ်မှာ မြင်တတ်တယ်။ သံဃာ အပေါ်မှာ မြင်တတ်တယ်။ အဲဒီ မြင်တတ်တဲ့ သဒ္ဓါတရားမျိုး ရှိဖို့အရေး ကြီးတယ်။ အဲဒ္ဒါနဲ့ စပ်ပြီးတော့ အကျဉ်းချုပ်ပေါ့။ ကောသလမင်းကြီး အကြောင်း နည်းနည်းပြောမယ်။ ကောသလမင်းကြီး ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ အင်မတန် ရင်းနှီးတဲ့ မင်းကြီးပဲ။ အတူတူပဲ မင်းကြီးက တော် မလ္လိကာဒေဝီ ဆိုတာကလဲ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ အင်မတန် ရင်းနှီးတဲ့ မိဖုရားကြီးပဲ။ တနေ့ကျတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သာကီဝင် မင်းမျိုးတို့ရဲ့ သက္ကတိုင်း "မေဒါဠုပ" ဆိုတဲ့ နိဂုံးရွာကြီးမှာ သီတင်းသုံးနေတယ်။

## ကောသလမင်းကြီး ဘုရားထံသွား

အဲဒီလို သီတင်းသုံး နေတော်မူတဲ့ အခါမှာ ကောသလမင်းကြီးဟာလဲ ဥယျာဉ်တော် ထွက်သွားတော့ ဥယျာဉ်ထဲမှာ သစ်ပင်တွေ ဘာတွေနဲ့ အေး အေးချမ်းချမ်း သာသာယာယာ တွေ့ရတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကို သတိရတော့ အတူပါလာတဲ့ သူ့ရဲ့စစ်သူကြီး ဒီဃကာရာယနကိုဟေ့ဒီ လိုနေရာမျိုးမှာ ငါဟာ ရှေ့အခါက ဘုရားရှင် ကိုယ်တော်မြတ်နဲ့ အတူတူ နေခဲ့ဖူးတယ်။ အခုအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်မှာ သီတင်း သုံး နေသတုံးလို့ မေးတော့ အရှင်မင်းကြီး....မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးဟာ သာကီဝင်မင်းတို့ရဲ့ မေဒါဠုပဆိုတဲ့ နိဂုံးရွာကြီးမှာ သီးတင်း သုံးနေပါတယ်လို့ လျှောက်ထားတယ်။ ဒီကနေ ဘယ်လောက်ဝေးတုံး၊ ဒီနေ့ သွားယင်ပြန်နိုင်ပါ့မလားဆိုတော့ ပြန်နိုင်ပါတယ် အရှင်မင်းကြီး။သုံးယူဇနာ

လောက် ဝေးပါတယ် ဆိုတော့ ဒါနဲ့ ယာဉ်တွေ ပြင်ခိုင်းပြီးတော့ စစ်သူကြီးနဲ့ သွားကြတယ်။ အဲဟိုရောက်တဲ့ အခါ ကျောင်းရောက်တဲ့ အခါကျတော့ ရဟန်းတော်တွေ တွေ့ရတယ်။ ရဟန်းတော်တွေကို ဘုရားရှင် ဘယ်မှာလဲလို့ မေးတော့ အဲဟိုနားမှာ ကျောင်းရှိတယ်။ အသာလေး သွားပြီးတော့ တံခါးကို အသာလေးခေါက်ပြီး ချောင်းဟန့်လိုက်ပါ။ ဘုရားရှင် ကိုယ်တော်မြတ် တံခါးဖွင့်ပေးပါလိမ့်မယ် ဆိုတော့ သံလျက်တို့ သင်းကျစ်ကို ဘာတို့ မင်းမြောက်တန်ဆာတွေကို စစ်သူကြီးထံ အပ်ပြီးတော့ ဘုရားရှင် ဇသံ တကိုယ်တော်ထဲ သွားတယ်။ တံခါးကို ခပ်ဖြည်းဖြည်းလေး ခေါက်ပြီး ဧတော့ ချောင်းဟန့်လိုက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က တံခါးဖွင့်ပေး၊ တံခါးဖွင့်ပြီး အထဲရောက်တယ် ဆိုယင်းပဲ တခါထဲ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ခြေဖမိုးကို ဦးထိပ်နဲ့ တခါထဲတိုက်၊ တိုက်ရုံတင် မကသေးဘူး၊ ပါးစပ်နဲ့လဲ စုပ်လိုက်သေးတယ်၊ လက်နဲ့လဲ အားရပါးရ ဆုပ်လိုက်သေးတယ်။ ဆုပ်ပြီးတော့—

ရာဇာဟံ ပသေနဒိ ကောသလော၊
ရာဇာဟံ ပသေနဒိ ကောသလော။

မြတ်စွာဘုရား .. တပည့်တော်ဟာ ပသေနဒီ ကောသလမင်းကြီးပါဘုရား။ မြတ်စွာဘုရား....တပည့်တော်ဟာ ပသေနဒီ ကောသလမင်းကြီးပါဘုရားလို့ လျှောက်ထားတယ်။ လျှောက်ထားတော့ ဘုရားရှင် ကိုယ်တော်မြတ်က မင်းကြီး....ငါဘုရားအပေါ်မှာ ဒီလောက်တောင် အင်မတန် တုပ်ဝပ် အလေးအမြတ် ပြုလှချည်လား၊ ဘယ့်နှယ်ကြောင့် ဒီလောက်တောင် ငါဘုရား အပေါ်မှာ တုပ်ဝပ်ခြင်းအမှု ပြုရသတုံးဆိုတော့။

## တကယ့် ရှိသေခြင်း အကြောင်း လျှောက်ပုံ

ဘုရားတပည့်တော်ဟာ တရားကို အစဉ်လိုက်တဲ့ အသိဉာဏ် ရှိပါတယ် ဘုရား။ မြတ်စွာဘုရားသည် တကယ့် သမ္မာသမ္ဗုဒ္ဓ—ဘာကယ်သိ တော်မူတဲ့

မြတ်စွာဘုရား။ တရားတော်သည် တကယ့် သွာက္ခာတ—အကောင်းဆုံးဖြစ်အောင် ဟောကြားတဲ့တရား။ သံဃာတော်သည် တကယ့် သုပ္ပဋိပန္န—ကောင်းစွာ ကျင့်ကြတဲ့သံဃာ။ အဲသည်လို အသိမျိုး၊ တရားကို အစဉ်လိုက်တဲ့ တရားကို မှန်းဆပြီး သိတဲ့အသိမျိုး၊ တပည့်တော်မှာ ရှိပါတယ်ဘုရားလို့ ဆိုပြီးတော့ သူ ဘယ့်နှယ်ကြောင့် ဒီလောက်တောင် ကြည်ညိုရတယ်ဆိုတဲ့ အကြောင်း လျှောက်ထားတယ်။ အဲဒါ သူ့သဒ္ဓါတရားဟာ ဘယ်လောက် အားကြီးတယ် ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိနိုင်တယ်နော်။ သူက လျှောက်ထားတယ် "မြတ်စွာဘုရား.... တပည့်တော်ဟာ တချို့နှစ်အပိုင်းအခြားနဲ့ မြတ်သောအကျင့် ဆိုပြီးတော့ ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။ တချို့ ဆယ်နှစ်၊ တချို့ အနှစ်နှစ်ဆယ်၊ အချို့ အနှစ်သုံးဆယ်၊ လေးဆယ် ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်။ အဲဒီ ပုဂ္ဂိုယ်တွေဟာ မိမိတို့ သတ်မှတ်တဲ့ အချိန်အခါ စေ့ပြီဆိုလို့ရှိယင် လူ့ဘောင် ပြောင်းကြကာမဂုဏ် ခံစားကြနဲ့ အဲသလို တွေ့ရပါတယ်။ အခု ရှင်တော်မြတ်ဘုရားရဲ့ သာသနာတော်မှာ ရဟန်းတော်တွေ အသက်ထက်ဆုံး အင်မတန် စင်ကြယ်တဲ့ ဗြဟ္မစရိယ—မြတ်သောအကျင့်ကို ကျင့်သုံး နေကြတာ တွေ့ရပါတယ်။ တွေ့ရတော့ ဩော်.... ဒီသာသနာတော်ရဲ့ပြင်ပမှာ ဒီလို တကယ် စင်ကြယ်တဲ့ ဗြဟ္မစရိယ—အကျင့်မြတ် မရှိပါဘူး။ မြတ်စွာဘုရားရဲ့ သာသနာတော်မှာသာ ရှိပါတယ်လို့ အဲသလို သိလာလို့ တွေ့လို့ ဩော်....ဘုရားရှင်ဟာ တကယ့်ဘုရား၊ တရားတော်ဟာ တကယ့် တရားတော်ပါလား၊ သံဃာတော်ဟာ တကယ့် သံဃာတော်ပါလား ဆိုတဲ့တရားတော် အစဉ်လိုက်ပြီး တွေးတဲ့ သိတဲ့ အသိဉာဏ် ဖြစ်ပါတယ်ဘုရား"လို့ ဘုရားရှင်ကို ဘယ့်နှယ်ကြောင့် ဒီလောက် ကြည်ညိုရတယ် ဆိုတာ လျှောက်ထားတာနော်။

## ဒုတိယ လျှောက်ထားချက်

နောက် ဆက်ပြီး လျှောက်ထားသေးတယ်။ "မြတ်စွာဘုရား.... ဒါတင်မကသေးပါဘူး၊ လောကမှာ မင်းတွေ မင်းအချင်းချင်းလဲ ရန်ဖြစ်ကြ၊

ပုဏ္ဏားအချင်းချင်းလဲရန်ဖြစ်ကြ၊သူကြွယ်အချင်းချင်းလဲရန်ဖြစ်ကြ၊အမေနဲ့သား ရန်ဖြစ်ကြ၊သားသမီးနဲ့အဖေအမေနဲ့ရန်ဖြစ်ကြ၊ညီအစ်ကိုမောင်နှမအချင်းချင်း ရန်ဖြစ်ကြ၊ အချင်းချင်း ရန်ဖြစ်နေကြတဲ့ လောကကြီး။ အဲဒီလောကကြီး မှာ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ ရှိကြတဲ့ ရဟန်းတော် အရှင်မြတ်တွေဟာ အချင်းချင်း နို့နဲ့ရေ ခွဲခြားလို့ မရသလို အချင်းချင်း မြတ်နိုးအပ်တဲ့ မေတ္တာမျက်လုံးများဖြင့် ကြည့်ပြီးတော့ ချစ်ခင်ကြ၊ ကြင် နာကြတာတွေ တွေ့ရပါတယ်ဘုရား။ ဒီလောက်ညီညွတ်တဲ့၊ ဒီလောက် ချစ် ခင် မြတ်နိုးတဲ့ ပရိသတ်မျိုး တပည့်တော် တခြားမှာ ဒီသာသနာ ပြင်ပမှာ မတွေ့ဖူးပါဘူးဘုရား။ ဒါကြောင့် ဘုရားရှင်ဟာ တကယ့်ဘုရား။ တရား တော်ဟာ တကယ့်တရား။ သံဃာတော်ဟာ တကယ့်သံဃာဆိုတာ တပည့် တော် တရားအစဉ်လိုက်တဲ့ အသိဉာဏ်ဖြင့် သိလာပါတယ် ဘုရား” လို့ လျှောက်ထားတယ်။

## တတိယ လျှောက်ထားချက်

ဒါတင်မကသေးဘူး၊ ဆက်ပြီး လျှောက်ထားသေးတယ်။ “တပည့်တော် ဟာ ဥယျာဉ်တခုက ဥယျာဉ်တခု၊ အရပ်တခုကနေ အရပ်တခု လှည့်လည် သွားပါတယ်။ အဲဒီအခါမှာ တချို့ ရဟန်း ပုဏ္ဏားတွေကို တွေ့ရပါတယ်။ သူတို့ဟာ ကြည့်လိုက်ရယင်ပဲ ပိန်ခြောက်ခြောက်၊ မွဲခြောက်ခြောက် အသား အရေက ဝါဖြော့ဖြော့နဲ့ အမြင်မလှတဲ့ ရဟန်းပုဏ္ဏားတွေကို တွေ့ရပါတယ်။ တွေ့ရတဲ့ အခါမှာ သြော်.... ဒီပုဂ္ဂိုလ်တွေဟာ သာသနာမှာ မပျော်ဖဲ့နဲ့ နေကြ တဲ့ ပုဂ္ဂိုလ်တွေ ထင်ပါရဲ့လို့ သူတို့ကို သွားမေးကြည့်လိုက်တဲ့ အခါကျတော့ ဘယ့်နှယ်ကြောင့် ဒီလို မွဲခြောက်ခြောက် ပိန်ခြောက်ခြောက်နဲ့ ဝါဖြော့ဖြော့ အဆင်းမလှ ရုပ်မလှ ဖြစ်နေကြတာတုံး မေးတော့ မိမိတို့ဟာ မျိုးရိုးစဉ်ဆက် က ဖြစ်လာတဲ့ ရောဂါဘမျိုးပဲလို့ ပြန်ကြားကြတယ်။ မြတ်စွာဘုရား သာ သနာတော်မှာ ရဟန်းတော်တွေ ကြည့်လိုက်လို့ရှိယင်ဖြင့် ကြည်လင်တဲ့ ဣန္ဒြေနဲ့ ကြည်ကြည်လင်လင် ရွှင်ရွှင် ပြုံးပြုံး တက်တက် ကြွကြွ ရဟန်းတရား ကြိုးစား

အားထုတ်နိုင်ကြတာ အားထုတ်နေကြတာတွေကို တပည့်တော် တွေ့ရတော့ ခြော်.... ဒီကိုယ်တော်လေးတွေဟာ သာသနာမှာ အင်မတန် စင်စင် ကြယ် ကြယ်နဲ့ ကောင်းကောင်းမွန်မွန် တက်တက်ကြွကြွ ကြည်ညိုဖွယ် အားထုတ် နေကြတယ်။ တကယ်တော့ ဒီကိုယ်တော်လေးတွေ သန္တာန်မှာ အင်မတန် မွန်မြတ်တဲ့ တရားတွေ အဆက်ဆက် တက်နေမှာပဲလို့ အဲသလို တရားကို အစဉ်လျှောက်ပြီး သိတဲ့ ဉာဏ် တပည့်တော်မှာ ဖြစ်ပါတယ်ဘုရား'' လို့ လျှောက်ထားတယ်။

## စတုတ္ထ လျှောက်ထားချက်

နောက် အကြောင်းတချက် လျှောက်ထားပြန်တယ်။ မြတ်စွာဘုရား.... တပည့်တော်ဟာ တခါတခါ လွှတ်ရုံးတော်မှာ တရားစီရင်ဖို့ ထိုင်နေပါတယ်။ အဲဒီအခါမှာ သူက စကားများ၊ ငါက စကားများ၊ တပည့်တော် စကား ပြောတဲ့အခါလဲ ဝင်ပြောကြ၊ ဟ—ငါ့စကားပြောတုန်း မပြောကြပါနဲ့လို့ တားမြစ်ပေမယ့် မရပါဘူး ဘုရား။ မြတ်စွာဘုရားဟာ ရာပေါင်းများစွာ ထောင်ပေါင်းများစွာ ရဟန်းပရိသတ်တွေနဲ့ တပည့် ရဟန်း ပရိသတ်တွေနဲ့ တရားဟောတော်မူနေတဲ့ အခါမှာ တစုံတယောက်သော ရဟန်းကမှ ချောင်း ဟန့်တယ်လို့ မရှိ၊ ချေဆတ်တယ်လို့မရှိ၊ ဘာသံကိုမှ မကြားရ အင်မတန်ငြိမ် သက်နေပါတယ်။ တခါတုန်းက တပည့်တော် တွေ့ရဖူးတာ ရဟန်းတပါးက ချောင်းဆိုးလိုက်တယ်။ အဲဒီလို ချောင်းဆိုးလိုက်တဲ့ အခါကျတော့ အနားက ကိုယ်တော်တပါးက ဟ—ကိုယ်တော် ဘုရားတရားဟောနေတယ်။ တိတ်တိတ်

လို့ ဒူးလေးနဲ့ တို့ပြီး သတိပေးတယ်။ သတိပေးတာကို တပည့်တော် တွေ့ရပါတယ်ဘုရား။ အဲဒီတော့ တပည့်တော်ဟာ သတ်နိုင်၊ ဖြတ်နိုင်၊ ဒဏ်တတ်နိုင်တဲ့ အာဏာပိုင် မင်းတယောက်ပါ။ ဒါပေမယ့် ကိုယ့်လူကို ကိုယ် မနိုင်ပါဘူး။ စကားမပြောကြပါနဲ့လို့ ဆိုလဲ ပြောကြတယ်။ အရှင်ဘုရား.... ရှင်တော်မြတ်ဘုရားဟာ ဆိုယင် ဒဏ်လဲမတတ် လက်နက်လဲ မပါပဲနဲ့ တပည့်ပရိသတ်ကို ဤမျှငြိမ်သက်အောင် ဆုံးမနိုင်တာဟာ အရှင်ဘုရား သာသနာမှ လွဲလို့ တခြားမှာ တပည့်တော် မတွေ့ရပါဘုရား။ ဒါကြောင့် ဩော်.... ဗုဒ္ဓဟာ တကယ့်ဗုဒ္ဓ၊ ဓမ္မဟာ တကယ့်ဓမ္မ၊ သံဃာဟာ တကယ့်သံဃာဆိုတာ တပည့်တော် နားလည်ပါတယ်။ တရားကို အစဉ်လျှောက်ပြီး နားလည်ပါတယ်ဘုရား''လို့ လျှောက်ထားတယ်။

## ပဥ္စမ လျှောက်ထားချက်

''ဒါတင် မကသေးဘူး၊ တချို့ ရှင်ဘုရင် ထိပ်သီးကြီးတွေ ပညာရှိကြီးတွေ ရှင်ဂေါတမလာယင် ဒို့ ဘယ်လိုပြဿနာတွေ တင်လိုက်မယ်၊ မေးလိုက်မယ်ဆိုပြီးတော့ စာစောထဲက ပြင်ထားကြ၊ ဆင်ထားကြ။ ရှင်တော်ဘုရားသူတို့အရပ် ရောက်သွားပြီဆိုယင် ပြဿနာတင်လိုက်မယ်။ ပုစ္ဆာတွေ မေးလိုက်မယ်ဆိုပြီးတော့ လာကြ။ ရှင်တော်ဘုရားက တရားဟောလိုက်ပြီ ဆိုယင် ဘာပြဿနာမှ မတင်ကြတော့ပဲနဲ့ ရှင်တော်ဘုရားရဲ့ တပည့်အဖြစ် ခံယူကြပါတယ်ဘုရား။ အဲဒါကိုလဲ တပည့်တော် သိရတော့ ဩော်....တကယ့်ဗုဒ္ဓ၊ တကယ့်ဓမ္မ၊ တကယ့်သံဃာပါလားလို့ တရားအစဉ် လျှောက်ပြီး သိလာပါတယ်ဘုရား။

## ဆဋ္ဌမ လျှောက်ထားချက်

ဒါတင်မကဘူး။ တချို့ ပုဏ္ဏားပညာရှိတွေ၊ သူကြွယ်ပညာရှိတွေ၊ ဘုရား ကြွလာယင် ပြဿနာမေးလိုက်မယ်လို့ မောင်းတင်ထားကြတဲ့ ပုဂ္ဂိုလ်တွေ ဘုရားရှင် ကိုယ်တော်မြတ် တကယ်ကြွလာတဲ့ အခါကျတော့ ဘုရားထံလာ၊ ဘုရား တရားဟောတော့ မေးလိုက်မယ်ဆိုတဲ့ ပြဿနာတွေ ဘယ်သူမှ မမေး ကြကြ။ ဘုရားထံ ရဟန်းအဖြစ် ရှင်အဖြစ် တောင်းပန်ကြ။ ဘုရား အထံမှာ ရဟန်းဖြစ်ခဲ့ကြ။ အဲဒါတွေ မြင်ရတော့လဲ တပည့်တော် ဘုရားရှင်အပေါ်မှာ ကြည်ညို၊ သံဃာတော်အပေါ်မှာ ကြည်ညိုခဲ့ပါတယ်ဘုရား။

## သတ္တမ လျှောက်ထားချက်

ဒါတင် မကသေးပါဘူး။ တပည့်တော်ရဲ့ ဗိုသုကာကြီး နှစ်ယောက် ဣသိ ဒတ္တနဲ့ ပုရာဏဆိုတဲ့ တပည့်တော်ရဲ့ တပည့်နှစ်ယောက်။ သူတို့ဟာ တပည့်တော်ကို မှီပြီး အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်တွေ။ သူတို့ စီးနေတဲ့ ယာဉ်တွေကလဲ တပည့် တော်ရဲ့ ယာဉ်တွေပါပဲ။ သူတို့ရနေတဲ့ လစာကလဲ တပည့်တော်က ပေး ထားတာ။ အားလုံး သူတို့ချမ်းသာအောင် တပည့်တော်က ဆောင်ရွက်ပေး ထားတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ တပည့်တော်ထက် ဘုရားကို ပိုကြည်ညိုကြ တယ်၊ အဲဒီ ပုဂ္ဂိုလ်တွေက ဘုရားကြည်ညိုတဲ့ အခါမှာ ဘုရား တပည့်တော် ကို ပိုပြီး မကြည်ညိုကြဘူး ဆိုတဲ့အကြောင်းကို လျှောက်ဘယ်။ တခါတုံးက စစ်ထွက်ခိုက် ကြုံပါတယ်။ အဲသလို စစ်ထွက်ခိုက် ကြုံနေတုံး တနေရာမှာ နေ ရာ ခပ်ကျဉ်းကျဉ်းမှာ သူတို့နဲ့ တပည့်တော်နဲ့ အတူတူ ညအိပ်ခွင့် ကြုံတယ်။ အဲဒီ လူနှစ်ယောက်ဟာ တညလုံး တရားဆွေးနွေးကြပြီးတော့ ညအိပ်ခါနီး

ကျတော့ ဘုရားရှင်ရှိရာ အရပ်ကို မှန်းပြီးတော့ ဘုရားရှင်ဘက် ခေါင်းထား ပြီး တပည့်တော်ဘက် ခြေထားပြီးတော့ အိပ်ကြပါတယ်ဘုရား။ အဲဒီအခါ မှာ တပည့်တော် စဉ်းစားမိတယ်။ ဪ.... ဒီလူတွေဟာ အားလုံး ငါ့ကိုမှီ ပြီးတော့ အသက်မွေးရတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့စီးတဲ့ ယာဉ်တွေကလဲ ငါ့ယာဉ် တွေ၊ သူတို့ စားသောက်နေကြတာတွေလဲ အကုန်လုံး ငါက ပေးထားရတာ။ အဲသလောက် ငါ့အပေါ်မှာ အမှီပြုပြီး နေရတဲ့ ပုဂ္ဂိုလ်တွေက ငါ့ကို ဘုရား ရှင်လောက် မကြည်ညိုကြဘူး။ တကယ်ဆိုတော့ သူတို့တတွေဟာ ဘုရားရှင် ကိုယ်တော်မြတ်ထံမှာ တရားတွေ အသစ်အသစ် တိုးတက်ပြီး ရနေတဲ့ ပုဂ္ဂိုလ် တွေ ဖြစ်မှာပဲလို့။ အဲဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကို ပိုပြီးတော့ ကြည်ညိုသွားတယ်။ တကယ့်ဗုဒ္ဓ၊ တကယ့်ဓမ္မ၊ တကယ့်သံဃာဆိုတဲ့ ကြည် ညိုမှုသဒ္ဓါတရား၊ တရားကို အစဉ် လိုက်ပြီး သိတဲ့ အသိဉာဏ်မျိုးတွေ ဖြစ် လာရပါတယ်လို့'' ဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်ထားတယ်တဲ့နော်။ အဲဒါ ကောသလမင်းကြီး သဒ္ဓါဖြစ်အောင် အကွက် ရှာတတ်တာ။ မြင်တတ်တယ်နော်။

## မြင်တတ်လျှင် သဒ္ဓါ ပညာတိုး

သဒ္ဓါတရားဆိုတာ မြင်တတ်လေ ပေါ်လေ။ မြင်တတ်လေ သဒ္ဓါတရား ဆိုတာ ဖြစ်လေပဲ။ အခု ကောသလမင်းကြီးဟာ ဘုရားနဲ့ ဘုရားရဲ့တပည့် သံဃာတွေ အပေါ်မှာ မြင်တယ်။ ဘုရားရှင်ရယ်၊ ဘုရားတပည့် သံဃာတွေ ရယ်။ ဘုရားတပည့် သူ့တပည့်ကြီး နှစ်ယောက် ဣသိဒတ္တနှင့် ပုရာဏတို့ပုံကို မြင်ပြီးတော့ ဘုရားအပေါ်မှာ သဒ္ဓါတရား အများကြီး ဖြစ်သွားတယ်။ ဒါကြောင့် သရဏဂုံမှာ သဒ္ဓါတရားဟာ အရေးကြီးတယ်။ သဒ္ဓါတရား ကောင်းလေ သရဏဂုံ စွဲလေပဲ။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ

သဒ္ဓါတရား ပညာတရားတွေ တိုးရာတိုးကြောင်း ကောင်းမြတ်တဲ့ အသိဉာဏ် ဗဟုသုတ၊ ကောင်းမြတ်တဲ့ တရား နာကြားမှု၊ ကောင်းမြတ်တဲ့ တရားပေစာ လေ့လာမှုတွေ ကြိုးစား အားထုတ်ပြီးတော့ ဘုရားအပေါ်မှာ အကြည်ညို တိုးနိုင်ကြပါစေ၊ တရားအပေါ်မှာ အကြည်ညို တိုးနိုင်ကြပါစေ။ သံဃာ အပေါ်မှာ အကြည်ညို တိုးနိုင်ကြပါစေ၊ တိုးနိုင်ပြီးတော့ ကောင်းမြတ်တဲ့ သဒ္ဓါ ပညာတရားတွေ ဖြစ်ပြီးတော့ မိမိတို့ လိုလားတဲ့ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

❀ ✲ ❀

၁၃၄၆-ခု၊ တော်သလင်းလကွယ်။ (၂၄–၉–၈၄)

## သရဏဂုံ လေးပါး တမျိုး

ဘုန်းကြီး သရဏဂုံတရား ဟောခဲ့တာ အရင်တပတ်က သရဏဂုံလေးမျိုး အတ္တသန္နိယျာတန-မိမိကိုယ်ကို အပ်နှင်းတဲ့ သရဏဂုံ။ တပ္ပရာယဏတာ-မိမိသည် ဘုရား, တရား, သံဃာ ရကနာမြတ်သုံးပါးသာ ကိုးကွယ်ရာရှိတယ်ဆိုတဲ့ ခံယူတဲ့ သရဏဂုံ။ သိဿဘာဝူပဂမန–တပည့်အဖြစ် ခံယူတဲ့ သရဏဂုံ၊ ပဏိပါတ-တကယ် ရှိသေတုပ်ဝပ်တဲ့ အနေအားဖြင့် ခံယူတဲ့ သရဏဂုံလေးမျိုး ဘုန်းကြီးဟောခဲ့တယ်။ ဒီနေ့တော့ အဲဒီ လေးမျိုးကိုပဲ ထပ်ပြီးတော့ တနည်းအားဖြင့် ကျမ်းဂန်များမှာ ပြထားတဲ့အတိုင်းပေါ့လေ။ တနည်းအားဖြင့် ဒီသရဏဂုံလေးမျိုးပဲ။ ဒီနေ့ ထပ်ပြီးဟောရမယ်။

အတ္တသန္နိယျာတန သရဏဂုံဆိုတာဟာ မိမိကိုယ်ကို ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအား အပ်နှင်းခြင်း၊ အပ်နှင်းတဲ့ သရဏဂုံပဲ။ အရင်တပတ်က အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ–ယနေ့ကိုအစပြု၍ ငါ့ကိုယ်ကို ဘုရားအား အပ်နှင်းပါ၏။ တရားအား အပ်နှင်းပါ၏။ သံဃာအား အပ်နှင်းပါ၏လို့ အပ်နှင်းခဲ့တယ်။

ဒီနေ့ကျတော့ စွန့်တဲ့အနေနဲ့ ခံရမယ်။ တချို့ ကမ္မဋ္ဌာန်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။ ကိုယ့်ကိုကိုယ် မညှာမိအောင် တင်းတင်းရင်းရင်းအား ထုတ်နိုင်အောင် ဆိုပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကို ခန္ဓာစွန့်ကြတယ်။ အဲသလို ခန္ဓာစွန့်တာဟာ အတ္တသန္နိယျာတန သရဏဂုံတမျိုးပဲ။

မိမိကိုယ်ကို ဘုရားအား အပ်နှင်းတယ်။ တရားအား အပ်နှင်းတယ်။ သံဃာအား အပ်နှင်းတယ်။ ဒီတော့ တနေ့ကတော့ မိမိကိုယ်ကို ဘုရားအား အပ်နှင်းတယ်။ ဒီနေ့ သရဏဂုံတော့ သတ္တသန္နိယျာတနပဲ။ သို့သော်အသုံး လေး နည်းနည်းကွဲသွားတယ်။ "အဟံ အတ္တာနံ ဗုဒ္ဓဿ ပရိစ္စဇာမိ၊ ဓမ္မဿ ပရိစ္စဇာမိ၊ သံဃဿ ပရိစ္စဇာမိ၊" အဟံ၊ တပည့်တော်သည်။ အတ္တာနံ၊ မိမိကိုယ်ကို၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပရိစ္စဇာမိ၊ စွန့်ပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ ပရိစ္စဇာမိ၊ စွန့်ပါ၏။ သံဃဿ၊ သံဃာတော်မြတ်အား။ ပရိစ္စဇာမိ၊ စွန့်ပါ၏။

ခန္ဓာကိုယ်ကို ဘုရားစွန့်၊ တရားစွန့်၊ သံဃာစွန့်ထားတော့ ခန္ဓာကိုယ်မှာ တွယ်တာမှုမရှိဘူး။ မရှိတော့ မိမိကိုယ်ကို စွန့်နိုင်တယ်၊ သေသေကျေကျေဆို ပြီးတော့ တရားဘက်မှာ အားထုတ်နိုင်တယ်။ "ဇီဝိတံ ပရိစ္စဇာမိ" အဟံ၊ ဘုရားတပည့်တော်သည်။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့အား စွန့်ပါ၏။ အသက်ကို စွန့်ပါ၏ဆိုယင် ခန္ဓာကိုယ်မှာ တွယ်တာမှုမရှိဘူး။ "ပရိစ္စတ္တော မေ အတ္တာ" မေ၊ တပည့် တော်သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပရိစ္စတ္တော၊ စွန့်လွှတ်အပ်ပါ၏။ "ပရိစ္စတ္တံ ဇီဝိတံ မေ" မေ၊ တပည့်တော်သည်။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စတ္တံ၊ စွန့်အပ် ပါပြီ။ "ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဇီဝိတပရိယန္တိကံ၊ အသက် အပိုင်းအခြားတိုင်အောင်။ ဝါ၊ အသက်ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ "ဗုဒ္ဓေါ မေ တာဏံ လေဏံ" ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ ငါ၏။ တာဏံ၊

ကိုးကွယ်အားထားရာတည်း။ လေဏ၊ ပုန်းအောင်း လဲလျောင်း မှီခိုရာတည်းလို့—အဲသလို ဆောက်တည်တဲ့ သရဏဂုံဟာလဲပဲ အတ္တသန္နိယျာတန သရဏဂုံပဲတဲ့။ အတ္တသန္နိယျာတနတမျိုး။ ဒါကတော့ တနေ့က သရဏဂုံနဲ့ဆိုင်ဟိုသရဏဂုံက ဟိုနည်းအရ တပည့်တော်သည် မိမိကိုယ်ကို ဘုရားအား အပ်နှင်းပါ၏။ တရားအား အပ်နှင်းပါ၏။ သံဃာအား အပ်နှင်းပါ၏။ ဒီနေ့ အတ္တသန္နိယျာတန သရဏဂုံကတော့ ဘုရားတပည့်တော်သည် မိမိကိုယ်ကို ဘုရားအားစွန့်ပါ၏။ တရားအား စွန့်ပါ၏။ သံဃာအားစွန့်ပါ၏။ အသုံးသာကွဲသွားတယ်။ အတူတူပဲ။ အတ္တသန္နိယျာတနတနည်း။ အဲဒီတော့ ကျမ်းဂန်များမှာ နှစ်နည်းပြတဲ့အတွက် ဗဟုသုတအတွက် နှစ်နည်းလုံး သိရအောင် ဘုန်းကြီးက အတ္တသန္နိယျာတန သရဏဂုံ နှစ်မျိုးပြောလိုက်တယ်။

## သိဿဘာဝူပဂမန တမျိုး

ဒုတိယသရဏဂုံက သိဿဘာဝူပဂမန သရဏဂုံ။ တပည့်အဖြစ် ခံယူတဲ့ သရဏဂုံ။ တနေ့ကတော့ ဘာတုံး။ ဘုရားတပည့်တော်သည် မြတ်စွာဘုရား၏ အန္တေဝါသိက တပည့်ပါဘုရား။ တရားတော်၏ အန္တေဝါသိက—တပည့်ပါဘုရား။ သံဃာတော်၏ အန္တေဝါသိက—တပည့်ပါ ဘုရားလို့ ဒီလိုပဲ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးက အသိအမှတ် ပြုပါလို့ ဆောက်တည်တယ်။ အခုပြမယ့် နည်းအရ ဘုန်းကြီးတို့ ကျမ်းဂန်က ရှင်မဟာကဿပကြီးရဲ့ သရဏဂုံကို သက်သေထုတ်ပြတယ်။ ရှင်မဟာကဿပကြီးဆိုတာ ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီး။ ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဘယ်လောက်တောင် ဘုရားရှင် ကိုယ်တော်မြတ်အပေါ်မှာ အားထားတယ်။ တရားတော် သံဃာတော်မြတ်အပေါ်မှာ ဘယ်လောက်တောင် အားထားတယ်ဆိုတာ သိရအောင်လို့ ရှင်မဟာကဿပကြီး သရဏဂုံကို ပုံစံထုတ်ပြကြတယ်။

## ဝိပ္ပလိ မယ်ဘဒ္ဒါ

အရှင်မဟာကဿပကြီး ဆိုတာက အင်မတန် ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီး။ ဗြဟ္မာ့ပြည်က လာတဲ့ ပုဂ္ဂိုလ်ကြီးတဲ့၊ ဝိပ္ပလိ လုလင်တဲ့။ သူ့ဇနီးက ဘဒ္ဒါ ကာပိလာနီ မယ်ဘဒ္ဒါလို့ အတိုကောက် ခေါ်ကြတယ်။ ဗြဟ္မာ့ပြည်က လာတဲ့ ပုဂ္ဂိုလ်နှစ်ယောက်မို့လို့ သူတို့ဟာ အိမ်ထောင်မပြုချင်ကြဘူး။ ကာမဂုဏ် စိတ် မရှိကြဘူး။ ဒါပေမယ့် မိဘတွေက အတင်းအကြပ် ဆိုသလို စီမံနေကြတော့ မိဘတွေအလို လိုက်ပြီးတော့ အိမ်ထောင်ပြုကြတယ်။ တိုတိုပဲ ပြောရမယ်။ ဘုန်းကြီးက ဝတ္ထုကြောင်း ပြောဖို့ ဟုတ်ပဲကိုး။ သရဏဂုံပြော ဖို့ဆိုတော့ လိုရင်းလေးပဲ။ မိဘတွေ အလိုလိုက်ပြီးတော့ အိမ်ထောင်ပြုလိုက် ပေမယ့် မောင်နှမလို ဆက်ဆံကြတယ်။ စင်စင်ကြယ်ကြယ် သန့်သန့် ရှင်း ရှင်းပဲ နေကြတယ်။

## ရဟန်း ပြုကြပုံ

တနေ့ကျတော့ သံဝေဂ ဖြစ်လာကြတယ်။ သံဝေဂ ဖြစ်လာကြတော့နှစ်ဦး လုံး တယောက်ခေါင်း တယောက်ရိတ်ပေးပြီးတော့ "ယေ လောကေ အရဟန္တော တေ ဥဒ္ဒိဿ အမှာကံ ပဗ္ဗဇ္ဇာ" လောကေ၊ လောက၌ အရဟန္တာအကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ထင်ရှားရှိကြပါပေကုန်၏။ တေ၊ ထိုလောကမှာ ရှိတဲ့ရဟန္တာပုဂ္ဂိုလ်တို့ကို။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ အမှာကံ၊ ငါတို့၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ ဟောတိ၊ ဖြစ်ပါ၏။ လောကမှာ ရဟန္တာတွေ ရှိကြပါ တယ်။ အဲသည် ရဟန္တာတွေကို ရည်ပြီးတော့ ဒို့ရဟန်းပြုကြပါတယ် ဆိုပြီး တော့ နှစ်ယောက်သား ရဟန်းပြုလာကြတယ်။ ပြီးတော့ ထွက်ခွာလာကြ တယ်။ လောက ရဟန္တာတွေ ရည်မှန်းပြီး ဒို့ရဟန်းပြုပါတယ် ဆိုတဲ့အတိုင်း ရဟန္တာဆိုတဲ့ မိမိတို့အားထားရာ မှီခိုရာ ဆရာရှာဖို့ ထွက်လာကြတယ်။

အကုန်လုံး ပစ္စည်းတွေစွန့်လာကြတယ်။ နည်းနည်းနောနော ချမ်းသာကြတာ မဟုတ်ဘူး။ သူတို့တွေက ပစ္စည်းတွေ သိပ်ချမ်းသာတယ်။ အဲဒီချမ်းသာတဲ့ ပစ္စည်းတွေ အကုန်စွန့်လာကြတယ်။ တကယ်တော့ နဂိုကတည်းက လောက တွယ်တာမှု ဆိုတာ အင်မတန် နည်းကြတဲ့ ပုဂ္ဂိုလ်တွေ။ ကာမရာဂ ကင်း သလောက် ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေ။ ပစ္စည်းဥစ္စာတွေမှာလဲ ဘယ်တွယ်တာ တော့မတုံး။ အဲဒါကြောင့်မို့လို့ အကုန်းလုံး စွန့်ပြီးတော့ ထွက်လာကြတယ်။

## ခွဲခွါ ကြပုံ

ထွက်လာပြီးတော့ တော်တော်လေး ရောက်၊ လမ်းခရီးရောက်တဲ့ အခါ ကျတော့ ရှင်မဟာကဿပအလောင်း ရဟန်းက နောက်ပြန် လှည့်ကြည့်ပြီး စဉ်းစားတယ်။ဩော်....ဒီဘဒ္ဒါပဲ့ာ အင်မတန် လှတဲ့ အမျိုးသမီးတယောက်။ ဇမ္ဗူဒီပါ တကျွန်းလုံးလောက် ထိုက်တန်တယ်လို့ ဆိုရလောက်အောင်ပဲ အင်မတန် အဆင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ အမျိုးသမီးတယောက်ပဲ။ဒို့နှစ်ယောက် အတူသွားနေလို့ ရှိယင် သူများက ကဲ့ရဲ့ကြလိမ့်မယ်။ ယခုနေ့ထိအောင် သူတို့ ဟာ မခွဲနိုင်ဘူး ဆိုပြီးတော့ ကဲ့ရဲ့ကြတော့မှာပဲ၊ အဲဒီတော့ စွန့်မှုဖြစ်တော့ မယ် ဆိုပြီးတော့ လမ်းခွတခု တွေ့တဲ့အခါကျတော့ခွဆုံမှာ ရှင်မဟာကဿပ၊ သူကရပ်လိုက်တယ်၊ ရပ်လိုက်တော့ ဘဒ္ဒါကာပိလာနီက လာပြီးတော့ ရှိခိုး ပြီးရပ်လာတယ်။ ဒီတော့ အရှင်မဟာကဿပအလောင်းက "ဘဒ္ဒါ....မင်းလို အမျိုးသမီးတယောက် ငါ့နောက်က လိုက်နေတာ မြင်ရယင် သူတို့ဟာရဟန်း ဖြစ်တာတောင် မခွဲနိုင်ကြဲ မခွာနိုင်ကြလို့ ပြစ်မှားတဲ့ သူတွေ အပါယ်ကျ လိမ့်မယ်။ ဟောဒီလမ်းနှစ်ခွမှာ မင်းက တလမ်းလိုက်၊ ငါကတလမ်းက သွား မယ်"ဆိုတော့ ဘဒ္ဒါကလဲ လက်ခံပြီး"အရှင့်သားက ယောကျ်ားဖြစ်ပါတယ်။ ယောကျ်ားဖြစ်တဲ့အတွက်ကြောင့် လက်ယာလမ်းက လိုက်ပါ။ကျွန်မကတော့ လက်ဝဲလမ်းက လိုက်ပါမယ်"ဆိုပြီး ရှိခိုးပြီး ဒီနေရာတင် ခွဲသွားကြတယ်။ ခွဲသွားပြီးနောက်တော့ ရှင်မဟာကဿပကြီး ရှေ့ဆက်။ အဲသလို ခွဲတဲ့အခါ

မှာ မဟာပထဝီ မြေကြီးဟာ သူတို့ရဲ့ ဂုဏ်ကျေးဇူးကို ကောင်းချီးပေးတဲ့ အနေနဲ့သွက်သွက်ခါအောင်တုန်လှုပ်သွားတယ်။ အဲဒီခါ ဘုရားရှင် ကိုယ်တော် မြတ်က ဘယ့်နှယ်ကြောင့် မြေတုန်လှုပ်ပါလိမ့်လို့ ဉာဏ်တော်နဲ့ ဆင်ခြင်ကြည့် တဲ့ အခါကျတော့ ဝိပ္ပလိနဲ့ ဘဒ္ဒါတို့ ကိုယ်တော်မြတ်ကို ရည်မှန်းပြီး ရဟန်း ပြုလာပုံ၊ သူတို့ ခွဲခွာရာမှာ သူတို့ဂုဏ်ရှိန်ကြောင့် မြေတုန်ရပုံ မြင်၍ ဘုရား ရှင် ကိုယ်တော်မြတ်က မဟာကဿပကြီးကို ကြိုဆိုတယ်။ ဘဒ္ဒါကာပိလာနီ ကတော့ လက်ဝဲလမ်း လိုက်သွားတော့ အဲဒီအခါ ဘိက္ခုနီအဖြစ် ခွင့်မပြု သေးတဲ့ အခါဖြစ်လို့ ပရိဗိုဇ်မအဖြစ်နဲ့ နေခဲ့တယ်။ နောင်အခါ မိထွေးတော် ဂေါတမီ ဘိက္ခုနီအဖြစ်ရလို့ ဘိက္ခုနီသာသနာ ပေါ်လာမှ မိထွေးတော် ဂေါတမီထံ ဘိက္ခုနီအဖြစ် ရပြီး ဝိပဿနာ အားထုတ်လို့ ရဟန္တာမ ဖြစ် သွားတယ်။

## ဘုရားရှင်ကကြို

ရှင်မဟာကဿပကြီးကိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က လာပြီးကော့ ကြိုနေတယ်။ နာလန္ဒမြို့နဲ့ ရာဇဂြိုဟ်မြို့ကြားမှာ ဗဟုပုတ္တကဆိုတဲ့ ညောင်ပင် ကြီးရှိတယ်။ အဲဒီညောင်ပင်ကြီးအောက်မှာ ဘုရားရှင်ကိုယ်တော်မြတ် သီတင်း သုံးပြီးတော့ ရှင်မဟာကဿပကြီးအလာကို ကြိုနေတယ်တဲ့။ အဲသလို ကြိုနေ တဲ့ အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သာမန်ပုဂ္ဂိုလ်အနေနဲ့ နေပြီးတော့ ကြိုတာ မဟုတ်ပဲနဲ့ ဘုရားရှင်ရဲ့ အသွင်အပြင်၊ ဘုရားရှင်ရဲ့ ကြက်သရေတော်၊ ရောင်ခြည်တော်တွေ လွှတ်ပြီးတော့ ကြိုပြီးနေတယ်။ ရှင် မဟာကဿပကြီး ရောက်လာတယ်။ ရောက်လာတယ်ဆိုယင်ပဲ သူက ငါရဟန္တာ တွေကို ရည်မှန်းပြီးတော့ ရဟန်းပြုမယ်ဆိုပြီးတော့ ရည်မှန်းပြီး လာတယ်။ ခုတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ငါရည်မှန်းခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုပြီးတော့ ဘုရား အပေါ်မှာ ယုံကြည်ဆုံးဖြတ်နိုင်ခဲ့တယ်။

## ရှင်မဟာကဿပ သရဏဂုံ

သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ၊

သုဂတဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ၊

သမ္မာသမ္ဗုဒ္ဓဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တမေဝ ပဿေယျံ။

လို့ ရှင်မဟာကဿပကြီးက ငါတွေ့ချင်တဲ့ ဘုရား တွေ့ရပြီဆိုတဲ့ အနေနဲ့ အဲသလို အဆိုသုံးခုနဲ့ အရှင်မဟာကဿပကြီး ဆင်ခြင်စဉ်းစားလိုက်တယ်။ အဟံ၊ ငါသည်။ သတ္ထာရံ၊ တကယ့်သတ္ထုဆရာအစစ် ဖြစ်တော်မူသော ပုဂ္ဂိုလ်ကို။ သစေ ပဿေယျံ၊ အကယ်၍ တွေ့မြင်လိုငြားအံ့။ ဣမံယေဝ ဘဂဝန္တံ၊ ဤယခု ရှင်တော်မြတ်ဘုရားကိုသာလျှင်။ ပဿေယျံ၊ တွေ့ရ၏။ ဟိ၊ အမှန်ပြောရလျှင်။ မေ၊ ငါ့အဖို့။ ဣတော၊ ဤတကယ့်သတ္ထုဆရာ ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်မှ။ အညေန၊ တပါးသော ပုဂ္ဂိုလ်သည်။ သတ္ထာရာ၊ ဆရာသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ နသက္ကာ၊ မထိုက်ကောင်းပါပေ။ အဟံ၊ ငါသည်။ သုဂတံ၊ ကောင်းမြတ်သော ပဋိပတ်ဖြင့် ရောက်တော်မူသောကြောင့် သုဂတမည်သော ပုဂ္ဂိုလ်ကို။ သစေ ပဿေယျံ၊ အကယ်၍ မြင်လိုငြားအံ့။ ဣမမေဝ ဘဂဝန္တံ၊ ဤရှင်တော်မြတ်ဘုရားကိုသာလျှင်။ ပဿေယျံ၊ မြင်ရာ၏။ ဟိ၊ အမှန်ပြောရလျှင်။ မေ၊ ငါ့အဖို့။ ဣတော၊ ဤကဲ့သို့သော ရှင်တော်မြတ်ဘုရားမှ။ အညေန၊ တပါးသောသူသည်။ သုဂတေန၊ သုဂတတွင် ရှင်တော်မြတ်သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ အဟံ၊ ငါသည်။ သမ္မာသမ္ဗုဒ္ဓံ၊ မှန်မှန်ကန်ကန် အမှန်အတိုင်း ကိုယ်တော်တိုင် သစ္စာလေးပါးကို သိတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓမည်သော ဘုရားရှင်ကိုယ်တော်မြတ်ကို။ ပဿေယျံ၊ မြင်လိုငြားအံ့။ ဣမံယေဝ ဘဂဝန္တံ၊ ယခုမြင်နေရတဲ့ ရှင်တော်မြတ်ဘုရားကိုသာလျှင်။ ပဿေယျံ၊ မြင်ရာ၏။ ဟိ၊ အမှန်မှာ။ မေ၊ ငါ့အဖို့။ ဣတော၊ ဤယခု ငါမျက်မြင် ထင်ထင်ရှားရှား

မြင်နေရတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားမှ။ အညေန။ တပါးသောသူသည်။ သမ္မာသမ္ဗုဒ္ဓေန၊ သမ္မာသမ္ဗုဒ္ဓ ခေါ်ရတဲ့ ဘုရားအစစ်သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ပေ။

## ဘုရား အဖြစ် ပုံယုံလိုက်ပုံ

အဲသလို ယခုတွေ့နေရတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ တကယ်ဆရာဖြစ်ဆိုက်တဲ့ သတ္ထုဆရာဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲ။ ဆရာဖြစ်ထိုက်တဲ့ သတ္ထု။ သတ္ထုပုဂ္ဂိုလ်တယောက် မြင်ချင်တယ်ဆိုယင် ဒီဆရာဘုရားကိုပဲ မြင်ရမှာပဲ။ တခြားဆရာဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်တပါးမရှိ။ သုဂတ - ကောင်းသော အကျင့်ဖြင့် ဘုရားဖြစ်လာတဲ့ ပုဂ္ဂိုလ်တဦး တွေ့မြင်ချင်တယ်ဆိုယင် ဟောဒီ ပုဂ္ဂိုလ်ကြီးသာ ဖြစ်ရမှာပဲ။ တခြား သုဂတ - မည်သော ပုဂ္ဂိုလ်တယောက်ဖြစ်ခြင်းငှာ မတတ်နိုင်ဘူး။ တခြားပုဂ္ဂိုလ်ဟာ ဒီလို သုဂတဖြစ်ခြင်းငှာ မတတ်နိုင်ဘူး။ သမ္မာသမ္ဗုဒ္ဓ — တကယ့်တရားအလုံးစုံ တကယ်သိမြင်တဲ့ ပုဂ္ဂိုလ်မြင်ချင်တယ်ဆိုယင် တွေ့ချင်တယ်ဆိုယင် ဤဘုရားရှင် ကိုယ်တော်မြတ်သာ ဖြစ်ရမယ်။ တခြားပုဂ္ဂိုလ်တယောက်ဟာ သမ္မာသမ္ဗုဒ္ဓ တကယ့်တရား အလုံးစုံ တကယ်သိတဲ့ ပုဂ္ဂိုလ်ဖြစ်ခြင်းငှာ မတတ်နိုင်ဘူးလို့ ဘုရားအဖြစ် ပုံယုံလိုက်တယ်။

## သိဿဘာဝူပဂမန တမျိုး

အဲဒီလို ဆိုပြီးတော့ "သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကောဟမသ္မိ" ဘန္တေ၊ မြတ်စွာဘုရား။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ မေ၊ တပည့်တော်၏။ သတ္ထာ၊ ဆရာအစစ် ဖြစ်တော်မူပါပေ၏။ အဟံ၊ ဘုရားတပည့်သည်။ သာဝကော၊ တပည့်သာဝကသည်။ အသ္မိ၊ ဖြစ်ပါပေ၏လို့ ဘုရားရှင်ကိုယ်တော်မြတ်အပေါ်မှာ တပည့်ခံတယ်။ ခုနကပြောတဲ့ "သတ္ထာရံ စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျံ၊ သမ္မာသမ္ဗုဒ္ဓံ စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျံ" ဆိုတဲ့ ခုနက သုံးချက်ဟာ အဲဒါ သရဏဂုံပဲ။

တပည့်အဖြစ် ခံယူတဲ့ သရဏဂုံတဲ့။ ရှင်မဟာကဿပကြီး ခံယူတဲ့ သရဏဂုံ အင်မတန် မလေးနက်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကို မြင်မြင်ချင်း တကယ့် ဘုရားအဖြစ် ယုံကြည်တယ်။ ဘုရား တရားတော်ကို တကယ့်တရားတော် အဖြစ် ယုံကြည်သွားတယ်။ ဘုရားရဲ့ သံဃာတော်ကို တကယ့်သံဃာတော် အဖြစ် ယုံကြည်သွားတယ်။ အဲဒါကြောင့်မို့လို့ ရှင်မဟာကဿပ ကိုယ်တော် မြတ်ကြီးရဲ့ ခုနက သရဏဂုံ သုံးချက်ဟာ သရဏဂုံအဆို သုံးချက်ဟာ သိဿ ဘာဝူပဂမန သရဏဂုံ — တပည့်အဖြစ်သို့ ကပ်ရောက်တဲ့ သရဏဂုံလို့ ဆိုတယ် နော်။ ဒါ သရဏဂုံ တမျိုး။ ဒါကတော့ ရှင်မဟာကဿပကြီးနဲ့ ဆိုင်ပါ တယ်။ သို့သော်လည်းပဲ တပည့်ခံယူတယ်ဆိုတာ အမျိုးမျိုးရှိတယ်ဆိုတာ သိနိုင် အောင်လို့ အဋ္ဌကထာ ဆရာကြီးများဟာ ရှင်မဟာကဿပ ကိုယ်တော်ကြီးရဲ့ တပည့်အဖြစ် ခံယူတဲ့ သရဏဂုံကို ဖော်ပြကြတယ်။ အဲဒါ သိဿဘာဝူပဂမန သရဏဂုံ တမျိုး။

## သြဝါဒ သုံးချက်

နောက် ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးကို ဘုရားရှင် ကိုယ်တော် မြတ်က ကဿပ ဒီလိုတပည့်မျိုးကို မသိပဲနဲ့ သိတယ်လို့ ပြောမယ်၊ မမြင်ပဲနဲ့ မြင်တယ်လို့ ပြောမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ဦးခေါင်းပြတ်ကျဖို့ပဲ ရှိတယ်။ တစုံ တယောက်သော သာမည တိတ္ထိဆရာ တယောက်ဟာ ဒီလို တပည့် တယောက်ကို မသိပဲနဲ့ သိတယ်လို့ပြောမယ်။ မမြင်ပဲနဲ့ မြင်တယ်လို့ ဆိုလို့ ရှိယင် အဲ ဒီဆရာဟာ ဦးခေါင်းခုနစ်စိတ် ကွဲနိုင်တယ်။ ယခု ငါဘုရားဟာ တကယ်မြင်တဲ့ ပုဂ္ဂိုလ်၊ တကယ်သိတဲ့ပုဂ္ဂိုလ်မို့လို့ မြင်တဲ့အတိုင်း သိတဲ့အတိုင်း မြင်တယ်။ သိတယ်လို့ ပြောခြင်းဖြစ်တယ်။ အဲ့ဒီလို မိန့်တော်မူပြီးနောက် သြဝါဒသုံးခု ပေးတော်မူတယ်။

## ပထမသြဝါဒ

ပထမသြဝါဒက ဘာတုံးဆိုတော့ ....

"တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိ တဗ္ဗံ၊ တိဗ္ဗံ ဟိရောတ္တပ္ပံ ပစ္စုပဋ္ဌိတံ ဘဝိဿတိ၊ ထေရေသု နဝေသု မဇ္ဈိမေသု"

ချစ်သားကဿပ....ငါဘုရားသည်သိ၍သိတယ်။ မြင်၍မြင်တယ်။ အမှန်ပြောသောကြောင့် သင်ဤသို့ကျင့်ရမယ်။ ဘယ်လိုကျင့်ရမလဲ ဆိုယင် မိမိထက်ကြီးတဲ့ပုဂ္ဂိုလ်၊မိမိထက် ငယ်တဲ့ပုဂ္ဂိုလ်၊ မိမိနဲ့ ရွယ်တူပုဂ္ဂိုလ် အဲဒီပုဂ္ဂိုလ်တွေမှန်သမျှ အပေါ်မှာ အင်မတန် ကြီးမားတဲ့ ဟိရိ သြတ္တပ္ပတရား နှစ်ပါးထားရမယ်။ အဲဒါ ပထမသြဝါဒတချက်။

## ဒုတိယ သြဝါဒ

ဒုတိယ သြဝါဒက—

ယံကိဉ္စိ ဓမ္မံ သုဏိဿာမိ ကုသလူပသံဟိတံ၊ သဗ္ဗံ တံ အဋ္ဌိကတွာ မနသိကရိတွာ သဗ္ဗစေတသာ သမန္နာဟရိတွာ သြဟိတသောတော ဓမ္မံ သုဏိဿာမိ။

ကောင်းမြတ်တဲ့တရားကို ဟောတဲ့ အခါမှာ ကြားနာတဲ့အခါမှာ တခါတည်း စိတ်ကို မပြန့်လွင့်စေပဲနဲ့ တရားထဲမှာ စိတ်အကုန်သွင်းပြီးတော့ကောင်းစွာနာမယ်လို့ ကျင့်ရမယ်ဆိုတဲ့ အဲဒီသြဝါဒ တခုကို ပေးတော်မူတယ်။ အဲဒါ ဒုတိယဝါဒ။

## တတိယ ဩဝါဒ

တတိယ ဩဝါဒက—

သာတသဟဂတာ စ မေ ကာယဂတာသတိ
န ဝိဇဟိဿတိ။

အသုဘ အာနာပါန—တို့မှာ သုခနဲ့တကွဖြစ်တဲ့ ပဌမစျာန် ကာယဂတာသတိ ကမ္မဋ္ဌာန်း။ အဲဒီကမ္မဋ္ဌာန်း စွန့်မည်မဟုတ်၊ အစဉ်မပြတ် စီးဖြန်းမယ် ဆိုတဲ့ ဒီနှလုံးသွင်းလဲ ထားရမယ်လို့ တတိယဩဝါဒ ပေးတယ်။ ဆိုပါတော့ ကာယဂတာသတိ ကမ္မဋ္ဌာန်း အမြဲတမ်း စီးဖြန်းပါ။ ပွားများပါ။ အား ထုတ်ပါလို့။ အချုပ်ကတော့ သုံးမဩဝါဒ ပေးတာနော်။ အဲဒီဩဝါဒ သုံးပါး ပေးတယ်ဆိုယင်ပဲ တခါထဲ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ဟာ ရဟန်းဖြစ်သွားတယ်။ အဲ ဒါ ဩဝါဒ ပဋိဂ္ဂဟဏူပ သမ္ပဒါလို့ဆိုတယ်။ ဩဝါဒ ခံယူခြင်းဖြင့် ရှင်ဖြစ် ရဟန်းဖြစ်သွားတာ။ ရှင်မဟာကဿပ တပါး တည်းရှိတယ်။ ဒီရဟန်းဖြစ်နည်းနဲ့ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ သိဿဘာ ဝူပဂမန သရဏဂုံ တမျိုး။

### တပ္ပရာယဏတာ တမျိုး

ပြီးတော့ တတိယတပ္ပရာယဏတာ သရဏဂုံတမျိုး။ နောက်နောက်က ဘုန်း ကြီးတနေ့က ပြောခဲ့တာက ဘုရားသည်သာ ငါကိုးကွယ် လဲလျောင်းရာ။ တရားသည်သာ ငါကိုးကွယ် လဲလျောင်းရာ။ သံဃာသည်သာ ငါကိုး ကွယ် လဲလျောင်းရာလို့ အဲသလို ဆောက်တည်တဲ့ သရဏဂုံဟာ တပ္ပရာ

ယဏာတာ သရဏဂုံ။ အခုဟာက တပ္ပရာယဏာတာသရဏဂုံတမျိုး။ အာဠဝက ဘီလူးကြီးရဲ့ သရဏဂုံကို အဋ္ဌကထာဆရာက ထုတ်ပြထားတယ်။ သူ့သရဏဂုံကက—

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

သော အဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ လောကထွတ်ထား မြတ်ဘုရားကို။ နမဿမာနော၊ ရှိခိုးလျက်။ ဓမ္မဿ၊ တရားတော်မြတ်၏။ သုဓမ္မတံ စ၊ ကောင်းမြတ်မှန်ကန်သော တရားတော် ဖြစ်သည်၏အဖြစ်ကို လည်းကောင်း။ သံဃဿ၊ သံဃာတော်မြတ်၏။ သုသံဃတဥ္စ၊ ကောင်းမြတ် မှန်ကန်သော သံဃာတော် ဖြစ်သည်၏အဖြစ်ကို လည်းကောင်း။ အဘိတ္ထဝမာနော၊ ချီးကျူးဂုဏ်တင်လျက်။ ဂါမာ၊ နတ်ရွာတရွာမှ။ ဂါမံ၊ နတ်ရွာတရွာသို့။ ပုရာ၊ နတ်မြို့တမြို့မှ။ ပုရံ၊ နတ်မြို့တမြို့သို့။ ဝိစရိဿာမိ၊ လှည့်လည်ရပေတော့အံ့လို့ အဲသလို အာဠဝက ဘီလူးကြီးဟာ ရင့်ကျူးတယ်။ အဲဒီ ရင့်ကျူးခြင်းဟာ တပ္ပရာယဏာတာ သရဏဂုံပဲတဲ့။ ဘုရားမှတပါး ကိုးကွယ် လဲလျောင်းရာ မရှိ၊ တရား သံဃာမှတပါး ကိုးကွယ် လဲလျောင်းရာ မရှိဆိုပြီးတော့ ခံယူတဲ့ သရဏဂုံ တမျိုးပဲ။

## အာဠဝက ဘီလူး

အာဠဝကကြီး ဆိုတာကတော့ အားလုံး ကြားဖူးကြတဲ့အတိုင်းပဲနော်။ ဘုရားရှင်ကိုယ်တော်မြတ်အပေါ် တိုက်ခိုက်လိုက်တာ။ ဘုရားရှင်ကိုယ်တော်မြတ်က အာဠဝကချွတ်ချင်လို့ သူ့ဗိမာန်မှာ သွားနေတယ်။ ဒီအခိုက် အာဠဝကလဲ နတ်သဘင်အစည်းအဝေး သွားနေတယ်။ သူ့ရဲ့ တံခါးစောင့်က

သွားပြောတဲ့အခါအင်မတန်စိတ်ဆိုးသွားတယ်။တခါ သာတာဂီရိ ဟေမဝတ ဆိုတဲ့ နတ်တွေကလဲ ကောင်းကင်လမ်းက သွားတော့ အောက်မှာ ဘုရား ရှင်ကိုယ်တော်မြတ် ရှိနေတာမြင်တော့ ဝပ်ချပြီးတော့ သူတို့ကလဲ သွားကြ တော့ နတ်သာဘင် အစည်းအဝေးမှာ အာဠဝက အကြောင်းကြားတော့ အင်မတန် စိတ်ဆိုးသွားတယ်။ အဲဒါနဲ့ တခါထဲလာပြီးတော့ကာ ဘုရားရှင် ကိုယ်တော်မြတ်ကို တိုက်လိုက်တာ၊ လေနဲ့တိုက်၊ ရေနဲ့တိုက်၊ ပြာပူနဲ့တိုက်၊ သဲ မိုးတွေနဲ့တိုက်၊ နောက်ဆုံး ဘဲ့ဖြူလက်နက်နဲ့တိုက် အမျိုးမျိုးတိုက်လိုက်တာ အကုန်လုံး ဘာမှ မထိရောက်ဘူး။

## မေတ္တာဖျက်ဖို့ ကြိုးစားပုံ

နောက်ဆုံးကျတော့ ဘာဖြစ်လို့ မထိခိုက်တုံး။ ဒီရဟန်းကြီးမှာ မေတ္တာ တရား ရှိလိမ့်မယ်။ ဒီတော့ သူ့မေတ္တာ ငါဖျက်မှပဲဆိုပြီးတော့ ဗိမာန်ထဲ သွားပြီးတော့ "ရဟန်းကြီး၊ ဘာတုံး၊ ရဟန်းကြီးဟာ သူများနေရာ ခွင့် မပေးပဲ လာနေရသလား။ သူများမိဖုရားတွေနဲ့ လာပြီးတော့ ဒီမှာ အတူတူ နေရသလား ဆိုပြီးတော့ ကဲ ရဟန်းကြီးထွက်" လို့ ဆိုတော့ ဘုရားရှင်ကိုယ် တော်မြတ်ကြီးက "အင်း .... ကြမ်းတဲ့ ပုဂ္ဂိုလ်ကို ကိုယ်ကလဲ ကြမ်းယင်ဖြင့် သူ့ချွတ်လို့ တယ်ရမှာမဟုတ်ဘူး။ သူ့စိတ် နူးညံ့အောင်တော့ ငါ သူ့အလို လိုက်ပေးမှပဲ" ဆိုပြီး ဘုရားရှင်က အပြင်ထွက်ပေးလိုက်တယ်။ ဒီတော့ ဒေါသကြောင့် ထွက်ချင်ထွက်မှာ ပြန်စမ်းလိုက်ဦးမှပဲဆိုပြီးတော့ ကဲ ပြန်ဝင် လိုက်ဦးဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပြန်ဝင်တယ်။ နောက်နှစ်ကြိမ် ထွက်ချည် ဝင်ချည်ခိုင်း။ ဘုရားရှင်က ထွက်ပေးတယ်၊ ပြန်ဝင်တယ်။ နောက် တကြိမ်ကျတော့ အာဠဝကက ဘယ်လိုကြံတုံးဆိုတော့ အဲဒီလို ထွက်ချည် ဝင်ချည်နဲ့ အဲဒီရဟန်းကြီး ပင်ပန်းအောင်လုပ်ပြီးတော့ ခြေကိုင်ကာ ဂင်္ဂါ တဘက်ကမ်းသို့ ပစ်ပြီး သေအောင်လုပ်မှပဲ ဆိုတော့ ဒီတခါကျတော့ ထွက် ခိုင်းပေမယ့် သူ့အကြံသိတဲ့ ဘုရားရှင်ကိုယ်တော်မြတ် မထွက်ဘူး။

## ပုစ္ဆာဖြင့် သေအောင်ကြံပုံ

မထွက်တော့ "ဒီရဟန်းကြီးကို ပြဿနာမေးမှပဲ" ဆိုပြီးတော့ "ကဲ–ရဟန်းကြီး ကျွန်ုပ်ပြဿနာမေးမယ်၊ ဖြေနိုင်ယင်ဖြေ၊ မဖြေနိုင်လို့ရှိယင် ရဟန်းရဲ့စိတ်ကို တခါထဲ ဖောက်ပြန်အောင် လုပ်ပစ်လိုက်မယ်။ ရဟန်းကြီးရဲ့နှလုံးကို ခွဲပစ်လိုက်မယ်။ ရဟန်းကြီးရဲ့ ခြေကို ကိုင်ပြီးတော့ ဟိုဂင်္ဂါမြစ်တဘက်ကမ်း သမုဒ္ဒရာတဘက်ကမ်း ပစ်လိုက်မယ်" နဲ့ ပြောတော့ "အေး .... မင်းမေးချင်တာမေး၊ ဒါပေမယ့် လောကမှာ ငါ့ကို စိတ်ဖောက်ပြန်အောင်၊ နှလုံးပျက်စီးသွားအောင်၊ သမုဒ္ဒရာတဘက်ကမ်းရောက်အောင် ဘယ်သူမှ မလုပ်နိုင်ဘူးကွ။ မင်းမေးချင်ရာ မေး" ဆိုတော့ ပြဿနာမေးတယ်။

ပြဿနာကတော့ ကဿပဘုရားလက်ထက်က ပြဿနာတွေ၊ ဟိုတုန်းအခါကတော့ သူ့မိဘတွေက ကဿပဘုရားရှင် ကိုယ်တော်မြတ်ဆီက မေးခွန်းတွေရော အဖြေတွေရော ရထားတယ်။ ရထားတော့ သူ့ကို သင်ပေးထားတယ်။ သင်ပေးထားတော့ သူကလဲ ကောင်းကောင်းမရွတ်မအံတော့ နောက်အခါကျတော့ အမေးသာ သိတော့တယ်။ အဖြေမသိတော့ဘူး။ ဒီတော့ အဲဒီအမေးတွေကို သူက ရွှေပြားမှာ ရေးထားတယ်။ အဖြေတော့ မရှိတော့ဘူး။ စောစောကတော့ သူရတယ်။ မေ့ကုန်တယ်တဲ့။ အဖြေရပေမယ့် သူဘာမှ သောတာပန်တို့ သကဒါဂါမ်တို့ ဘာတို့ မဖြစ်ဘူး၊ မဖြစ်တာ ဘာကြောင့်တုံးဆိုတော့ ဆရာလိုလို့။ တချို့က စာရပေမယ့် ဆရာလိုတော့ တရားထူးမရတာတွေ ရှိသေးတယ်။ သူ့မလဲ အဖြေတွေ စောစောက ရပေမယ့် ဘာမှ ထူးထူးထွေထွေ မဖြစ်ဘူး။ နောက်ကျတော့လဲ မေ့သွားတော့ သာဆိုးသွားတာပေါ့။ အခု ဘုရားနဲ့ တွေ့တယ်။ တွေ့တော့ ငါပြဿနာမေးမယ်။ တပည့်တော်ပြဿနာမေးမယ်။ ဖြေနိုင်ယင်ဖြေ။ မဖြေနိုင် ဘယ့်နှယ် ညာ့နှယ် စိတ်နှလုံးဖောက်ပြန်အောင် လုပ်ပစ်မယ်။ ရှေးတုန်းကလဲ ဒီလို သူက လုပ်ခဲ့ဖူးတယ်။ ဒီ ဗိမာန်လာကြည့်တဲ့ တန်ခိုးကြီးရဟန်းတွေ ပြဿနာမေး၊ မဖြေနိုင်ယင် ရူးအောင် စိတ်နောက်အောင် လုပ်ပစ်ခဲ့တာတွေ ရှိတယ်တဲ့။

အဲဒ္ဒါကြောင့် ခုလဲ ဘုရားကို သူ ဒီလိုလုပ်မယ်လို့ ရည်ရွယ်ပြီးတော့ ပြဿနာမေးတယ်တဲ့။

## မေးသော ပြဿနာနှင့် အဖြေများ

ကျဉ်းကျဉ်းပဲ ပြောကြပါစို့။ ပြဿနာတွေကတော့ အများကြီးပဲ။ "ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ" လောကမှာ အမျိုးသား အမျိုးသမီးတို့ရဲ့ နှစ်သက်ဖွယ်ရာပစ္စည်းဥစ္စာဟာ ဘာတုံး။ ပဌမတချက် မေးတယ်။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က လောကမှာ အမျိုးသား အမျိုးကောင်းသမီးတို့ရဲ့ နှစ်သက်ဖွယ်ပစ္စည်းဥစ္စာဟာ သဒ္ဓါတရားပဲကွယ်လို့ အဖြေပေးတယ်။ အဲ .... ဘယ်လို တရားမျိုးကို ကောင်းစွာ ကျင့်လို့ ရှိယင် ချမ်းသာ နိုင်သတုံး ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်က "ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ" ကုသိုလ်ကမ္မပထတရား ဆိုတဲ့ သုစရိုက်တရား ဆယ်ပါးကို ကောင်းစွာကျင့်လို့ ရှိယင် ချမ်းသာကို ရနိုင်တယ်။ "ကိံသု ဟဝေ သာဒုတရံ ရသာနံ" အရသာတို့တွင် ဘယ်အရသာသည် အချိုမြိန်ဆုံး ဖြစ်သတုံး ဆိုတဲ့ မေးခွန်း မေးပြန်တယ်။ အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်က "သစ္စံ ဟဝေ သာဒုတရံ ရသာနံ" သစ္စာတရားပဲတဲ့။ သစ္စာတရားဟာ တကယ့်အရသာ။ လောက ချိုမြိန်ကောင်းမြတ်ပါတယ် ဆိုတဲ့ အရသာတို့တွင် မှန်ကန်တဲ့ စကား ပြောမှု၊ မမှန်ကန်တဲ့ မုသားမှ ရှောင်တဲ့ အကျင့်ကျင့်မှု ဆိုတဲ့ သစ္စာတရားဟာ တကယ် ကောင်းမြတ်တဲ့ အရသာ။ "ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ" ဘယ်လို အသက်မွေးမှုမျိုးကို တကယ် မွန်မြတ်တဲ့ အသက်မွေးမှုလို့ ဆိုရပါသတုံး

ဆိုတော့....“ပညာ ဗိဝိ ဗိစိတမာဟု ဧသဣ°” ပညာဖြင့် အသက်မွေးမှုကို တကယ် မွန်မြတ်တဲ့ အသက်မွေးခြင်းလို့ ဆိုရပါတယ်လို့ ဘုရားရှင်က ဖြေပါတယ်။ ပြဿနာလေးချက် အဖြေလေးချက်။

## ဒုတိယ အမေး အဖြေ

တခါ....ဒုတိယ အဖြေလေးချက်၊ အမေးလေးချက်။

ကထံသု တရတိ ဩဃံ၊ ကထံ တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ။

ဒီဩဃကြီးက ဘယ်လိုကူးမတုံး။ သံသရာပင်လယ်ကြီးကို ဘယ်လို လွန်မြောက်နိုင်မတုံး။ ဒီသံသရာ ဝဋ္ဋဒုက္ခကြီးကို ဘယ်လို ကျော်လွှားနိုင်မတုံး။ အဘယ်လိုနည်းနဲ့ ပုဂ္ဂိုလ်တဦးဟာ စင်ကြယ်နိုင်သတုံး။ အမေး လေးချက် မေးတယ်။ အဲဒီတော့....

“သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။”

သဒ္ဓါတရားဖြင့် ဩဃကြီးကို ကူးနိုင်တယ်။ အပ္ပမာဒဆိုတဲ့ သတိတရားဖြင့် သံသရာ ဝဋ္ဋပင်လယ်ကြီးကို ကူးမြောက်နိုင်တယ်။ “ဝီရိယေန ဒုက္ခမစ္စေတိ” ဝီရိယတရားဖြင့် သံသရာဝဋ္ဋဒုက္ခကြီးကို လွန်မြောက်နိုင်တယ်။ ပညာဆိုတဲ့ အသိအလိမ္မာ ပညာတရားဖြင့် အားလုံး ကိလေသာကင်းမှ စင်ကြယ်နိုင်တယ်လို့ အဖြေပေးတော်မူတယ်။

## တတိယ အမေး အဖြေ

ပြီးတော့....

"ကထံသု လဘတေ ပညံ၊ ကထံ သုဝိန္ဒတေ ဓနံ။
ကထံ ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။"

ကထံသု လဘတေ ပညံ—ဘယ်လိုနည်းနဲ့ ပညာရနိုင်တုံး။ ကထံသု ဝိန္ဒတေ ဓနံ—ဘယ်လိုနည်းနဲ့ ဥစ္စာရနိုင်တုံး။ ကထံသု ကိတ္တိံ ပပ္ပေါတိ—ဘယ်လိုနည်းနဲ့ ကျော်စောမှုကို ရနိုင်တုံး။ ကထံ မိတ္တာနိ ဂန္ထတိ—ဘယ်လိုနည်းနဲ့ မိတ်ဆွေကောင်း တွေရနိုင်တုံး။ အမေးလေးချက် မေးပြန်တယ်။

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပ္ပတ္တိယာ။
သုဿုသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။

မမေ့မလျော့တဲ့ ပညာရှိသည် ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့၏တရားကို ယုံကြည်ပြီး နိဗ္ဗာန်ရခြင်းငှာ ကြားနာပါက ပညာရတယ်တဲ့။

ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

ချိန်ခါကာလ ဒေသနှင့် သင့်လျော်အောင် ပြုတတ်တဲ့ ကာယိကစေတသိက ဝီရိယရှိသူဟာ ဥစ္စာကိုရနိုင်တယ်။

"သစ္စေန ကိတ္တိံ ပပ္ပေါတိ" သစ္စာတရားဖြင့် ကျော်စောမှုကို ရနိုင်တယ်။ ခုနပြောတဲ့ သစ္စာတရား။ သစ္စာတရားဖြင့် ကျော်စောမှု ရနိုင်တယ်။ "ဒဒံ မိတ္တာနိ ဂန္ထတိ" ပေးကမ်း စွန့်ကြဲလို့ရှိယင် မိတ်ဆွေတွေကို ရနိုင်တယ်လို့ အဖြေပေးတယ်နော်။

## စတုတ္ထ အမေး အဖြေ

"အသ္မာ လောကာ ပရံ လောကံ ကထံ ပေစ္စ န သောစတိ"

ဘယ်လိုနည်းနဲ့ တမလွန်ဘ၀၌ မစိုးရိမ်ရတဲ့ ပုဂ္ဂိုလ်၊ မကြောင့်ကြရတဲ့ ပုဂ္ဂိုလ်၊ နောင်ဘ၀ အေးချမ်းတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်တုံး လို့ မေးပြန်တယ်။ အဲသလို မေးတဲ့ အခါကျတော့—

"ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဒမ္မော ဓိတိ စာဂေါ၊ သဝေ ပေစ္စ န သောစတိ။"

ဘုရားရှင် ကိုယ်တော်မြတ်က တရားလေးပါး ရှိလို့ရှိယင် နောင်ဘ၀ အတွက် လုံလောက်တယ်။ မစိုးရိမ်ရဘူး။ စိတ်ချရတယ်။ အဲဒီ တရားလေးပါးဟာ ဘာတုံးဆိုတော့ သစ္စံ—ခုနပြောတဲ့ သစ္စာတရားပဲ။ ဒမ္မော—ခုန ပြောတဲ့ ပညာတရား၊ ဓိတိ—ခုနပြောတဲ့ ဝီရိယတရား။ စာဂေါ—ခုနပြောခဲ့ တဲ့ စွန့်ကြဲခြင်းတရား။ အဲဒီတရားလေးပါး ရှိလို့ရှိယင် အဲဒီ ပုဂ္ဂိုလ်ဟာ နောက်ဘ၀မှာ မစိုးရိမ်ရဘူး။ မပူပင်ရဘူး။ မကြောင့်ကြရဘူး။ နောင်ဘ၀ အတွက် အေးချမ်းရတယ်လို့ ဖြေကြားတော်မူတယ်။

## တခြား မေးချေဦး

ထို့နောက် ဘုရားရှင် ကိုယ်တော်မြတ်က—

ဣင်္ဃ အညေပိ ပုစ္ဆဿု၊ ပုထုသမဏဗြာဟ္မဏေ။
ယဒိ သစ္စာ ဒမ္မာ စာဂါ၊ ခန္တျာ ဘိယျောဓ ဝိဇ္ဇတိ။

ငါဟာ နောက်ဘဝ မစိုးရိမ်ရကြောင်း တရားလေးပါး ဟောခဲ့ပြီ။ သစ္စာ, ပညာ, ဝီရိယ, စာဂ၊ အဲဒီတရား လေးပါးဟာ နောက်ဘဝ မစိုးရိမ်ရကြောင်း တရားအဖြစ်ဖြင့် ငါဘုရား ဟောခဲ့ပြီ။ အဲဒါ သည့်ထက်များ ပိုပြီး ဟောနိုင်တဲ့ ပုဂ္ဂိုလ်ရှိယင် အဲဒီပုဂ္ဂိုလ်တွေကို မြင်းမေးပေတော့လို့ တိုက်တွန်းတော်မူခဲ့တယ်။

အဘယ်မှာ မေးဖို့ လိုပါ့မလဲ—

ကထံနု ဒါနိ ပုစ္ဆေယျံ၊ ပုထု သမဏဗြာဟ္မဏေ။
သောဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။

တပည့်တော်ဟာ ခုဘဝအကျိုး နောင်ဘဝအကျိုး ကောင်းကောင်း နားလည်သွားပါပြီဘုရား။ နားလည်သွားတဲ့အတွက်ကြောင့် ဘယ်တခြား ရဟန်း ပုဏ္ဏားတွေ မေးဖို့လို့ ရှိပါတော့မတုံး။ မေးဖို့လို့ မရှိတော့ပါဘူးဘုရား။

အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာဠဝိမာဂတော။
သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဘုရားတပည့်တော် အကျိုးငှာ မြတ်စွာဘုရား ဟောဒီ အာဠဝီပြည်ကြီး ကြွလာတယ်ဆိုတာ တပည့်တော် သိပါတယ်။ တပည့်တော် ယနေ့ဖြင့် ကောင်းကောင်း သိသွားပါပြီ။ ဘယ်လိုပုဂ္ဂိုလ်တွေ လှူလို့ရှိယင် အကျိုးကြီးတယ်ဆိုတာ တပည့်တော် သိသွားပါပြီဘုရား။ ကောင်းကောင်း သိသွားပါပြီဘုရားလို့ အာဠဝကကြီးက ဘုရားကိုယ်တော်မြတ် အပေါ်မှာ တကယ် ယုံယုံကြည်ကြည်နဲ့ လွတ်လွတ်ကျွတ်ကျွတ် လျှောက်ထားတယ်။

## တကယ် ယုံယုံကြည်ကြည် သရဏဂုံ ယူပုံ

အဲ့ဒီနောက်မှ ခုနပြောခဲ့တဲ့—

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

သော အဟံ၊ ထိုတပည့်တော်သည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿမာနော၊ ရှိခိုးလျက်။ ဓမ္မဿ၊ တရားတော်မြတ်၏။ သုဓမ္မတံ စ၊ ကောင်းမြတ်မှန်ကန်သော တရားတော် ဖြစ်သည်၏အဖြစ်ကို လည်းကောင်း။ သံဃဿ၊သံဃာတော်မြတ်၏။သုသံဃတံ စ၊ကောင်းမြတ်မှန်ကန်သော သံဃာတော် ဖြစ်သည်၏အဖြစ်ကို လည်းကောင်း။ အဘိတ္ထဝမာနော၊ ချီးကျူးလျက်။ ဂါမာ၊ နတ်ရွာတရွာမှ။ ဂါမံ၊ နတ်ရွာတရွာသို့။ ပုရာ၊ နတ်မြို့တမြို့မှ။ ပုရံ၊ နတ်မြို့တမြို့သို့။ ဝိစရိဿာမိ၊ အမြဲမကွာ လှည့်လည် ပါတော့အံ့သတည်း။

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသာ ငါ့အားထားရာရှိတယ်။ တခြားသော အားထားရာမရှိဘူး-လို့ ဝန်ခံခြင်းတမျိုး။ ဒါကြောင့် ဒီသရဏဂုံကို တပ္ပရာယဏတာ သရဏဂုံလို့ ဆိုရတယ်တဲ့။ သရဏဂုံ လေးပါး ပြောမှလို့ သုံးပါးနဲ့ပဲ ပြီးသွားပြီ။ သုံးပါးတောင်မှ အတော်ချုံးလိုက်ရတယ်။ အဲဒါကြောင့် အာဠဝကတို့လို ရှင်မဟာကဿပတို့လို ဘုရားရှင် ကိုယ်တော်မြတ်နဲ့ တရား, သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ ထူးခြားတဲ့ သဒ္ဓါတရားဖြစ်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

❋ ✲ ❋

၁၃၄၆ – ခု၊ သီတင်းကျွတ်လဆန်း (၈) ရက်။ (၂ – ၁၀ – ၈၄)

## မလိုပဲနဲ့ ဆောက်တည်

တနေ့က သီတင်းတုန်းက သရဏဂုံလေးပါး နောက်တနည်း ပြောခဲ့တာ သုံးပါးပဲ ပြီးသွားတယ်။ တပါး ကျန်နေသေးတယ်။ အာဠဝကကြီးရဲ့ တပ္ပရာယဏတဲ့ သရဏဂုံဆိုတာ ပြောခဲ့တယ်။ အာဠဝကဘီလူးကြီးဆိုတာက သောတာပန်ပဲ။ တရားထူးရသွားတာ။ သရဏဂုံ ဆောက်တည်ဖို့မလိုပါဘူး။ မလိုပေမဲ့ မိမိရဲ့ ဘုရားရှင်အပေါ်မှာ ဘယ်လောက်အားထားတယ်၊ ဘယ်လောက်ကြည်ညိုမြတ်နိုးတယ်၊ ဘယ်လောက် အားကိုးတယ်ဆိုတာကို စိတ်ထဲတွင် မထားနိုင်ပဲနဲ့ နှုတ်ကဖော်ပြောရမှ ကျေနပ်တာမို့လို့ –

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

အဲသလို ဖော်ပြောတယ်လို့ တနေ့က ပြောခဲ့ပြီ။ ဒါလဲသရဏဂုံ တမျိုးပဲ။ အဲဒီလို သရဏဂုံယူယင်လဲ ရတာပဲ။ သို့သော်လဲ သူ့မှာတော့ သရဏဂုံ ပြည့်စုံ

ပြီးသား။ မဂ်ဖြင့် ပြည့်စုံပြီးသား။ သို့သော်လဲ မိမိ ဘယ်လောက် ကြည်ညို တယ်၊ အားထားတယ်ဆိုတာ ပါးစပ်နဲ့ဖော်ပြီး ပြောချင်တာနဲ့ ခုနက ပြော သလို ဘယ်သွားသွား တမြို့နဲ့တမြို့၊ တရွာနှင့်တရွာ ကူးသန်းသွားလာ လှည့် လည်တဲ့အခါမှာ ဘုရားရှိခိုးပြီးသွားပါမယ်။ တရား, သံဃာ ရတနာမြတ်သုံး ပါးတို့ကို ကိုးကွယ်ဆည်းကပ်ပြီးတော့မှ သွားပါမယ်လို့ ပါးစပ်နဲ့ ထုတ် ဖော်ပြီးတော့ ကြွေးကြော်တယ်။ ဓမ္မဃောသက လုပ်တယ်။ ဓမ္မဃောသက ခေါ်တယ်။ အဋ္ဌကထာက "ဓမ္မဃောသကောတိ ဟုတွာ ဝိစရိဿာမိ" ဓမ္မဃော သက — တရား နိဗ္ဗာန်ဆော် — တရား ကြွေးကြော်တဲ့ပုဂ္ဂိုလ် တရားနိဗ္ဗာန် ဆော်ကြီး လုပ်ပြီးတော့ ရပ်တကာ၊ ရွာတကာ၊ မြို့တကာ၊ နယ်တကာ ငါ လှည့်ပါမယ်လို့ တပ္ပရာယဏတာ — သရဏဂုံဖော်ပြတာ။

## ပဏိပါတ တမျိုး

ယနေ့တော့ ပဏိပါတဆိုတဲ့ သရဏဂုံတမျိုး။ နောက်နောက်က ပြောခဲ့ တာကတော့ ယနေ့ကို အစပြု၍ ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း မှန်သမျှကို ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါးတို့ အပေါ်မှာသာ ပြုပါမယ်။ အဲဒီ ဘုရား, တရား, သံဃာရတနာ မြတ်သုံးပါးပေါ်မှာသာ ပြုတဲ့ပုဂ္ဂိုလ် — ဟူ၍ ဘုရားတပည့်တော်ကို မှတ်တော် မူပါလို့ သရဏဂုံခံယူမှုဟာ ပဏိပါတ သရဏဂုံ။ ပဏိပါတဟာ မြန်မာလိုက အလွန်တုပ်ဝပ်ရိုသေတဲ့ အခြင်းအရာဖြင့် ဖြစ်တဲ့ သရဏဂုံ။ ယနေ့ အဲဒီသရဏဂုံ တမျိုး ပြောရမယ်။ ဗြဟ္မာယုဆိုတဲ့ ပုဏ္ဏားကြီးယူတဲ့ သရဏဂုံမျိုးပေါ့။ ဗြဟ္မာ ယုဆိုတဲ့ ပုဏ္ဏားကြီး ကြားဘူးပါလိမ့်မယ်။ ရှေးအခါက မိတ္ထိလာပြည်မှာ ဗြဟ္မာယုပုဏ္ဏားကြီးရှိတယ်။ အသက်ရှည်ကြတဲ့ ပုဂ္ဂိုလ်အထူးထဲမှာ တဦးအပါ အဝင်ဖြစ်တဲ့ ဗြာဟ္မဏကြီး။ ရှင်တော်မြတ်ဘုရား ဝိဒေဟတိုင်း ဒေသစာရီ ကြွ ချီတော်မူတယ်ဆိုတော့ သူသတင်းကြားရတယ်။ ဒီလိုပဲ ဘုရားရှင်ကိုယ်တော် မြတ်ဆိုတာ ကြွလာတယ်။ အဲဒီ ဘုရားရှင် ကိုယ်တော်မြတ်ဟာ "အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော" အစရှိသော ဂုဏ်တော်တွေနဲ့ ပြည့်စုံတယ်။

အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနဲ့ ပြည့်စုံတဲ့တရားတော်တွေကို ဟောတော်မူတယ်ဆိုတဲ့ သတင်း သူကြားတယ်။ ကြားတော့ သူသွားချင်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထံ ဆည်းကပ်ချင်တယ်။ သို့သော်လဲ သူက တကယ့်ထင်ရှားတဲ့ ပုဂ္ဂိုလ်တပည့်ပေါင်းများစွာကို ဝေဒကျမ်းဂန်တွေ ပို့ချပေးနေကြတဲ့ ဗြာဟ္မဏ ပါမောက္ခကြီး။ အဲဒါကြောင့်မို့လို့ အကြောင်း မသိပဲနဲ့သွားလို့မဟုတ်ဘူး။ မိမိရဲ့တပည့်ဝေဒကျမ်းဂန်တွေမှာ အင်မတန်ကျမ်းကျင်တဲ့ ဥတ္တရဆိုတဲ့ လုလင်ကို လွှတ်တယ်။ မင်းသွားစုံစမ်းချေ။ တို့ရဲ့ ဝေဒကျမ်းဂန်တွေမှာ (၃၂) ပါးသော လက္ခဏာတော်ကြီးတွေ ရှိတယ်။ အဲဒီ လက္ခဏာတော်ကြီး (၃၂) ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ လောကမှာနေယင် စကြဝတေးမင်း ဖြစ်နိုင်တယ်။ လောကမှ ထွက်မြောက်ယင် ဘုရားဖြစ်နိုင်တယ်။ အဲဒါကြောင့် သွားပြီး စုံစမ်းချေဆိုတော့ ဥတ္တရလုလင်ဟာဘုရားရှင်ကိုယ်တော်မြတ်ထံ သွားပြီးတော့ (၆) လလုံးလုံး ထပ်ချပ်မကွာ ဘုရားသွားယင်လဲ သူလဲနောက်ကပါ၊ ဘုရားနေယင်လဲ အနားက။ အဲသလို (၆)လလုံး ဘုရားနဲ့ ထပ်ချပ်မကွာလိုက်ပြီးတော့ စုံစမ်းတယ်။

## နမောတဿဖြင့် ကန်တော့ပုံ

ပြည့်ပြည့်စုံစုံ (၆) လ ပတ်လုံး စုံစမ်းပြီးတဲ့ အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သူမတူတဲ့ လက္ခဏာတော်တွေ၊ သူမတူတဲ့ အပြုအမူအကျင့်အကြံတွေ၊ သူမတူတဲ့ အသိတော်တွေ စသည်ပေါ့လေ၊ အမျိုးမျိုး ဘုရားရဲ့ဂုဏ်တော်တွေ သိရတော့ သူ့ဆရာဆီ ပြန်ပြီး အကြောင်းကြား။ ဆရာကြီးဆီ ပြန်ပြီးတော့ ရှင်ဂေါတမဟာ (၃၂) ပါးသော လက္ခဏာတော်ကြီးတွေနဲ့ ဘယ်လိုပြည့်စုံတယ်။ ကြံတော်မူတဲ့အခါ ဘုဉ်းပေးသုံးဆောင်တဲ့အခါ ပရိသတ်နဲ့ ဆက်ဆံတဲ့အခါ တရားဟောတော်မူကဲ့အခါ ဘယ်လိုဘယ်လိုဆိုတာ အကုန်လုံး စုံစိအောင် သူ့ဆရာကြီးဆီ အစီရင်ခံတဲ့ အခါကျတော့ ဆရာကြီးဟာ တခါတည်း မနေနိုင်တော့ဘူး။ ကြည်ညိုလိုက်တာ ကြည်ညိုလိုက်တာတဲ့။ ချက်

ချင်းထပြီး သူတို့ထုံးစံအတိုင်း ကိုယ်ရုံကလေး ဟိုတဘက်တင်ပြီးတော့ လက်အုပ်ချီပြီးတော့— "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ် ဘုရားရှင်ကို ကန်တော့တယ်တဲ့။ တကြိမ်တခါတော့ ကြုံတဲ့အခါတော့ ဘုရားကိုယ်တော်မြတ်ဖူးဖြစ်အောင် ဖူးမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲ ထားတယ်။ တိုတိုပဲပြောကြပါစို့ အခန့်သင့်ပဲ တနေ့ကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မိတ္ထိလာ ကြွတော်မူလာ။ ကြွတော်မူလာတော့ မိတ္ထိလာပြည်သူပြည်သား ပုဏ္ဏားတွေ၊ သူကြွယ်တွေ ဘုရားရှင်ကိုယ်တော်မြတ်ထံ ဆည်းကပ်လာ။ အဲဒီအခါမှာ ဗြဟ္မာယု ပုဏ္ဏားကြီးလဲ အခွင့်တောင်းပြီးတော့ ခွင့်ရတော့ ဘုရားရှင် ကိုယ်တော်မြတ်ထံ သွားပြီး ဆည်းကပ်တယ်။ အဲဒီလို ဆည်းကပ်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက္ခဏာတော်တွေ ဘာတွေ အကုန်လုံး သိပြီးတဲ့ နောက် အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မေးခွန်း မေးတယ်။ မေးခွန်းတွေ မေးတယ်။

## ဗြဟ္မာယု အမေး

ကထံ ခေါ ဗြာဟ္မဏော ဟောတိ၊ ကထံ ဘဝတိ ဝေဒဂူ။
တေဝိဇ္ဇော ဘော ကထံ ဟောတိ၊ သောတ္တိယော ကိန္တိ ဝုစ္စတိ။

အရဟံ ဘော ကထံ ဟောတိ၊ ကထံ ဘဝတိ ကေဝလီ။
မုနိ စ ဘော ကထံ ဟောတိ၊ ဗုဒ္ဓေါ ကိန္တိ ပဝုစ္စတိ။

ဘုရားရှင်ကိုယ်တော်မြတ်ကို ပုစ္ဆာမေးတယ်။ ဗြာဟ္မဏ၊ မကောင်းမှုမှအပပြုပြီးတဲ့ ပုဂ္ဂိုလ်ဆိုဘာ ဘယ်လိုပါတုံးဘုရား၊ အသိအဆုံး ရောက်နေတဲ့ ဝေဒဂူ ဆိုဘာ ဘယ်လို ပုဂ္ဂိုလ်ပါတုံး။ တေဝိဇ္ဇာ၊ ဝိဇ္ဇာ သုံးပါးရှိတဲ့

ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်ပါတုံး၊ သူတို့ ပုဏ္ဏားတွေကတော့ ဝေဒ ကျမ်း သုံးခုကို ဝိဇ္ဇာသုံးပါးလို့ ဆိုတယ်။ လောကမှာ စင်ကြယ်တယ်ဆိုတဲ့ သောတ္တိယဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ဟာတုံး။ အရဟံ၊ ပူဇော်အထူး ခံယူထိုက်တဲ့ ရဟန္တာဆိုတာ ဘယ်လိုဟာပါတုံး။ ကေဝလိ၊ အလုံးစုံသော ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာပါတုံးဘုရား။ ပြီးတော့ မုနိ၊ အရဟတ္တမဂ် ဉာဏ် မောနေယျနဲ့ ပြည့်စုံတဲ့ မုနိ—ပုဂ္ဂိုလ်ဟာ ဘယ်လိုပါတုံးဘုရား။ ဗုဒ္ဓ၊ သစ္စာလေးပါး တရားကို ကိုယ်တိုင်လဲသိ၊ သူတပါးလဲ သိစေတတ်တဲ့ ဗုဒ္ဓဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါတုံး ဘုရားလို့ လျှောက်ထားတယ်။

## ဘုရားရှင် အဖြေ

အဲဒီလို လျှောက်ထားတဲ့ အခါကျတော့၊ ဘုရားရှင် ကိုယ်တော်မြတ်က—

> ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။
> အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာ ဝေါသိတော မုနိ။
> စိတ္တံ ဝိသုဒ္ဓံ ဇာနာတိ၊ မုတ္တံ ရာဂေဟိ သဗ္ဗသော။
> ပဟီနဇာတိမရဏော၊ ဗြဟ္မစရိယဿ ကေဝလီ။
> ပါရဂူ သဗ္ဗဓမ္မာနံ၊ ဗုဒ္ဓေါ တာဒိ ပဝုစ္စတိ။

ဘုရားရှင် ကိုယ်တော်မြတ်က ဖြေတယ်။ အကြင်ပုဂ္ဂိုလ်သည် ရှေးဘဝက နေခဲ့ဘူးတဲ့ ခန္ဓာအစဉ်တွေ သိတယ်။ နတ်ဘုံ ငရဲဘုံတို့ကိုလဲ သိတယ်။ ပဋိသန္ဓေ ကုန်ခြင်းသို့လဲ ရောက်တော် မူတယ်။ အရဟတ္တ မဂ်ဉာဏ်ကို အထူးသိ၍ အပြီးအဆုံးသို့လဲ ရောက်တယ်။ အဲဒီပုဂ္ဂိုလ်ကို 'မုနိ' လို့ ဆိုရတယ်။ အခြင်း ခပ်သိမ်းရာဂတို့မှ လွတ်သည် ဖြစ်၍ အထူးသဖြင့် စင်ကြယ်သော စိတ်ကို သိတယ်။ ပဋိသန္ဓေနေခြင်း, သေခြင်းကို ပယ်ပြီး ဖြစ်တယ်။ မြတ်သောအကျင့် အားလုံးနဲ့ ပြည့်စုံတယ်။ အလုံးစုံသော တရားတို့၏ ကမ်းတဘက်သို့ ရောက် တယ်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို 'ဗုဒ္ဓ' ဟု ဆိုရတယ်လို့ ဖြေတော်မူတယ်။

## တုပ်ဝပ်ရိုကျိုး ရှိခိုးပုံ

"ဇေ၀ံ ၀ုတ္တေ ဗြဟ္မာယု ဗြာဟ္မဏော"၊ ဧဝံ ဝုတ္တေ၊ ဤသို့ ဘုရားရှင် ကိုယ်တော်မြတ်က ဖြေကြား မိန့်တော်မူအပ်သည်ရှိသော်။ ဗြဟ္မာယု၊ ဗြဟ္မာယု မည်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားကြီးသည်။ အာသနာ၊ နေရာမှ။ ဝုဋ္ဌာယ၊ ထ၍။ ဧကံသံ၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥတ္တရာသင်္ဂ၊ ကိုယ်ရုံကို။ ကတွာ၊ တင်သည်းကိုပြု၍။ ဝါ၊ လက်ကန်တော့တင်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော်တို့၌။ နိပတိတွာ၊ ဝပ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ ပါးစပ်ဖြင့်။ ပရိစုမ္ဗတိ၊ စုပ်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ပရိသမ္ဗာဟတိ၊ လက်နဲ့ အားရပါးရဆုပ်နယ်၏။ ဘောဂေါတမ၊ အရှင်တော်ဂေါတမ။ အဟံ၊ ဘုရားတပည့်သည်။ ဗြဟ္မာယု၊ ဗြဟ္မာယု မည်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားပါတည်း။ ဘော ဂေါတမ၊ ရှင်တော်ဂေါတမ။ အဟံ၊ ဘုရားတပည့်သည်။ ဗြဟ္မာယု၊ ဗြဟ္မာယုမည်သော။ ဗြာဟ္မဏော၊ ပုဏ္ဏားပါတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထားပြီ။ တနေ့ကလဲ ဘုန်းကြီးပြောခဲ့တယ်။ ကောသလမင်းကြီး။ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ခြေတော်တို့ကို ခေါင်းဖြင့် တိုက်ပြီးတော့ ပါးစပ်ဖြင့်လဲ စုပ်တယ်တဲ့။ လက်ဖြင့်လဲ အားရပါးရ ဆုပ်နယ်ပြီးတော့ အရှင်ဘုရား.... ဘုရားတပည့်တော်သည် ပသေနဒီ ကောသလမင်းပါဘုရား။ တပည့်တော်သည် ပသေနဒီ ကောသလမင်းပါ ဘုရားနဲ့ ပါးစပ်ကလဲဒီလို နာမည်ကြားပြီးတော့ အင်မတန် ရိုသေတုပ်ဝပ်တဲ့ အခြင်းအရာကို ပြတယ်။ ဗြဟ္မာယု ပုဏ္ဏားကြီးလဲ ဒီလိုပဲ။ ခြေတော်မှာ ဦးတိုက်လို့ ပါးစပ်ဖြင့် စုပ် အားရပါးရ လက်ဖြင့် ဆုပ်နယ်ပြီး "အရှင် ဂေါတမ.... တပည့်တော်ဟာ ဗြဟ္မာယု ပုဏ္ဏားကြီးပါဘုရား၊ အရှင်ဂေါတမ.... တပည့်တော်ဟာ ဗြဟ္မာယု ပုဏ္ဏားကြီးပါဘုရားနဲ့ အမည်ဖော်ကြား လျှောက်ထားတယ်။ အဲဒါ ပဏိပါတ သရဏဂုံလို့ ဆိုတယ်နော်။ ရှိခိုးလို့ သရဏဂုံ တည်သွားတာ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလဲ ဆိုနေစရာမလိုဘူး။ ဓမ္မံ သရဏံ ဂစ္ဆာမိလဲ ဆိုနေစရာမလိုဘူး။ ဒါနောက်ကျတော့ ဘုရားရှင် ကိုယ်တော်မြတ်က အနုပုဗ္ဗိကထာဆိုတဲ့ အစဉ်အတိုင်း တရားစကားတွေ ဟောကြားတော့ သစ္စာလေးပါး တရားတွေ

ပြတော့ ဖြဟ္မာယု ပုဏ္ဏားကြီးဟာ အနာဂါမ် တည်သွားတယ်။ စောစောက တကယ် ရိုသေတုပ်ဝပ်ပြီး လေးလေးစားစား ရှိခိုးတာက လောကီပဏိပါတ သရဏဂုံပေါ့။ ယခု အနာဂါမ်တည် အရိယာ ဖြစ်သွားတော့ လောကုတ္တရာ သရဏဂုံ ဖြစ်သွားပြီ။ ဒီသရဏဂုံဟာ ပဏိပါတဆိုတဲ့ တကယ် ရိုသေတုပ်ဝပ် သောအားဖြင့် ခံယူတဲ့ ပဏိပါတသရဏဂုံ။

## ပဏိပါတ အပြား

ရိုရိုသေသေ လေးလေးမြတ်မြတ် တုပ်ဝပ်ရှိခိုးတဲ့ သရဏဂုံဟာ ဘယ်နှစ် မျိုးရှိသတုံးဆိုတော့—

"သော ပန ဉာတိဘယာစရိယ ဒက္ခိဏေယျဝသေန စတုဗ္ဗိဓော ဟောတိ"။ ပန၊ ဆက်၍ ပြောရလျှင်။ သော—သော၊ ထိုပဏိပါတဆိုတဲ့ ရိုသေ တုပ်ဝပ်ခြင်း သရဏဂုံသည်။ ဉာတိဘယာစရိယ ဒက္ခိဏေယျ ဝသေန၊ ဆွေမျိုး၏ အဖြစ်, ကြောက်သည်၏အဖြစ်, ဆရာ၏အဖြစ်,မြတ်သော အလှူခံ ပုဂ္ဂိုလ်၏ အဖြစ်တို့၏ အစွမ်းဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဆိုလိုတာကတော့ ဉာတိပဏိပါတ—ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးခြင်း။ ဘယပဏိပါတ—ကြောက်သောအားဖြင့် ရှိခိုးခြင်း။ အာစရိယ ပဏိပါတ—ဆရာအဖြစ်ဖြင့် ရှိခိုးခြင်း။ ဒက္ခိဏေယျပဏိပါတ—မြတ်သော အလှူခံ ပုဂ္ဂိုလ်၏အဖြစ်ဖြင့် ရှိခိုးခြင်းလို့ ပဏိပါတဆိုတဲ့ သရဏဂုံလေး မျိုး။ ဒီတော့ ရှိခိုးယင်လဲ သရဏဂုံတည်တာပဲ ဆိုတာသိရတယ်။

## ဒကာတဦး အံ့မေး

တခါတုန်းက ဘုန်းကြီးကို ဒကာတယောက် လျှောက်တယ်။ ဘုန်းကြီး က ပရိတ်ကြီး နိဿယထဲ ရေးထားတာကိုး။ မောရသုတ်မှာ၊ မောရသုတ်မှာ တချို့က ပြောကြတယ်။ ဒီဥဒေါင်းမင်းကြီးဟာ ဘုရားလောင်း ဥဒေါင်းမင်း ကြီးဟာ နေကို ရှိခိုးတာ "မိစ္ဆာဒိဋ္ဌိ"အလုပ်ပဲလို့။ အဲဒီမှာ နေကိုရှိခိုးတဲ့ ဂါထာပါတယ်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတွေ ရှိခိုးတဲ့ ဂါထာလဲ

ပါတယ်။ အဲဒီတော့ နေကို ရှိခိုးတာဟာ ဒိဋ္ဌိလို့ အယူမှားတယ်လို့ တချို့က ဆိုကြတယ်။ ဒီတော့ ဘုန်းကြီးက အဲဒီမှာ ရေးထားတာ ဘယ်လိုရေးထားတုံးဆိုတော့ နေကိုရှိခိုးတာက ဘုရားလောင်းက လောကအတွက် ရည်ရွယ်ပြီး ရှိခိုးတာ။ အဲဒီနောက် သံသရာကျိုး ရည်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်တွေ့ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေကို ရှိခိုးခဲ့တယ်။ ရှိခိုးခဲ့တဲ့အတွက် သူ့မှာ သရဏဂုံမပျက်ဘူး။ သရဏဂုံမပျက်လို့ မိစ္ဆာဒိဋ္ဌိလို့ မဆိုနိုင်ဘူးလို့ ဒီလိုရှင်းထားခဲ့တာပါတယ်။ ပါတော့ ဒကာတယောက်က လျှောက်တယ်။ ဆရာတော် သရဏဂုံမပျက်ဘူးလို့ ရေးထားတယ်။ ဒီဘုရားလောင်း ဥဒေါင်းမင်းဟာ သရဏဂုံမပျက်ရအောင် ဘယ်တုန်းက သရဏဂုံ ယူထားပါသတုံးလို့ အဲသလို မေးဖူးတယ်။ မေးတော့ဘုန်းကြီးက ဒီသရဏဂုံအပြားနဲ့ သရဏဂုံဆိုတာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည် ခံယူဆောက်တည်ခြင်းဟာလဲ တမျိုးပဲ။ ရှိခိုးခြင်းအားဖြင့် သရဏဂုံတည်တာလဲ တမျိုးပဲ အခုဥဒေါင်းမင်းဟာ—

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

စသည်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်တွေ ရှိခိုးတာ ပါတယ်။ တရားတော်ကို ရှိခိုးတာပါတယ်။ ရဟန္တာတွေ ရှိခိုးတာပါတယ်။ ဒါကြောင့် အဲဒီရှိခိုးခြင်းဟာသရဏဂုံပါပဲ။ အခုပြောတဲ့ပဏာမပါတာသရဏဂုံပဲ။ ဒါကြောင့်မို့လို့ ရှိခိုးလိုက်လို့ရှိယင်လဲ သရဏဂုံ တည်တာပဲ။

## ရှိခိုးတိုင်း သရဏဂုံ တည်သလား

နို့ ရှိခိုးလိုက်လို့ သရဏဂုံ တည်တယ်လို့ ဆိုတယ်။ ရှိခိုးတိုင်း သရဏဂုံ တည်သလား ဆိုတော့ ဒီလိုတော့ မဟုတ်ဘူး "ဒက္ခိဏေယျ ဝသေနေဝ သရဏံဟောတိ၊ န ဣတရေဟိ"လို့ ဒီလိုဆိုထားတယ်။ ကျမ်းဂန်မှာ ခုန

လေးမျိုးထဲမှာ ဉာတိ—ဆွေမျိုး၏အဖြစ်ဖြင့် ရှိခိုးတယ်။ ဘယ—ကြောက်သည်၏အဖြစ်ဖြင့် ရှိခိုးတယ်။ အာစရိယ-ဆရာအဖြစ်ဖြင့် ရှိခိုးတယ်။ ဒက္ခိဏေယျ-မြတ်သောအလှူခံပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးတယ်။ လေးမျိုး။အဲဒီလေးမျိုးတို့တွင် ဒက္ခိဏေယျ—မြတ်သော အလှူခံပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးမှသာ သရဏဂုံမြောက်တယ်။ ဉာတိ-ဆွေးမျိုး၏အဖြစ်ဖြင့် ရှိခိုးလို့ သရဏဂုံမမြောက်။ ဘယ-ကြောက်လို့ ရှိခိုးတာလဲ သရဏဂုံမမြောက်ဘူး။အာစရိယ-ဆရာဖြစ်လို့ရှိခိုးတာလဲ သရဏဂုံမမြောက်ဘူးတဲ့။ "သေဋ္ဌဝသေနေဝ ဟိ သရဏံ ဟောတိ၊ သေဋ္ဌဝသေန စ ဘိဇ္ဇတိ" မြတ်သည်၏ အစွမ်းဖြင့်သာ သရဏဂုံဖြစ်တယ်။ မြတ်သည်၏ အစွမ်းဖြင့်လဲ သရဏဂုံပျက်တယ်။ သရဏဂုံပျက်တာလဲ အမြတ်၏အစွမ်းအားဖြင့် ပျက်တာ။ သရဏဂုံဖြစ်တာလဲ အမြတ်၏အစွမ်းအားဖြင့် သရဏဂုံဖြစ်တယ်။ ဘယ်လို မြတ်သည်၏အစွမ်းဖြင့် သရဏဂုံဖြစ်သတုံး။ ဘယ်လို မြတ်သည်၏ အစွမ်းအားဖြင့် သရဏဂုံပျက်သတုံး။ ဒါလေးကတော့ နောက်ပြောရမယ်။

## သရဏဂုံ မမြောက်သော ရှိခိုးခြင်း

ဒီတော့ ဘုရားရှင့်ဆွေမျိုး့သာကီဝင် တယောက်ယောက်က ဘုရားရှင်ကိုယ်တော်မြတ်ကို ဤဘုရားရှင် ကိုယ်တော်မြတ်ဟာဖြင့် တို့ရဲ့ ဆွေမျိုးပဲလို့ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးတယ် ဆိုလို့ရှိယင် အဲဒါ သရဏဂုံယူရာ မရောက်ဘူးတဲ့နော်။ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးတာဟာ သရဏဂုံမမြောက်ဘူး။ သရဏဂုံမဖြစ်ဘူး။ ပြီးတော့ ရှင်ဂေါတမဟာ ရှင်တော်မြတ်ဘုရားဟာ ရာဇပူဇိတ-မင်းတို့ရဲ့ အပူဇော်ခံရတယ်။ မဟာနုဘာဝ-ကြီးသော အာနုဘော်ရှိတယ်။ မြတ်စွာဘုရားဟာ မင်းအပူဇော် ခံရတဲ့ပုဂ္ဂိုလ်။ အင်မတန် တန်ခိုးအာနုဘော်လဲ ရှိတယ်။ ငါရှိမခိုးလို့ရှိယင် ငါ့အကျိုးမဲ့ကို မြတ်စွာဘုရားက ပြုချင်ပြုလိမ့်မည်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ဂုဏ်၊ မင်းဆရာဆိုတဲ့ဂုဏ်၊ပြီးတော့ တန်ခိုးကြီးမားတဲ့ဂုဏ် ကြောက်သောအားဖြင့် ရှိခိုးမယ်ဆိုယင် အဲဒါသရဏဂုံမတည်ဘူး။ ကြောက်သောအားဖြင့် ရှိခိုးခြင်းဟာလဲ သရဏဂုံမတည်ဘူး။ ပြီးတော့ ဆရာ မြတ်စွာဘုရား ဘုရားလောင်း

လေးမျိုးထဲမှာ ဉာတိ—ဆွေမျိုး၏အဖြစ်ဖြင့် ရှိခိုးတယ်။ ဘယ—ကြောက်သည်၏အဖြစ်ဖြင့် ရှိခိုးတယ်။ အာစရိယ-ဆရာအဖြစ်ဖြင့် ရှိခိုးတယ်။ ဒက္ခိဏေယျ-မြတ်သောအလှူခံပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးတယ်။ လေးမျိုး။ အဲဒီလေးမျိုးတို့တွင် ဒက္ခိဏေယျ—မြတ်သော အလှူခံပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးမှသာ သရဏဂုံမြောက်တယ်။ ဉာတိ–ဆွေးမျိုး၏အဖြစ်ဖြင့် ရှိခိုးလို့ သရဏဂုံမမြောက်။ ဘယ-ကြောက်လို့ ရှိခိုးတာလဲ သရဏဂုံမမြောက်ဘူး။ အာစရိယ-ဆရာဖြစ်လို့ ရှိခိုးတာလဲ သရဏဂုံမမြောက်ဘူးတဲ့။ "သေဋ္ဌဝသေနေဝ ဟိ သရဏံ ဟောတိ၊ သေဋ္ဌဝသေန စ ဘိဇ္ဇတိ" မြတ်သည်၏ အစွမ်းဖြင့်သာ သရဏဂုံဖြစ်တယ်။ မြတ်သည်၏ အစွမ်းဖြင့်လဲ သရဏဂုံပျက်တယ်။ သရဏဂုံပျက်တာလဲ အမြတ်၏အစွမ်းအားဖြင့် ပျက်တာ။ သရဏဂုံဖြစ်တာလဲ အမြတ်၏အစွမ်းအားဖြင့် သရဏဂုံဖြစ်တယ်။ ဘယ်လို မြတ်သည်၏အစွမ်းဖြင့် သရဏဂုံဖြစ်သတုံး။ ဘယ်လို မြတ်သည်၏ အစွမ်းအားဖြင့် သရဏဂုံပျက်သတုံး။ ဒါလေးကတော့ နောက်ပြောရမယ်။

## သရဏဂုံ မပြောက်သော ရှိခိုးခြင်း

ဒီတော့ ဘုရားရှင်,ဆွေမျိုး,သာကီဝင် တယောက်ယောက်က ဘုရားရှင်ကိုယ်တော်မြတ်ကို ဤဘုရားရှင် ကိုယ်တော်မြတ်ဟာဖြင့် တို့ရဲ့ ဆွေမျိုးပဲလို့ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးမယ် ဆိုလို့ရှိယင် အဲဒါ သရဏဂုံယူရာ မရောက်ဘူးတဲ့နော်။ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးတာဟာ သရဏဂုံမမြောက်ဘူး။ သရဏဂုံမဖြစ်ဘူး။ ပြီးတော့ ရှင်ဂေါတမဟာ ရှင်တော်မြတ်ဘုရားဟာ ရာဇပူဇိတ-မင်းတို့ရဲ့ အပူဇော်ခံရတယ်။ မဟာနုဘာဝ-ကြီးသော အာနုဘော်ရှိတယ်။ မြတ်စွာဘုရားဟာ မင်းအပူဇော် ခံရတဲ့ပုဂ္ဂိုလ်။ အင်မတန် တန်ခိုးအာနုဘော်လဲ ရှိတယ်။ ငါရှိမခိုးလို့ရှိယင် ငါ့အကျိုးမဲ့ကို မြတ်စွာဘုရားက ပြုချင်ပြုလိမ့်မည်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ဂုဏ်, မင်းဆရာဆိုတဲ့ဂုဏ်,ပြီးတော့ တန်ခိုးကြီးမားတဲ့ဂုဏ် ကြောက်သောအားဖြင့် ရှိခိုးမယ်ဆိုယင် အဲဒါသရဏဂုံမတည်ဘူး။ ကြောက်သောအားဖြင့် ရှိခိုးခြင်းဟာလဲ သရဏဂုံမတည်ဘူး။ ပြီးတော့ ဆရာ မြတ်စွာဘုရား ဘုရားလောင်း

အလှူခံ၊ မြတ်သော အလှူကို ခံတော်မူထိုက်တဲ့ အဂ္ဂဒက္ခိဏေယျ — မြတ်သော အလှူခံပုဂ္ဂိုလ်။ တကယ်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အနေနဲ့ ရှိခိုးမှသာလျှင် အဲဒါ သရဏဂုံမြောက်တယ်တဲ့။ ဒီတော့ ရှိခိုးပုံလေးမျိုး။ သုံးမျိုးက သရဏဂုံ မမြောက်ဘူး။ ဆွေမျိုးအဖြစ်နဲ့ ရှိခိုးမယ်။ သရဏဂုံမမြောက်ဘူး။ ကြောက်လို့ ရှိခိုးမယ်၊ သရဏဂုံမမြောက်ဘူး။ ဆရာအဖြစ်နဲ့ ရှိခိုးမယ်၊ သရဏဂုံ မမြောက်ဘူး။ ဒီဘုရားရှင် ကိုယ်တော်မြတ်ဟာ တကယ့်မြတ်သော အလှူကို ခံယူတော်မူထိုက်တဲ့ ပုဂ္ဂိုလ်၊ တကယ်မှန်မြတ်တဲ့ ပုဂ္ဂိုလ်။ အဲဒီလိုမြတ်တဲ့အနေနဲ့ ရှိခိုးမှသာလျှင် သရဏဂုံမြောက်တယ်လို့ သရဏဂုံမြောက်ပုံကို ပြောတယ်။

## သရဏဂုံ ပျက်၊ မပျက်

အဲဒီတော့လောကမှာ သရဏဂုံခံယူဆောက်တည်ထားတဲ့ ဥပါသကာ ဥပါသိကာ တယောက်ဟာ တို့ဆွေမျိုးပဲလို့ တိတ္ထိတယောက်ကို ရှိခိုးမယ်ဆိုယင် အဲဒါ သရဏဂုံ မပျက်ဘူးတဲ့။ ဘာဖြစ်လို့တုံး၊ ဆွေမျိုး၏ အဖြစ်ဖြင့် ရှိခိုးလို့။ ဘုရားကိုယ်တော်မြတ်၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာ ဥပါသိကာ တယောက်ဟာ ဆွေမျိုးအနေအထားအားဖြင့် တိတ္ထိလို ပုဂ္ဂိုလ်မျိုး ရှိခိုးပေမယ့် သရဏဂုံမပျက်ဘူး။ ဒီပုဂ္ဂိုလ်ဟာ ခုနပြောသလို အဂ္ဂဒက္ခိဏေယျ မြတ်သောအလှူကို ခံထိုက်တယ်။ လောက တကယ်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုပြီး ရှိခိုးယင်တော့ သရဏဂုံပျက်တယ်။ ဒါ ဘုန်းကြီး ခုနပြောခဲ့ပြီ "သေဋ္ဌဝသေန ဟိ သရဏံ ဟောတိ သေဋ္ဌဝသေနေဝ ဘိဇ္ဇတိ" သရဏဂုံ တည်တယ် ဆိုတာဟာ တကယ်မြတ်သည်၏ အစွမ်းအားဖြင့် တည်တယ်။ သရဏဂုံ ပျက်တယ်ဆိုတာလဲ တကယ် မြတ်သည်၏ အစွမ်းအားဖြင့် ပျက်တယ်။ ဘုရားရှင် ရတနာသုံးပါးအပေါ်မှာ တကယ် မြတ်တဲ့ပုဂ္ဂိုလ်တွေ တကယ့် အဂ္ဂဒက္ခိဏေယျ မြတ်သော အလှူခံ ထိုက်တဲ့ ပုဂ္ဂိုလ်တွေလို့ ရှိခိုးလို့ သရဏဂုံတည်တာ။ အဲဒီ ပုဂ္ဂိုလ်က ပြောင်းပြီးတော့ တိတ္ထိကို တိတ္ထိပုဂ္ဂိုလ်ကို တကယ်မြတ်တဲ့ ပုဂ္ဂိုလ်၊ တကယ်မြတ်သော အလှူခံ ပုဂ္ဂိုလ်လို့ ပြောင်းပြီး ကိုးကွယ်လိုက်ပြီဆိုယင် အဲဒါ သရဏဂုံပျက်တာပဲ။

ဒါကြောင့် သရဏဂုံဟာ မြတ်သည်၏ အစွမ်းအားဖြင့် တည်တယ်။ မြတ်သည်၏ အစွမ်းအားဖြင့် ပျက်တယ်လို့ စောစောက ပြောခဲ့တယ်။

## သရဏဂုံ ပျက်၊ မပျက် အဆက်

အဲဒါလိုပဲ တစ်ယောက်သော ရှင်ဘုရင်ကို ကြောက်သောကြောင့် ရှိခိုးတယ်။ ရှေးကတော့ သက်ဦးဆံပိုင်တွေကိုး။ ရှိမခိုးလို့ရှိယင် အကျိုးမဲ့ပြုမှာပဲလို့ ကြောက်ပြီးတော့ ရှင်ဘုရင်ကို ရှိခိုးလို့ရှိယင် သရဏဂုံ မပျက်ဘူး။ ဘာဖြစ်လို့တုံး။ ကြောက်လို့ ရှိခိုးတာ။ ဒီပုဂ္ဂိုလ်ဟာ ထူးမြတ်တဲ့ပုဂ္ဂိုလ်၊ အမြတ်ဆုံး ပုဂ္ဂိုလ်ဆိုတဲ့ အဖြစ်မျိုးနဲ့ ရှိခိုးတာမဟုတ်ဘူးတဲ့။ အဲဒီနောက် တိတ္ထိကြီးပဲဖြစ်ဖြစ်၊ ကိုယ့်ကို ပညာသင်ပေးဖူးတယ်။ ပညာသင်ပေးဖူးတဲ့ တိတ္ထိကြီး။ အဲဒီတိတ္ထိကြီးကို ငါ့ဆရာပဲလို့ ဆရာအနေနဲ့ ရှိခိုးနိုင်တယ်။ အဲဒီရှိခိုးတဲ့ပုဂ္ဂိုလ်ဟာ သရဏဂုံပျက်မလားဆိုတော့မပျက်ဘူး။ဘယ်ဆိုယင်ပျက်မတုံး၊ ဒီပုဂ္ဂိုလ်ဟာ အင်မတန် မြတ်တဲ့ပုဂ္ဂိုလ်ဆိုပြီးတော့ ဘုရားပစ်ပြီး ကိုးကွယ်ယင်ဖြင့် အဲဒီအခါမှာ သရဏဂုံ ပျက်တယ်နော်။ အဲဒါကြောင့် သရဏဂုံဟာ တည်တာလဲ မြတ်သည်၏ အစွမ်းအားဖြင့် တည်တယ်။ ပျက်တဲ့အခါကျတော့လဲ မြတ်သည်၏ အစွမ်းအားဖြင့် ပျက်တယ်လို့ဆိုတာဟာ ဘုရား၊ တရား သံဃာကို မြတ်သည်၏ အစွမ်းအားဖြင့် ရှိခိုးယင် သရဏဂုံတည်တယ်။ တခြားပုဂ္ဂိုလ်တယောက်ကို ဂုဏ်မရှိတဲ့ ပုဂ္ဂိုလ်တယောက်ကို မြတ်တယ်ဆိုပြီးတော့ ရှိခိုးမယ်ဆိုယင် ဘုရားကို ပစ်ပယ်ပြီးတော့ တရား သံဃာ ပစ်ပယ်ပြီးတော့ ရှိခိုးမယ်ဆိုယင် သရဏဂုံ ပျက်တယ်တဲ့။ အဲဒါကြောင့် သရဏဂုံဆိုတာဟာ မြတ်သည်၏ အစွမ်းအားဖြင့် တည်တယ်။ မြတ်သည်၏ အစွမ်းအားဖြင့် ပျက်တယ်။ ဘုန်းကြီးတို့ နောက်ဆုံး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ရှိခိုးတယ်ဆိုတဲ့နေရာမှာ ခုနပြောသလို တို့ဆရာပဲလို့ ဆွေမျိုးပဲ သို့မဟုတ် ကြောက်လို့ ရှိခိုးတယ်ဆိုယင် ဘုရားရှိခိုးတာတောင်မှ သရဏဂုံမတည်ဘူး။ ဒီပုဂ္ဂိုလ်ဟာ ဒီဘုရားရှင်ကိုယ်တော်ဟာ အဂ္ဂဒက္ခိဏေယျ မြတ်သောအလှူခံ ပုဂ္ဂိုလ် တကယ့်မွန်မြတ်တဲ့ ပုဂ္ဂိုလ်လို့ အဲဒီအနေနဲ့ ရှိခိုးမှ သရဏဂုံတည်တယ်တဲ့နော်။

## နတ် ကိုးကွယ်လျှင် သရဏဂုံ ပျက်သလား

အခုခေတ် နတ်ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ နတ်ကိုးကွယ်တာကို တချို့ကအင်မတန် လုံး၀ရစရာမရှိအောင် ပစ်ပယ်လိုက်တာလဲရှိတယ်။ တချို့ကတော့ နတ်ကိုးကွယ်တာကို အလေးထားပြီးတော့ ကိုးကွယ်ကြတယ်။ အဲဒီတော့ နှစ်မျိုးရှိတယ်။ နတ်ကိုးကွယ်တဲ့ လူတမျိုး၊ နတ်မကိုးကွယ်တဲ့ လူတမျိုး၊ နှစ်မျိုး။ ဒီတော့ ဘယ်ပုဂ္ဂိုလ်က မှန်သလဲ။ ဒီတော့ တဘက်စွန်း မရောက်ရဘူးနော်။ နတ်ကိုးကွယ်တဲ့လူကို တချို့က သရဏဂုံပျက်တယ်လို့ ပြောကြတယ်။ တချို့ကလဲ နတ်ကိုးကွယ်တာဟာ သရဏဂုံ မပျက်ပါဘူးလို့ ပြောကြတယ်။ အဲဒီတော့ ဘုန်းကြီးတို့ နတ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေကို သရဏဂုံပျက်တယ်လို့လဲ ကေန်ပြောလို့မဖြစ်ဘူး။ သူ့အမူလိုက်လို့ပဲ။ ခုနပြောသလိုပဲ ဘုရားကို ပစ်ပယ်ပြီးတော့ နတ်ကိုသာ ကိုးကွယ်ရလို့ ကိုးကွယ်ယင် အဲဒါကတော့ ပျက်မှာပေါ့။ ဒီလိုမဟုတ်ပဲနဲ့ ဘုရားကို မပစ်ပယ်ပဲနဲ့ ဘုရားကို ကိုးကွယ်ပြီးတော့ နတ်ကို လောကစီးပွား, ကြီးပွားရာ ကြီးပွားကြောင်း အနေဖြင့် ကိုးကွယ်တာကိုတော့ သရဏဂုံ ပျက်တယ်လို့ မဆိုနိုင်ဘူး။ နတ်ကိုးကွယ်မှုကို ဘုရားရှင် ကိုယ်တော်မြတ်ကလဲ မပစ်ပယ်ပါဘူး။

## ဗလိ ငါးပါး

ဘုန်းကြီးတို့ ဗလိငါးမျိုးဆိုတာ ဘုရားဟောထားတာရှိတယ်။ ဗလိငါးမျိုး ဉာတိ ဗလိ၊ အတိထိ ဗလိ၊ ပုဗ္ဗပေတ ဗလိ၊ ရာဇ ဗလိ၊ ဒေ၀တာ ဗလိတဲ့။ ဒီတော့ ဉာတိဗလိဆိုတာ ဆွေမျိုးတွေကို ပေးကမ်းတာ။ ဆွေမျိုးတွေကို ပေးကမ်းတဲ့ ပေးကမ်းဖွယ်တွေကို ဉာတိဗလိတဲ့။ အတိထိဗလိ ဆိုတာ ဧည့်သည်စောင်သည်တွေကို ပေးကမ်းတဲ့ ပေးကမ်းဖွယ်တွေကို အတိထိဗလိ။ ပုဗ္ဗပေတဗလိဆိုတာ ကွယ်လွန်ခဲ့ပြီးတဲ့ မိဘဆွေမျိုးတွေအတွက် ပေးကမ်းတာကို ပုဗ္ဗပေတဗလိ။ ရာဇဗလိဆိုတာ မင်းအတွက် ပေးရတဲ့ အခွန်အတုပ်တွေဘာတွေကို ရာဇဗလိဆိုတယ်။ ဒေ၀တာဗလိဆိုတာ နတ်တွေကို ပူဇော်ပသမှုကို ဒေ၀တာဗလိတဲ့။

ဗလိငါးမျိုး ဘုရားရှင် ကိုယ်တော်မြတ် ခွင့်ပြုထားတာရှိတယ်။ အဲဒါကြောင့် နတ်ကိုးကွယ်မှုကို ဘုရားရှင်က လုံးလုံးမပစ်ပယ်ဘူး။ ဘုန်းကြီးတို့ "အပရိဟာနိယ" တရား (၇)ပါး ဆိုတာ ဘုရားဟောထားတာ ရှိတယ်။ မှဆုတ်ယုတ်ကြောင်း ကြီးပွားတိုးတက်ကြောင်း တရားငါးပါး။ အဲဒီအထဲမှာ ဒေဝတာ နတ်တို့ကို မိမိတို့ ရိုးရာအလိုက် ကိုးကွယ်နေကြတဲ့ အစဉ်အလာအားဖြင့် ပူဇော်နေကြတဲ့ နတ်တွေကို တရားသဖြင့် ပူဇော်တာ မဆုတ်ယုတ်ကြောင်း ကြီးပွားကြောင်းအဖြစ်ဖြင့် ဟောထားတာ ရှိပါတယ်။ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကလဲ နတ်ကိုမပယ်ဘူး။

လူတွေ လူ့လောကအလိုက် မျှမျှတတပေါ့။ လောက ကြီးပွားကြောင်းလိုလားပြီးတော့ နတ်တွေ ပူဇော်တာကို သရဏဂုံ ပျက်တယ်လို့ မဆိုနိုင်ဘူး။ ဘုရားကို ပယ်ပြီးတော့ နတ်ကို လုံးလုံး အမြတ်အဖြစ်နဲ့ ကိုးကွယ်မှ ဒါမှ သရဏဂုံပျက်တယ်။ အဲသလိုမဟုတ်ပဲနဲ့ လောကအတွက် နတ်ကို အားကိုးတခု ပြုပြီး ပူဇော်ပသတာကိုတော့ မြတ်စွာဘုရားက မပယ်ပါဘူး။ ခုနပြောသလို ခွင့်ပြုထားတာတွေ ရှိတယ်။ အဲဒါကြောင့်မို့လို့ မိမိကိုးကွယ်တယ်ဆိုတာ ခုနပြောသလို ရှိခိုးတယ်ဆိုတာဟာ အမြတ်အဖြစ်နဲ့ ရှိခိုးမှ သရဏဂုံပျက်တယ်။ ဘုရားကို ကိုးကွယ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ဒိပြင် ပုဂ္ဂိုလ်တဦး ဒိပြင်အရာတခု၊ နတ်ဖြစ်ဖြစ်၊ ဆရာဖြစ်ဖြစ်၊ တိတ္ထိဖြစ်ဖြစ်၊ အမြတ်အဖြစ်ဖြင့် ကိုးကွယ်ယင် သရဏဂုံ ပျက်တယ်။ အမြတ်အဖြစ်ဖြင့် ကိုးကွယ်တာ မဟုတ်ပဲနဲ့ လောကအတွက် ကိုးကွယ်တာကျတော့ မပျက်ဘူး။ ဒါကြောင့် နတ်ကိုးကွယ်ယင် သရဏဂုံ ပျက်တယ်လို့ တထစ်ချလဲ ပြောမရဘူး။ နတ်တွေကို တခါတည်း လုံးလုံးယုံပြီးတော့ ဘုရားတောင်ပစ်ပြီးတော့ ပူဇော်မှုမျိုးလဲ မပြုရဘူး။ မျှမျှတတပေါ့။ ပူဇော်ချင်တဲ့ ပုဂ္ဂိုလ် ပူဇော်နိုင်တာပဲ။ သို့သော် နတ်တွေကို အမျှအတန်း ပေးဝေကြ။ မေတ္တာပို့ကြခြင်းဟာ နတ်တွေဆိုတာ အခါခပ်သိမ်း စောင့်ရှောက်နိုင်တာတော့ မဟုတ်ဘူးပေါ့။ သို့သော်လဲပဲ သူတို့လိုလားတဲ့အခါ သူတို့တတ်နိုင်တဲ့အခါမှာ စောင့်ရှောက်ကြတဲ့ သာဓကတွေလဲရှိတယ်။ မတတ်နိုင်လို့ သူတို့ ဘေးဖယ်နေရတဲ့ သာဓကတွေရှိတယ်။

ဒါကြောင့်နတ်ကို သိပ်ပြီးလဲ ယုံပြီးမပုံကြရဘူး။လုံးလုံးလဲမပစ်ပယ်ရဘူး။ ဘာ မဆိုမျှမျှတတဆိုယင်သရဏဂုံ မပျက်ပါဘူး။အဲဒါကြောင့်မို့လို့ ဘုရား,တရား, သံဃာ ရတနာမြတ်သုံးပါးကို ကောင်းမြတ်သော ကိုးကွယ်ခြင်းဖြင့် အမြဲမ ပြတ်ကိုးကွယ်နိုင်ကြပြီးတော့ သရဏဂုံ ကိုယ်လုံးထုံကြပြီး ဘေးရန်အန္တရာယ် ကင်းငြိမ်းပြီးတော့ ကောင်းကျိုးချမ်းသာတွေ ဖြစ်ပွားကြပါစေသတည်း။

★ ★

## ၁၃၄၆ ခု၊ သီတင်းကျွတ်လပြည့်။ (၉ – ၁၀ – ၈၄)

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာ မြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော လောက ထွတ်ထား ဘုရား အမြတ်ဆုံးရတနာ၊ သွာက္ခာတတာ – အစဖြာသည့် ခြောက်ဖြာသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော တရားအမြတ်ဆုံးရတနာ၊ သုပ္ပဋိပန္နတာ အစဖြာသည့် ကိုးဖြာသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာ အမြတ်ဆုံးရတနာ၊ တကယ့်ရှိခိုးထိုက်၊ မြတ်နိုးထိုက်၊ ပူဇော်ထိုက်၍ တကယ့် ရတနာအစစ် ဖြစ်တော်မူကြသော ထိုဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ပဏာမ မင်္ဂလာ မဟာကုသိုလ် ဇောစေတနာကြောင့် ဘေးဒုက္ခရန်စွယ် အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်း၍ ကောင်းမြတ်သော ဇာဋ္ဌာရုံ အမြဲတမ်းကြုံရ၍ ဒုက္ခခပ်သိမ်း ငြိမ်းကြီးငြိမ်းကာ ချမ်းသာအစစ် ဖြစ်သော သန္တိသုခ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြသည်ဖြစ်စေ ....

ဂုဏ်သိလေ တန်ခိုးရှိလေ –

ဒီနေ့ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာနေ့။ ရန်ကုန်တမြို့လုံးတော့ အဘိဓမ္မာအသံတွေ လွှမ်းသွားမှာပဲ။ ဘုန်းကြီးတို့ မြန်မာပြည်ကြီးဟာ တခြားတိုင်းပြည်တွေလို ဘေးဒုက္ခတွေ တယ်မကြုံရဘူး။ အဲသလို မကြုံတာဟာ – ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးရဲ့ ကျေးဇူးလို့ ယုံကြည်ကြတယ်။ ခုန ပြောသလို တရားသံတွေ လွှမ်းနေကြတယ်။ ဒီနေ့ ဘုန်းကြီးက သီတင်းကျွတ်လပြည့်ဆိုတော့ သီတင်းကျွတ်လပြည့် တရားဟောဖို့ တာဝန်ရှိတယ်။ ဒါပေမယ့် သရဏဂုံတရားက ဒီနေ့ နောက်ဆုံး နိဂုံးချုပ်ရမဲ့ နေ့မို့လို့

သရဏဂုံတရားလေးပဲ ဆက်ဟောရမယ်။ အဲဒီတော့ သရဏဂုံဆိုတာဟာ ဗုဒ္ဓမြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်။ အသိအမှတ် ပြုပါတယ်။ တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါတယ်။ အသိအမှတ် ပြုပါတယ်။ သံဃာတော်မြတ် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်။ အသိအမှတ် ပြုပါတယ်ဆိုတော့ ဘုန်းကြီးတို့ ဘုရား, တရား, သံဃာကို ကောင်းကောင်းသိဖို့ အရေးကြီးတယ်။ အဲဒါကြောင့် နောက် နောင်က ဘုန်းကြီး ဘုရား, တရား, သံဃာ ဂုဏ်တော်လေးတွေကို ဖေါ်ပေးခဲ့တယ်။ အထူးသဖြင့် ကောသလမင်းကြီးရဲ့ ဘုရား,တရား, သံဃာအပေါ် ကြည်ညိုပုံလေး ပြောခဲ့တယ်။ အဲသလို ပြောခဲ့တာဟာ သရဏဂုံဆိုတာဟာလဲပဲ ဘုရားဂုဏ်သိလေ သူကတန်ခိုးရှိလေ။ တရားဂုဏ်သိလေ တန်ခိုးရှိလေ။ သံဃာဂုဏ်သိလေ တန်ခိုးရှိလေ။ ဒါကြောင့် ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်လေးတွေ ဖော်ပြီးတော့ နောက်နောက်က ပြောလာခဲ့ရတာ အပတ်တိုင်းလိုလိုပါပဲ။ အနည်းနဲ့ အများဆိုသလိုပဲ ဂုဏ်တော်လေးတွေ ပါပါသွားတယ်။ ဒါကြောင့် ဂုဏ်တော်သိဖို့က အရေးကြီးတယ်။ အဲဒီတော့ သရဏဂုံဆိုတာ သရဏဂုံဆိုတာက ဘာ၊ သရဏဂုံတည်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘာဆိုတဲ့အကြောင်း တွေတော့ ဟောခဲ့ပြီ။

## လောကုတ္တရာသရဏဂုံအကျိုးရင်း

ဒီနေ့ သရဏဂုံရဲ့ အကျိုးတရားနဲ့ သရဏဂုံ ညစ်ညူးခြင်း၊ သရဏဂုံရဲ့ ပျက်စီးခြင်းဆိုတဲ့ အချက်သုံးချက်။ ဒီနေ့ဟောမယ်။ သရဏဂုံရဲ့ အကျိုးဆိုတာဘာတုံးဆိုတော့ ဘုန်းကြီးနောက်က ပြောခဲ့တဲ့အတိုင်း လောကုတ္တရာ သရဏဂုံရှိတယ်။ လောကီသရဏဂုံရှိတယ်။ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးက "တတ္ထ လောကုတ္တရ သရဏဂမနဿ စတ္တာရိ သာမညဖလာနိ ဝိပါကဖလံ၊ သဗ္ဗဒုက္ခက္ခယော အာနိသံသဖလံ" စ၊ ဆက်၍ဆိုဦးအံ့။ တတ္ထ၊

ဤသရဏဂုံတို့တွင်။ လောကုတ္တရသရဏဂမနသည်၊ လောကုတ္တရာသရဏဂုံ၏။ စတ္တာရိ၊ လေးပါးကုန်သော။သာမညဖလာနိ၊ သာမဏ္ဏဖြစ်ကြောင်း ကောင်း မြတ်သော မဂ်တရား၏ အကျိုးဖိုလ်တို့သည်။ ဝိပါကဖလံ၊ဝိပါက်ဆိုအပ် သော အကျိုးတည်း။ ဝါ၊ အကျိုးရင်းတည်း။ လောကုတ္တရာ သရဏဂုံ ဆိုတာဟာ တခြားမဟုတ်ဘူး။ သစ္စာလေးပါး သိမြင်ခြင်းကို လောကုတ္တရာ သရဏဂုံလို့ နောက်ကလဲ ပြောခဲ့ပါပြီ။ အရိယမဂ်တရား၊ ဆိုလိုရင်း ကတော့ အရိယမဂ်တရားဟာ လောကုတ္တရာ သရဏဂုံ၊ အဲဒီတော့ လောကုတ္တရာ သရဏဂုံ အရိယမဂ်တရားဆိုယင် သူ့အကျိုးကတော့ ရှင်းနေတာပဲ။ မဂ်တရား၏ အကျိုးဟာ ဖိုလ်ပဲကိုး။ အဲဒီတော့ အရိယာ မဂ်ဘည်းဟူသော လောကုတ္တရာ သရဏဂုံရဲ့ အကျိုးရင်းဟာ ဖိုလ်တရားပဲ။ လောကမှာ မဂ်တရား ရပြီလို့ဆိုယင် ဆက်ပြီးတော့ ဖိုလ်တရားလဲ ရ သွားတာပဲ။ ဖိုလ်တရားရပြီဆိုယင် လောကမှာ တကယ့်ငြိမ်းချမ်းမှု အရ သာ ခံစားရတယ်။ နောက်ကလဲ ပြောခဲ့ပါပြီ။ တရားတော်ဟာ ဘေး ကို ဖျောက်တတ်တယ်ဆိုတာ ဘယ်လိုနည်းနဲ့ ဖျောက်တတ်တုံးဆိုတော့။ အဿာသဒါနေန၊သက်သာရာပေးသဖြင့် ဖိုလ်တရားဟာ ဖျောက်တတ်တယ် လို့ နောက်ကဟောခဲ့တယ်။ ဒါကြောင့် ဖိုလ်တရားက သူရတဲ့ ပုဂ္ဂိုလ်တွေ ဖိုလ်ဝင်စားပြီးလို့ရှိယင် နိဗ္ဗာန်အာရုံကို အာရုံပြုနေရတယ်။ အင်မတန် အေး ချမ်းတဲ့ ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ချမ်းသာ အာရုံကြီးပါလို့ ထိုအခိုက်မှာ ထို ပုဂ္ဂိုလ်ရဲ့ ငြိမ်းချမ်းမှုကို....

ဩဇဝန္တေန သုစိနာ၊ သုခေန အဘိသန္ဒိတံ။
ယေန သာတာတိသာတေန၊ အမတေန မဒုံဝိယ။

လို့ ပုံဖော်ခဲ့တယ်။ နဂိုက ချိုလှသော ပျားရည်ကို အမြိုက်အရသာ ဖြင့် ရောစပ်ပေးလိုက်သလို ထိုဖိုလ်တရားကို သာယာအပ်သော ဈာန်,မဂ် ချမ်းသာတို့ထက် သာယာအပ်သော အဆီဩဇာနှင့် ပြည့်စုံသော ဖိုလ်ချမ်း သာဖြင့် စိုစွတ်စေအပ်၊ စိမ့်အောင် ပြုပေးအပ်တယ်လို့ ပုံဖော်ခဲ့ကြပါတယ်။ အင်မတန် ထူးခြားတဲ့ ချမ်းသာကို ပေးနိုင်တဲ့တရား။ ဒါကြောင့် လော ကုတ္တရာ သရဏဂုံရဲ့ မုချအကျိုးဟာ ဖိုလ်တရားပဲ။ ဖိုလ်တရား လေးပါး ပဲတဲ့။

အကျိုးဆက်က-အာနိသင်အကျိုးကတော့=

သဗ္ဗဒုက္ခက္ခယော၊ အလုံးစုံသော ဒုက္ခတို့၏ ကုန်ရာ နိဗ္ဗာန်သည်။ အာနိသံသဖလံ၊ အာနိသင်အကျိုးပေတည်း၊ ဆက်ကျိုးဆက်ပေတည်း။ အဲဒီတော့ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးဆက်ဟာ ဘာတုံးဆိုတော့ ဒုက္ခခပ်သိမ်းတို့၏ ကုန်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ပဲတဲ့။ အဲဒါနိဗ္ဗာန်ဟာ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးဆက်။ မဂ်တရားရဲ့ အကျိုး ဖိုလ်က လောကုတ္တရာ တရားရဲ့ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးရင်း။ နိဗ္ဗာန်တရားဟာ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးဆက်။ ဖိုလ်ဘရားရယင် နိဗ္ဗာန်လဲရတယ်။ ဖိုလ်တရားဖြင့် နိဗ္ဗာန်အာရုံပြု။ ဖိုလ်ချမ်းသာ ခံစားရတယ်။ အဲဒါ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးတဲ့။

အကျိုးဆက်တရပ်....

ဒါတင်လားဆိုတော့ မကသေးဘူး။ လောကုတ္တရာ သရဏဂုံ ရပြီလို့ ဆိုယင် နဂိုက အထင်လွဲနေတာတွေ ပျောက်၊ လောကုတ္တရာတရား ရကြတဲ့ ပုဂ္ဂိုလ်တွေဟာ သင်္ခါရတရားတွေ မြဲတယ်လို့ ဘယ်တော့မှ နှလုံးမသွင်းတော့ဘူး။ သင်္ခါရတရားတွေကို ချမ်းသာတယ်လို့ နှလုံးမသွင်းတော့ဘူး။ အတ္တစွဲလေးနဲ့ ချမ်းသာတယ်လို့ နှလုံးမသွင်းတော့ဘူး။သာမန် ချမ်းသာတယ်ဆိုတဲ့ နှလုံးသွင်းမှုမျိုးကတော့ ရှိသေးတယ်။ အတ္တစွဲလေးပါတဲ့ ချမ်းသာတယ်ဆိုတဲ့ နှလုံးသွင်းမှုမျိုးကတော့ မရှိတော့ဘူး။ သင်္ခါရတရားတွေကို ငါကောင် သူကောင် အသက်ကောင် လိပ်ပြာကောင် စသည်ဖြင့် အတ္တစွဲလေးနဲ့ စွဲတဲ့ ဒီအစွဲလဲ မရှိတော့ဘူး။ လောကုတ္တရာ သရဏဂုံရှိတဲ့ ပုဂ္ဂိုလ်ဟာ အမိကိုသတ်မယ်ဆိုတာ မဖြစ်နိုင်ဘူး။အဖကိုသတ်တဲ့ အာနန္တရိယကံကြီးမျိုး မဖြစ်နိုင်ဘူး၊ ရဟန္တာ သတ်တဲ့ အာနန္တရိယကံ။ သံဃာသင်းခွဲတဲ့ သံဃဘေဒကကံ။ လောဟိတုပ္ပါဒက ဘုရားသွေးစိမ်းတည်အောင် လုပ်တဲ့ အာနန္တရိယကံဆိုတဲ့ အာနန္တရိယကံကြီးတွေ မလုပ်တော့ဘူး။ အဲဒါလဲပဲ အကျိုးတရပ်တဲ့။ ဒါ လောကုတ္တရာ တရား၊ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးတွေ။

## လောကီ သရဏဂုံ အကျိုး

လောကိယဿ ပန သရဏဂမနဿ
ဘဝသမ္ပဒါပိ ဘောဂသမ္ပဒါပိ ဖလမေဝ။

လောကိယဿ သရဏဂမနဿ ပန၊ လောကီ သရဏဂုံ၏ကား။ ဘဝသမ္ပဒါပိ၊ ဘဝ၏ ပြည့်စုံခြင်းသည်လည်းကောင်း။ ဘောဂသမ္ပဒါ ပိ၊ စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်းသည်လည်းကောင်း။ ဖလမေဝ၊ အကျိုးပင် ဖြစ်ပါတော့သည်သာလျှင်တည်း။ လောကီသရဏဂုံရဲ့ အကျိုးကတော့ ဘဝ၊ ဘဝ၏ ပြည့်စုံခြင်း။ စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်းဆိုတဲ့ အကျိုးကိုပေးတယ်တဲ့။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေ ကေစိ၊ အကြင်ကြွင်းမဲ့ ဥဿုံ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ ဆည်းကပ်ကြလေကုန်၏။ တေ၊ ထိုဘုရားကို ကိုးကွယ်ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့သည်။ အပါယဘူမိံ၊ အပါယ်ဘုံသို့။ န ဂမိဿန္တိ၊ လားရောက်ရမည် မဟုတ်တော့ကုန်။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ဒေဝကာယံ၊ နတ်ပြည်လောကကြီးကို။ ပရိပူရေဿန္တိ၊ ကောင်းစွာမသွေ ပြည့်စုံစေကြကုန်လိမ့်သတည်း။

### အကျိုး တမျိုး

လောကီသရဏဂုံရဲ့ အကျိုးဟာ နတ်ပြည်ကို ရောက်ခြင်းတည်း ဟူသော အကျိုးကို ရနိုင်တယ်။ ဒါတင်မကသေးဘူး။ ဘုန်းကြီးတို့ သိကြားမင်းဟာ နတ်တွေ အများအပြားနဲ့ ရှင်မဟာမောဂ္ဂလာန် မထေရ်ထံ ရောက်လာတယ်။ ရှင်မဟာ မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ယင် တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ယင် သံဃာကို ကိုးကွယ်ရာ၍ ဆည်းကပ်ယင် နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ နတ်၌ဖြစ်သော အဆင်းလှခြင်း၊ နတ်၌ ဖြစ်သော ချမ်းသာခြင်း၊ နတ်၌ ဖြစ်သော အခြွေအရံ

ပေါ်များခြင်း၊ နတ်၌ဖြစ်သော အစိုးရခြင်း၊ ငါးမျိုး။ နတ်၌ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့အာရုံတွေ။ အဲဒီအာရုံတွေဖြင့် အဲဒီ ချမ်းသာ ဆယ်မျိုးဖြင့် ဒိပြင် နတ်တွေကို သာလွန် လွှမ်းမိုးနိုင်တဲ့ အကြောင်း၊ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကဟောတော်မူတယ်။ တရား ကိုးကွယ်ယင် လဲ ထို့အတူ၊ သံဃာ ကိုးကွယ်ယင်လဲ ထို့အတူ၊ အဲဒီအကြောင်း ဟောတယ်။ ဒါ လောကီသရဏဂုံရဲ့ အကျိုးပဲ။ အဲဒါကြောင့် သရဏဂုံရဲ့ အကျိုးဟာ ဖြင့်ယင် လောကီသရဏဂုံရဲ့အကျိုးဟာ ဘဝစည်းစိမ်ဆိုတဲ့ အကျိုးကိုလဲ ပေးနိုင် တယ်။ ဘောဂစည်းစိမ်ဆိုတဲ့ အကျိုးကိုလဲ ပေးနိုင်တယ်။ ဘဝသမ္ပဒါဆိုတဲ့ ကောင်းမြတ်တဲ့ဘဝ၊ သုဂတိဘဝ လူ့ဘုံဘဝ၊ နတ်ဘုံဘဝ၊ အထက်တန်းဘဝ ကိုလဲ အကျိုးပေးနိုင်တယ်။ ဘောဂ — စည်းစိမ် စသည်ဖြင့် သူများထက် အထက်တန်းကျအောင် သူများထက် လွှမ်းမိုးအောင် အဲဒီအကျိုးကို ပေးနိုင် တယ်။ ဒါသရဏဂုံအကျိုး၊ လောကီသရဏဂုံရဲ့အကျိုး။

## လောကုတ္တရာ သရဏဂုံက အရေးကြီး

အဲဒီတော့ ဘုန်းကြီးတို့ အရေးကြီးတာက လောကုတ္တရာ သရဏဂုံ ရောက် အောင် အရေးကြီးတာ —

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယဉ္စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
လောကုတ္တရာ သရဏဂုံရဲ့ အကျိုး။

ယောစ၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်လည်း။ ဗုဒ္ဓံ စ၊ မြတ်စွာဘုရားကို လည်းကောင်း။ ဓမ္မံ စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃံ စ၊ သံဃာ တော်မြတ်ကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်း ကပ်ပေ၏။ သော၊ ထိုဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး ဆည်း

ကပ်ကိုးကွယ်သော ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကိုလည်းကောင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဖြစ်စေတတ်တဲ့ သမုဒယသစ္စာကိုလည်းကောင်း။ ဒုက္ခဿ စ အတိက္ကမံ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ရပ်ရှိသော။ မဂ္ဂံ၊ မဂ္ဂသစ္စာကိုလည်းကောင်း။ စတ္တာရိ အရိယသစ္စာနိ၊လေးပါးသော အရိယာတို့သိမြင်အပ်တဲ့ သစ္စာတရားတို့ကို။ သမ္မသမ္မာ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ။ ပညာယ၊ မဂ်ပညာဖြင့်။ ပဿတိ၊ ကောင်းစွာ သိမြင်ခဲ့ပါပေ၏။ ဧတံ၊ ဤဘုရား,တရား, သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်၍ သစ္စာလေးပါးကိုသိရခြင်းသည်။ ခေမံ၊ ဘေးရန်ကင်းကွာ အေးချမ်းလှစွာသော။ သရဏံ၊ ကိုးကွယ်ရာ သရဏဂုံအစစ်ဖြစ်ပါပေ၏။ ဧတံ၊ဤဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်၍ သစ္စာလေးပါးကို သိရခြင်းဆိုတဲ့ သရဏဂုံသည်။ ဥတ္တမံ၊ ထူးမြတ်လှစွာသော။ သရဏံ၊ ကိုးကွယ်ရာအစစ် တကယ်တမ်းဖြစ်ပါပေ၏။ ဧတံ သရဏံ၊ ဤသစ္စာလေးပါးတို့ကို သိမြင်တဲ့ ကိုးကွယ်ရခြင်းတည်း ဟူသော သရဏဂုံကို။ အာဂမ္မ၊ အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ နောက်နောက်ကလဲ အမျိုးမျိုးအဖုံဖုံ ကြုံခဲ့ရ၊ နောင်လဲပဲ ဘဝအဆုံးမသတ်သေးလျှင် ကြုံရမဲ့ အလုံးစုံသော ဆင်းရဲဒုက္ခမှ။ ပမုစ္စတိ၊ ကောင်းစွာမသွေ လွတ်မြောက်ရပါပေသတည်း။

လောကုတ္တရာ သရဏဂုံရဲ့ အကျိုး။ အဲဒီသရဏဂုံမှ တကယ့်အမြတ်တဲ့။ အဲဒီ သရဏဂုံမှ ဒုက္ခတွေ လွန်မြောက်နိုင်တယ်။ အဲဒါ လောကုတ္တရာ သရဏဂုံ။

## သရဏဂုံ ညစ်ညူးကြောင်း

ဘုန်းကြီး ဆက်ပြောရမှာက ဘာတုံးဆိုတော့သရဏဂုံညစ်ညူးကြောင်း လေး။ ဒါကလဲ အလျဉ်းသင့်တော့ အစဉ်အတိုင်းအားဖြင့် ကျမ်းဂန်များမှာ ပြထားတာရှိတော့ ပြောရဦးမယ်။ သရဏဂုံညစ်ညူးကြောင်းဟာ ဘာတုံး ဆိုတော့ "အညာဏသံသယမိစ္ဆာဉာဏာဒီဟိ သံကိလိဿတိ" အညာဏ – ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်ကို ကောင်းကောင်းမသိခြင်း၊ လုံးလုံးမသိခြင်း မောဟ။ သံသယ – ဘုရားဟာ ဟုတ်မှဟုတ်ကဲ့လား၊ တရားဟာ ဟုတ်မှ ဟုတ်ကဲ့လား၊ သံဃာဟာ ဟုတ်မှဟုတ်ကဲ့လားဆိုတဲ့ ဝိစိကိစ္ဆာ။ မိစ္ဆာဉာဏ၊

ဘုရားအပေါ်မှာ မမှန်မကန်မြင်တဲ့၊ တရားကိုယ်က ဒိဋ္ဌိပဲ။ အရဟံစသော ဂုဏ်တော်ကို ဂုဏ်တော်မဟုတ်လို့ ပြောင်းပြန်မြင်မှု။ အဲဒီတရားတို့ကြောင့် သရဏဂုံ ညစ်နွမ်းတယ်တဲ့။ ဒါသရဏဂုံ ညစ်နွမ်းကြောင်း သုံးပါး။ လောကီ သရဏဂုံမှာ ဒီညစ်နွမ်းခြင်းတွေဟာ ပေါ်လာတယ်။ အညာဏ — မသိဘူး။ ဘုရားကို ကောင်းကောင်းမသိဘူး။ တရားကို ကောင်းကောင်းမသိဘူး။ သံဃာကို ကောင်းကောင်းမသိဘူး။ မသိရယင် သရဏဂုံဟာ ညစ်နွမ်းတယ် တဲ့။ သရဏဂုံမဖြူဘူး။မစင်ဘူး။ ဘုရားဂုဏ် ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်၊ တရားဂုဏ် ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်၊ သံဃာဂုဏ် ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်ရဲ့ သရဏဂုံဟာ ဖြူစင်တယ်။ အညစ်အကြေးမရှိဘူး။ ထို့အတူပဲ သံသယလေးတွေ ဝင်လာယင် ဝိစိကိစ္ဆာဖြစ်။ တရားအပေါ်၊ သံဃာအပေါ် သံသယလေးတွေ ပေါ်လာယင် ဝိစိကိစ္ဆာဖြစ်။ ဝိစိကိစ္ဆာဖြစ်ယင် သရဏဂုံ မဖြူတော့ဘူး။ ညစ်တယ်။ ဒါကြောင့် ဝိစိကိစ္ဆာဟာ သရဏဂုံ ညစ်ညူး ခြင်း အကြောင်းတရပ်။ မိစ္ဆာဉာဏ — ဘုရားအပေါ်မှာ အမှားမြင်တယ်။ တရားအပေါ် အမှားမြင်တယ်။ သံဃာအပေါ်မှာ အမှားမြင်တယ်။ ဒါက တော့ ခုခေတ်တောင်မှ တယ်မနည်းလှဘူးနော်။ ဘုရားဝေဖန်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ တရားဝေဖန်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဘုရား တယ် မယုံချင်ကြဘူး။ တရား တယ် မယုံချင်ကြဘူး။ ဘုရားအပေါ် မိစ္ဆာဉာဏ အမှန် မမြင်ကြဘူး။ အမှားမြင်ကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက် ဆိုယင် ဒါသရဏဂုံ ညစ်နွမ်းတယ်။ ဘုရားမစွန့်သေးယင် သရဏဂုံကတော့ မပျက်သေးဘူး။ ဒါပေမယ့် သရဏဂုံညစ်နွမ်းတယ်။

## သရဏဂုံ ရပါ့မလား

အဲဒီပုဂ္ဂိုလ်တွေသရဏဂုံယူယင် သရဏဂုံရပါ့မလားဆိုတော့ နဂိုက ဒီတရား တွေ ရှိနေယင်တော့ သရဏဂုံရဖို့ မဖြစ်နိုင်ဘူးနော်။ ဘုန်းကြီး တနေ့က ပြော ပြီးပြီ၊ သရဏဂုံသုံးပါးဟာ ဒီရတနာသုံးပါးဟာ တကယ့်အမြတ်ဆုံးအနေနဲ့ ခံယူမှ သရဏဂုံတည်တယ်။ ဆွေမျိုးဖြစ်လို့ ရှိခိုးလို့ သရဏဂုံ မတည်ဘူး။ ကြောက်လို့ ရှိခိုးလို့ သရဏဂုံမတည်ဘူး။ ဆရာအဖြစ်နဲ့ ရှိခိုးလို့ သရဏဂုံ မတည်ဘူး။ လောကမှာ အင်မတန်ထူးမြတ်တဲ့ ပုဂ္ဂိုလ်၊ အင်မတန်ထူးမြတ်တဲ့

ရတနာတွေလို၊ အဲဒီလို အသိ၊ အဲဒီလိုဉာဏ်နဲ့ ခံယူမှ သရဏဂုံတည်တယ်ဆိုတာ ဟိုတုန်းက ပြောခဲ့တယ်။ အဲဒီလို သရဏဂုံ ညစ်ညူးကြောင်းတရားတွေ ရှိနေယင်၊ အဲဒီပုဂ္ဂိုလ်တွေဟာ သရဏဂုံ မရောက်ဘူး။ သရဏဂုံ ခံထားပြီးယင်လဲ သရဏဂုံ ညစ်နွမ်းတယ်။ လောကုတ္တရာ သရဏဂုံကတော့ ညစ်နွမ်းတယ်မရှိဘူး။ မဂ်ဆိုတာက တခါတည်း ခုနပြောတဲ့ ညစ်နွမ်းစေတတ်တဲ့ အကုသိုလ်တွေ အပြတ် ပြတ်ထားတာ။ အပြတ်ရှင်းထားတာမို့လို့ ဒီသံသယ၊ ဒီ မိစ္ဆာဉာဏ်၊ ဒီ အညာဏ မသိမှုတွေဆိုတာကတော့ လုံးလုံးမရှိတော့ဘူး။ မရှိလို့ လောကုတ္တရာသရဏဂုံတော့ ညစ်နွမ်းတယ်လို့ ဘယ်အခါမှ မရှိဘူးတဲ့။ ဒါဟာ ညစ်နွမ်းမှု။

## သရဏဂုံပျက်စီးမှု

သရဏဂုံ ပျက်စီးမှုလဲ ရှိသေးတယ်။ သရဏဂုံ ဘယ်အခါ ပျက်စီးသတုံး။ ဘုန်းကြီးတို့ ဒါယကာဒါယိကာမတွေ သရဏဂုံ ခံယူထားကြတယ်။ ခံယူထားကြတော့ သရဏဂုံ ဟာ ဘယ်အခါမှာပျက်စီးသတုံးဆိုတဲ့ ပျက်စီးခြင်းကလည်းရှိသေးတယ်။ အဲဒီပျက်စီးခြင်းက သာဝဇ္ဇ-အပြစ်ရှိတဲ့ ပျက်စီးခြင်း။ အနဝဇ္ဇ - အပြစ်မရှိတဲ့ ပျက်စီးခြင်းလို့နှစ်မျိုးရှိတယ်။ အပြစ်ရှိတဲ့ ပျက်စီးခြင်းဟာ ဘာတုံးဆိုတော့ တခြားဘာသာ တိတ္ထိတို့ဘာတို့ တခြားဘာသာပေါ့လေ။ အဲဒီ တခြားဘာသာကို မိမိကိုယ် အပ်နှင်းပြီးတော့ အတ္တသန္နိယျာတန သရဏဂုံကို တလောဆီက ပြောခဲ့တယ်။ အဲဒီ သရဏဂုံနဲ့ အင်မတန် ထူးမြတ်တဲ့ ပုဂ္ဂိုလ်လို့ပဲ ပုံပြီးယုံပြီးတော့ သရဏဂုံခံယူမယ်၊ ကိုးကွယ်မယ်ဆိုယင် သရဏဂုံ ပျက်တာပဲ။ အဲဒါ ဘုရားသာသနာရဲ့ အပြင်ပ တခြားအယူဝါဒက ဆရာသမားတွေ ကိုးကွယ်ယင် ပြောင်းလဲပြီးတော့ ကိုးကွယ်ယင် ထိုပုဂ္ဂိုလ်တွေဟာ အင်မတန်မြတ်တဲ့ ပုဂ္ဂိုလ်တွေလို့ ကိုးကွယ်ယင် အခု မိမိ ခံယူထားတဲ့ သရဏဂုံဟာ ပျက်တာပဲ။ အဲဒီပျက်ခြင်းက အပြစ်ရှိသော ပျက်ခြင်းတဲ့။ ဒါဟာသရဏဂုံပျက်ခြင်းတမျိုး။ ဘုရားပြောင်းယင် သရဏဂုံ ပျက်တယ်။ လိုရင်းကတော့ ဘုရားပြောင်းလိုက်ယင် သရဏဂုံပျက်တယ်။ အဲဒီ သရဏဂုံပျက်ခြင်းဟာ သာဝဇ္ဇတဲ့။ အပြစ်ရှိတဲ့ ပျက်စီးခြင်း။

## ပျက်စီးခြင်း ၀-မျိုး

အပြစ်မရှိတဲ့ ပျက်စီးခြင်းက ဘာတုံးဆိုတော့ သေတဲ့အခါ သရဏဂုံပျက်တယ်။ လူသေယင် သရဏဂုံ ပျက်တယ်။ အဲဒီ သေလို့ပျက်တဲ့ သရဏဂုံက တော့ အပြစ်မရှိတဲ့ ပျက်စီးခြင်းတဲ့။ သေတဲ့အခါကျတော့ ဘာမှမသိတော့ ဘူး။ ကုသိုလ်စိတ် ဆိုတာလဲ သူ့မှာ မရှိတော့ဘူး။ အကုသိုလ်စိတ် ဆိုတာ လဲ သူ့မှာမရှိတော့ဘူး။ အဲဒီတော့ သရဏဂုံဆိုတာ ကုသိုလ်စိတ်ရှိမှ ဖြစ်တာ မျိုးကိုး။ ကုသိုလ်စိတ်ရှိမှ သရဏဂုံဖြစ်နိုင်တယ်။ ဒါကြောင့် သေပြီဆိုယင် အဲဒါ သရဏဂုံစွန့်တော့တာပဲ။ သရဏဂုံပျက်တော့တာပဲ။ သို့သော်အဲဒီသရဏ ဂုံ ပျက်ခြင်းကတော့ သာဝဇ္ဇ— မဟုတ်ဘူး။ အနဝဇ္ဇ—အပြစ် မရှိတဲ့ ပျက်စီးခြင်းပါတဲ့။ ပျက်စီးခြင်း။ သူက ဝိပါကဝမှ အကျိုးပေးတတ်တဲ့ တရားမဟုတ်လို့ အကျိုးတော့ မရှိဘူး။ အဲဒီပျက်ခြင်းဟာ အကျိုး တော့မရှိဘူး။ မကောင်းကျိုး မပေးဘူး။ ခုန သာဝဇ္ဇ သရဏဂုံလိုမကောင်း ကျိုးတော့ မပေးဘူး။ အဲဒါ သရဏဂုံပျက်ခြင်းတမျိုး။ အပြစ်မရှိတဲ့ သရဏ ဂုံပျက်ခြင်း။ ဒီတော့ လူသေယင် သရဏဂုံပျက်တယ်၊ သရဏဂုံ မရှိတော့ဘူး။

## လူသေ သရဏဂုံတင်မှု

အဲဒီတော့ ဒီခေတ်မှာ လူသေယင် သရဏဂုံတင်ကြတယ်။ အဲဒီ သရဏဂုံ တင်ကြတာဟာ သေတဲ့ရုပ်ကလာပ်ကြီးကို သရဏဂုံတင်လို့တော့ ဒါကတော့ မဖြစ်ဘူး။ အမှန်မှာက ရုပ်ကလာပ်ကြီးကတော့ သရဏဂုံ မရှိတော့ဘူး။ပျက် သွားပြီ။ တင်လို့လဲ သူမရတော့ဘူး။အလောင်းကောင်ကြီးကတော့၊ နို့ဘာ လို့သရဏဂုံတင်နေကြတုံး။ တချို့ကတော့လဲ အပြစ်ပြောကြတယ်။ လူသေမှ သရဏဂုံမရှိ။ သရဏဂုံ ရမှာမဟုတ်ပဲနဲ့ သွားတင်နေကြ။ ဘာအကျိုးရှိမှာ တုံး။လို့ ဒီလိုလဲ အပြစ်ပြောကြတယ်နော်။ တချို့က သရဏဂုံတင်မှုကို ကန့် ကွက်ကြတယ်။ သူတို့ ကန့်ကွက်ကြတဲ့အတိုင်း အကျိုးမရှိဘူးလားလို့ ဒီလို စဉ်းစားစရာ ရှိတယ်နော်။ ဒီတော့ သရဏဂုံတင်တော့ ကျန်ကြတဲ့ ပုဂ္ဂိုလ်တွေ အသက်ရှင်ကြတဲ့ ပုဂ္ဂိုလ်တွေ သရဏဂုံရတာပေါ့။ ပြီးတော့ သေတဲ့ပုဂ္ဂိုလ်ဟာ အကြောင်းအားလျော်စွာ ပေါ့လေ—ဒေဝဂတိဆိုတဲ့ နတ်ဘုံရောက်နေယင်လဲပဲ သရဏဂုံဟာ သိပ် အကျိုးရှိမှာ မဟုတ်ဘူး။ သူ့အတွက် ငရဲရောက်နေယင်

လဲ သရဏဂုံဟာ အကျိုးရှိမှာ မဟုတ်ဘူး။ လူ့ဘုံမှာ သွားပြီး လူ့ဝမ်းထဲ ပဋိသန္ဓေသွားတည်နေယင်လဲ ဒါကတော့ သူ့အတွက် အကျိုးရှိမှာ မဟုတ်ဘူး။ အနီးအပါးမှာ ရှိနေယင်ဖြင့်ယင် ဒီအခါမှာ အကျိုးရှိနိုင်တယ်။ သူ့အတွက် အနီးအပါးမှာ တစုံတခုသော သတ္တဝါလေး ဖြစ်ပြီးတော့ ရှိနေယင်ဖြင့် အဲဒီသရဏဂုံဟာ သူခံယူနိုင်တယ်။ ဒါကြောင့် ဖြစ်လိုဖြစ်ငြား သရဏဂုံ တင်ရတာကိုး။ အဲဒီလိုမျိုး အနီးအနားမှာရှိယင် သူအကျိုးရှိနိုင်တယ်။ သူပဲ မရဦးတော့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတွေမှာ ဘုန်းကြီးတို့မှာ ရှေးက ဆွေတွေ မျိုးတွေ ရှိကြဘာပေါ့။ တခါတခါကျတော့ ဆွေမျိုးတွေကလဲ ဒီဘဝက သူတို့ဆွေမျိုးတွေ ကုသိုလ်ပြုတဲ့အခါ ဟိုနား ဒီနားက စောင့်ကြ မျှော်ကြ။ ဒီလိုဟာတွေကလဲ ရှိတတ်သေးတယ်။ အဲသလို ရှိနေယင်လဲ အဲဒီ လူတွေ အကျိုးရှိဘာပေါ့။ ဟုတ်တယ်မဟုတ်လား။ အဲဒါကြောင့် သရဏဂုံ ဆိုတာဟာ သေတဲ့လူမရတာတော့မှန်တယ်။ သေတဲ့ အလောင်းကောင်ကြီး မရတာတော့ မှန်တယ်။ သို့သော် အနီးအပါးမှာ သူဖြစ်နေယင်တော့ရသေး တယ်။ သူမရတောင်မှ ဒိပြင်ပုဂ္ဂိုလ်တွေ ရနိုင်သေးတယ်။ ဒါကြောင့် သရဏဂုံ တင်ခြင်းဟာ အကျိုးမရှိဘူးရယ်လို့တော့ မဟုတ်ဘူး။ ရှိသင့်သလောက်တော့ ရှိဘာယ်။ အဲဒါကြောင့်ဘုန်းကြီးတို့သေယင် သရဏဂုံပျက်တယ်ဆိုတဲ့ ပျက်ခြင်း ဟာ အပြစ်ကင်းတဲ့ပျက်ခြင်းမျိုး၊ အပြစ်မရှိတဲ့ ပျက်ခြင်းမျိုး။ ခုနပြောတဲ့ ဘုရားပြောင်းလို့ ပျက်ခြင်းမျိုးကဲ့သို့ အပြစ်ရှိတဲ့ ပျက်ခြင်းမျိုး မဟုတ်ဘူး။

## မပျက်တဲ့ သရဏဂုံ

လောကီ သရဏဂုံသာ ပျက်တာ။ လောကုတ္တရာ သရဏဂုံကတော့ မပျက် ဘူး။ ဒီဘဝ လောကုတ္တရာ သရဏဂုံအဖြစ် ရောက်နေတဲ့ ရနေတဲ့ ပုဂ္ဂိုလ် တယောက်ဟာ ဒီဘဝစုတေလို့ နောက်ဘဝရောက်သွားပြီဆိုယင် အဲဒီ ဘဝ တပါးမှာလဲပဲ ဒီသရဏဂုံဟာ သူ့တည်လျက်ပဲ။ ဘယ်တော့မှ တခြားဘုရား မပြောင်းတော့ဘူး။ ဒီဘုရားသာ ကိုးကွယ်တော့တယ်။ ဒီတရားသာ ကိုးကွယ် တော့တယ်။ ဒီသံဃာသာ ကိုးကွယ်တော့တယ်။ ဘုရားမပြောင်း၊ တရား မပြောင်း။ သံဃာမပြောင်း။ အဲဒါကြောင့်မို့လို့ လောကုတ္တရာ သရဏဂုံ ဟာဖြင့် မပျက်စီးနိုင်ဘူးတဲ့။ ဒါ သရဏဂုံ ပျက်စီးခြင်းနှစ်မျိုးပဲ နော်။ ဘုန်း

ကြီးတို့ အရိယာဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ လောကုတ္တရာ သရဏဂုံရ။ အဲဒီ အရိယာဟာ ဒီဘဝစုတေ၊ နောက်ဘဝ ရောက်သွားယင် ဘုရားမပြောင်းဘူး။ ဘယ်တော့မှ ဘုရားမပြောင်းဘူး။ တချို့က ထူးထူးခြားခြား ကလေးသူငယ်တွေ တွေ့ရတတ်တယ်။ သူ့အသက် မသတ်ကြဘူး။ သူ့ဥစ္စာ မခိုးကြဘူး။ အဲသလို ဟာလေးတွေဟာ အရိယာလို့ ပြောရလောက်အောင်၊ ခန့်မှန်းနိုင်လောက်အောင် ကောင်းကြတဲ့ ကလေးတွေရှိတယ်။ အဲဒါကြောင့်မို့လို့ အရိယာဆိုတာဟာ နောင်ဘဝ ရောက်သွားပေမယ့် ဘုရားမပြောင်း၊ တရားမပြောင်း၊ သံဃာမပြောင်းဘူး။ ငါးပါးသီလမြဲတယ်။ အဲဒါကြောင့်မို့လို့ အရိယာတို့ရဲ့ သရဏဂုံဟာ ပျက်စီးခြင်းမရှိဘူး။ အဲဒါကြောင့် သရဏဂုံဆိုတာဟာ တကယ်ခိုင်မြဲတာက အရိယာသရဏဂုံဖြစ်မှ ခိုင်မြဲတယ်တဲ့။

## သရဏဂုံ အကျိုး ရှစ်ပါး

သဗ္ဗတ္ထ ပူဇိတော ဟောမိ၊ တိက္ခပညော ဘဝါမဟံ။
သဗ္ဗေ ဒေဝါနုဝတ္တန္တိ၊ အမိတဘောဂံ လဘာမဟံ။
သုဝဏ္ဏဝဏ္ဏော သဗ္ဗတ္ထ၊ ပဋိကန္တော ဘဝါမဟံ။
မိတ္တာနံ အစလော ဟောမိ၊ ယသော အဗ္ဘုဂ္ဂတော မမံ။

သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ ပူဇိတော၊ သူတပါးတို့ရဲ့ အပူဇော်ခံရသည်။ ဟောမိ၊ ငါဖြစ်ခဲ့ရပါပေ၏။ အဟံ၊ ငါသည်။ တိက္ခပညော၊ ထက်မြက်သော ပညာရှိတဲ့ပုဂ္ဂိုလ်သည်။ ဟောမိ၊ ဖြစ်ခဲ့ရပေ၏။ သဗ္ဗေ ဒေဝါ၊ အလုံးစုံသော နတ်အပေါင်းတို့သည်။ မံ၊ ငါ့ကို။ အနုဝတ္တန္တိ၊ အစဉ်တစိုက် အလိုလိုက်ကြပါကုန်၏။ အဟံ၊ ငါသည်။ အမိတဘောဂံ၊ မနှိုင်းယှဉ်အပ်သော စည်းစိမ်ဥစ္စာကို။ လဘာမိ၊ ရပါ၏။

အဟံ၊ ငါသည်။ သဗ္ဗတ္ထ၊ အလုံးစုံသော ဖြစ်ရာဖြစ်ရာ ဘဝများ၌။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့ ကောင်းသော အဆင်းရှိသည်။ ဘဝါမိ၊ ဖြစ်ပါ၏။ ပဋိကန္တော၊ သူအများတို့ ချစ်မြတ်နိုးမှုကို ခံရသည်။ ဘဝါမိ၊ ဖြစ်ပါ၏။ မိတ္တာနံ၊ မိတ်ဆွေတို့၏။ အစလော၊ တုန်လှုပ်ခြင်း၊ ပျက်ပြားခြင်း မရှိသည်။ ဟောမိ၊ ဖြစ်ပါပေ၏။ မမံ၊ ငါ၏။ ယသော၊ ဖြစ်လေရာဘဝ၌ ကျော်စောခြင်းသည်။ အဗ္ဘုဂ္ဂတော၊ လွှမ်းတက် ထင်ပေါ်ခဲ့ပါပေ၏။

## သရဏာဂမနီယ မထေရ်

သရဏာဂမနီယ ဆိုတဲ့ မထေရ်ကြီး၊ သူ့အကြောင်းကို ဟောတော်မူတဲ့ ဒေသနာတော်လေး။ သရဏဂုံအကျိုးသရဏဂုံအကျိုးရှစ်ပါး။ ဘုန်းကြီးတို့ သရဏာဂမနီယ မထေရ်ဆိုတာရှိတယ်။ သရဏဂုံသုံးပါးကို နောက်နောက်က ခံယူခဲ့လို့ယခုဘဝမှာ ရဟန္တာ ဖြစ်ပြီးတော့ လာခဲ့တဲ့ မထေရ်။ အဲဒီ မထေရ်ဟာ အနောမဒဿီ ဘုရားရှင် ကိုယ်တော်မြတ်ကြီး လက်ထက်က အမျိုးသားလေး တယောက် ဖြစ်တယ်။ မိဘနှစ်ပါးက မျက်မမြင်။ မျက်မမြင် မိဘနှစ်ပါး ကို လုပ်ကျွေးပြီးတော့ ပြုစုနေခဲ့ဘယ်။ တနေ့ ဆိတ်ကွယ်ရာမှာ စဉ်းစားတယ်။ ငါရဟန်းပြုချင်တယ်။ မိဘလုပ်ကျွေးနေရတော့ ရဟန်းပြုခွင့်မရ။ လောက —က အမိုက်မှောင်ကြီး ပိတ်ဆိုးနေတယ်။မီးကြီးသုံးပါးကလဲ လောင်ကျွမ်း နေတယ်။ ဘာမီးလောင်နေတုံး ဆိုတော့ ရာဂ, ဒေါသ, မောဟမီးတွေ လောင်နေတယ်။ ဇရာ, ဗျာဓိ, မရဏ မီးတွေလောင်နေတယ်။ အဲဒီ မီးတွေ လောင်နေတဲ့ လောကကြီးမှာ ထုတ်နိုင် ကယ်နိုင်တဲ့ ပုဂ္ဂိုလ် ဆိုတာမရှိဘူး။ ဒါပေမယ့် လောကမှာ ဘုရားပွင့်နေတယ်။ သာသနာကလဲ ထွန်းတောက်ပ နေတယ်၊ ကောင်းမှုလိုလားတဲ့ ပုဂ္ဂိုလ်ဟာလဲ မိမိကို မီးတွေမှ ထုတ်ဆောင် ကယ်ဘင်ခြင်းငှာ တတ်နိုင်တယ်။ အဲသလို စဉ်းစား၍ သရဏဂုံသုံးပါး ခံယူ တယ်။ အပြည့်အစုံ စောင့်ရှောက်ခဲ့တယ်။ ထိုကောင်းမှုကြောင့် ဒုဂ္ဂတိဘဝ မှ လွတ်ခဲ့ရတယ်။ နိဿဘမည်သော အဂ္ဂသာဝက မထေရ်ထံ ချဉ်းကပ် ခံယူ ခဲ့တဲ့ သရဏဂုံအကျိုး ပြန်ပြောပြနေတာ။

## သရဏဂုံ အထုံ

အဲဒီ သရဏဂုံ ခံယူဆောက်တည်၊ အဲဒီသရဏဂုံကို စွဲစွဲမြဲမြဲ ခံယူ ဆောက်တည်တယ်။ သေခါနီးကျတဲ့ အခါကျတော့ ဒီသရဏဂုံကိုပဲ အာရုံပြုမိတယ်။ အာရုံပြုမိတော့ နောက်ဆုံး သေတဲ့အခါ ကျတော့ တာဝတိံသာ နတ်ပြည်ရောက်ရတယ်။ ဒါအရေးကြီးတယ်နော်။ သေခါ နီးလေ သေခါနီးလေ။ သရဏဂုံ အထုံ ရထားတော့ သရဏဂုံ ပွားပြီးထားတော့ အာရုံပြုမိတယ်။ ဒါသရဏဂုံ စွဲလာတဲ့ ကျေးဇူး။ သာမညမဟုတ်ဘူး။ အမှန်က တခါဆောက်တည်ပြီးယင် သူဟာ သရဏဂုံ

တည်နေတာပဲ။ ဘုရား မပြောင်းသေးသမျှ။ သို့သော်လဲပဲ ထပ်တလဲလဲ ဆောက်တည်တော့ အထုံရတယ်။ အခု အမျိုးသားလေးက ထပ်တလဲလဲ ဆောက်တည်တဲ့အတွက် သရဏဂုံအစုံရတယ်၊ အထုံရနေတော့ သေခါနီး အဲဒီ သရဏဂုံလေး သွားပြီးတော့ အောင့်မေ့မိတယ်။ ဆင်ခြင်ပြီး နှလုံးသွင်းပြီး ကောင်းသော နိမိတ်တွေ မြင်ပြီးတော့ တာဝတိံသာ နတ်ပြည် ရောက်ရတယ်။ သရဏဂုံရဲ့အကျိုး။ တာဝတိံသာ နတ်ပြည်က စုတေလာပြီးတဲ့ အခါကျတော့ ဘဝများစွာကျင်လည်ရာမှာ ဒုဂ္ဂတိဘဝမရောက်ဘူးတဲ့။ ဒုဂ္ဂတိဘဝ မရောက်ဘူး။ ချမ်းသာသုခ အမြဲတမ်းခံစားခဲ့ရတယ်။ နောက်ဆုံး အဲဒီသရဏဂုံကိုပဲ စွဲမြဲခဲ့တဲ့ သရဏဂုံ ကောင်းမှုတည်း ဟူသော အထုံရတဲ့အတွက်ကြောင့် ဖြစ်ရာဖြစ်ရာ ဘဝမှာ အမြဲတမ်းချမ်းသာသုခ ခံစားရတယ်။ နောက်ဆုံးဘဝမှာ ချမ်းသာသုခ အမြဲတမ်းခံစားရတယ်။

## အကြောင်း ရှစ်ပါးရ

ဖြစ်ရာဘဝ ဖြစ်ရာဘဝမှာ အဲဒီသရဏဂုံ တည်းဟူသော ကောင်းမှု အရှိန်အဟုန်ကြောင့် ခုနပြောတဲ့ အကျိုးရှစ်ပါး (အကြောင်းရှစ်ပါးလို့လဲ ဆိုနိုင်ပါတယ်) အမြဲတမ်း ခံစားရတယ်လို့ အကြောင်း ရှစ်ပါး။ ခုန ဘုန်းကြီး ပြောတဲ့ အကြောင်းရှစ်ပါးကို အမြဲတမ်း ရခဲ့တဲ့ အကြောင်းကို၊ အဲဒီရဟန္တာ ကိုယ်တော်မြတ်က ဟောကြားတဲ့ ဂါထာလေးတွေပဲ။ "သဗ္ဗတ္ထ ပူဇိတော ဟောမိ" အဟံ၊ ငါသည်။ သဗ္ဗတ္ထ၊ ဖြစ်ရာဖြစ်ရာ ဘဝ၌။ ပူဇိတော၊အများ ပူဇော်ခံရသည်။ ဟောမိ၊ ဖြစ်၏။ ဘယ်မှာဖြစ်ဖြစ်၊ ဘယ်ဘုံမှာ ဖြစ်ဖြစ်၊ ဘယ်အခါမှာ ဖြစ်ဖြစ်၊ သူက အများရဲ့ ပူဇော်မှုကို အမြဲတမ်း ခံယူခဲ့ရတယ်။ "တိက္ခပညော ဘဝါမဟံ" အဟံ၊ ငါသည်။ တိက္ခပညော၊ ထက်မြက်သော ပညာရှိသည်။ ဘဝါမိ၊ ဖြစ်ခဲ့ရပါပေ၏။ ဖြစ်ရာဘဝမှာ ပညာအရာမှာ ထက်ထက်မြက်မြက်နဲ့ ဖြစ်ခဲ့ရတယ်တဲ့။ "သဗ္ဗေ ဒေဝါနုဝတ္တန္တိ" သဗ္ဗေ ဒေဝါ၊ အလုံးစုံသော နတ်အပေါင်းတို့သည်။ မံ၊ ငါ့ကို။ အနုဝတ္တန္တိ၊ အစဉ်ကောင်းစွာ အလိုလိုက်ကြလေကုန်၏။ နတ်တွေကလဲ သူ့ကို စောင့်ရှောက်ကြတယ်။ နတ်တွေ အစောင့်အရှောက် အမြဲတမ်း ခံခဲ့ရတယ်။ နတ်တွေကလဲ သူ့အလိုကို အမြဲ

လိုက်ခဲ့ကြတယ်။ ‘အမိတဘောဂံ လဘာမဟံ’ အဟံ၊ ငါသည်။ သဗ္ဗတ္ထ၊ ဖြစ်ရာဘဝမှန်သမျှ၌။ အမိတဘောဂံ၊ မနိုင်းယှဉ်အပ်၊ မုရေတွက်နိုင်အပ်၊ ပေါများသော စည်းစိမ်ဥစ္စာ ရတနာတွေကို။ လဘာမိ၊ အမြဲမကွာ ရနေပါပေ၏။ စည်းစိမ်ဥစ္စာ ရတနာတွေလဲ အမြဲမကွာ သူရခဲ့ပါတယ်တဲ့။ “သုဝဏ္ဏဝဏ္ဏော သဗ္ဗတ္ထ” သဗ္ဗတ္ထ၊ အလုံးစုံ ကြုံရာကြုံရာ ဖြစ်ရာဖြစ်ရာ ဘဝ၌။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသူသည်လည်း။ ဘဝါမိ၊ ဖြစ်ရပါပေ၏။ ဘယ်ဘုံမှာ ဖြစ်ရဖြစ်ရ၊ ဘယ်အခါ ဖြစ်ရဖြစ်ရ၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ရတယ်။ “ပဋိကန္တော ဘဝါမဟံ” အဟံ၊ ငါသည်။ ပဋိကန္တော၊ သူက ချစ်မြတ်နိုး၊ ငါက ချစ်မြတ်နိုး၊ အများ၏ ချစ်မြတ်နိုးခြင်းကို ခံခဲ့ရသူသည်။ ဘဝါမိ၊ အမြဲမကွာ ဖြစ်ရပါပေ၏။ ဘယ်ဘုံမှာ ဖြစ်ဖြစ်၊ ဘယ်ဘဝမှာဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ အများပုဂ္ဂိုလ်တွေရဲ့ ချစ်မြတ်နိုးမှုကို သူခံခဲ့ပါတယ်တဲ့။ “မိတ္တာနံ အစလော ဟောမိ” မိတ္တာနံ၊ အဆွေခင်ပွန်းတို့၏။ အစလော၊ မတုန်လှုပ် မပျက်ပြားသူသည်။ ဟောမိ၊ ဖြစ်ရပါပေ၏။ မိတ်ဆွေတွေ၊ သူရတဲ့ မိတ်ဆွေတွေဟာ ဘယ်အခါမှ မိတ်ပျက်တယ်လို့ မရှိဘူး။ အကုန်လုံး သူချစ်ခင်သော မိတ်ဆွေတွေဟာ ဘယ်အခါမှ မိတ်ပျက်တယ်လို့ မရှိဘူး။ အမြဲတမ်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ၊ ချစ်ခင်မှုကို ခံယူခဲ့ရပါတယ်တဲ့။ မမံ၊ ငါ၏။ ယသော၊ အကျော်စောသည်။ အဗ္ဘုဂ္ဂတော၊ ပျံ့တက်နှံ့လျက် ရှိပါပေ၏။ ဖြစ်ရာဘဝမှာ ကြုံရာဘဝမှာ ရောက်ရာဘဝမှာ အခြံအရံပေါတယ်။ ကျော်စောခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်း ဆိုတဲ့ ကျော်စောခြင်း ကိတ္တိကို ရတယ်။ အကျိုးရှစ်ပါး။

ကဲ—တဝါတွင်းလုံး ဘုန်းကြီးဟောခဲ့တာ သရဏဂုံတရား၊ ယနေ့ နိဂုံးချုပ်လိုက်ကြစို့။ အဲဒါအားလုံး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ထူးခြားတဲ့ လောကုတ္တရာ သရဏဂုံကြီး ရပြီးတော့ ဒုက္ခခပ်သိမ်း အေးငြိမ်းကြပါစေ ကုန်သတည်း။ ။

(ပြီး၏)

# ဥပါသကာဂုဏ်ရည် နှင့် သရဏဂုံတရားတော်

## ဓမ္မဒါန ပြုသူများ စာရင်း

| အစဉ် | အလှူရှင်အမည် | နေရပ် | အုပ်ရေ |
|---|---|---|---|
| ၁။ | ဦးဘသန်း+ဒေါ်ခင်ကြည် မိသားစု | (ချစ်မေတ္တာ ဆေးလိပ်လုပ်ငန်း) အမှတ်(၃၉၄)၊ ကန္တားလမ်း၊ ကြည့်မြင်တိုင်။ | ....၁၀၀၀ |
| ၂။ | ကွယ်လွန်သူ(ဦးဘိုးလှ+ဒေါ်မိ) မိဘများ ရည်စူး၍ ဦးတင်မောင်+ဒေါ်ခင်မေမေ မိသားစု | တိုက် (၅) အခန်း (၁၆) ဦးဝိစာရတိုက်တန်း၊ ဒဂုံ။ | ....၂၀၀ |
| ၃။ | ဦးသိန်းအောင်+ဒေါ်ခင်ကြွယ် မိသားစု | အမှတ်(၈၅)၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်။ | ....၁၀၀ |
| ၄။ | ဦးဟန်တင်+ဒေါ်ကျင်မေ မိသားစု၊ | အမှတ်(၈၂)၊အထက်ပုဇွန်တောင်လမ်း။ | ....၁၀၀ |
| ၅။ | ဦးသိန်းဟံ+ဒေါ်တင်ညွန့် မိသားစု၊ | အမှတ် (၂၂၄)၊ မာန်ပြေ (၆)လမ်း၊ (၃)ရပ်ကွက်၊ သာကေတ။ | ....၁၀၀ |
| ၆။ | ဦးကျော်ရင် | အမှတ်(၁၄၈)၊ မောင်ခိုင်လမ်း။ | ....၁၀၀ |
| ၇။ | နှစ်ဘက်သော မိဘများနှင့် အမဒေါ်ရှုလျှံ၊ ဒေါ်ဖြတ်လျှံ တို့ကို ရည်စူး၍ ဦးဟန်+ဒေါ်ခင်လှ မိသားစု၊ | အမှတ်(၂၂)၊ လသာလမ်း။ | ....၁၀၀ |

| အစဉ် | အလှူရှင် အမည် | နေရပ် | အုပ်ရေ |
|---|---|---|---|
| ၈။ | ဦးဘရင် မိသားစု၊ | အမှတ်(၁၁၀) မဟာသုခလမ်း၊ ကျိုတော်။ | ၆၀ |
| ၉။ | ဦးမောင်မောင်ကြည်+ ဒေါ်ခင်ဝင်း မိသားစု၊ | အမှတ်(၅၄)၊လွတ်လပ်ရေးလမ်း၊ သင်္ကန်းကျွန်း။ | ၆၀ |
| ၁၀။ | ဦးအေး+ ဒေါ်ရင်မေ ညီမ ဒေါ်မြစိန်နှင့် မိသားစု၊ | အမှတ်(၇၆)၊ ချမ္မာဖီလမ်း၊ အလုံ | ၅၀ |
| ၁၁။ | ဦးအာလေး+ ဒေါ်ကြင်မှိုင် မိသားစု ညီမ ဒေါ်ကြင်လှိုင်၊ | အမှတ်(၁၇)၊စဉ်းအိုးတန်းလမ်း။ | ၅၀ |
| ၁၂။ | ကွယ်လွန်သူ ဦးထပ်ရာ+ ဒေါ်စောရင်၊ မိဘများ ရည်စူး၍ ဦးအင်ဟုတ်+ ဒေါ်ကျော့ခင် မိသားစု၊ | | ၅၀ |
| ၁၃။ | ကွယ်လွန်သူ မိဘများ ရည်စူး၍ ဦးညွန့်ဖေ+ ဒေါ်ကျင်လှ၊ညီမ မမြသီ၊သားမောင်ဇော်ဝင်း၊ | အမှတ် (၁) ကန္နားလမ်း၊ တောင်လုံးပြန် | ၅၀ |
| ၁၄။ | ကွယ်လွန်သူ ဆရာကြီး ဦးထွန်းတင် ရည်စူး၍ ဦးကျင်လှ +ဒေါ်မြမြ | စံတော်မှီဆေးတိုက် တောင်လုံးပြန်၊ မင်္ဂလာတောင်ညွန့် | ၅၀ |
| ၁၅။ | ဦးကျင်လှ + ဒေါ်မြမြ မိသားစု | စံတော်မှီဆေးတိုက်တောင်လုံးပြန် မင်္ဂလာတောင်ညွန့် | ၅၀ |
| ၁၆။ | ဦးကြွင်+ဒေါ်တင်ရီ မိသားစု | အမှတ်(၂၃)၊ရတနာလမ်း တောင်လုံးပြန်။ | ၅၀ |
| ၁၇။ | ဦးသန်းထွန်း+ ဒေါ်တင်ကြွေမိသားစု | အမှတ်(၁၇၁)၊ရွှေဂုံတိုင် ဗဟန်း | ၅၀ |

| အစဉ် | အလှူရှင် အမည် | နေရပ် | အုပ်ရေ |
| --- | --- | --- | --- |
| ၁၈။ | ဒေါ်ခင်လှ | အမှတ်(၁၇)စီ ဂွတ္တလစ်။ | ....၅၀ |
| ၁၉။ | ဦးမောင်စိန်+ဒေါ်ခင်စန်း<br>မိသားစု— | အမှတ်(၅၂) သီတာလမ်း<br>အောင်ချမ်းသာရပ်ကွက်။ ဒေါပုံ | ....၄၀ |
| ၂၀။ | ဒေါ်ချစ်ရင်— | အမှတ်(၁၄၈)၊မြေညီထပ်<br>မောင်ခိုင်လမ်း။ | ....၄၀ |
| ၂၁။ | ဦးရွှေသောင်း+<br>ဒေါ်သန်းသန်း၊ သား<br>မောင်ထွန်းလွင်— | အမှတ်(၁၇)၊ ဘုရင့်<br>နောင်လမ်း၊သုဝဏ္ဏသစ်။ | ....၃၀ |
| ၂၂။ | ဦးတင်ငြိမ်း+<br>ဒေါ်အေးကြည်– | အမှတ်(၅၆၀)၊မြို့(၄)<br>လမ်း၊ (၄)ရပ်ကွက်<br>သာကေတ။ | ....၃၀ |
| ၂၃။ | ဦးဘငွေ+ဒေါ်နက်<br>မိသားစု— | အမှတ်(၅/၆)၊ပွဲရုံတန်း၊<br>တပ်မြေ။ | ....၃၀ |
| ၂၄။ | ဦးကြည် (စာနယ်ဇင်း)— | အမှတ်(၆၂)ဘီ၊ အရှေ့<br>မြင်းပြိုင်ကွင်း၊တာမွေ။ | ....၂၀ |
| ၂၅။ | ဦးကြည်— | အမှတ် (၁၃၆)၊ အထက်<br>ပုဇွန်တောင်လမ်း။ | ....၂၀ |
| ၂၆။ | ဦးစွေ့+ဒေါ်ချစ်— | အမှတ်(၁၃၆)၊အထက်<br>ပုဇွန်တောင်လမ်း။ | ....၂၀ |
| ၂၇။ | ဦးနေဖိ+ဒေါ်မြကျင်— | အထည်ဆိုင်၊ သထုံမြို့။ | ....၂၀ |
| ၂၈။ | ဒေါ်ကျင်ထွေး၊<br>မိသားစု— | အမှတ်(၉၅)၊ရှမ်းစု<br>အလယ်လမ်း၊ သထုံမြို့။ | ....၂၀ |
| ၂၉။ | ဒေါ်သောင်းမွှေးနှင့်<br>ဒေါ်သောင်း– | အမှတ်(၃၉)၊မာန်ပြေလမ်း၊<br>(၃) ရပ်ကွက်၊ သာကေတ။ | ....၂၀ |
| ၃၀။ | ဦးမြကြီး+ဒေါ်အုန်းတင်– | အမှတ်(၄)၊ မြခွါညိုလမ်း၊<br>တပ်မြေ။ | ....၂၀ |
| ၃၁။ | ဦးမြရီ+ဒေါ်ကြည်ခင်— | အမှတ်(၄၃)၊ ကျောင်းလမ်း၊<br>တောင်လုံးပြန်။ | ....၂၀ |

| အစဉ် | အလှူရှင် အမည် | နေရပ် | အုပ်ရေ |
|---|---|---|---|
| ၃၂။ | ဦးကြည်မြင့်+ဒေါ်တင်ဝင်း၊ သား မောင်သူရ၊ အောင်ဇေယျ— | အမှတ်(၅)၊ချမ်းသာလမ်း၊ တောင်လုံးပြန်။ | ....၂၀ |
| ၃၃။ | ဦးကျော်လှိုင်+ဒေါ် အုန်းကြည် မိသားစု— | အမှတ်(၂)၊သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်။ | ....၂၀ |
| ၃၄။ | အဖွား ဒေါ်သန်းရင် ရည်စူး၍ အဖိုး ဦးသန်းမောင်— | အမှတ်(၁၆)၊ ခန်းမဆောင် လမ်း၊ တောင်လုံးပြန်။ | ....၂၀ |
| ၃၅။ | ဦးအောင်မင်း+ဒေါ် ကြည်ကြည် မိသားစု— | အမှတ်(၁၉)၊ရတနာလမ်း၊ တောင်လုံးပြန်။ | ....၂၀ |
| ၃၆။ | ဦးဘိုကြီး+ဒေါ်အေးသွင် မိသားစု— | အမှတ်(၂၁)၊ ခန်းမဆောင် လမ်း၊ တောင်လုံးပြန်။ | ....၂၀ |
| ၃၇။ | ဆရာမကြီး-ဒေါ်သန်းစိန်၊ သမီး ဒေါ်ခင်ခင်အေး | အမှတ်(၁၂၂)၊မဟာသုခလမ်း၊ ကျိုတော်။ | ....၂၀ |
| ၃၈။ | ဦးကြွက်နီ+ဒေါ်အေးသီ မိသားစု— | အမှတ်(၁၁၈)၊မဟာသုခလမ်း ကျိုတော်။ | ....၂၀ |
| ၃၉။ | ဦးမြင့်သိန်း+ဒေါ်ရီ မိသားစု— | အမှတ်(၉၆)၊ မဟာသုခလမ်း၊ ကျိုတော်။ | ....၂၀ |
| ၄၀။ | ဦးထွန်းရီ+ဒေါ်ခင်ထွေး မိသားစု- | အမှတ်(၇၈)၊မဟာသုခလမ်း၊ ကျိုတော်။ | ....၂၀ |
| ၄၁။ | ဦးမြင့်ကြည်+ဒေါ်အေးမူမူ- | အမှတ်(၁၃)၊ ကင်းဘဲလမ်း၊ ဆာဘိုးသာခြံ။ | ....၂၀ |
| ၄၂။ | ဦးကြည်+ဒေါ်နီ— | အမှတ်(၃၇)၊ ညောင်တန်း လမ်း၊ ပုဇွန်တောင်။ | ....၂၀ |
| ၄၃။ | ဦးထွန်းပြောင်+ ဒေါ်ရင်အေး— | အမှတ်(၂၄)၊ ဘုရင့်နောင် လမ်း၊ သုဝဏ္ဏသစ်။ | ....၁၀ |
| ၄၄။ | ဒေါ်ခင်စုနှင့် ဒေါ်ချစ်- | အမှတ်(၄၈)၊ဘုရင့်နောင် လမ်း၊ သုဝဏ္ဏသစ်။ | ....၁၀ |

| အစဉ် | အလှူရှင် အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၄၅။ | ဦးစိုးခိုင်+ဒေါ်အုန်းမြ၊ ညီမ ဒေါ်အုန်းကြိုင်— | အမှတ်(၄၇)၊ဘုရင့်နောင် လမ်း၊သုဝဏ္ဏသစ်။ | ....၁၀ |
| ၄၆။ | ဒေါ်အုန်းရွှေ မိသားစု— | ကြည့်မြင်တိုင်။ | ....၁၀ |
| ၄၇။ | ဦးချစ်+ဒေါ်ကြွေ— | ပုဂံတောင်။ | ....၁၀ |
| ၄၈။ | ဦးထွန်း+ဒေါ်သောင်းရှင်— | ပုဂံတောင်။ | ....၁၀ |
| ၄၉။ | ဦးအုန်းမောင်+ဒေါ်ဝိုင်း— | ပုဂံတောင်။ | ....၁၀ |
| ၅၀။ | ဦးဘတင်+ဒေါ်တင်ရီ— | သပြေကန်။ | ....၁၀ |
| ၅၁။ | ဦးကျော်ဆန်း+(ဒေါ်မြမိ) ကွယ်လွန်— | တောင်ဥက္ကလာပ။ | ....၁၀ |
| ၅၂။ | ဦးမြင့်+ဒေါ်တင်ရီ မိသားစု | အမှတ်(၇)၊ မြင်တော်သာလမ်း၊ (၃) ရပ်ကွက်၊ သာကေတ။ | ....၁၀ |
| ၅၃။ | ဦးတင်အုံး၊ ဦးငွေတင်— | အမှတ်(၂၂၃)၊ သုမနလမ်း၊ (၃) ရပ်ကွက်၊ သာကေတ။ | ....၁၀ |
| ၅၄။ | ဦးလှထွန်း+(ဒေါ်ဌေးကြည်) မိသားစု— | အမှတ်( )၊ မာန်ပြေ (၁၅)လမ်း၊ သာကေတ။ | ....၁၀ |
| ၅၅။ | ဦးလှဝင်း+ဒေါ်ရင်နွဲ့— | ညောင်တန်းလမ်း၊ ပုဇွန်တောင်။ | ....၁၀ |
| ၅၆။ | ဦးချစ်မောင်+ဒေါ်မြရီ— | အမှတ်(၁၃၆)၊အထက် ပုဇွန်တောင်လမ်း။ | ....၁၀ |
| ၅၇။ | ဒေါ်ခင်သန်း— | အမှတ်(၂၅)၊ ၁၀၉/လမ်း၊ တောင်ညွန့်။ | ....၁၀ |
| ၅၈။ | ဦးအေးမောင်နှင့် သား သမီး မြေးများ— | အမှတ်(၃၈)၊ အိမ်ကြီးလမ်း၊ ရေကျော်။ | ....၁၀ |
| ၅၉။ | ဦးကြီးမောင်+ဒေါ်မြဥ မိသားစု— | အမှတ်(၉)၊ ၁၀၇/လမ်း တောင်ညွန့်။ | ....၁၀ |
| ၆၀။ | ဦးကျော်နီ+ဒေါ်ဖွားချစ်— | အမှတ်(၁၂၂)၊ မဟာသုခလမ်း၊ ကျီတော်။ | ....၁၀ |
| ၆၁။ | ဦးသန်းတင်— | အမှတ်(၁၂၂)၊မဟာသုခလမ်း၊ကျီတော်။ | ....၁၀ |
| ၆၂။ | ဦးသိန်းအောင်+ဒေါ် သီတာသန်း မိသားစု— | အမှတ်(၁၂၂)၊ မဟာသုခလမ်း၊ ကျီတော်။ | ....၁၀ |

| အစဉ် | အလှူရှင် အမည် | နေရပ် | အုပ်ရေ |
| --- | --- | --- | --- |
| ၆၃။ | ဒေါ်သန်းရင် မိသားစု— | အမှတ်( )၊မဟာသုခလမ်း၊ ကျိတော်။ | ....၁၀ |
| ၆၄။ | ဦးကျော်အေး+ ဒေါ်အေးအေးသန်း၊သမီးပိုက်ပိုက်၊ထိုက်ထိုက်— | သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၆၅။ | ဦးအုန်းမောင်+ဒေါ်စောမှို- | အမှတ်(၇)၊ သော်တာလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၆၆။ | ဦးသန်းညွန့်+ဒေါ်တင်အိ— | အမှတ်(၁၆)၊ သော်တာလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၆၇။ | ဦးစိုးလှိုင်+ဒေါ်ငွေကျင်— | အမှတ်(၇)၊ ကန္နားလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၆၈။ | ဦးလွန်းမောင်+ဒေါ်ရင်မေ | အမှတ်(၁)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၆၉။ | ဦးမောင်ခင်+ဒေါ်စိန်မြင့်မိသားစု— | အမှတ်(၁)၊ချမ်းသာလမ်း၊ | ....၁၀ |
| ၇၀။ | ဦးသင်+ဒေါ်အေးမြင့်မိသားစု— | အမှတ်(၄)၊ ကျောင်းလမ်း၊ | ....၁၀ |
| ၇၁။ | ဦးကြည်+ဒေါ်သောင်းရီ— | အမှတ်(၂၇)၊ ကျောင်းလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၇၂။ | ဦးဘလွင်+ဒေါ်ခင်ညွန့် မိသားစု— | အမှတ်(၂၅)၊ကျောင်းလမ်း၊ တောင်လုံးပြန်။ | ....၁၀ |
| ၇၃။ | အများကောင်းမှု— | ။ | ....၂၇ |

---

## အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
| --- | --- | --- | --- |
| ၁ | ၉ | စဥ် | စဉ် |
| ၅ | ၈ | (ကျန်) | ဥပါသိကာ |
| ၁၅ | ၉ | ယူ | မူ |
| ၁၈ | ၉ | (ကျန်) | ဥပါသကာ |
| ၂၉ | ၂ | တု | ဟု |
| ၃၅ | ၆ | ထွက် | ထွတ် |